www.burmeseclassic.com

အောင်မြင် စာပေ

# ပါးလ်ခင်ခင်

## တစ်ခြမ်းပဲ့ မှော်ဝင်ပန်းသီး

မြပုလဲခင်

ကလောင်ခွဲ



ပန်းချီ ရှုဝန်းလိ · ၂၀ ·

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ပါးလစ်ခင်ခင်

တစ်ခြမ်းပဲ့မှော်ဝင်ပန်းသီး/ပါးလစ်ခင်ခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။

၂၃၁ - စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။

(၁) ပါးလစ်ခင်ခင်



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၈၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၆၂၃၀၅၁၀

**ထုတ်ဝေသူ**

ဦးအောင့်မြင့်၊ အမှတ်(၇)၊
သိတာလမ်း၊ ကျောက်မြောင်း၊ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေလမ်း၊
ကျောက်မြောင်း။

**အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်.
အောက်တိုဘာ၊ အုပ်ရေ(၅၀၀)
တန်ဖိုး(၁၆၀)ကျပ်

BURMESE CLASSIC .com



# နိဒါန်း

နေခြည်နုတို့ အိပ်မောကျနေဆဲ ဆောင်းနံနက်ခင်းလေး တစ်ခု။

ဝန်းကျင်တစ်ခုလုံးကို နှင်းတို့က ကြီးစိုးဖုံးအုပ်ထား၏။

ထိုနှင်းထုထဲသို့ . . .

မဟူရာရောင် တောက်ပြောင်နေသော အနက်ရောင်ဇိမ်ခံ ကားရှည်ကြီးတစ်စီးက တရွေ့ရွေ့ တိုးဝင်လာသည်။

ထိုကားပေါ်မှာတော့ လောကရဲ့ အခွင့်ထူးခံ လူတန်းစား ပေါက်စနလေးတစ်ဦးသည် လောကရဲ့စည်းစိမ်တွေကို အရှယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

မမှုအောင် အပြည့်အဝ စားသုံးခွင့် ရနေရှာ၏။

သူ့နာမည်က မိုးဖျားထက်ဘုံ။

သူ့ရဲ့နံဘေးမှာတော့ သူ့ရဲ့အထိန်းတော် အန်ကယ်မိုး။

သူသွားချင်ရာကို လက်ညှိုးတစ်ချက် ညွှန်လိုက်တာနှင့် အရောက်ပို့ဆောင်ပေးသော ခြေမြန်တော် တဖြစ်လဲ အန်ကယ်နောင်။

အားလုံးက သူ့ကို ဘုရင့်ရဲ့သားတော်လေးတစ်ပါးလို လိုအပ်တယ်ဆိုတာ မရှိ ဆင်းရဲခြင်းဆိုတာ မသိ၊ ဒုက္ခဆိုတာ ဘာလဲ ဟင်လို့ မေးယူရလောက်အောင်ပင် အရာအားလုံးဟာ သူ့အတွက် လိုတရအဖြစ် ပါရမီဖြည့်ပေးဖို့ တာဝန်ယူထားရသူနှစ်ဦး။

ခုလည်း နှင်းတောထဲ ကားလျှောက်စီးချင်တယ်ဆို၍ မနက်ဝေလီဝေလင်းထဲက မြို့ပြင်ကို ကားမောင်းထွက်ခဲ့ကြခြင်း ဖြစ်၏။

မနက်ပိုင်း မောနင်းစာကိုပင် ကားပေါ်မှာ စားနိုင်အောင် အန်ကယ်မိုးက အားလုံးစီစဉ်လာခဲ့သည်။

ကားလေးအား မြို့ပြင်ဘက်ရှိ ရွာတန်းရှည်တစ်လျှောက် မောင်းလာရင်း နှင်းထုတွေကို ထိုးခွဲလာခဲ့၏။

မိုးဖျားထက်ဘုံဆိုသော ကောင်လေးသည် ရှေ့ကို သဲကွဲစွာ မမြင်နိုင်သော နှင်းထုကြီးကို သဘောတကျဖြင့် ငေးမောလိုက်ကာ မနက်စာစော စားဖို့ပင် မေ့လျော့နေရှာ၏။

သူပျော်နေသည်။

တစ်နေရာ အရောက်တွင်တော့ . . .

မှော်ဆန်သော တေးသံဆန်းဆန်းတစ်သံကြောင့် နှင်းထု



BURMESE CLASSIC .com



ကြီးရဲ့အလှကို ယစ်မူးငေးမောနေသော မိုးဖျားထက်ဘုံရဲ့မျက်ဝန်းလေးတွေ အရောင်လဲ့သွား၏။

"အန်ကယ်နောင် . . . အဲဒီဂီတသံ အရမ်းနားထောင်လို့ ကောင်းတယ်၊ ကားကို ခဏလောက် ရပ်ပေးထားပါ"

ကောင်ကလေးရဲ့ဆန္ဒကို ကားမောင်းသူနေရာမှာ ရှိနေသော အန်ကယ်နောင်ဆိုသူက တစ်သွေမတိမ်း လိုက်နာ၏။

ကားရပ်လိုက်သည်နှင့် ကောင်လေး ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည်။

နှင်းမှုန်တွေက ကောင်လေးရဲ့ပါးပြင်ကို အအေးဓါတ်တို့ဖြင့် တို့ခတ်နှုတ်ဆက်ကြ၏။

အန်ကယ်နောင်ရော အန်ကယ်မိုးရော သူ့ရဲ့လှုပ်ရှားမှု အားလုံးကို စောင့်ကြည့်နေကြပြီး ကားထဲမှ အသင့်ယူလာသော သားမွေး လောင်းကုတ်အရှည်ကြီးကို ယူလာပြီး သူ့အနားသို့ လျှောက်လာသည်။

"သခင်လေး . . . နှင်းတွေ တအားကျနေတယ်၊ အနွေးထည် ထပ်ဝတ်ထားမှ ဖြစ်မယ်"

အန်ကယ်မိုးစကားကို မသိကျိုးကျွံပြုကာ ဝေဝါးနေအောင် ကျဆင်းနေသော နှင်းတောထဲကို တစ်လှမ်းချင်း တိုးဝင်ခဲ့သည်။

နှင်းတောထဲမှာ သူရှာဖွေနေတာ သူ့အာရုံတွေကို ဖမ်းစားနိုင်လွန်းသော တယောသံတစ်သံ။

ဂီတသံက ဘယ်က လာသလဲ။

"သခင်လေး အနွေးထည် ဝတ်မှ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်မိုး စကားမဆုံးလိုက်သေးခင်မှာ သူက အသံတိတ်စနစ်သုံးပြီး လက်ကာပြလိုက်သည်။

ပြီးတော့ နှင်းမှုန်ကလေးများကို လက်နှစ်ဖက် ဆန့်တန်းကာ တို့ထိဆော့ကစားရင်းမှ. . .

"ကျွန်တော် ဒီလိုအရသာကို ခံစားဖို့ အိပ်မက်,မက်ခဲ့တာကြာပြီ၊ ဒီနေ့မှပဲ ကျွန်တော့်အိပ်မက်အတိုင်း နှင်းတောထဲမှာ လျှောက်ခွင့်ရတော့တယ်"

အန်ကယ်မိုး သူလေး စိတ်ကျေနပ်စေရန် အလိုက်သင့် ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် အနွေးထည်လေးတော့ ဝတ်ထားစေချင်တယ်"

"ဟင့်အင်း. . . ကျွန်တော့်ကိုယ်ပေါ်က ဆွယ်တာနဲ့ လုံလောက်တယ်၊ အဲဒီအနွေးထည်ကြီး ထပ်ဝတ်လိုက်ရင် ကျွန်တော်နဲ့ နှင်းမှုန်တွေကို အနွေးထည်ကြီးက တံတိုင်းတစ်ခုလို ခြားသွားမှာပေါ့ အန်ကယ်မိုးရ"

ထိုကောင်လေးက ခေါင်းလေးကို မော့ပြီး မြူးတူးစွာ ရယ်မောလိုက်ရင်း ပြောလက်စ စကားကို ဆက်ပြော၏။

"ဖြစ်နိုင်ရင် ကျွန်တော့်ခေါင်းပေါ်မှာ စွပ်ထားတဲ့ သိုးမွှေးခေါင်းစွပ်ကြီးနဲ့ လက်အိတ်တွေကိုတောင် ချွတ်ပစ်ချင်တာ"

ဟု အရွယ်နဲ့ မလိုက်သော စကားဆန်းတို့ကို ဆိုပြန်၏။

"ဟော. . . တယောသံလေးနဲ့ တဖြည်းဖြည်း နီးလာပြီ အန်ကယ်မိုး"

နှင်းတွေ မှုန်ဝါးနေသည့်ကြားထဲမှ ဂီတသံလေး ထွက်ပေါ်





နေသော တဲအိမ်ကလေးကို ရှာတွေ့သွားသည်။

သူ့မျက်နှာ ဝမ်းသာခြင်းတွေနဲ့ လျှံတက်လာသည်။

"အဲဒါလေးကို ဘာလို့ ခေါ်သလဲ အန်ကယ်မိုး"

သူ့ရှေ့မှာ နှင်းတွေရဲ့အအေးဒဏ်ကို အင်အားချိနဲ့စွာ ခံနေရရှာသော တဲအိမ်ကလေးကို ကြည့်ပြီး အံ့ဩမှင်တက်မိနေသည်။ ဒီလိုနေရာမျိုးက ထွက်ပေါ်လာတဲ့ ဂီတသံတစ်ခုက သူ့ကို ဘာကြောင့် ဖမ်းစားထားနိုင်တာလဲ။

"အဲဒါ တဲအိမ်လို့ ခေါ်တယ်"

"တဲအိမ် ဟုတ်လား"

"ဟုတ်တယ်. . . သူလည်း လူနေအိမ်တစ်မျိုးပေါ့ သခင်လေးရဲ့"

"ဟုတ်လား. . . ကျွန်တော် ခဏဝင်ကြည့်မယ်"

အန်ကယ်မိုး ဒီကလေးရဲ့စူးစမ်းချင်စိတ်ကြောင့် တားဆီးမရအောင် နေသည်။

ဆွဲဆွဲငင်ငင် ထွက်ပေါ်နေသော ဂီတသံက ထိုကောင်လေးရဲ့စိတ်အာရုံကို ဖမ်းစားနိုင်လွန်းပေစွ။

တရွေ့ရွေ့ လျှောက်နေသော ခြေလှမ်းတွေက တဲအိမ်ကလေးရှေ့ ရောက်တော့ ရပ်သွားသည်။

ဂီတသံက နီးလေ သူ့ရဲ့အာရုံတွေကို ဖမ်းစားနိုင်လေပါ။

မြေစိုက်တဲ ခပ်ယိုင်ယိုင်လေးထဲကို နှင်းတွေကြားထဲမှ ဝင်လိုက်သည်။

နှင်းထုတွေကြားထဲမှ တဲအိမ်ကလေးအတွင်းသို့ ရောက်သွားတာနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အို. . . အံ့ဩစရာ ကောင်းလိုက်တာ။ တယောထိုးနေတဲ့ သူက လူကြီးအရွယ် မဟုတ်ဘဲ. . .

သူ့အရွယ် ကောင်လေးတစ်ယောက်။

ထိုကောင်လေးက သူ့ကို မြင်သည်နှင့် တယောဆက်မထိုး တော့ဘဲ အံ့ဩသောမျက်နှာနှင့် ကြည့်ကာ မှင်တက်မိနေ၏။

"တီးလေ. . . ဆက်တီးပါ၊ မင်းတီးတဲ့ တယောသံကို ငါ နားထောင်လို့ ကောင်းတာနဲ့ ဒီထဲ ဝင်လာတာ၊ မင်းရဲ့တယော လက်သံ အရမ်းကောင်းတယ်၊ မင်း Band ကလည်း"

ကိုယ်ပြောလိုက်တဲ့စကားကို ထိုကောင်လေးက နားမလည် သလိုပုံစံနဲ့ မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ကာ ကြည့်နေ ၏။ သူ့မျက်နှာပြင်က ကြည်ကြည်လင်လင် မရှိ။

ဝမ်းနည်းခြင်း၊ ပူဆွေးသောကတွေနဲ့ ကြောက်ရွံ့ခြင်းတွေ က မျက်နှာတပြင်လုံးမှ စုပြုံထိုးသိပ်နေ၏။

"တီးလေ. . . ငါ နားထောင်မလို့"

"ဟင့်အင်း. . . မတီးတော့ဘူး၊ ဒီတယောသံကို ငါက ငါ့ အဖိုးကို ထိုးပြတာ၊ ငါ့အဖိုးရဲ့နောက်ဆုံးအချိန်မှာ ငါ့ရဲ့တယောသံနဲ့ ပဲ ပြီးဆုံးသွားစေချင်လို့"

ကောင်လေးက သူ့နံဘေးမှ ငြိမ်သက်စွာ လဲလျောင်းနေ သော အဖိုးအိုကို စောင်းငဲ့ကြည့်ရင်း အတည်ငြိမ်ဆုံး စကားကို ဆို၏။

မိုးဖျားထက်ဘုံ ထိုကောင်လေးနားသို့ တိုးကပ်သွားပြီး အဖိုးအိုကို ကြည့်သည်။

ဒီလောက် ချမ်းအေးနေတဲ့ ဆောင်းမနက်ခင်းမှာ အအေး





ဒဏ်ကို လုံခြုံစွာ မကာကွယ်နိုင်သော ရိုးပြနေသည့် စောင်စုတ် ကလေးကို လွှမ်းခြုံထားသော အဖိုးအိုရဲ့မျက်နှာနှင့် ခန္ဓာသည် ဝေဒနာကြောင့် မှိန်ဖျော့နေကာ အသက်ကို ခပ်ပြင်းပြင်း ရှူနေရ သည်။

ရင်ဘတ်တစ်ခုလုံး ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။

ပြီးတော့ ထိုကောင်လေးဘက်ကို ငဲ့ပြန်ကြည့်ပြီး. . .

"မင်း မချမ်းဘူးလား"

ထိုကောင်လေးရဲ့ခန္ဓာကိုယ်ပေါ်က ဝတ်ဆင်ထားသော ဝါကြန့်ကြန့် အင်္ကျီလေးမှာ ကျောပြင်တစ်ခုလုံး စုတ်ပြဲလျက် အဖာ ထေးရာပေါင်းများစွာဖြင့် အင်မတန်မှ ကြည့်ရဆိုးလွန်းစွာ အကျည်းတန်၍နေ၏။

ကောင်လေးက မိုးဖျားထက်ဘုံရဲ့အမေးကို မဖြေဘဲ. . .

"မင်း ဘယ်သူလဲ"

"ငါက နှင်းမှုန်တွေကြားမှာ လမ်းလျှောက်ချင်တဲ့သူပေ့ါ၊ ငါ့နာမည်က မိုးဖျားထက်ဘုံ"

ထိုကောင်လေးသည် မိုးဖျားထက်ဘုံဟု သူ့ကိုယ်သူ မိတ် ဆက်လာသော သူနှင့် ရွယ်တူကောင်လေးကို အသေအချာ ကြည့် ၏။

ထိုကောင်လေး ဝတ်စားပုံနှင့် မျက်နှာသွင်ပြင်မျိုးက ဟိုဘက်ရွာထိပ်က ဗီဒီယိုရုံမှာ ပြတဲ့ နိုင်ငံခြားကားထဲက ကောင် လေးနှင့် တူသည်။

ဖြူနုပြီး နီထွေးနေသော အသားအရေနှင့် အနွေးထည် အထူကြီးဝတ်၊ ခေါင်းမှာလည်း သိုးမွေးခေါင်းစွပ်ကြီးစွပ်၊ လက်တွေ

www.burmeseclassic.com



မှာလည်း လက်အိတ်တွေနဲ့ ရှုပ်ယှက်ခတ်နေသော မိုးဖျားထက်ဘုံရဲ့ တစ်ကိုယ်လုံးမှာ မျက်နှာကိုသာ မြင်ရသည်။

"မင်းက နိုင်ငံခြားကားထဲက ကောင်လေးလား"

ထိုကောင်လေး အမေးကြောင့် မိုးဖျားထက်ဘုံ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။

ပြီးတော့ သဘောတကျဖြင့် ရယ်လိုက်သည်။

"အဟဲ. . . မဟုတ်ပါဘူး၊ ငါက ဒီနိုင်ငံက"

ဟု ပြောပြီး အဖိုးအိုဘက်ကို မေးဆတ်ပြကာ. . .

"မင်းအဖိုးက နေမကောင်း ဖြစ်နေတာလား"

"ဟုတ်တယ်. . . ငါ့အဖိုး နေမကောင်းဘူး၊ သူ သေတော့မယ်လို့ ငါ့ကို ပြောတယ်၊ ဒါ. . ဒါကြောင့် ငါ့အဖိုးကို ဝေဒနာသက်သာလို သက်သာငြား တယောထိုးပြနေတာပေါ့"

ကောင်လေးရဲ့အသံမှာ ဝမ်းနည်းစိတ်ကြောင့် လှိုင်းထတုန်ယင်နေသည်။

ပါးပေါ်မှာ မျက်ရည်စက်တွေနဲ့အတူ နှင်းစက်တွေပါ ရောထွေးတွဲကျနေကြ၏။

"မင်းအဖိုးကို ဆရာဝန်နဲ့ မပြဘူးလား"

မျက်ရည်တွေကို လက်နှင့် ဆွဲသုတ်လိုက်ပြီး. . .

"ဟင့်အင်း. . . မပြဘူး၊ တစ်ခါမှလည်း ဆေးခန်းမပြဖူးဘူး"

မိုးဖျား စိတ်မကောင်း ဖြစ်သွားသည်။

"အန်ကယ်မိုး. . . သူ့အဖိုးကို ဆရာဝန်ဆီ ခေါ်သွားရင် ကောင်းမယ်"





အန်ကယ်မိုး မငြင်း။

"ကောင်းပါပြီ သခင်လေး"

အန်ကယ်မိုးရော အန်ကယ်နှောင်ရော အဖိုးအိုနား တိုးကပ်သွားသည်။

အခြေအနေကို သေချာသုံးသပ်ကြည့်ကြ၏။

မေ့မျောနေသော အဖိုးအိုရဲ့အခြေအနေက မကောင်း။ လမ်းမှာတင် အသက်ပျောက်သွားနိုင်သည်။

နှာခေါင်းနှင့် နှုတ်ခမ်းတွေတောင် အနည်းငယ် တိုဝင်နေပြီ။ ဒါဟာ သေခါနီး လူမမာတွေရဲ့လက္ခဏာ။

အန်ကယ်မိုး ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။

"ဆေးခန်းသွားဖို့ မမှီတော့ဘူး သခင်လေး"

ဟု ပြောလိုက်ပြီး ထိုကောင်လေးဘက် လှည့်ကာ. . .

"ကောင်လေး. . . မင်းအပြင် တခြားအိမ်သားတွေရော ရှိသေးလား"

"ဟင့်အင်း. . . မရှိဘူး"

"အိမ်နီးနားချင်းတွေရော"

ကောင်လေး ခေါင်းညိတ်ပြသည်။

"ဒါဆို သွားခေါ်လေ"

အန်ကယ်မိုးစကားကြောင့် လက်ထဲမှာ ကိုင်ထားသော တယောကို ဝါးကြမ်းခင်းပေါ် အသာချပြီး တဲကလေးထဲမှ ပြေးထွက်သွားသည်။

အဖိုးအိုကတော့ အသက်ငွေ့ငွေ့ပဲ ကျန်တော့၏။

တအောင့်ကြာတော့ ထိုကောင်လေးသည် အမျိုးသမီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လက်ဆွဲပြီး ပြေးဝင်လာသည်။

"အဘ. . . အဘ"

ထိုအမျိုးသမီးကြီးက စိုးရိမ်တကြီးဖြင့် အဖိုးအိုကို လှုပ်နှိုး၍ ခေါ်နေသည်။

"အဖိုး အသက်မရှိတော့ဘူး အစ်မကြီး"

"ရှင်. . ."

"ဟင်. . ."

အံ့သြတုန်လှုပ်သူက မြေးဖြစ်သော ထိုကောင်လေး။

"အဖိုး. . အဖိုး. . အီး. . ဟီး. . ဟီး. . ဟီး"

မိုးဖျားထက်ဘုံရဲ့ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ သူပါ ထိုကောင်လေးနဲ့ ထပ်တူ ဝမ်းနည်းနေမိသည်။

သူ့အဖိုး ဆုံးတုန်းကလည်း ဒီလိုပဲ၊ သူ့မှာ ဝမ်းနည်း ပူဆွေးခဲ့ရသည်။ သူသိပ်ချစ်သောအဖိုး သူ့ကို ထားသွားတော့ သူ့မှာ ဖေဖေနှင့်မေမေ အသိုင်းအဝိုင်းတွေ ကျန်ခဲ့သည်။

ထိုကောင်လေးကျတော့ သူ့လိုမဟုတ်၊ ဒီလို သေးနုတ်စုတ်ချာတဲ့ တဲအိမ်ကလေးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရမှာ။ သူ့ကို ဘယ်သူ ထမင်းကျွေးမလဲ၊ ဘယ်သူက သူ့အတွက် လိုလေသေး မရှိအောင် စီမံပေးမှာလဲ။

ကိုယ့်အပူ မဟုတ်ဘဲ အရွယ်နှင့် မမျှအောင် ပူပင်ပေးနေရှာမိသေးသည်။

"အန်ကယ်မိုး"

"ပြောပါ သခင်လေး"

"ကျွန်တော် သူ့ကို အိမ်ခေါ်သွားချင်တယ်"





ဒီတစ်ခါ တောင်းဆိုမှုကြောင့် အန်ကယ်မိုးရော အန်ကယ်နောင်ရော မျက်လုံးပြူး တုန်လှုပ်သွားရ၏။ ဒါဟာ လုံးဝ မဖြစ်နိုင်သည့်ကိစ္စ။

"မဖြစ်နိုင်ဘူး ထင်တယ် သခင်လေး၊ သခင်လေးရယ်. . . ဒီကိစ္စကို သခင်ကြီးတို့က လက်ခံမှာ မဟုတ်ဘူး၊ အန်ကယ်မိုးတို့ ကိုယ့်သဘောဆန္ဒနဲ့ ဘာတစ်ခုမှ လုပ်ခွင့်မရှိဘူးလေ"

"ဒါ ကျွန်တော့်ရဲ့ဆန္ဒပဲ၊ အန်ကယ်မိုးတို့ ဆန္ဒမှ မဟုတ်တာ"

"အန်ကယ်မိုးတို့. . မ. . မလုပ်ရဲပါဘူး သခင်လေး"

သူ့အလိုဆန္ဒကို တစ်ခါမှ မငြင်းဆန်ခဲ့ဖူးသော အန်ကယ်မိုးတို့ရဲ့ ငြင်းဆန်စကားကြောင့် အလိုမကျစွာဖြင့် မျက်နှာမှာ တဖြည်းဖြည်း မှုန်ကုတ်လာသည်။

သူ ထပ်ပြီး ဇေဒက တက်ပြန်သည်။

"ဒုက္ခရောက်နေတဲ့သူကို ကယ်တင်ရင် ကုသိုလ်ရတယ်၊ ဒါဟာ ကောင်းတဲ့အလုပ်လို့ အန်ကယ်မိုးတို့ ပြောဖူးတယ်ဆိုတာ မှတ်မိတယ်နော်၊ ကျွန်တော့်အမြင်တော့ ဒီကောင် ဒုက္ခရောက်နေပြီ၊ သူ့မှာ အားကိုးစရာ အဖိုးမရှိတော့ဘူး၊ ဒါကြောင့် ကျွန်တော် ကယ်တင်ချင်တာ၊ ဒါဟာ ကောင်းတဲ့အလုပ်ပါ"

ကိုယ့်တုတ်နှင့်ကိုယ် ပြန်အရိုက်ခံရသူ အန်ကယ်မိုးနှင့် အန်ကယ်နောင်တို့မှာ ဘယ်လိုစကားမျိုးနဲ့ ပြန်လည်ချေပရမလဲ။

လောလောဆယ် စကားလုံး အစရှာမရသူလို လည်ချောင်းဝမှာ နင်နေကြ၏။

သူတို့ နဖူးပြင်မှာ ချွေးစို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မလွယ်တဲ့ကိစ္စပဲ။

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး. . . ကဲ. . . ဘယ်လိုလုပ်ကြမလဲဟူသော အဓိပ္ပါယ်မျိုးဖြင့် မေးဆတ်ပြကြ၏။ အန်ကယ်မိုးက. . .

"သခင်ကြီးဆီ ဖုန်းဆက်ရုံပဲ ရှိတော့တာပေါ့"

အန်ကယ်မိုး သူ့ကုတ်အင်္ကျီထဲမှ ဖုန်းကို ထုတ်လိုက်ပြီး ဖုန်းခလုတ်တွေကို ရေကြီးသုတ်ပျာဖြင့် နှိပ်လိုက်သည်။

"ဟဲလို. . . သခင်ကြီး၊ ဒီမှာ သခင်လေးတော့ ကျွန်တော်တို့ကို ဂျစ်တိုက်နေပါတယ်"

". . . . . . . . ."

"ဟို. . . သူနဲ့ ရွယ်တူကောင်လေးတစ်ယောက်က သူ့မျက်စိရှေ့မှာတင် ဒုက္ခနဲ့ ရင်ဆိုင်နေရတာ တွေ့ပြီး အိမ်ကို ခေါ်သွားမယ်ပဲ လုပ်နေပါတယ်၊ ကျွန်တော်တို့ ဘယ်လိုမှ ဖြောင်းလို့မရဘူး ဖြစ်နေတယ်"

". . . . . . . . . . ."

"ဟုတ်ပါတယ်. . . ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ခင်ဗျာ"

". . . . . . . . . . ."

"ဟုတ်ကဲ့. . . နောက်ကြောင်းတော့ ရှင်းတဲ့ပုံစံပါပဲ"

". . . . . . . . . . ."

"ဗျာ. . . ဟုတ်ကဲ့"

အန်ကယ်မိုး မိုးဖျားထက်ဘုံထံသို့ ဖုန်းကို လှမ်းပေးသည်။

"သခင်လေး. . . ရော့၊ သခင်ကြီးက စကားပြောမလို့တဲ့"





မိုးဖျား လှမ်းယူလိုက်သည်။

"ဟဲလို ဖေဖေ၊ သား သူ့ကို ခေါ်ပြီးမှ အိမ်ပြန်ခဲ့မယ်"

". . . . . . . . . ."

"ဗျာ. . . ဟင့်အင်း ပြန်မလာဘူး၊ သူ မပါဘဲ သား အိမ်ကို ဘယ်တော့မှ ပြန်မလာဘူး ဖေဖေ"

ဖုန်းပြောရင်းနဲ့ ခါးခါးသီးသီး ငြင်းလိုက်ကာ ဆတ်ခနဲဆို ဖုန်တလူးလူး ထနေသော မြေပြင်ပေါ်သို့ လှဲအိပ်ချပစ်လိုက်သည်။

"သားဆန္ဒကို မလိုက်လျောရင် သား ဘာလုပ်တတ်တယ်ဆိုတာ ဖေဖေသိတယ်နော်၊ ဒီကောင့်ကို အိမ်ကို ခေါ်လာခွင့် မပြုမချင်း သား ဒီမြေကြီးပေါ်မှာပဲ အခုလို လှဲအိပ်နေလိုက်တော့မယ်၊ ဒါပဲ. . ."

မိုးဖျားရဲ့တဇွတ်ထိုးဆန်သော အပြုအမူကြောင့် အနားတွင် ရှိနေကြသော ကောင်ကလေးနှင့် အိမ်နီးနားချင်း အဒေါ်ကြီးက အံ့အားသင့်သလို ပြူးကြောင်ကြည့်နေကြ၏။ ဝတ်ထားသော ဆွယ်တာဖြူဆွတ်ဆွတ်ကလေးမှာ ဖုန်တွေသဲတွေနဲ့ ရစရာ မရှိအောင် ပေလူးလို့နေပြီ။

မြေကြီးပေါ်မှာ အရွဲ့တိုက်ပြီး လူးလိမ့်နေသော မိုးဖျားကို လူထူးဆန်းလေးသဖွယ် ကြည့်နေသော ထိုကောင်လေးမှာ သူ့အဖိုးအတွက် ငိုယိုနေတာပင် တိုးလို့တန်းလန်း ဖြစ်နေ၏။

ဘယ်လိုကောင်လေးပါလိမ့်၊ အဝတ်အစား အကောင်းစားကြီးတွေ ဝတ်ပြီး သူ့တဲထဲမှာ လာပြီးလူးလိမ့်နေရတယ်လို့။

ရင်ထဲမှာ ခံစားမှုနှစ်ခုရဲ့ မတူညီသော အကြောင်းအရင်းနှစ်ခုကြောင့် ကြေကွဲဝမ်းနည်းခြင်းတွေ ဖြစ်လာလိုက်၊ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းခြင်းတွေ ဖြစ်လာလိုက်။

အန်ကယ်မိုး ခမျာမှာ ဖုန်းပြောရင်း မြေကြီးပေါ်မှာ လူး လိမ့်နေသော မိုးဖျားလက်ထဲမှ ဖုန်းကို ကမန်းကတန်း လုယူလိုက်ပြီး

"ဟလို. . . သခင်ကြီး ခက်တော့ ကုန်ပြီ၊ ဒီမှာ သခင်လေး မြေကြီးပေါ်မှာ လှဲအိပ်ချပစ်လိုက်ပြီ၊ သူ. . သူ့ပုံစံကြည့်ရတာ သူ့ ဆန္ဒကို မလိုက်လျောမချင်း မြေကြီးပေါ်က ထမယ့်ပုံ မပေါ်ဘူး"

". . . . . . . ."

တစ်ဘက်ဖုန်းမှ ဘာပြောလိုက်သည်မသိ၊ အန်ကယ်မိုး မျက်နှာ အပြုံးဖြင့် ထိန်သွားကာ. . .

"ဗျာ. . . ဟုတ်. . . ဟုတ်ကဲ့. . . ကျွန်တော် စီစဉ်ခဲ့ပါ့ မယ်. . . ဟုတ်ကဲ့ပါ"

". . . . . . . . . ."

"စိတ်ချပါ သခင်ကြီး၊ ဘာအရှုပ်အရှင်းမှ မရှိအောင် ကိစ္စ ပြတ်အောင် တစ်ခါတည်း စီစဉ်ခဲ့ပါ့မယ်"

အန်ကယ်မိုး ဖုန်းပိတ်လိုက်ပြီး မိုးဖျားအနားသို့ ခပ်သွက် သွက် လျှောက်လာလိုက်သည်။

အန်ကယ်နောင်ကတော့ ခုထိ မိုးဖျားကို ချော့မော့နေဆဲ။

"ထပါ သခင်လေးရယ်၊ တစ်ကိုယ်လုံးလည်း ညစ်ပတ်ကုန် ပြီ"

"မထဘူး. . . လုံးဝကို မထဘူး"

ဖုတ်တောထဲမှာ အန်ကယ်နောင်နဲ့ မိုးဖျားတို့ လူးနေ၏။ အန်ကယ်နောင်က ဆွဲထူ၊ သူက ရုန်းနဲ့. . .

သူများရဲ့နာရေးအိမ်မှာ မိုးဖျားတို့ စိတ်ထင်သလို ကျဲနေ





ချေပြီ၊ မခက်ပေဘူးလား။

ထိုကောင်ကလေးနှင့် အိမ်နီးနားချင်း မိန်းမကြီး တစ် ယောက်အပြင် တခြားလူတွေပင် မိုးဖျားရဲ့ဂျစ်တိုက်နေပုံကို ပါးစပ် အဟောင်းသားနှင့် မျောက်ပွဲကြည့်သလို ကြည့်နေကြ၏။

အဖိုးအိုရဲ့ဝိညာဉ်တောင် အနားမှာ ရှိနေသေးရင် ထိုပွဲကို ထူးဆန်းစွာ ကြည့်နေမှာမလွဲ။

ဒါဟာ မိုးဖျားထက်ဘုံရဲ့ လိုချင်တာကို မရ,ရအောင် ယူတတ်သော အကျင့်စရိုက်များထဲမှ တစ်ခု။





www.burmeseclassic.com

www.burmeseclassic.com



(၃၇၀)

www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ်ခွဲ(၁)

"လူကြီးမင်းတို့က ကမ္ဘာမြေကို ခေါ်သွားမယ်ဆိုတော့ ကျုပ်တို့ ရုပ်မိရုပ်ဖတွေက ခွင့်ပြုရမှာပေါ့ဗျာ"

"ဒါဟာ သူ ကောင်းစားဖို့အတွက် ကံကြမ္မာက ဖန်တီးပေးခဲ့တာပဲ"

အန်ကယ်မိုးက ရွာလူကြီးကို နှစ်လိုဖွယ်သော အပြုံးတစ်ခုဖြင့် ခေါင်းတညိတ်ညိတ် လုပ်ရင်း. . .





"စိတ်ချပါခင်ဗျာ. . . ဟောဒီက မောင်ကမ္ဘာမြေကို ကျွန်တော်တို့ ကိုယ့်သွေးကိုယ့်သားလို ဂရုစိုက်ပါ့မယ်၊ သူ့ရဲ့ပညာရေးကအစ အားလုံးကို တာဝန်ယူပါတယ်"

"ဟော့ဒါက ကွယ်လွန်သူ အဖိုးရဲ့ဈာပနကိစ္စအတွက် ကုန်ကျစရိတ်ပါ၊ လိုအပ်သေးမယ်ဆိုရင်လည်း ကျွန်တော်တို့ကို ထပ်ပြီးဆက်သွယ်နိုင်ပါတယ်"

ဝါးကြမ်းခင်းပေါ်တွင် တင်လိုက်သော ငွေစက္ကူထပ်ကြီးကို ကမ္ဘာမြေဆိုသော ကောင်ကလေးက မသိနားမလည်စွာဖြင့် ကြည့်ရင်း ပါးပေါ်မှာ မျက်ရည်တွေက တသွင်သွင် စီးကျနေ၏။

မိုးဖျားကတော့ ကမ္ဘာမြေဆိုသော ကောင်ကလေးနားထိုင်ပြီး ကမ္ဘာမြေအား သူ့အတွက် ဝယ်ပေးလိုက်သော အရုပ်ကလေးတစ်ရုပ်ပမာ ကျေကျေနပ်နပ်ကြီးကို တစိမ့်စိမ့် ထိုင်ကြည့်နေ၏။

ထိုကလေးနှစ်ယောက်ရဲ့ ရင်ထဲက ဆန့်ကျင်ဘက် ခံစားမှုတွေက တကယ့်မိုးနဲ့မြေလို ကွာဟလွန်းနေ၏။

ရွာလူကြီးများဖြစ်သော ရုပ်မိရုပ်ဖများနှင့် အန်ကယ်မိုးတို့ကတော့ ကမ္ဘာမြေကို ခေါ်လာဖို့အရေးနှင့် အဖိုးအိုရဲ့ ဈာပနကိစ္စအတွက် ပြောဆိုနေကြချိန်မှာ ကမ္ဘာမြေကတော့ အဖိုးအတွက် ဝမ်းနည်းစွာ ငိုယိုကောင်းနေဆဲ။

မိုးဖျားက ကမ္ဘာမြေရဲ့ပခုံးလေးကို ကိုင်ပြီး နှစ်သိမ့်လိုက်သည်။

"မငိုနဲ့တော့လေ. . . မင်း ငါ့အိမ်ကို လိုက်ခဲ့ပြီး ငါ့လိုသခင်လေး လိုက်လုပ်ရတော့မှာ၊ တိတ်တော့. . . တိတ်တော့.



www.burmeseclassic.com

www.burmeseclassic.com



မငိုနဲ့တော့နော်”

ကမ္ဘာမြေက မိုးဖျားအား မျက်ရည်တွေ ပြည့်နေသော မျက်ဝန်းဖြင့် လှမ်းကြည့်ကာ တစ်ချက်ရှိုက်လိုက်သည်။

“အင်. . . အဟင့်. . အဟင့်. . ဟီး. . ဟီး”

နှာသီးဝမှ ကျဆင်းလာသော နှပ်ရည်တွေကို ငိုနေရင်းမှ လက်ဖြင့် ဆွဲဖယ်လိုက်သည်။

နှပ်ရည်တွေက ပါးပြင်မှာ အကြောင်းရာကြီး ထင်ကုန်သွားသည်။

ကမ္ဘာမြေ လုပ်ပုံကို မိုးဖျား သေချာကြည့်ရင်း မျက်နှာရှုံ့မဲ့သွားပြီး သူ့ရဲ့ဘောင်းဘီအိတ်ထဲမှ Tissue တစ်ခု ထုတ်ယူပေးပြီး. . .

“ရော့. . . ဒါနဲ့သုတ်”

မိုးဖျား လှမ်းပေးသော Tissue ကလေးကို မယူဘဲ သေချာကြည့်ပြီး ဘာလဲဆိုသည့်သဘောဖြင့် မိုးဖျားကို လှမ်းကြည့်သည်။

“ရော့. . . မင်းနှာခေါင်းက နှပ်ရည်တွေ သုတ်လိုက်”

“ဟင့်အင်း. . . မယူဘူး၊ မင်းတို့နဲ့ ငါမလိုက်ဘူး၊ သခင်လေးလဲ မလုပ်ချင်ဘူး၊ ငါ့အဖိုးနားမှာပဲ နေမှာ၊ အီး. . ဟီး. . . ဟီး ဟီး. . အဖိုးရေ. . . အဖိုး ထပါအုံး၊ ကျွန်တော့်ကို သူတို့က ခေါ်သွားကြတော့မလို့တဲ့၊ ကျွန်တော် အဖိုးနားမှာပဲ နေချင်တယ်၊ ဟီး. . ဟီး ဟီး. . ”

ပြောရင်းနဲ့ သည်းသည်းထန်ထန် ငိုချလိုက်ပြန်၏။

အားလုံးရဲ့မျက်နှာတွေမှာ ကမ္ဘာမြေဆိုသော ကောင်လေး





အတွက် ဝမ်းနည်းကြေကွဲခြင်း အရိပ်အယောင်တွေ ထင်ဟပ်နေကြ၏။

နောက်ဆုံး ရွာလူကြီးက ဝင်ပြီးနားချရ၏။

“ကမ္ဘာ မင်းလိုက်သွားမှ ဖြစ်မယ်၊ မင်းသာ လိုက်မသွားဘူးဆိုရင် မင်းအဖိုးရဲ့ ဈာပန မြေကျဖို့အတွက် မင်းရဲ့အင်အားနဲ့ ဘယ်လိုလုပ်မလဲ၊ ဒီရွာသားတွေရဲ့ စီးပွားရေး အခြေအနေကိုလည်း မင်းသိရဲ့သားနဲ့ ကလေးရယ်”

ရွာလူကြီးရဲ့စကားသံမှာ ဝမ်းနည်းခြင်းတွေနဲ့ တိမ်ဝင်သွားသည်။

“မင်းအဖိုးရဲ့ ဈာပန အောင်အောင်မြင်မြင်နဲ့ ပြီးဖို့ မပြီးဖို့က မင်းလက်ထဲမှာ ရှိတယ်ကွ”

“ဟုတ်ပါတယ် ကမ္ဘာမြေရယ်၊ ကြီးဒေါ်တို့လည်း မင်းနဲ့ မခွဲနိုင်ပါဘူး၊ ဒါပေမယ့် မင်းရဲ့ရှေ့ရေးကလည်း ရှိသေးတယ်၊ ခုချိန်ထိ တို့များဆီမှာ ငွေတစ်ပြားတစ်ချပ်မှ မရှိလို့ မင်းအဖိုးအတွက် သက်ပျောက်ဆွမ်းလေးတောင် မကပ်နိုင်ရှာသေးပါဘူး၊ အင့်. . . အဟစ်. . . အီး. . . ဟီး. . . ဟီး”

ဟော. . . ပြောရင်းနဲ့ ငိုပြန်ပြီ တစ်ယောက်။

“မင်းလိုက်သွားမယ်ဆိုရင် မင်းအဖိုးရဲ့ တမလွန်ခရီးကို ဖြောင့်ဖြောင့်တန်းတန်းလေး သွားနိုင်အောင် ဒီက သူဌေးတွေ ပေးတဲ့ငွေလေးနဲ့ ရည်စူးအလှူကလေးဘာလေး လုပ်လို့ရတာပေါ့ကွယ်”

လူကြီးတွေ ဝိုင်းဝန်းနားချနေသော စကားများကို မိုးဖျားထက်ဘုံကတော့ နားမလည်၊ ဘာတွေပြောနေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေကတော့ သိသည်။

သိလို့လည်း သူ့ဘဝရဲ့အဖြစ်ဆိုးကြီးကို မတွန်းလှန်နိုင်ခြင်း ဖြစ်သည်။ ဒါကြောင့် မဖြစ်စလောက် အင်အားလေးနဲ့ နှုတ်ခမ်းကို အားကုန်ဖိကိုက်လိုက်၏။

နှုတ်ခမ်းမှ နာကျင်သော ဝေဒနာက ရင်မှာ တဆစ်ဆစ် နာကျင်ရသော ဝေဒနာထက်စာရင် မပြောပလောက်။

ခုတော့ အဘိုးအတွက် သူ့ဘဝကို စတေးရတော့မည်ပေါ့။

ကမ္ဘာမြေသည် ပါးပြင်မှ မျက်ရည်တို့ကို ခပ်ကြမ်းကြမ်း သုတ်လိုက်သည်။ ပြီးတော့ သူ့ရဲ့လှုပ်ရှားမှု မှန်သမျှကို စိတ်ဝင်တစား စောင့်ကြည့်နေသော မိုးဖျားကို ဆတ်ခနဲ ကြည့်လိုက်သည်။

တဒင်္ဂအတွင်း ကလေးနှစ်ဦးရဲ့မျက်ဝန်းတွေ ဆုံသွားကြ၏။

အလိုပြည့်ကာ ပျော်နေသည့် မျက်ဝန်းတစ်စုံနှင့် ပူဆွေး ဝမ်းနည်းခြင်းတွေနဲ့ တိုးတိတ်စွာ ကြေကွဲနေသော မျက်ဝန်းတစ်စုံတို့ ဆုံမိကြသည့်အခိုက်။

အင်းအားမဲ့လွန်းသော ကမ္ဘာမြေဆိုသော ကောင်လေးရဲ့ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တစ်စက်က ဝါးကြမ်းခင်းပေါ်သို့ ဖောက်ခနဲ ကျဆင်းသွားသည်။

အရာရာဟာ ကံတရားရဲ့စေစားရာအတိုင်းပဲပေါ့၊ ဘာများ စောဒက တက်ခွင့် ရှိအုံးမှာမို့လဲ။ တကယ်လို့များ စောဒက တက်ခွင့် ရှိမယ်ဆိုရင် သူဟာ သူ့အချစ်ဆုံး အဖိုးနှင့် ညလရောင် အောက်မှာ သံစဉ်တစ်ပုဒ်ကို ထပ်မံဖော်ကျူးလိုပါသေး၏။

“ဘယ်လိုလဲ မောင်ကမ္ဘာမြေ၊ အန်ကယ်မိုးတို့နဲ့ လိုက်မယ်





မဟုတ်လား”

အန်ကယ်မိုးအမေးကို နှုတ်က မဖြေဘဲ လေးပင်စွာ ခေါင်း ညိတ်ပြလိုက်သည်။

ဒါဟာ လိုက်ဖို့ သဘောတူတယ်ဆိုသော အဓိပ္ပါယ်ပေါ့။

မိုးဖျား ထခုန်မိမတတ် ဝမ်းသာသွား၏။

“ဒါဆို အန်ကယ်တို့ သွားကြရအောင်နော်၊ နောက်ရက်ကျ ရင် မင်းအဘိုး ရက်လည်အမှီကို အန်ကယ် တစ်ခေါက် လာထပ်ပို့ မှာပါ၊ ခုတော့ သခင်လေးအလိုကျ မင်းလိုက်ခဲ့မှ ဖြစ်မှာမို့ပါ”

ကမ္ဘာ ဘာမှ ပြန်မပြောဘဲ မြေပြင်ပေါ် ဒူးထောက်ထိုင်ချ လိုက်သည်။

ပြီးတော့ အဖိုးကို ကန်တော့လိုက်သည်။ ရင်ထဲမှာ ဆို့ တက်လာသည်။

ဖော်မပြနိုင်သော ဝေဒနာတွေက နင့်နေ၏။

“လိမ်လိမ်မာမာ နေနော် ကမ္ဘာ၊ မင်းကို တို့များ တစ်ရွာ လုံးက အမြဲတမ်း အမှတ်ရနေကြမှာပါကွာ”

အိမ်နီးနားချင်းများက ကမ္ဘာကို သူတို့ တစ်ခါမှ မမြင်ဖူး သော ကားနက်ကြီးနားသို့ လိုက်ပို့ကြသည်။

ကမ္ဘာ ခေါင်းညိတ်ပြလိုက်သည်။

နေရောင်ခြည်အလင်း လာပြီမို့ မနက်ခင်းစောစောကလို နှင်းတွေဖြင့် ပိတ်မနေတော့။

ကားပေါ်က ကြည့်ရင်တောင် ကမ္ဘာတို့မြေးအဘိုး နေခဲ့တဲ့ အိမ်ကလေးကို နေခြည်အောက်မှာ ထင်ထင်ရှားရှား မြင်ရပြီ။

တဲအိမ်ကလေးရဲ့အဝင်အဝ ထွက်ပေါက်ကလေးကို ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြေကြေကွဲကွဲ လှမ်းကြည့်လိုက်၏။

တဲအဝင်အဝ မြင်ကွင်းထဲမှာတော့ အဘိုးရဲ့ဝိညာဉ်ပျောက်ကာ လဲလျောင်းနေသော ခြေအစုံကို နောက်ဆုံးမြင်တွေ့လိုက်ရသည်။

ခန္ဓာကိုယ် အပေါ်ပိုင်းကတော့ တဲအရှေ့မှာ ကာထားသော ဝါးထရံကြောင့် မမြင်ရ။

ကားပေါ်မှ လှမ်းမြင်နေရသော အဘိုးရဲ့ ဝိညာဉ်ပျောက်ခြေအစုံက သူ့ကို ကြေကွဲစွာ နှုတ်ဆက်လို့နေ၏။

ငိုရှိုက်သံနှင့်အတူ ပါးပြင်ပေါ်သို့. . .

လိမ့်ဆင်းကျလာသော မျက်ရည်တွေက တာကျိုးသလိုပင် တလိမ့်လိမ့် ပြိုကျလာသည်။ ကားပေါ်မှ ဆင်းပြေးပြီး အဘိုးရှိရာနားသို့ သွားချင်စိတ်တွေက ရင်မှာ ဖွာလန်ကြဲနေပြီ။

သူ အားတင်းကြည့်သည်။

ဒါဟာ အဘိုးရဲ့ဈာပနအတွက် အစစအရာရာ အဆင်ပြေအောင် လုပ်ပေးလိုက်တဲ့ ငါ့ရဲ့ကြိုးပမ်းမှုတစ်ခုလို့ နှလုံးသွင်းကြည့်သည်။

ငါ မလိုက်လို့ မဖြစ်ဘူး။

ချုပ်တည်းမျိုသိပ်ထားသမျှတွေဟာ ကားဘီးလှိမ့်သည်နှင့် အပြင်ကို ပွင့်အန်ထွက်ကုန်၏။

"အဘိုး. . . အဘိုးရေ"

သူ သိပ်ချစ်သော အဘိုးကို နောက်ဆုံးအကြိမ်အဖြစ် အားပါးတရ ခေါ်လိုက်ခြင်းပါ။

သူ့မြင်ကွင်းရှေ့မှ မြင်နေရသော အဘိုးရဲ့ဝိညာဉ်ပျောက်





ခြေအစုံက တဲကလေးထဲမှာ ဝေး၍ဝေး၍ ကျန်ခဲ့လေသည်။

အဘိုး ကောင်းသောဘုံဘဝဖြစ်တဲ့ နတ်ပြည်ကို အမြန်ဆုံးရောက်ပါစေ။

စိတ်ထဲမှာ အဘိုးအတွက် ကြိတ်ပြီးဆုတောင်းလိုက်သည်။

ကမ္ဘာမြေကို တင်ခေါ်သွားသော ကားနက်ကြီးက ကမ္ဘာရဲ့ဝေးရပ်မြေနဲ့ တရွေ့ရွေ့ ဝေးလို့လာသည်။

ကားက တငြိမ့်ငြိမ့်နဲ့ မောင်းလို့ မောင်းမှန်းပင် မသိ။

သူ့ကားပေါ်မှာ အားငယ်စွာဖြင့် ခပ်ငြိမ်ငြိမ် ကုတ်ကုတ်လေး လိုက်လာလိုက်၏။

"ရော့. . . မင်း ဒါစားထားလိုက်၊ မနက်ကတည်းက ဘာမှ မစားရသေးဘူး မဟုတ်လား"

မိုးဖျား လှမ်းပေးသော စားစရာ ဆိုသည့်ဟာကို သူ တစ်ခါမှ မမြင်ဖူး။

ပေါင်မုန့်အကြီးကြီးကို အလယ်ကနေခွဲပြီး အသားတွေနဲ့ အရွက်တွေ ညှပ်ထားသော ခပ်ကြီးကြီး ပေါင်မုန့်တစ်လုံး။

"ရော့. . . စားလေ"

သူ မစားတတ်၊ စားချင်စိတ်လဲ မရှိသဖြင့် ခေါင်းကိုသာ တွင်တွင်ခါလိုက်သည်။

ကားထဲမှာ အေးစိမ့်သော မွှေးရနံ့နဲ့အတူ သူတို့ကို ကပ်နေသော ဖုန်နံ့ကို သူ ကျင့်သားရစွာ ရှူလိုက်သည်။

ကားထဲမှ အေးစိမ့်နေသော အငွေ့အေးဓါတ်သည် သူဝတ်ထားသော ဝါကျင့်ကျင့် အကျီလေးရဲ့အပေါက်အပြဲတွေကြားထဲမှ သူ့ရဲ့အသားစိုင်တွေကို လာရောက်ထိတွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်လေးကို ကျုံ့ထားလိုက်သည်။ ခက်တော့နေပါပြီ။

စောစောက သဘာဝ အအေးဒဏ်ကိုကျတော့ မသိကျိုးကျွံ ခံနိုင်ရည် ရှိခဲ့ပြီးမှ ဒီကားကြီးထဲက အအေးဒဏ်ကိုကျတော့ သူ ဘာကြောင့် မခံနိုင်ပါသလဲ။

မိုးဖျား သူ့ကို စိတ်အပြောင်းအလဲ တစ်ခုခုတော့ လုပ်ပေးချင်သည်။

သူ့မျက်နှာမှာ ကြေကွဲရိပ်တွေနဲ့ ညှိုးငယ်နေတာကို မြင်နေရသည်ကိုက မိုးဖျားရင်ထဲမှာ မပျော်။ သူ ပြုံးရွှင်လာအောင်၊ ဒါမှမဟုတ် သူ့ရင်ထဲက ဝမ်းနည်းခြင်းတွေ ခဏမေ့ထားလို့ ရအောင် မိုးဖျား ဘာလုပ်ပေးရမည်လဲ။

အကြံတစ်ခုက အတွေးဆုံးသည်နှင့် လှစ်ကနဲ ဝင်လာသည်။

ကားစက်သံကို မသိကျိုးကျွံပြုနေသော တိတ်ဆိတ်ခြင်းကို မိုးဖျားက ဖြိုခွင်းလိုက်သည်။

"အန်ကယ်မိုး. . . ကျွန်တော့်ကို MR BEAN'S ခွေ ထည့်ပေးပါ"

အန်ကယ်မိုးကလည်း သူ့ဆန္ဒအတိုင်း တသွေမတိမ်း လုပ်ပေးရှာ၏။

ကမ္ဘာမြေသည် ကားကြီးထဲကို မျက်ရည်ဝဲနေသော မျက်ဝန်းဖြင့် ဝေ့ကြည့်လိုက်သည်။

ကားကြီးက ကိုယ်နေတဲ့ တဲအိမ်ကလေးထက်ပင် ကြီးမည်ထင်သည်။

နိုင်ငံခြားကားတွေထဲမှာ လူဆိုးတွေ စီးသော ကားကြီးနှင့်





တူ၏။ ကားထဲမှာ TV လည်း ပါသည်။

အန်ကယ်မိုးဆိုတဲ့လူကြီးက မိုးဖျားဆိုတဲ့ကောင်လေး ခိုင်းတဲ့အတိုင်း TV ကို ဖွင့်ပေးလိုက်သည်။

ပြီးတော့ သေတ္တာကြီးတစ်ခုထဲက ပန်းသီးနီနီတစ်လုံးနှင့် နို့ဆီခွက်ထက် သေးငယ်သော ပိန့်ရှည်ရှည် ဗူးလေးတစ်ဗူးကို ထုတ်ကာ ဖောက်ရင်း. . .

ကမ္ဘာကိုလည်း လှမ်းပြောလိုက်သေး၏။

"ကောင်လေး. . . မင်းလဲ တစ်ခုခု စားလိုက်လေ"

ကမ္ဘာ ခေါင်းခါလိုက်သည်။

ကားထဲက အရာမှန်သမျှကို တစ်ခုချင်း စေ့စေ့စပ်စပ် လိုက်ကြည့်လိုက်သည်။

ကမ္ဘာရဲ့တအံ့တသြ ငေးမောရင်း စူးစမ်းသောအကြည့်ဖြင့် လိုက်ကြည့်နေသည်ကို မိုးဖျားက သဘောတကျဖြင့် ရယ်ရင်း

"ဟား. . ဟား. . ဟား. . မင်းက ဒီကားကို အတော်ထူးဆန်းတယ်လို့ ထင်နေလို့လား"

မိုးဖျားရဲ့အမေးကို ကမ္ဘာ ခေါင်းညိတ်ဖြေလိုက်သည်။

ကမ္ဘာရဲ့ပါးမှ မျက်ရည်တွေ ပါးပြင်မှာ ခြောက်သွေ့စပြုနေပြီ။

စောစောက အန်ကယ်မိုး ပန်းသီးထုတ်ယူလိုက်သော သေတ္တာကြီးကို လက်ညှိုးထိုးလိုက်ရင်း. . .

"ဒါက ဘာလဲ"

"ဒါကို ရေခဲသေတ္တာလို့ခေါ်တယ်၊ အဲဒီအထဲမှာ အချိုရည်တွေနဲ့ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီး အားလုံးထည့်လို့ရတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဟော့ဒီမှာကြည့်"

ဟု-ဆိုပြီး မိုးဖျားက သူ့ထိုင်ခုံဘေးမှ ခလုတ်ကလေးကို နှိပ်ပြလိုက်သည်။

အလူမီနီယမ် လေးထောင့်ပြားလေးတစ်ခုက မိုးဖျားရဲ့ ထိုင်နေရာရှေ့သို့ ရှည်ထွက်လာသည်။

"ဒါက ငါ အပြင်ထွက်ရင် စားစရာတွေ အလွယ်တကူ တင်စားလို့ရအောင် စီစဉ်ထားတဲ့ စားပွဲလေးပေါ့၊ ဟိုအပေါ်က TV အပေါ်စက်အောက်စက်၊ လမ်းသွားရင်း ငါကြည့်ချင်တဲ့ Power Rangers တို့ Spider Man တို့ ကြည့်လို့ရတယ်လေ၊ ဟိုးအနောက် ဘက်မှာက ငါအိပ်ချင်ရင် အိပ်လို့ရအောင် အိပ်စင်လေးတစ်ခု ရှိတယ်"

မိုးဖျားက စိတ်ရှည်လက်ရှည်ဖြင့် ကားထဲက ဒက်ဂရေး ရှင်းကို ရှင်းပြနေ၏။

ကမ္ဘာက သူနားမလည်သော အကြောင်းအရာများကို မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် စိတ်ဝင်တစား နားထောင် နေရှာ၏။

ကလေးသဘာဝ စူးစမ်းချင်သောစိတ်က အဘိုးအတွက် ဝမ်းနည်းပူဆွေးခြင်းတွေပင် ခဏတော့ အာရုံမှာ မေ့သွားသလို. .

သူဟာ ကမ္ဘာသစ်တစ်ခုထဲကို ရုတ်တရက် ခုန်ဝင်လိုက် သလို ခံစားလိုက်ရသည်။

"မင်းတို့က နိုင်ငံခြားကလား"

"ဘာဖြစ်လို့လဲ"

မိုးဖျားက သူ့ကိုယ်သူ အထင်ကြီးသောဟန်ဖြင့် ပြုံးထေ့





ထေ့လေး မေးလိုက်သည်။

ကမ္ဘာက အူလည်လည် မျက်ဝန်းကလေးနဲ့ နှုပ်ကလေး တစ်ချက်ရှုံ့ပြီး. . .

"မင်းတို့ပုံစံက နိုင်ငံခြားကားထဲက လူတွေလို ပုံစံမျိုးနဲ့ တူလို့ပေါ့ကွ"

"ငါတို့က နိုင်ငံခြားက မဟုတ်ဘူး၊ ဒါပေမယ့် ငါ နိုင်ငံခြား ကို ခဏခဏ ရောက်ဖူးတယ်၊ ငါ့မေမေ ဈေးဝယ်ထွက်ရင် ငါက ခဏခဏ လိုက်သွားတယ်"

"ငါ့အမေက ငါ့ကိုယ်ဝန်ကြီးနဲ့ နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ သွားလို့ ငါ့ကိုတောင် ဟိုမှာ မွေးခဲ့တာတဲ့၊ ဟိုမှာ ငါ့အမေရဲ့အမျိုး တွေ ရှိတယ်၊ ငါ့အဖေရဲ့မျိုးရိုးက မြန်မာပြည်က မှူးမတ်မျိုးရိုးတဲ့၊ နန်းတွင်းက ဘုရင်ရဲ့ အတိုင်ပင်ခံ အမတ်ကြီးတဲ့၊ ငါတို့က အရမ်းလဲ ချမ်းသာတယ်၊ ငါ့အဖေက ကစားကွင်းတွေလဲ ပိုင်တယ်၊ ဟိုတယ် တွေလဲ ပိုင်တယ် သိလား"

"ဒီတစ်ခါ ငါ့အမေနဲ့ အင်္ဂလန်ကို လိုက်သွားရင် မင်းပါ လိုက်ရမယ်၊ မင်းကို ငါခေါ်သွားမယ် သိလား"

မိုးဖျားရဲ့ဂုဏ်ယူဝင့်ကြွားစွာ ပြောနေသော လေလုံးကြီး ကြီးတွေကြောင့် ကမ္ဘာ မျက်နှာလေး ဝင်းပသွား၏။

"တကယ်ခေါ်မှာလား"

မိုးဖျားက လက်မလေး ထောင်ပြပြီး. . .

"တကယ်ပေါ့. . . ငါ ဘယ်သွားသွား မင်းလိုက်ရမယ်၊ နောက်ဆုံး ငါ လက်ထရိန် ဝင်ရင်တောင် မင်းလိုက်ဝင်ရမယ်၊ ငါကလွဲပြီး မင်း ဘယ်သူနဲ့မှ မဆော့ရဘူး၊ ငါ့မှာ အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်တွေ၊ သေနတ်တွေ၊ ကားတွေ ရှိတယ်၊ ဘိုမရုပ်တွေလဲ အများကြီး ရှိတယ်"

"ဘိုမအရုပ်တွေကလွဲလို့ ကျန်တဲ့သေနတ်တွေ၊ ကားတွေ မင်းကို အကုန်ပေးမယ်၊ ဂိမ်းခွေတွေလဲ ငါ့မှာ အများကြီး ရှိတယ်"

ကမ္ဘာမှာ မိုးဖျားပြောသမျှကို နှုပ်ခမ်းလေး တရှုံ့ရှုံ့ဖြင့် ခေါင်းလေး တဆတ်ဆတ် ညိတ်ရှာသည်။

သူ့ကို အရုပ်တွေ ပေးမယ်ဆိုတော့ ရင်ထဲမှာ နည်းနည်းတော့ ပျော်သွားတာပေါ့။ နောက်ပြီး သူပြောတဲ့ လက်ထရိန်ဆိုတာလဲ ဘာကိုခေါ်သလဲ သူမသိ။

အန်ကယ်မိုးက သူတို့နှစ်ယောက်ရဲ့ ကလေးစကားဝိုင်းကလေးကို နားစွင့်ရင်း ပြုံး၏။

အန်ကယ်နောင်ကတော့ ရှေ့ကိုသာ အာရုံစိုက်၍ မောင်းနေသဖြင့် ကြားချင်မှ ကြားမည်။

ကမ္ဘာ့ရဲ့အာရုံတွေက မိုးဖျားရဲ့လေလုံးခပ်မြင့်မြင့်တွေထဲမှာ လွင့်မျောနေရင်းမှ TV ဆီသို့ အကြည့်ရောက်သွား၏။

MR BEAN'S ရဲ့လှုပ်ရှားပုံတွေကို သူဟာ သဘောပေါက်နားလည်စွာဖြင့် တခွိခွိနဲ့ ရယ်မောနေပြန်၏။

မိုးဖျားပါ ကမ္ဘာရယ်နေတာကို သဘောကျပြီး သူ့အကြည့်တွေကိုပါ TV ရှိရာသို့ ပို့ထားလိုက်တော့၏။

ကားထဲမှာ MR BEAN'S ကားကြည့်ပြီး ရယ်နေကြသော ထိုကလေးနှစ်ယောက်ရဲ့ခွက်ထိုးခွက်လန် အသံလေးတွေက လေထု ထဲသို့ စီစီညံညံ ထွက်ပေါ်လို့လာ၏။

ကလေးတွေရဲ့စိတ်ခံစားမှုသည် လေယူရာ ယိမ်းတတ်





သည့် ပန်းပွင့်ဖူးငုံလေးတွေလိုပါပဲ၊ သူတို့ရဲ့ခံစားချက်တွေဟာ သူတို့ရဲ့နှလုံးသားမှာ ကျောက်သားကျောက်စိုင်လို ခိုင်မာမှုမျိုး အစဉ်မရှိနိုင်ကြပါဘူး၊ ဒါဟာ သဘာဝပဲလေ။

တမလွန်က သူ့အဖိုးလည်း ကမ္ဘာမြေဆိုတဲ့ သူ့မြေးလေးရဲ့ကံကြမ္မာကို ကြည့်ပြီး ကျေနပ်နိုင်မှာပါ။

ဒါဟာ ကမ္ဘာမြေဆိုတဲ့ ကောင်ကလေးအတွက် ကြိုတင်ရေးထားခြင်း ခံရတဲ့ ကံကြမ္မာရဲ့ဇာတ်ညွှန်းတစ်ပုဒ်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com





## အပိုင်းခွဲ (၂)

"ကလေးရဲ့နာမည်က ဘယ်လိုခေါ်လဲ"

"ကမ္ဘာမြေ"

ကိုယ့်ရှေ့မှာ ခန့်ခန့်ထည်ထည်နှင့် ထိုင်ပြီး ဂရုတစိုက် နဲ့ မေးနေသော သူဌေးကြီးရဲ့မျက်ဝန်းတောက်တောက်တွေကြေ ကမ္ဘာမြေရင်ထဲမှာ ကြောက်စိတ်တွေ သိပ်ပြီး ရှုန်းကြွခြင်း မရှိဝေ

"နာမည်ကတော့ အဆန်းပဲ၊ မင်း ဒီအိမ်ကြီးမှာ အန်က ရဲ့သားနဲ့ တစ်သက်လုံး နေနိုင်မလား"





ဒီမေးခွန်းကို သူ မဖြေတတ်ခဲ့။

ဒီနေ့မှသာ စတွေ့ဖူးတဲ့ သူစိမ်းတွေနှင့် ဘယ်လိုအခြေအနေ ဘယ်လိုပုံစံမျိုးနဲ့ ရင်ဆိုင်ရမှန်း မသိသေးဘဲနဲ့ အိမ်ကြီးရဲ့ ခမ်းနားထည်ဝါမှုနဲ့ အရာရာကို ပြီးပြည့်စုံမှုတစ်ခုထဲကို ကြည့်ပြီး နေနိုင်ပါတယ်လို့ ခေါင်းမညိတ်ချင်ပါ။

သူ့ဦးနှောက်က အခြေအနေနဲ့ အချိန်အခါကို အရင်းတည်ပြီး ကိုယ့်ဘဝနဲ့ လဲရမယ့်ကိစ္စက အဲဒီလောက် လွယ်ကူပါ့မလား၊ သူ ကတိတစ်ခုကို လွယ်လွယ်နဲ့ မပေးချင်ပါ။

ကတိကို လွယ်လွယ်နဲ့ ပေးပြီး ချေဖျက်လွယ်တဲ့ ပေါ့ပျက်ပျက် လုပ်ရပ်ကို ယောကျ်ားကောင်းတွေ ဘယ်တော့မှ မလုပ်ဘူးလို့ အဘိုးပြောခဲ့ဖူးသည်။ ဒါ့အပြင် ...

သူ့အတွေးအခေါ် သူ့ရဲ့ရင့်ကျက်မှုက ထိုအန်ကယ်ကြီး ကျေနပ်စေမယ့်အဖြေမျိုး ပေးဖို့ လင်းလက်တဲ့ အသိဉာဏ်တစ်ခု ခုချိန်ထိ မပေါ်ထွန်းသေးတာကတော့ ကမ္ဘာ့အပြစ်မှ မဟုတ်တာပဲလေ။

"ကျွန်တော် မဖြေတတ်ဘူး"

တုံးတိတိ ဖြေလိုက်သော သူ့အဖြေကြောင့် မိုးဖျားရဲ့ အဖေ ရယ်သည်။

ဒါဟာ အပြစ်မတင်တဲ့အပြင် အမှန်တကယ် သဘောကျတဲ့ ရယ်ခြင်းမျိုးပါ။

စခေါ်လာကတည်းက ဒီကလေးရဲ့ပုံစံက အနည်းငယ် ထူးခြားနေသည်။ သူ့ရဲ့အကြည့်စူးစူးတွေမှာ ကမ္ဘာသစ်တစ်ခုထဲကို ရောက်သည့်ပုံစံမျိုးဖြင့် စူးစမ်းသောအကြည့်တွေ ထုတ်သုံးသည်မှ



www.burmeseclassic.com

www.burmeseclassic.com



လွှဲ၍. . .

လောဘ စိတ်စေတသိက်ကို ဖြစ်စေသော လိုချင်တပ်မက်မှု မက်မောအားကျမှုတွေ သူ့မျက်ဝန်းမှာ တစ်စက်မှ ရှိမနေ၊ အား ငယ်ခြင်းတွေ စိုးရွံ့ခြင်းတွေ ထင်ဟပ်မနေ၊ ဒါဟာ ရိုးသားခြင်းရဲ့ အခြေမြစ်တစ်ခုပဲ။

"မင်း ကျောင်းနေလား"

အားလုံးက သခင်ကြီးဟု တရိုတသေ ဆက်ဆံနေတဲ့ တကယ့်အထင်ကရပုဂ္ဂိုလ်ကို ကမ္ဘာက ခပ်တည်တည်နှင့် ခေါင်း ဆတ်ပြလိုက်သည်။

ဒီအရွယ်ဆိုတာ ယဉ်ကျေးမှုတွေဘာတွေ နားမလည်။ သူ့ စိတ်ထဲ ရှိတဲ့အတိုင်း သူတို့ရဲ့အမူအယာတွေနဲ့ သူတို့ရဲ့ရင်တွင်းစိတ် တွေကို ပုံဖော်တတ်ကြတာပဲလေ။

အဲဒီအတွက် အပြစ်ဟု မြင်၍မရ။

"ဘယ်နှစ်တန်းလဲ"

"မနှစ်ကအထိတော့ ခြောက်တန်းပါ"

မနှစ်ကအထိ ခြောက်တန်းဆိုတော့ ဒီနှစ် ကျောင်းမတက် ရဘူးဆိုတဲ့သဘောပေါ့။ အိမ်ကသား မိုးဖျားကတော့ ခုနစ်တန်း တက်နေသည်။

ဒါဆို သားနဲ့ ရွယ်တူပေါ့။

"မင်း ကျောင်းနေချင်လား"

ဒီမေးခွန်းကို ကမ္ဘာ အရမ်းဖြေချင်လောက်အော သဘောကျ နှစ်သက်ပါသည်။

ကျောင်းတက်ချင်တာ ကမ္ဘာရဲ့အဖြစ်ချင်ဆုံး အပြင်းပြ





ဆန္ဒပဲ။

အဘိုးမကျန်းမာတော့၍သာ ကမ္ဘာ့ရဲ့ပညာရေးကို ဆိုင်းငံ့ ထားလိုက်ရပေမယ့် ကမ္ဘာ့ရင်ထဲမှာတော့ ပညာသင်ချင်တဲ့စိတ်ဓါတ် အလင်းရောင်ကတော့ ဘယ်သောအခါမှ မှေးမှိန်ပျောက်ကွယ်သွား ခြင်းမရှိ။

ဘယ်လောက် စိတ်ကျေနပ်စရာကောင်းတဲ့ မေးခွန်းပါလဲ။

ကမ္ဘာ ကျေနပ်စွာ ပြုံးလိုက်ပြီး ခေါင်းကို အကြိမ်ပေါင်း များစွာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ညိတ်လိုက်၏။

အန်ကယ်မိုး မနေသာတော့။

"မောင်ကမ္ဘာမြေ. . . သခင်ကြီး မေးရင် တရိုတသေနဲ့ နှုတ်က ဖြေရတယ်ကွယ့်၊ ခေါင်းညိတ်ခေါင်းခါ မလုပ်ရဘူး"

အန်ကယ်မိုးကို ဦးထက်အာကာ လက်ကာပြလိုက်သည်။

နေပါစေ၊ သူပြောတတ်သလို နေတတ်သလို နေပါစေ ဟူသောသဘောမျိုး။

အခန်းက အပ်ကျသံ မကြားရလောက်အောင် စက္ကန့်ပိုင်း လောက် တိတ်ဆိတ်သွားသည်။

ထိုတိတ်ဆိတ်မှုကို ထိုးဖောက်သောအသံမှာ ကမ္ဘာမြေရဲ့ အင်အားအပြည့်ပါတဲ့ ကြွရွရွအသံလေးဖြစ်သည်။

"ကျွန်တော် ကျောင်းတက်ချင်ပါတယ် သခင်ကြီး"

ဦးထက်အာကာရော မိုးဖျားရော သားအဖနှစ်ယောက်လုံး ရဲ့မျက်နှာပြင်မှာ ကျေနပ်ပြုံးတွေက ရီးလေးခိုသွားကြသည်။

တစ်ချိန်လုံး ဘာမှမပြောပဲ ပွဲကြည့်ပရိသတ်လို ငြိမ်ပြီး ကြည့်နေသော ဒေါ်နန်းထိုက်စံက ဦးထက်အာကာကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး. . .

"နှစ်ဝက်တောင် ကျော်နေပြီဆိုတော့ ကျောင်းဆက်တက်ဖို့ ဘယ်ဖြစ်နိုင်မလဲ၊ ကိုကို ထားချင်ရင် နောက်နှစ်မှပဲ ထားရတော့မှာပေါ့"

ဦးထက်အာကာက ဇနီးရဲ့အကြံပေးခြင်းကို လက်ခံကာ ခေါင်းညိတ်လိုက်ပြီး. . .

"အင်းလေ. . . နောက်ဆုံးတော့ ဒီနည်းပဲ ရှိတော့တာပေါ့၊ ဒီကြားထဲမှာတော့ နောက်နှစ် တက်မယ့် သင်ခန်းစာတွေအတွက် ကြိုပြီးလေ့လာခိုင်းရုံပေါ့"

ဒေါ်နန်းထိုက်စံက သူ့အနားတွင် ထိုင်နေသော ကမ္ဘာ့ရဲ့ ခေါင်းလေးကို ညင်ညင်သာသာဖြင့် သပ်လိုက်ပြီး. . .

"ကဲ. . . မောင်ကမ္ဘာမြေ၊ မင်းကို အန်တီတို့ ဇနီးမောင်နှံက မွေးစားသားအဖြစ် လက်ခံလိုက်ပြီ၊ ဒီတော့ ဒီနေ့ကစပြီး မင်းဟာ ဒီအိမ်ကြီးရဲ့အိမ်သားတစ်ယောက် ဦးထက်အာကာနဲ့ ဒေါ်နန်းထိုက်စံတို့ရဲ့မျိုးဆက်သစ်တစ်ယောက် ဖြစ်သွားပြီ"

"ပြီးတော့ မိုးဖျားနဲ့လည်း ညီအစ်ကို တော်သွားပြီ၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကြားထဲမှာ ခိုက်ရန်ဖြစ်မှုတွေ တင်းမာမှုတွေ၊ အနိုင်ယူလိုခြင်းတွေနဲ့ အရှုံးမပေးချင်တဲ့စိတ်တွေကို လုံးဝမမွေးမြူရဘူး"

"တစ်ယောက်ကိုတစ်ယောက် လိုက်လျောမှုတွေနဲ့ ကြင်ကြင်နာနာ ဖေဖေးမမနဲ့ ဆက်ဆံရမယ်၊ အထူးသဖြင့် မိုးဖျားဟာ အရာရာကို အနူစိတ် ဆန်တယ်၊ စိတ်ထားနူးညံ့ပျော့ပျောင်းတယ်၊ သူ့မှာ ဆိုးချင်တာလေး တစ်ခုပဲ ရှိတယ်၊ အဲဒါက သူလိုချင်တာကို





မဖြစ်မနေ ရအောင် ယူတတ်တယ်"

"ဒါကြောင့် သူ့ရဲ့စိတ်ကို အတတ်နိုင်ဆုံး နားလည်အောင် ကြိုးစားပြီး လိုက်လျောမှုတွေ ပေးပါ။ သူ့ကို အစစအရာရာ စောင့်ရှောက်ရမယ်. . . ဟုတ်ပြီလား"


"ဟုတ်ကဲ့ပါ"

ဒေါ်နန်းထိုက်စံ ပြောနေသော တချို့အကြောင်းအရာတွေကို သိသလို ရှိသော်လည်း တစ်ချို့အကြောင်းအရာတွေကိုတော့ ဘာတွေ ပြောနေမှန်း နားမလည်၊ ဒါပေမယ့် လိမ္မာပါးနပ်စွာဖြင့် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ ပြန်ဖြေရမည်က. . .

"ဟုတ်ကဲ့" ဟူသော စကားတစ်ခွန်းထဲ ဖြစ်သည်ဆိုတာကိုတော့ သူသိထားပါသည်။

သူ့ရဲ့အနာဂတ်ကို နန်းတော်တမျှ ကြီးကျယ်ခမ်းနားသော ထိုအိမ်ကြီးထဲမှာ ဘယ်လိုအခြေအနေမျိုးနဲ့ ကုန်ဆုံးရမှာပါလဲ။

သူဟာ အနာဂတ်ရဲ့ရှေ့စာမျက်နှာတွေကို ကြိုပြီး မကြည့်တတ်သော ရိုးစင်းသော ကောင်လေးတစ်ယောက်သာဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ်ခွဲ(၃)

"ဒီအဖြေလွှာကို ကြည့်ရင် မောင်မိုးဖျားထက်ဘုံရဲ့ အခြေအနေမှန်ကို သိမှာပါ ဦးထက်အာကာ"

ကျောင်းအုပ်ကြီးရဲ့ မာနသံ မပါသော သူတို့ရဲ့ညှိဖျင်းမှုကြောင့် မဟုတ်ဘူးဆိုသည့် သက်သေ သာဓက ဖြစ်သော ထိုအဖြေလွှာကို ကြည့်ခြင်းဖြင့် အခြေအနေမှန်ကို သိစေချင်နေသည့်ဆန္ဒတွေက သူ့မျက်နှာမှာ ထင်ဟပ်နေသည်။





သားဖြစ်သူရဲ့စာဖြေလွှာထဲမှာ စာတစ်ပုဒ်လောက်သာ ဝတ္တရားဆန်စွာ ရေးဖြေထားပြီး ကျန်တဲ့ စာမျက်နှာတွေမှာတော့ ဘာမှ ဖြေဆိုထားခြင်း မရှိသဖြင့် မယုံနိုင်ခြင်းများစွာဖြင့် ဖြေလွှာကို ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

ဒီကလေး ရူးများနေသလား။

မိုးဖျား ကျောင်းတက်လာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒီလိုကိစ္စမျိုး ဖြစ်ဖို့ဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့။

"ကျွန်တော့်သားရဲ့အဖြေလွှာကို ကြည့်ပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး ဆရာဦးခန့်ကျော်ရေ၊ ဒီကိစ္စက တစ်ခုခုတော့ ထူးခြားနေပြီ၊ တော်ကြာမှ သားကို သေချာ ချော့မော့ပြီး မေးရတော့မှာပဲ"

"ကျွန်တော်တို့လည်း အတော့်ကို နားလည်ရ ခက်နေတာပါ၊ ဒီကလေးဟာ အင်မတန် စာတော်တဲ့ ကလေးတစ်ယောက်ပါ၊ ခုတော့ ဘာသာစုံနီးနီးကို မဖြေဘဲ တမင်ကျအောင် ဖြေထားတာဆိုတော့ စဉ်းစားရ ခက်နေတာ၊ ဒီခေတ်ကလေးတွေရဲ့ စိတ်ကူးအတွေးတွေကိုတော့ ကျွန်တော်တို့ နားမလည်နိုင်အောင်ပါပဲဗျာ"

"ကျွန်တော့်သားရဲ့လုပ်ရပ်ကြောင့် ဆရာဆရာမတွေအားလုံး စိတ်အနှောင့်အယှက် ဖြစ်ကုန်ကြပြီ၊ တောင်းပန်တယ်ဗျာ၊ ခုလို သားရဲ့အခြေအနေမှန်ကို အိမ်ထိ လာပြီးအသိပေးတဲ့အတွက်လည်း အရမ်းကို အားနာပြီး ကျေးဇူးတင်ရပါတယ်"

ကျောင်းအုပ်ကြီးက ဦးထက်အာကာကို ပြုံးကြည့်ပြီး. . .

"အားနာစရာ အလိုပါဘူး ဦးယက်အာကာရယ်၊ ဒါဟာ ကျောင်းသားမိဘနဲ့ ဆရာတွေကြားထဲက နားလည်မှုတစ်ခုပါ၊


www.burmeseclassic.com

 www.burmeseclassic.com

ကဲ. . . ကျွန်တော့်ကို သွားခွင့်ပြုပါအုံး"

"ဟုတ်ကဲ့. . . ကောင်းပါပြီခင်ဗျာ"

ကျောင်းအုပ်ကြီး ပြန်သွားတော့ ဦးထက်အာကာ ဧည့်ခန်းထဲမှ ထကာ မိုးဖျားရဲ့အခန်းရှိရာသို့ တက်လာလိုက်သည်။

အောင်စာရင်းမှာ သူ့နာမည် မပါတာကို ဝမ်းမနည်းဘဲနှင့် ဂုဏ်ထူးတွေ တသီကြီးထွက်သော ကျောင်းသားတစ်ယောက်လို ပျော်ရွှင်နေသော သားဖြစ်သူရဲ့ပုံစံကို သူပင် အမှန်တကယ် နားမလည်တော့။

သားရဲ့အခန်းရှေ့ ရောက်တော့ အခန်းထဲမှာ ဆူဆူညံညံ အသံကြောင့် တံခါးကို အသာဟပြီး ချောင်းကြည့်လိုက်သည်။

လူကလေးနှစ်ယောက် အားလုံ့နေကြသည်။

"ကမ္ဘာ. . . မင်း ငါ့ကို အနိုင်ပေးရမယ်နော်၊ မင်း မညစ်နဲ့၊ ဒီကစားနည်းကို ငါက သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး"

"အေးပါ. . . ငါလဲ ဒီမှာ အားကုန်သုံးထားတာမှ မဟုတ်တာ၊ မင်း ငါ့လက်ကို လဲအောင် ဆွဲချပေါ့ကွ"

လက်ဖျံချိတ်ပြီး အားလုံ့နေရာမှ သူ့ဘက်သို့ ကမ္ဘာရဲ့လက်ကို ဆွဲချလိုက်နိုင်သဖြင့် ဝမ်သာအားရ ထခုန်လိုက်သည်။

"ဟေး. . . ကမ္ဘာကို ငါနိုင်ပြီကွ၊ ဟီး. . ဟီး. . ဟီး"

သားလေး မိုးဖျားထံမှာ ဒီလိုအပြုံးမျိုး ဒီလိုအပျော်မျိုး တစ်ခါမှ မတွေ့ဖူးခဲ့။

ကမ္ဘာ ရောက်လာမှ မိုးဖျားရဲ့အထီးကျန်ဆန်တဲ့စိတ်တွေ အဝေးကို လွင့်ထွက်ကုန်ပြီ ထင်၏။

သားမျက်နှာကို ကြည့်ရင် အမြဲတမ်း ပြုံးပြုံးရွှင်ရွှင် တက်





တက်ကြွကြွနဲ့ သူ့မှာ ကစားဖော် ရသွားလို့ အရင်လို အဖေနှင့် အမေနားပင် ကပ်ပြီး ဂျီတိုက်ချိန် မရှိတော့။

သူတို့မှာလည်း ဟိုတယ်လုပ်ငန်းတွေနဲ့ တခြားကုမ္ပဏီကိစ္စတွေကို လင်မယားနှစ်ယောက်စလုံး တာဝန်ခွဲဝေယူပြီး လုပ်နေရတဲ့အတွက် အားချိန်ဆိုတာ သိပ်ရှိလှတာမဟုတ်။

ကမ္ဘာလေးကို သားရဲ့ဆန္ဒအတိုင်း မွေးစားလိုက်တော့မှ သားရဲ့အထီးကျန်ဆန်ခြင်းတွေ သားဘဝမှာ လုံးဝပျောက်ကွယ်သွားတာ။

"ကမ္ဘာ. . . ငါ စာမေးပွဲကျတဲ့ အထိမ်းအမှတ်နဲ့ မင်းကို ဒီညနေ ငါပိုင်တဲ့ စက်ဘီးထဲက မင်းကြိုက်တဲ့ တစ်ဘီးကို ငါ့ရဲ့ လက်ဆောင်အဖြစ် ပေးမယ်၊ ပြီးရင် ခြံအနောက်ဘက်က တောင်ကုန်းလေးမှာ စက်ဘီးသွားစီးကြမယ်"

ကမ္ဘာက မျက်နှာကို ရှုံ့မဲ့ပြလိုက်သည်။

"ဟင့်အင်း. . . မစီးချင်ပါဘူး၊ မင်း စာမေးပွဲ ကျတာ ပျော်စရာကောင်းတဲ့ကိစ္စမှ မဟုတ်တာ"

ကမ္ဘာ့စကားကြောင့် မိုးဖျားက သဘောကျလွန်းစွာဖြင့် တခွီးခွီးနဲ့ ရယ်လိုက်ပြီး. . .

"မင်း မသိပါဘူးကွာ၊ ငါက စာမေးပွဲကို တမင်ကျအောင် ဖြေလိုက်တာကွ"

မိုးဖျားရဲ့စကားကြောင့် အံ့သြပြီးရင်း အံ့သြသွားရသည်။

"ဘာ. . . တမင်ကျအောင် ဖြေတာ ဟုတ်လား"

"ဟုတ်တယ်. . . အဲဒါ မင်းကြောင့်၊ မင်းနဲ့ အတန်းတူ တက်ချင်လို့ တမင်တကာ အကျခံပြီး ဘာမှ မဖြေပဲ ထားလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား တေ့ုးရဲ့"

မိုးဖျားစကားကြောင့် အပြင်မှ ချောင်းနားထောင်နေသော ဦးထက်အာကာပင် သားရဲ့ စာမေးပွဲကျခြင်း သဘောထားအမှန်ကို သိလိုက်ရ၍ မျက်လုံးပြူးသွားရသည်။

ဒီအတွက်ကြောင့် သားကို ဆူလဲ မဆူချင်တော့၊ မေးလဲ မမေးလိုတော့သဖြင့် အခန်းရှေ့မှ တိတ်တိတ်ကလေး လှည့်ထွက်လာခဲ့သည်။

သူ့အမေကိုတော့ ညကျမှ အေးအေးဆေးဆေး ပြောပြရအုံးမယ်။ သူ့သားကို အပြစ်မတင်ဖို့ပေါ့။

သားအဖြစ်က တကယ့်ကို သနားစရာပါ။

သူ့ဘဝက ငှက်ကလေးလို လှောင်အိမ်ထဲ ထည့်ပြီး လေဟာပြင်ထဲမှာ ချထားသလို ပျံသန်းခွင့် ရှိပါလျက်နဲ့ ပျံသန်းခွင့် မရသောအဖြစ်။ အရာရာတိုင်းကို ထိန်းချုပ်မှုတွေနဲ့ နေသားတကျရှိစေခဲ့၏။

ကိုမိုးနဲ့ ကိုနောင်တို့ရဲ့ လက်ထဲမှာပဲ သားဘဝကို ကုန်ဆုံးစေခဲ့သည်။

လောကမှာ ငွေရှိရင် အရာရာ ပြည့်စုံတယ်လို့ ယူဆပြီး စီးပွားရေးကိုသာ မဲပြီး ရှာဖွေနေသော ကိုယ့်ရဲ့မျိုးရိုးဂုဏ်သိက္ခာ ခေတ်အဆက်ဆက်က ဘိုးဘေးဘီဘင်တွေ ထိန်းသိမ်းလာခဲ့တဲ့ နန်းတွင်းအမွေအနှစ်၊ စည်းစိမ်ဥစ္စာ၊ ရိုးရာဓလေ့နဲ့ အခြေအရံတွေ။

ထိုအရာမှန်သမျှကို သူ့လက်ထဲမှာ လျော့မသွားပဲ ပိုလို့သာ တိုးစေချင်ခဲ့တာ သူ့ရဲ့ရည်ရွယ်ချက် ဆန္ဒအမှန်။

ထိုဆန္ဒတွေကို လောဘတွေနဲ့ ထုပ်ပိုးထားတယ်လို့ ဘယ်





တုန်းကမှ အသေအချာ မတွေးမိခဲ့၊ မဆန်းစစ်မိခဲ့။

သူ ထိန်းသိမ်းခဲ့တဲ့ စည်းစိမ်ဥစ္စာ၊ ထပ်တိုးပြီး ရှာဖွေခဲ့တဲ့ စည်းစိမ်ဥစ္စာတွေဟာ တကယ်တော့ သားလေးအတွက်ပါပဲ။

အနာဂတ်မှာ သူတို့ရဲ့သားလေး မိုးဖျားထက်ဘုံဟာ မျိုးရိုးဂုဏ်ကို ထိန်းသိမ်းနိုင်စွမ်းရှိပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ရမယ်။

ဒါဟာ သူတို့ရဲ့ပုံစံကွက်ထဲက မိုးဖျားထက်ဘုံရဲ့ လှပတဲ့ အနာဂတ်တစ်ခု။

"ဖေဖေ. . ."

ဖေဖေဟု ခေါ်သံကြောင့် ကလေးတွေရဲ့အခန်းရှေ့မှ လှည့်ပြန်လာသော ဦးထက်အာကာရဲ့ခြေလှမ်းတွေ တုန့်သွားသည်။

လှည့်ကြည့်လိုက်သည်။

အုံ့ဩခြင်းတွေနဲ့အတူ နှုတ်ဖျားမှလည်း. . .

"ဟော. . ."

ဟု ထူးပြီးလျက်သား။

ဖေဖေဟု ခေါ်လိုက်သူက မိုးဖျားမဟုတ်။

ကမ္ဘာမြေဖြစ်သည်။ ကမ္ဘာမြေရဲ့မျက်နှာမှာ သူ့အား ဖေဖေဟု ခေါ်လိုက်ရလို့ ကျေနပ်သွားလေသည့်အရိပ်က အထင်းသား။ ထိုအရိပ်နောက်မှ ချက်ချင်းကပ်ပါလာတာက သူ ဖေဖေလို့ ခေါ်လိုက်လို့ ဦးထက်အာကာများ စိတ်ဆိုးသွားလားဆိုသည့် စိုးရိမ်သောအရိပ်။

ဦးထက်အာကာ ပြုံးလိုက်သည်။

"ပြောလေ. . . ဘာကိစ္စရှိလို့လဲ သား"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ မျက်နှာကလေးမှာ မိဘ၏ရင်ငွေ့ကို အပိုင်စား ခိုလှုံခွင့်ရသော သားတစ်ယောက်ရဲ့ပီတိမျိုးဖြင့်. . .

"ကိစ္စတော့ မရှိပါဘူး ဖေဖေ၊ ကျွန်တော် တစ်ခါမှ ဖေဖေလို့ မခေါ်ဖူးလို့ပါ၊ မိုးဖျားကလည်း ငါ့အဖေကို ဖေဖေလို့ပဲ ခေါ်ရမယ်လို့ ပြောလို့ ခေါ်ကြည့်တာပါ၊ နောက်ဆိုရင် ကျွန်တော် ဖေဖေလို့ပဲ ခေါ်ရတော့မလားဟင်"

ကမ္ဘာရဲ့အသံတွေထဲမှာ အားငယ်စိတ်တွေနဲ့ ရောထွေးနေသော တောင်းပန်တိုးလျှိုးခြင်းနဲ့ ခွင့်တောင်းခြင်းတွေက သူ့ရင်ထဲက ဆန္ဒတွေကို ကူညီတူးဖော်ပေးနေ၏။

"ခေါ်လေ. . . ခေါ်ပေါ့၊ မင်းကို မွေးစားလိုက်ပြီ ဆိုကတည်းက အဖေလို့ ခေါ်နိုင်တဲ့ အခွင့်အရေးက အလိုလို ရှိပြီးသားပဲ၊ ခေါ်ပါ သား"

ကမ္ဘာ့အနားသို့ မိုးဖျား လာရပ်လိုက်သည်။

"ငါ မပြောဘူးလား၊ ငါ့အဖေကို ငါခေါ်သလို ခေါ်လိုက်လို့ ဘာမှ ရှော့မရှိပါဘူးဆိုတာ"

ကမ္ဘာ ပြုံးလိုက်သည်။ မိုးဖျားက ကမ္ဘာကို နောက်မှ သိုင်းဖက်လိုက်ပြီး ဖခင်ဖြစ်သူကို ကြည့်လိုက်သည်။

"ဖေဖေ. . . ညကျရင် ကမ္ဘာအတွက် Shopping ထွက်ချင်တယ်"

မိုးဖျားပြောမှ သတိရသည်။ ကမ္ဘာအတွက် အဝတ်အစား အသုံးအဆောင်တွေ ဝယ်ပေးရအုံးမှာပဲ။

ရောက်ကတည်းက မိုးဖျား အဝတ်အစားတွေပဲ ဝတ်နေရတာ၊ မိုးဖျားထက် ကိုယ်လုံးနည်းနည်းထွားတော့ မိုးဖျားရဲ့အဝတ်





အစားတွေက ကမ္ဘာနဲ့ဆိုရင် အနည်းငယ် တိုချင်နေသည်။

"ကောင်းပြီလေ သား၊ အန်ကယ်မိုးနဲ့ သွားကြပေါ့"

"ဖေဖေ မလိုက်ဘူးလား"

"ဖေဖေက အခုပဲ ကုမ္ပဏီကို ပြန်သွားရအုံးမှာလေ၊ ညနေ ဒင်နာတစ်ခုလဲ ရှိသေးတယ်၊ မင်းတို့မေမေ ပြန်လာတာနဲ့ မှီရင်တော့ မင်းတို့မေမေကို ခေါ်သွားကြ"

မိုးဖျား မျက်နှာမဲ့သွားသည်။

"နေပါစေတော့. . . ဖေဖေ မေမေလဲ အပြန်နောက်ကျမှာပဲ၊ သားသိတယ်၊ ကိစ္စမရှိပါဘူး၊ သားတို့ဘာသာပဲ သွားလိုက်တော့မယ်"

"လာ. . . ကမ္ဘာ၊ ငါတို့ ခြံထဲ ဆင်းကြမယ်"

ကမ္ဘာ ပခုံးကို ဖက်ပြီး ဦးထက်အာကာဘေးမှ ကွေ့ရှောင်ပြီး ထွက်လာခဲ့လိုက်သည်။

သားဖြစ်သူရဲ့ မကျေနပ်ရိပ် စွန်းထင်းသွားသော နှုတ်ခမ်းစူစူမျက်နှာကို ကြည့်ပြီး ဦးထက်အာကာ ပြုံးလိုက်သည်။

သူ့သား တကယ်ပျော်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်းခွဲ(၄)

ကမ္ဘာမြေသည် နှစ်အနည်းငယ်အတွင်း မိုးဖျားတို့ မိသားစု ရဲ့ လူနေမှု အဆင့်အတန်းအတိုင်း အနေအထိုင် အသွားအလာ အပြုအစုတွေ အားလုံးဟာ မိသားစုဝင် တစ်ယောက်သဖွယ် တစ် သားတည်း ဖြစ်၍သွားသည်။

"ကမ္ဘာ. . . ကမ္ဘာရေ လာအုံး"

မိုးဖျားရဲ့ခေါ်သံကြောင့် ကမ္ဘာ စာဖတ်ရင်းမှ ခေါင်းကုတ် လိုက်ပြီး စာကြည့်စားပွဲမှ ထလိုက်သည်။





ရေချိုးခန်းတံခါးကို တွန်းဖွင့်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့ လိုက်သည်။

အခန်းထဲ ရောက်တော့ Shampoo နံ့က နှာခေါင်းထဲ ခပ်သင်းသင်း ဝင်လာသည်။

Bathtub ရေချိုးကန်ထဲတွင် ရေစိမ်နေသော မိုးဖျားကို ကြည့်ပြီး အဝတ်လှမ်းစင်ပေါ်က မွှေးပွသဘက်တစ်ထည်ကို ယူပြီး ကမ်းပေးလိုက်သည်။

"မင်း မပြီးသေးဘူးလား မိုး၊ ရေချိုးခန်း ဝင်နေတာ ကြာ ပြီ"

ကမ်းပေးသော သဘက်ကို မယူပဲ ရေချိုးကန်ထဲမှာ ရေစိမ်နေရင်းမှ ပခုံးတွန့်ပြလိုက်ပြီး. . .

"မင်းမှ မလာသေးတာ၊ ငါ ရေချိုးရင် မင်းပါမှ ချိုးတတ် တာ ငယ်ငယ်က အတိုင်းပဲလေ. . . မင်းမသိဘူးလား"

"ငါ စာမပြီးသေးဘူးကွ"

မိုးဖျားက ကမ္ဘာဆီသို့ Shampoo အမြှုပ်များဖြင့် တောက်ထုတ်လိုက်ပြီး. . .

"ကျွတ်. . . စာများ၊ ညကျမှ လုပ်လည်း ရပါတယ်ကွာ၊ လာပါ. . . ငါနဲ့အတူ ရေလာချိုး၊ ပြီးရင် ငါ့ကို ဂျိုးတွန်းပေး"

ကလေးဆိုးကြီးလို လုပ်နေသော မိုးဖျားကို ကြည့်ပြီး ကမ္ဘာ စိတ်ပျက်စွာ ပြုံးလိုက်သည်။

သူက ဒီလိုပါပဲ။

ကမ္ဘာ့ကို အမြဲတမ်း စိုးမိုးအနိုင်ရမှ ကျေနပ်တဲ့သူ။

ကမ္ဘာကလည်း ကိုယ့်အတွက် ဘာမှ အပန်းတကြီး မေး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ရမှုမျိုး မရှိတဲ့ သူ့ရဲ့အနိုင်ယူမှုကို ကျေနပ်စွာ လက်ခံမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာမြေဆိုတဲ့ ဇီရိုးတွေ တသီတတန်းကြီးနဲ့ ဘာမှမရှိတဲ့ လူပိုလေးတစ်ယောက်ကို လိုအပ်ချက်တွေနဲ့ ပြည့်စုံနေတဲ့ သူတို့ရဲ့ဘဝထဲကို ကျေကျေနပ်နပ်ကြီး ခေါ်ငင်ခဲ့လို့ပါပဲ။

"လာလေ ကမ္ဘာ၊ ဘာတွေ စဉ်းစားနေတာလဲ၊ ရေတစ်ခါ ချိုးဖို့များ အဲဒီလောက် စဉ်းစားစရာ လိုလို့လား၊ ဘာလဲ. . . ညက ကြည့်တဲ့ HARRY POTTER ထဲကလို မင်းကို ငါက ရေချိုးကန်ထဲမှာ ကုတ်ချိုးသတ်မှာမို့လို့လား၊ ဟား. . ဟား. . ဟား. . ဟား"

မိုးဖျားစကားကြောင့် ကမ္ဘာ သဘောတကျ ရယ်လိုက်ပြီး အပေါ်အင်္ကျီလေးကို ကပျာကယာ ဆွဲချွတ်လိုက်ပြီး ရေချိုးကန်ထဲ ဆင်းခဲ့လိုက်သည်။

နှစ်ယောက်သား ရေချိုးကန်ထဲမှာ လုံးထွေးသွားကြသည်။

"အား. . . ကမ္ဘာ မင်း မညစ်နဲ့နော်၊ ဟား. . ဟား. . အေးပါ၊ မင်းအလှည့်ကျမှ မအော်နဲ့၊ ငါက အပီဖွဲ့မှာနော်၊ ကျောကော့ဖို့ ပြင်ထား"

"မအော်ဘူးကွ. . . ငါက မင်းလို ဂျီးမထူဘူး၊ ကိုယ့်ဂျီးကိုယ် တွန်းတာ၊ မင်းလို သူများတွန်းပေးမှ ဂျီးပြောင်တာ မဟုတ်ဘူး"

ကမ္ဘာသည် ဂျီးတွန်းသော ပိုက်ဖတ်နုနုလေးဖြင့် မိုးဖျားရဲ့ကျောကို ခပ်ကြမ်းကြမ်းလေး ပွတ်တိုက်နေသဖြင့် မိုးဖျားခမျာ နာလွန်းလို့ ကျောပြင်လေးကို ကော့ထားရ၏။

ရေချိုးပြီးသွားတော့ မိုးဖျားအတွက် ကမ္ဘာကပဲ အဆင်သင့် ဝတ်နိုင်ရန် အဝတ်အစားကအစ အကုန်စီစဉ်ပေးရသည်။

ပြီးရင် မိုးဖျား အဆင်သင့် အင်္ကျီထဲ လက်လျှိုသွင်းပြီး





ဝတ်နိုင်ဖို့ကအစ ကလေးတစ်ယောက်လို အသေးစိတ် လုပ်ပေးရသည်။

အရင်က ဒီအလုပ်တွေကို အန်ကယ်မိုး လုပ်ရတာ၊ အခု ကမ္ဘာ ရှိနေပြီဆိုတော့ အန်ကယ်မိုးဆီက တာဝန်ကို ကမ္ဘာ့အသိစိတ်နဲ့ကမ္ဘာ လွှဲပြောင်းယူလိုက်ခြင်း ဖြစ်သည်။

ကမ္ဘာများ သူ့ကို အဲဒီလို ဂရုတစိုက် လုပ်ပေးနေပြီဆိုရင် မိုးဖျားဟာ မျက်လုံးလေးကို စုံမှိတ် ခေါင်းလေးကို မော့ပြီး ကမ္ဘာ တီးပြတတ်သော တယောသံရဲ့သံစဉ်အတိုင်း လေကလေး ချွန်၍ နေတတ်သည်။

ပြီးတော့ မိုးဖျားရဲ့ပခုံးစပ်နားအထိ ဝဲကျနေသော ဆံပင်သားစိုစိုတွေကို အမြန်ခြောက်စေရန် ဒရိုင်ယာ မှုတ်ပေးသောကိစ္စကို ကမ္ဘာဟာ ကျင်လည်စွာ လုပ်ပေးလိုက်သည်။

ထိုကိစ္စ ပြီးတာနဲ့ မှန်တင်ခုံပေါ်မှာ မိုးဖျား လိမ်းနေကျ Day Cream ဗူးယူပြီး မိုးဖျားရဲ့ခြေတွေလက်တွေကို နှံ့အောင် ပွတ်လိမ်းပေးရ၏။

မိုးဖျားရဲ့အသားအရေဟာ ယောကျ်ားတစ်ယောက်ရဲ့အသားအရေနဲ့ မတူဘဲ မိန်းကလေးတစ်ယောက်ရဲ့အသားအရေလို နုဖတ်ကြည်လင်နေသည်။

သူ့ရဲ့ဝဲကျနေတဲ့ ဆံပင်ပျော့စင်းစင်းလေးတွေနဲ့ သူ့ရဲ့ပုံစံက ပျော့နွဲ့လွန်းအားကြီး၍ သူ့စတိုင်လ်က ယောကျ်ားပီပီ ကျားကျားယားယား မရှိသလို ဖြစ်နေသည်။

"ကမ္ဘာ. . . မင်းကို မနေ့က ဆယ်တန်း F က နှင်းနှင်းမှုံဆိုတဲ့ ကောင်မလေးက စာလာမေးလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုလုပ် သိလဲ"

"သူ့ဘေးနားက ဟိုသွားပြုံးပြုံးလေးနဲ့ ကောင်မလေးကို ပြောနေတာ ငါကြားတယ်၊ ပြီးတော့ မင်းကို ဆရာမ ခေါ်တဲ့အချိန်တုန်းက ငါ့ဆီ လာပြီး မင်းဘယ်သွားလဲလို့ လာမေးသေးတယ်"

"ငါက ဘာလုပ်မလဲလို့ မေးတော့ ကျေးဇူးတင်စကား ပြောချင်လို့ပါတဲ့၊ ငါကလည်း အမြင်ကတ်ပြီး သူအိမ်သာသွားတယ် ကျေးဇူးတင်စကား ပြောချင်ရင် အိမ်သာထဲ လိုက်သွားလို့ ပြောလိုက်တယ်"

မိုးဖျားရဲ့စကားကြောင့် ကမ္ဘာ ရယ်လိုက်သည်။

ကမ္ဘာ ရယ်နေတာကို မိုးဖျားက ခပ်စွေစွေ ကြည့်လိုက်ပြီး

"မရယ်နဲ့ ဟေ့ကောင်၊ ခုမှ ဆယ်တန်းကျောင်းသားအရွယ်တွေပဲ ရှိသေးတယ်၊ အီစီကလီတွေက လုပ်နေကြပြီ၊ မိန်းမတွေဖြစ်ပြီး ကြွေ့ကို မရှိဘူး"

"အဟား. . . မင်းကျတော့ရော၊ အတန်းထဲက ပုလဲသီဆိုတဲ့ကောင်မလေးကို ဂျေဒိုးနပ်မုန့်တွေ သွားကျွေးတယ်ဆို"

ကမ္ဘာရဲ့ကြေးတိုက်သော စကားကြောင့် မိုးဖျားသည် ခပ်သွဲ့သွဲ့ ရယ်လိုက်ပြီး. . .

"မင်းက အဲဒီလို မြင်နေတာကိုးကွ၊ အမှန်က မင်းထင်သလို မဟုတ်ဘူး၊ မုန့်စားကျောင်းဆင်းတော့ မင်းကို T ချယ်ခေါ်တုန်း ငါလည်း ဗိုက်ဆာတာနဲ့ မုန့်ဗူးထဲက မုန့်ယူစားနေတာ အဲဒါကို အဲဒီကောင်မလေးက ငါစားနေတဲ့မုန့်ကို သေသေချာချာကြီး ကြည့်နေတာ၊ ကလေးလေးဆိုရင်လည်း သူများမုန့်စားတာကို မျှော်နေတယ်လို့ ပြောလို့ရတယ်၊ သူကလဲ အဲဒီလိုပဲ မျှော်နေတာကွ





ငါလည်း စားရင်းနဲ့ သူမျှော်နေတာကို ကြည့်ပြီး သနားလို့ ဘူးထဲက ဂျေဒိုးနပ်တစ်ကွင်း ယူပြီး သွားကျွေးလိုက်တာပေါ့"

"အဲဒီတော့ ဟိုက ယူပြီး စားရောလား"

မိုးဖျားက သဘောတကျဖြင့် ရယ်သွမ်းသွေးရင်း. . .

"အဟား. . . သူက ငါ့ကို မုန့်ကြီးကိုင်ပြီး ကြောင်ပြီး ကြည့်နေသေးတယ်"

"ငါက နင် စားချင်နေတယ် မဟုတ်လား၊ စားလိုက်ပါလို့ ပြောလိုက်တယ်၊ အဟီး. . . နောက်မှ ငါ သတိထား ကြည့်မိသွားတာ၊ သူ့ရဲ့မျက်လုံးက စွေစောင်းနေတော့ တစ်နေရာကို ကြည့်နေပေမယ့်လည်း ငါ့ကို ကြည့်နေသလိုမျိုး တောင်တစ်လုံး မြောက်တစ်လုံးပေါ့ကွာ"

"ဒါဆို မင်း ဂျေဒိုးနပ် စားတာကို မျှော်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး. . . သူ့ဟာသူ တစ်နေရာကို ကြည့်နေတာ၊ အဲဒါကို ငါက မသိဘဲ ငါစားတာကို သွားရည်ကျပြီး မျှော်နေတယ်လို့ ထင်ပြီး သွားကျွေးတာ၊ သူ ငါ့ကို ကြည့်နေပေမယ့် သူ့မျက်လုံးတွေက ငါ့ဆီမှာ မရောက်ဘဲ တစ်နေရာကို ရောက်နေတယ်၊ ငါ အသေအချာ သဘောပေါက်သွားတော့ ဂျေဒိုးနပ်က သူ့လက်ထဲတောင် ရောက်နေပြီလေ၊ အဟင်း. . . အထင်မှားမှုတစ်ခုပေါ့ကွာ"

"မင်း အထင်မှားတာက အခန်းထဲမှာ ချက်ချင်းကို သတင်းပျံ့သွားတာပဲ၊ မိုးဖျားထက်ဘုံက ပုလဲသီကို ဂျေဒိုးနပ် လာကျွေးတယ်၊ မင်း ပုလဲသီကို ကြိုက်နေပြီဆိုပြီးတော့. . . အဟား. . ပုလဲသီကတော့ မင်းကို အပြတ်ကြွေသွားတာကွ၊ ဒီကျောင်းမှာ မင်းက အချောဆုံး ပိုက်ဆံအချမ်းသာဆုံး စတားဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com

ကြွေမယ်ဆိုလည်း ကြွေလောက်ပါတယ်ကွာ"

"မင်းတို့အကြောင်းက တစ်ခန်းလုံးတင် မဟုတ်ဘူး၊ တစ်ကျောင်းလုံးကို ဗိုင်းရပ်စ်ပိုးလို ပျံ့နှံ့ကုန်ပြီ"

ကမ္ဘာ စကားကြောင့် မိုးဖျားမျက်နှာ သိသိသာသာ ပျက်ယွင်းသွားပြီး. . .

"မဟုတ်ဘူး. . . ငါ သူ့ကို ဘာလို့ စိတ်ဝင်စားရမှာလဲ၊ သူမှ မဟုတ်ဘူး၊ လောကမှာ ရှိတဲ့ ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး"

"တကယ်လား"

ကမ္ဘာက တမင် ကလိနေ၏။

"တကယ်ပဲ ဟောကောင်၊ ငါ စိတ်အာရုံထဲမှာ မိန်းမတွေကို စိတ်ဝင်စားတတ်တဲ့ စိတ်စေတသိက်မျိုး ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး၊ ငါ့ဘဝမှာ အလိုလားအပ်ဆုံးနဲ့ အရေးအပါဆုံးလူသား သုံးယောက်ပဲ ရှိတယ်၊ ငါ့မိဘနှစ်ပါးရယ်၊ ပြီးတော့ မင်းရယ်"

မိုးဖျားစကားကြောင့် ကမ္ဘာ့ရင်ထဲ လှိုက်ခနဲ ခုန်သွားရ၏။

ကမ္ဘာလည်း မိုးဖျားကို ညီအစ်ကိုအရင်းလို ချစ်ပါသည်။

ဒါပေမယ့် မိုးဖျားလိုတော့ ကမ္ဘာကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်တော့ မဟုတ်ပါ။ ခုတော့ ကမ္ဘာအား သူ့ရဲ့ဝိညာဉ်တစ်ခုလိုပင် သဘောထားနေသလားမသိ၊ ထမင်းစားလဲ ကမ္ဘာနှင့်မှ အတူစားသည်။ ညအိပ်ရာဝင်လည်း ကမ္ဘာ မအိပ်မချင်း မိုးဖျားလည်း မအိပ်ဖူး၊ မနက် အိပ်ယာနိုးလဲ ကမ္ဘာနှင့်သာ။ မျက်နှာသစ် သွားတိုက်၊ ရေချိုးလဲ ကမ္ဘာ့ကို အရခေါ်ပြီးမှ ချိုးသည်။





ကမ္ဘာ့အတွက် တစ်ခါတစ်လေ စိတ်အနှောင့်အယှက် ဖြစ်လောက်အောင်ပင် မိုးဖျားက အဲဒီလောက်ထိ ခင်တွယ်ပါသည်။

လသာသော ညများမှာဆိုရင် ခြံထဲ ဆင်းပြီး မိုးဖျားကို ကမ္ဘာက တယောထိုးပြရသည်။

ကမ္ဘာရဲ့တယောသံလေးထဲမှာ နစ်မျောနေတဲ့ မိုးဖျားရဲ့ အာရုံနုနုတွေနှင့် ခန္ဓာကိုယ်သည် တိမ်တိုက်တွေနှင့် လွင့်မျောနေသလားဟု ထင်ရသည်။

ထိုတယောသံသည် ကမ္ဘာနှင့်မိုးဖျားကို ဆုံစည်းရန် ဖန်လာပေးသလို နောက်ပိုင်းမှာ မိုးဖျားရဲ့အိပ်ယာဝင် တေးသံစဉ်တစ်ပုဒ်လည်း ဖြစ်လို့လာသည်။

တစ်ခါတစ်ရံ ခြံထဲက မြက်ခင်းမှာ ကမ္ဘာရဲ့ပေါင်ကို ခေါင်းအုံးပြီး တယောသံကို နားထောင်နေသော မိုးဖျားမှာ ကလေးငယ်တစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတတ်၏။

ထိုအခါမျိုးမှာ ကမ္ဘာသည် မိုးဖျားကို မနှိုးတော့ပဲ သူကိုယ်တိုင်ပင် အိပ်ယာဆီသို့ ကျောပိုးပြီး ခေါ်သွားရသည်။

မနက်မိုးလင်းရင်တော့ မိုးဖျားက မျက်နှာလေး ပြုံးဖြဲဖြဲနှင့်

"ကမ္ဘာ. . . ညတုန်းက ငါ့ကို အခန်းထဲ ဘယ်သူပို့ပေးတာလဲ. . . အန်ကယ်မိုးလား"

"မဟုတ်ဘူး. . . ငါ ကျောပိုးပြီး အခန်းထဲ ပို့ပေးတာလေ၊ အန်ကယ်မိုးက သူ ကျောပိုးမယ် ပြောပါတယ်"

"ထင်တော့ ထင်သား၊ အဲဒါကြောင့် ငါ ညက ရိုလာကိုစတာ စီးရသလို ငြိမ့်နေတာ"

အမှန်တော့ မိုးဖျားသည် အိပ်ပျော်သွားတာ မှန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာသူ့ကို ကျောပိုးပြီး အိပ်ခန်းထဲ ခေါ်သွားတာတော့ သူသိပါသည်။ တမင်တကာ ဇိမ်ယူချင်လို့ မှိန်းပြီး လိုက်လာတာဟု ကလေးဆန်စွာ ပြောပြတတ်သေး၏။

"ဒီည ငါတို့ တယောထိုးလို့ မဖြစ်တော့ဘူးနော် မိုးဖျား"

ကမ္ဘာ့စကားကြောင့် မိုးဖျားသည် မျက်ခုံးလေး တွန့်ကွေးပြီး ကမ္ဘာကို ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"စာမေးပွဲက ရက်ပိုင်းပဲ လိုတော့တာလေ၊ ငါတို့ စာကျက်ချိန် နည်းနည်းပိုပေးမှ ဖြစ်တော့မယ်"

မိုးဖျား ကလေးတစ်ယောက်လို စိတ်ပျက်စွာ ငြီးငြူလိုက်သည်။

"ဟာကွာ. . . ငါက မင်းတယောသံ နားထောင်ပြီးမှ အိပ်တတ်တာကွ"

"ငါတို့ ညတိုင်း တယောတီးနေလို့ မနေ့ကပဲ ဖေဖေ ငါ့ကို ခေါ်ပြောပြီးပြီ၊ မင်းကို အလိုလိုက်ပြီး တယောချည်း ထိုးမပြဖို့၊ ဒီရက်မှာ စာကိုပဲ ဂရုတစိုက် လုပ်ဖို့ ပြောပြီးပြီ"

"ကျွတ်. . . ကမ္ဘာတို့တော့ ညစ်ပြီကွာ"

ဘုံရဲ့ကလေးဆန်သော အပြုအမူတွေကြောင့် ကမ္ဘာ ပြုံးလိုက်သည်။

မိုးဖျားထက်ဘုံဆိုတဲ့ သူ့အပေါ် တွယ်တာနေတဲ့ ကောင်လေးရဲ့မျက်နှာပြင်ဟာ ယောကျ်ားလေးတစ်ယောက်လို တည်ကြည်ပြတ်သားတဲ့ ရုပ်ရည်သွင်ပြင်မျိုး မရှိ၊ နီထွေးနုဖတ်နေတဲ့ သူ့အသားအရေဟာ အပြစ်အနာအဆာ တစ်စက်မှ မရှိလောက်





အောင် ရှင်းသန့်ကြည်လင်လို့နေ၏။

သူ့နှာသီးဖျားကလေးတွေ၊ သူ့ရဲ့နှုတ်ခမ်းလေးတွေ၊ လက်ချောင်း ခြေချောင်းလေးတွေကအစ မိန်းကလေးတစ်ယောက်လို နုဖတ်နေပုံမျိုးဖြင့် ပန်းနုရောင် သမ်းနေတတ်သည်။

တစ်သက်လုံး နေထိမခံဘဲ ရွှေဘုံပေါ်မှာ ငြိမ့်ငြိမ့်ကလေး ကြီးပြင်းခဲ့ရပြီး လိုချင်တာ မရဘူးဆိုတာ မရှိခဲ့ဖူးလောက်အောင် ပြီးပြည့်စုံခဲ့တဲ့ ရွှေမင်းသားလေးတစ်ပါး။

သူ့ရဲ့အလိုကျ သူ့ရဲ့အသုံးတော်ခံဘဝ ရောက်အောင် ကမ္ဘာကိုတောင် အပိုင်စီး လွှမ်းမိုးနိုင်တဲ့ ဂုဏ်ရှိန်ဂုဏ်ဝါတွေ သူ့မှာရှိပြီးသား။ ကမ္ဘာ ရောက်လာတဲ့နေ့ကစလို့ အန်ကယ်မိုးတို့မှာ မိုးဖျားကို သခင်လေးလို့ ခေါ်ခွင့်မရှိတော့၊ ကမ္ဘာကိုလည်း ညီအစ်ကိုအရင်းထက်ပင် ပိုချစ်ပြီး သူ့ဘဝလိုမျိုး ကမ္ဘာ့ဘဝကိုတောင် လိုတရ ဖြစ်စေရန် စွမ်းဆောင်ပေးသူ။

ကမ္ဘာ တစ်ခါတစ်လေ နေမကောင်း ဖြစ်ရင်တောင် သူပင် ကမ္ဘာနဲ့အတူ လိုက်ပြီး နေမကောင်း ဖြစ်မလားဟု ထင်ရလောက်အောင် သောကပွေနေသူ။ ယုတ်စွအဆုံး ကမ္ဘာ နေမကောင်းဖြစ်လို့ ထမင်းမစားဘဲ စွပ်ပြုတ်လောက်သာ သောက်ရရင် မိုးဖျားမှာ ထမင်းလုံးဝမစားဘဲ သူပါ စွပ်ပြုတ်လိုက်သောက်သည်။ ကမ္ဘာမပါပဲနှင့် သူတစ်ယောက်တည်း ထမင်းမစားချင်၍ ဖြစ်သည်။

မိုးဖျားသည် ကမ္ဘာ့အား အဲ့ဒီလောက်ထက် ပိုသော မေတ္တာတရားတွေဖြင့် ကမ္ဘာ့ဘဝကို စိုးမိုးခြယ်လှယ်ချင်သူပါ။

တစ်ခါတစ်ရံ အဘိုးကို သတိရလို့ သူတို့ရွာဘက်ကို ကမ္ဘာ ပြန်ချင်လိုက်သည်ဆိုပါဆို့ အဘိုးကိုခေါ်ပေးမယ့်ဆိုပြီးတော့ ...


www.burmeseclassic.com

www.burmeseclassic.com


တောင် ကမ္ဘာ့မှာ ဖြောင့်တန်းအောင် မငိုရ၊ ဘာဖြစ်လို့လဲဆိုတော့ မိုးဖျားဟာ ကမ္ဘာ့ကို သူ့မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် အရိပ်လို ကြည့်နေသူမို့လို့ ဖြစ်သည်။

ဒါတွေကို ကမ္ဘာ ကျေနပ်ပါတယ်၊

သူ့ဘဝကို မိုးဖျားသာ မကယ်တင်ခဲ့ရင် ခုလောက်ဆို ထိုတဲအိမ်ကလေးထဲမှာ ဆင်းရဲခြင်းတွေနဲ့ ရုန်းကန်ကျင်လည်ရတော့မှာ။

"ကမ္ဘာ. . . မင်း ဘာဖြစ်လို့ ငါ့ကို ဒီလောက် ထိုင်ကြည့်နေရတာလဲ၊ အဟီး. . . ငါ မနေတတ်တော့ဘူးကွ"

ကိုယ့်ရဲ့အတွေးလွန်နေတဲ့ အသိမဲ့သော အကြည့်အေးအေးတွေအောက်မှာ ရှက်ကိုးရှက်ကန်းဖြစ်နေသော မိုးဖျားရဲ့ အမူအယာကြောင့် ကမ္ဘာ စိတ်ပျက်စွာ ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး

"အဟက်. . . အရေးထဲ လာစားနေပြန်ပြီ ငါ အတွေးလွန်နေတာကွ၊ မင်းကို ကြည့်လို့ ငါက ဘယ်လိုအရသာမျိုး ခံစားရမှာမို့လဲ"

အခန်းဝမှာ အန်ကယ်နောင် လာရပ်သည်။

"မိုးဖျားနဲ့ကမ္ဘာ. . . အောက်မှာ ဆရာရောက်နေပြီ၊ စာသင်ဖို့ အသင့်ဖြစ်ရင် ဆင်းကြရအောင်ကွယ်"

"OK. . . အဆင်သင့်ပဲ အန်ကယ်နောင်"

"ဒါဆို ဆရာ့ကို စာသင်ခန်းထဲ ခေါ်သွားလိုက်တော့မယ်"

"ဟုတ်. . ."

မိုးဖျားက မှန်တင်ခုံပေါ်မှ ဘီးကို ယူပြီး သူ့ခေါင်းက ဆံပင်ရှည်ရှည်ပျော့ပျော့လေးတွေကို တစ်ချက်နှစ်ချက် သပ်လိုက်ရင်း. . .

"ကမ္ဘာရေ. . . လာ. . . လစ်မယ်"

အခန်းထဲမှ ထွက်လာပြီး နှစ်ယောက်စလုံး စာသင်ခန်းရှိရာသို့ ဆင်းလာခဲ့လိုက်ကြသည်။

ဆရာက အခန်းထဲမှာ သူတို့အလာကို ကြိုစောင့်နေရသည်။

"မင်္ဂလာပါ ဆရာ"

ကမ္ဘာက ဆရာ့ကို အရင်ဦးဆုံး နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါကွာ"

နှစ်ယောက်စလုံး ဆရာ့ရှေ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ကြသည်။

"မနေ့က ဒက်ဖနင်းရှင်းတွေကို ညက ကျက်ဖြစ်သေးလား"

ဆရာ့အမေးကို ကမ္ဘာက သွက်လက်စွာ ဖြေလိုက်သည်။

"ကျက်ဖြစ်ပါတယ် ဆရာ. . . ရသွားပါပြီ"

ဆရာက မိုးဖျားဘက်ကို လှည့်ပြီး. . .

"မိုးဖျားကရော"

"မကျက်ရသေးဘူး ဆရာ၊ ဒါပေမယ့် ဆရာ အခု မေးလဲ ကျွန်တော် ဖြေနိုင်မှာပါ ဆရာ"

မိုးဖျားစကားကြောင့် ဆရာ ကျေနပ်စွာ ပြုံးလိုက်သည်။

"ဆရာ သိပါတယ်၊ မိုးဖျားက ဉာဏ်ကောင်းပြီးသားပဲ၊ ဒါဆို ဆရာတို့ ဒီနေ့ Chapter အသစ်ကို စကြတာပေါ့၊ ခုလာမယ့် အပတ်ထဲမှာ ကျူတိုရီရယ် ရှိတယ်နော်၊ သဘက်ခါကစပြီး ပြီးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



Lesson တွေကို Revision ပြန်ကြရမယ်"

"ဟုတ်ကဲ့. . . ရယ်ဒီပဲ ဆရာ"

နှစ်ယောက်စလုံး ပြိုင်တူဖြေလိုက်ကြခြင်း ဖြစ်သည်။

"မိုးဖျားကို ဆရာပြောချင်တာက ဒီနှစ် ဆယ်တန်းဆိုတော့ အရင်နှစ်တွေမှာ တော်ခဲ့တာထက် ဒီနှစ်ကို ပိုပြီးတော်စေချင်တယ်၊ ကမ္ဘာက သူ့ကိုယ်သူ ဂုဏ်ထူးတွေ အများကြီး မှန်းထားတာ၊ မိုးဖျားကိုလည်း ကမ္ဘာ့လိုပဲ ဂုဏ်ထူးတွေ ပါစေချင်တယ်၊ ဒါမှ တက္ကသိုလ် တက်တော့ မေဂျာအတူတူ ယူလို့ရတာပေါ့"

မိုးဖျားက ခုံစောင်းလေးကို ဘောလ်ပင်လေးနှင့် ခေါက်ပြီး တိုးတိုးရယ်ကာ. . .

"အဟား. . . စိတ်ချပါ ဆရာ၊ ကျွန်တော်နဲ့ကမ္ဘာ ဂုဏ်ထူး ပါတာချင်း တူတာတင် မဟုတ်ဘူး၊ အမှတ်ချင်းပါ ကွက်တိတူစေရမယ်၊ တက္ကသိုလ်က ကမ္ဘာနဲ့ အတူတူ တက်မှာ၊ ဒါ ကျွန်တော့်ရဲ့ အကြီးမားဆုံး ရည်ရွယ်ချက်ပဲ"

မိုးဖျားက ခပ်မော့မော့လေး ပြောလိုက်သော ချစ်စဖွယ် အမူအယာကြောင့် ဆရာပါ တဟဲဟဲနှင့် ရယ်လိုက်ရင်း. . .

"အေး. . အေး. . ကောင်းတယ်၊ ဘယ်လိုရည်ရွယ်ချက်မျိုး ပဲဖြစ်ဖြစ် အမိက,က တက္ကသိုလ်ဝင်ခွင့်ကို အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့ပဲ မဟုတ်လား"

ကမ္ဘာသည် မိုးဖျားရဲ့ သူ့အပေါ် ထားခဲ့သော သဘောထားတွေကို အသေးစိတ် ကြည့်ရှုတတ်လာသည်နှင့်အမျှ သူ့ဘဝကိုလည်း အရာရာမှာ မိုးဖျားထက်ဘုံဆိုတဲ့ ကောင်လေးရဲ့အလိုဆန္ဒတွေအတိုင်း ပေးဆပ်ခြင်းတွေနဲ့ ရှင်သန်သွားတော့မယ်ဆိုတဲ့





အတွေးတွေကလည်း အာရုံအသိထဲကို တရွေ့ရွေ့ တိုးဝှေ့ဝင်လို့ လာပါတော့၏။

သူတို့နှစ်ယောက်ကြားမှာ ရှိနေသော သံယောဇဉ် ကွန်ယက်သည် အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာတာနှင့်အမျှ ပို၍ပို၍ ခိုင်မာသထက် ခိုင်မာ၍လာသည်။

သူတို့နှစ်ဦးကြားမှာ တူညီသော သက်ရောက်မှုတွေ ရှိနေသရွေ့ သံယောဇဉ်ကြိုးတာလည်း သူတို့ဘဝတွေနှင့် တသားတည်း ခိုင်ကျဉ်လို့ နေမှာပါ။

ဒါဟာ ကိုယ့်ကိုယ်တိုင် ခြယ်မှုန်းခဲ့တဲ့ အတိတ်ကံရဲ့ စေခိုင်းချက်အတိုင်းပေါ့။



☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အပိုင်းခွဲ(၅)

"ဝူး. . . ဟူး. . ဟူး. . အောင်ပြီ. . အောင်ပြီကွ"

"ဖေဖေရေ. . . သားတို့ အောင်တယ်၊ 5 D ကွ. . 5 D ပါတယ်"

ခြံကြီးထဲကို မိုးဖျားတို့ကား မောင်းဝင်လာကတည်းက ကားထဲမှာ အော်သံဟစ်သံတွေက ဆူညံပွက်လောရိုက်လာသည်။

ကားမောင်းလာသော အန်ကယ်နောင် မျက်နှာမှာလည်း





ပြုံးရွှင်နေသည်။

မိုးဖျားတို့ အလာကို ဖေဖေရော မေမေပါ အိမ်ပေါက်ဝတွင် ထွက်ကြိုပြီး စောင့်နေကြသည်။

မိုးဖျားက အရင်ဆုံး ကားပေါ်မှ ပြေးဆင်းလာသည်။

"မေမေ. . . သားအောင်တယ်"

ဟု ဝမ်းသာအားရ ပြောပြီး မေမေ့ရင်ခွင်ထဲ ပြေးဝင်ခိုလှုံလိုက်သည်။

"မေမေ့သားတွေ တော်မှန်း မေမေက သိပါတယ်တော်၊ ခုမှ 5D ပါတယ်ဆိုတော့ မေမေက ပိုတောင် ဝမ်းသာသေးတယ်၊ အဟင်း. . ဟင်း. . ဟင်း"

ကမ္ဘာ ကားပေါ်က ဆင်းကာ ဖေဖေ့အနားတွင် ရပ်နေလိုက်သည်။

ဦးထက်အာကာက ကမ္ဘာအား ပီတိတွေဖြင့် ပြုံးပြီး ဆီးကြိုလိုက်ရင်း. . .

"သားကမ္ဘာ. . . သားရော ကမ္ဘာ၊ 5D ပဲ မဟုတ်ပါလား"

ကမ္ဘာ ဦးထက်အာကာရဲ့အမေးကို ပြုံးပြီး ဖြေလိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ၊ သားတို့နှစ်ယောက်လုံး 5D ပါတယ်"

ဦးထက်အာကာမှာ သူ့ထင်ကြေးဖြင့် ကွက်တိမှန်နေသဖြင့် ဝမ်းသာခြင်းတွေက မျက်နှာပြင်မှာ အဆမတန် ကြီးထွားသွား၏။

"ဟေ. . . ဝမ်းသာလိုက်တာ သားရယ်၊ ဟား. . ဟား. . ဟား. . ဖေဖေတို့ သားနှစ်ယောက်ကို ပညာသင်ပေးရကျိုး နပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဦးထက်အာကာက ကမ္ဘာ့ကို သူ့ရင်ခွင်ထဲ သိမ်းပြီး ဖက်ထားလိုက်သည်။

သူ မွေးရကျိုးနပ်တဲ့ကလေး။ အရာရာကို သိတတ်နားလည်ပြီး ကျေးဇူးတရား သိတဲ့ကလေး။

ကမ္ဘာ့ရင်ထဲမှာ ပျော်ရွှင်မှုတွေနဲ့ လှိုင်းထနေသည်။ ထိုခံစားမှုက အသွင်ပြောင်းလာတဲ့ အင်အားပါသော လက်အစုံဖြင့် မိုးထက်အာကာကို ပြန်လည်ဖက်တွယ်ထားလိုက်မိသည်။

သူ့ကို ဒီလိုဘဝမျိုး ဒီလိုစည်းစိမ်မျိုးကို ရက်ရက်ရောရော မျှဝေခံစားခွင့် ပေးခဲ့တဲ့ ဖေဖေဦးထက်အာကာနဲ့ မေမေ ဒေါ်နန်းထိုက်စံ။ ပြီးတော့ ကမ္ဘာ့ရင်ထဲမှာ ညီအစ်ကိုအရင်းထက်တောင် ပိုပြီးတွယ်တာခဲ့ရတဲ့ မိုးဖျား။

အို. . . သူတို့အားလုံးကို ကမ္ဘာ ဘယ်လို ကျေးဇူးတုံ့ပြန်ရမည်လဲ။

နွေးထွေးလွန်းလှတဲ့ နေခြည်နုနုတွေနဲ့အတူ ကျေးဇူးတရားတွေ၊ ကြည်နူးဝမ်းသာခြင်းတွေ၊ ကိုယ့်အောင်မြင်မှုကနေ ဆင့်ကဲပေါက်ဖွားလာတဲ့ ပီတိတွေ၊ အဲဒါတွေအားလုံးကို ခြုံပြီး လက်ခံပေးတဲ့ ဒီလိုနေ့ရက်မျိုးကို ကမ္ဘာမြေရဲ့တစ်ဘဝလုံးစာအတွက် မှတ်တမ်းတင် ကျေးဇူးပြုပါ၏။

“ကဲ. . . သားတို့ကို မေမေ ကတိပေးထားတဲ့အတိုင်း ဘန်ကောက်ကို အလည်သွားဖို့ မေမေက ခွင့်ပြုလိုက်ပြီ၊ နောက်ထပ် ဘယ်လိုအခွင့်အရေးမျိုးကို ထပ်တောင်းချင်သေးလဲ၊ မေမေကတော့ ရယ်ဒီပဲနော်”

မေမေက သဘောထားကြီးစွာဖြင့် အခွင့်အရေးတွေ





ဒလဟော ပေးနေပြီ။

“မင်းတို့ဖေဖေဆီမှာလည်း တောင်းကြအုံးလေ”

မေမေက ဖေဖေ့ဘက်ကို လှမ်းပြီး မျက်စပစ်ပြသည်။

မိုးဖျားက အခွင့်အရေးကို လက်လွှတ်မခံဘဲ မေမေ့ရင်ခွင်ထဲမှ ထွက်ပြီး ဖေဖေ့ဆီ လျှောက်သွားသည်။

ဖေဖေကလည်း ပေးဖို့ အဆင်သင့်ပဲ ဆိုသည့်အပြုံးဖြင့်. .

“ကဲ. . . သားတို့က ဘာလိုချင်လဲ”

မိုးဖျားက ဖေဖေအမေးကို ချက်ချင်းမဖြေသေးပဲ ကမ္ဘာ့ကို လှမ်းကြည့်လိုက်သည်။ ငါတို့ ဘာတောင်းရင် ကောင်းမလဲဟု တိုင်ပင်သောအကြည့်မျိုးဖြစ်သည်။

ကမ္ဘာက ပခုံးလေး တွန့်ပြီး ရယ်လိုက်သည်။ မင်းသဘောပဲ ဆိုသည့်အမူအယာမျိုး။

တကယ်တမ်း မိုးဖျားဖေဖေဆီက ဘာတောင်းရမည် စဉ်းစားလို့မရ။

“ကဲ. . . ဘာတောင်းရမှန်း မသိဘူး မဟုတ်လား၊ မင်းတို့မတောင်းတတ်ရင် ဖေဖေ့သဘောနဲ့ ဖေဖေ ပေးမယ်ကွာ”

ဖေဖေက အန်ကယ်မိုးဘက်ကို လှည့်၍မေးလိုက်သည်။

“ကိုမိုးရေ. . . အဆင်သင့် ဖြစ်ပြီလား”

အန်ကယ်မိုးက အရိုအသေပေးကာ ခေါင်းငြိမ့်ပြရင်း. . .

“ဟုတ်ကဲ့ သခင်ကြီး၊ အဆင်သင့်ဖြစ်ပါပြီ”

“ကဲ. . . သားတို့အတွက် ဆုက အဆင်သင့် စောင့်ကြိုနေပါတယ်၊ ဒါဟာ သားတို့ရဲ့ Success အတွက် ဖေဖေ့ရဲ့အထူးဆုပဲ၊ မင်းတို့ အန်ကယ်မိုးနောက် လိုက်သွားလိုက်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ မင်းတို့ စိတ်ကျေနပ်စရာ တွေ့လိမ့်မယ်၊ တကယ်လို့ ဖေဖေ့ရဲ့ဆုလက်ဆောင်က စိတ်ကျေနပ်စရာ မကောင်းဘူးဆိုရင်တော့ ဖေဖေ ညံ့သေးတယ်လို့ သဘောထားပြီး ဒီ့ထက်ကောင်းတဲ့ဆုကို တောင်းဖို့ စဉ်းစားကြ. . . ဟုတ်ပြီလား"

မိုးဖျားရော ကမ္ဘာရော ဖေဖေ့စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့လေးတွေရဲ့မျက်ဝန်းတွေမှာ ပျော်ရွှင်ခြင်းတွေဖြင့် အရောင်တွေ လဲ့ဖြာနေ၏။

ဂိုဒေါင်တံခါးကို ဖွင့်လိုက်တာနှင့် ဖဲကြိုးလှလှလေးတွေနဲ့ အလှဆင်ထားသော ပိုးထည်စကြီးနှစ်ခုက ဂိုဒေါင်ထဲမှာ ခန့်ထည်လွန်းနေသည်။

ထိုပိုးထည်စဖြင့် အုပ်မိုးထားသောအရာဟာ ဘာလဲဆိုတာ မိုးဖျားရော ကမ္ဘာရော သိလိုက်ကြသည်။

အနက်ကယ်မိုးရော အနက်ကယ်နောင်ပါ ပိုးစကြီးကို ဆွဲဖယ်လိုက်ကြသည်။

လူငယ်လေးနှစ်ယောက်ရဲ့မျက်နှာမှာ အံ့သြခြင်းတွေက လင်းထိန်လဲ့ဖြာသွား၏။

ရက်ရက်စက်စက်ကို လှသော ပြိုင်ကားကလေးတွေ။

တစ်စီးက အဝါရောင်လေး၊ တစ်စီးက အနီရဲရဲလေး၊ ကမ္ဘာ တစ်ခါမှ ဒီလိုကားမျိုးကို မမြင်ဖူး။

နှစ်ယောက်စလုံး ဝမ်းသာအားရဖြင့် ပြိုင်တူခုန်လိုက်ကြပြီး လေထဲမှာပင် လက်ဝါးချင်းကို ဟန်ချက်ညီညီ ရိုက်လိုက်ကြ၏။

တကယ့်ကို မင်္ဂလာရှိသော နေ့တစ်နေ့ပါပဲ။





ဖေဖေရော မေမေပါ မိုးဖျားတို့အနား ရောက်လာသည်။

"ကဲ. . . ဘယ်လိုလဲ၊ သားတို့ သဘောကျရဲ့လား"

"Right"

မိုးဖျားက ရာနှုန်းပြည့် ကျေနပ်သော အမူအယာဖြင့် လက်မလေး ထောင်ပြ၏။

"သား ကမ္ဘာကရော"

မေမေ ဒေါ်နန်းထိုက်စံရဲ့ အမေးကို ကမ္ဘာ မဝံ့မရဲ ဖြေလိုက်၏။

"အမှန်တော့ ကျွန်တော့်ရဲ့ကြိုးစားမှု သေးသေးလေးနဲ့စာရင် မေမေတို့ ပေးတဲ့ဆုက အဆမတန် ကြီးလွန်းနေတယ် မေမေ၊ ကျွန်တော့်အတွက် အဲဒီလောက် မထိုက်တန်ပါဘူး"

"ဘာလို့ မထိုက်တန်ရမှာလဲ သားရယ်၊ ဦးထက်အာကာနဲ့ ဒေါ်နန်းထိုက်စံတို့ရဲ့သားနှစ်ယောက်ဟာ လောကမှာ ဘယ်လိုတန်ဖိုးကြီးတဲ့အရာတွေ ဖြစ်ပါစေ၊ သားတို့နဲ့ မထိုက်တန်ဘူးဆိုတာ မရှိစေရဘူး၊ ဒါဟာ လောကကြီးက ရက်ရက်ရောရော ပေးထားတဲ့ သားတို့နဲ့ ထိုက်တန်တဲ့ အခွင့်အရေးတွေပဲ၊ တစ်ခုပဲ ရှိတယ် သား၊ သားတို့ဘက်က တာဝန်ကျေရမှာက ကိုယ့်အပေါ် ဒလဟော သွန်ကျလာတဲ့ ကံကောင်းခြင်း အခွင့်အရေးတွေကို ဉာဏ်နဲ့ ယှဉ်ပြီး အကျိုးရှိရှိ အသုံးချတတ်ဖို့ပဲ လိုတယ်"

"မေမေ့သားတွေက မမိုက်ပါဘူး. . . လိမ္မာပြီးသားပါ။ ဟုတ်တယ်နော် အဖေကြီး"

ဖေဖေကပါ လှိုက်လှဲသော အသံကြီးဖြင့်. . .

"ဟုတ်ပါတယ်ဗျာ. . . ဟုတ်ပါတယ်၊ လောကကြီးကို



www.burmeseclassic.com

www.burmeseclassic.com


မိုးဖျားထက်ဘုံဆိုတဲ့ ကောင်းကင်ပြာပြာနဲ့ ကမ္ဘာမြေဆိုတဲ့ မြေကြီး ညိုညိုတွေနဲ့ ဘောင်ခတ်ထားတဲ့ တို့သားနှစ်ယောက်ရဲ့ ခိုင်မာမှု အင်အားတွေဟာ နောင် အနာဂတ်မှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာ တွေ ဖြစ်လာမှာကွ၊ ဟား. . ဟား. . ဟား. . ဟား၊ ဟုတ်တယ် မဟုတ်လား ကိုမိုးနဲ့ ကိုနောင်"

"ဟုတ်ပါတယ် သခင်ကြီး၊ ဒီစကားဟာ မင်္ဂလာအရှိဆုံး စကားပါပဲ၊ ဒီနေ့ဟာ အားလုံးအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ပါ ပဲ"

"ကဲ. . . သားတို့ ဒီကားက color နှစ်ခုကွဲနေတယ်၊ မင်းတို့ဘာသာ ကိုယ်ကြိုက်တဲ့အရောင်ကို ညှိပြီး ယူကြတော့၊ ကား က အမျိုးအစား မော်ဒယ်နံပါတ် အကုန်တူတယ်၊ ဖေဖေ့မိတ်ဆွေ မိုက်ကယ်ဘရောင်းရဲ့ကုမ္ပဏီက တကယ့် လက်ရွေးစင် စံချိန်မှီ ကားတွေပဲ၊ ငါ့သားနှစ်ယောက် စာမေးပွဲအောင်မယ်ဆိုတာ ကြိုသိ လို့ ဖေဖေ အထူးကြိုမှာထားတာ၊ မင်းတို့ သင်တန်းတွေ လျှောက် တက်နေကြလို့သာ ဒီကားနှစ်စီး ရောက်နေမှန်း မသိကြတာ၊ ဖေဖေ လဲ မင်းတို့ ဝမ်းသာအောင် မပြောပဲ အောင်စာရင်း ထွက်တဲ့အထိ အောင့်အည်း မျိုသိပ်ထားရတာ"

"ကဲ. . ကဲ. . သားတို့ဘာသာပဲ အရောင်ရွေးကြတော့၊ ဖေဖေတို့ တအောင့်နေရင် ဟိုတယ်ကို သွားရအုံးမယ်၊ ကဲ. . . လာ. . . အမေကြီးရေ"

ဖေဖေနှင့် မေမေတို့ အိမ်ကြီးပေါ် တက်သွားကြသည်။

အန်ကယ်မိုးတို့ အန်ကယ်နောင်တို့လည်း သူတို့ လုပ်စရာ ရှိတာ လုပ်ရန် အနားမှ ထွက်သွားကြသည်။



ကားကိုဒေါင်ထဲတွင် ပြိုင်ကားလေးနှစ်စီးရယ်၊ မိုးဖျားနှင့် ကမ္ဘာတို့ နှစ်ယောက်ရယ်ပဲ ကျန်ခဲ့ကြသည်။

မိုးဖျားက ကမ္ဘာကို မေးလိုက်သည်။

"မင်း ဘယ်အရောင် ယူမလဲ ကမ္ဘာ"

"မင်း မယူတဲ့အရောင်ကို ငါယူမယ်လေ"

"အိုကေ. . . ဒါဆို ငါက အဝါရောင် ယူမယ်၊ အနီရောင် ကြီးက ရဲရဲတောက်တောက်ကြီး၊ လူမိုက်အပြင်းစားပုံ ပေါက်တယ်၊ အဝါရောင်ကမှ နွေးနွေးထွေးထွေးနဲ့ ကရုဏာသက်စရာ၊ ပြီးတော့ သစ္စာတရားကို ဖော်ကျူးတဲ့အရောင်လို့ ပြောရင်လဲ မမှားဘူး"

အရေးထဲ မိုးဖျားတို့က အရောင်ကို သရုပ်ခွဲနေသေး၏။

ကမ္ဘာကတော့ မိုးဖျားလို အရာရာကို အနုစိတ် မခံစား တတ်၊ မိုးဖျားကျတော့ အလှအပလည်း အလွန်ကြိုက်သည်။ သူ နှစ်သက်တဲ့ အရာမှန်သမျှကို အနုစိတ်ကြည့်ကာ ဂရုတစိုက်နဲ့ ကြင်နာတတ်သည်။

အိမ်မှာ မွေးထားသော ခွေးလေးတွေ ကြောင်လေးတွေကို ဆိုရင် ပုံစံအမျိုးမျိုးဖြင့် အလှဆင်ပေးတတ်သည်။

ခွေးမလေး ဂျယ်နီဆိုရင် သူ ဝတ်ဖို့ အဝတ်အစားကို အသေအချာ တိုင်းထွာပြီး ချုပ်ပေးတတ်သည်။

တစ်ခါတုန်းကဆိုရင် မိုးဖျားလုပ်ပုံက တကယ့်ကို ရယ် စရာလည်း ကောင်း၊ အံ့အားသင့်စရာလည်း ကောင်းပါသည်။

မော်ဒယ်လောကမှာ ရေပန်းစားနေတဲ့ Fashion Business မှ ဒီဇိုင်နာတစ်ယောက်ကို အင်္ကျီဖက်ရှင်ဒီဇိုင်းဆန်းဆန်း ကလေး အပ်ချုပ်လို့ဆိုပြီး ဖုန်းဆက်ခေါ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်နာကလည်း စီးပွားရေးလောကမှာ Top တန်းဝင်နေတဲ့ ဦးထက်အာကာနဲ့ ဒေါ်နန်းထိုက်စံတို့ရဲ့သားက အရေးတယူနဲ့ ဖုန်းဆက်ခေါ်ပြီး အလုပ်အပ်တယ်ဆိုပြီး ဂုဏ်ယူဝင့်ကြွားစွာနဲ့ လာတာပေါ့။

အိမ်ရောက်တော့ ဒီဇိုင်နာက. . .

"ဘယ်မှာလဲ မိုးဖျားထက်ဘုံ၊ မင်းရဲ့ညီမလေး ဂျယ်နီကို ခေါ်ပါအုံး"

မိုးဖျားက တမင်လုပ်ယူထားသော ခပ်တည်တည် မျက်နှာတစ်ဝက် မချိုမချဉ် မျက်နှာတစ်ဝက်ဖြင့် နာရီကို ကြည့်လိုက်ပြီး. .

"ခဏလေး စောင့်ပါဗျာ၊ ဒီအချိန်ဆိုရင် သူက အိပ်တတ်လို့ပါ။ သူအိပ်တဲ့အချိန်မှာ သွားနှိုးရင် သူက စိတ်ကောက်တတ်တယ်"

ဒီဇိုင်နာ မမမှာ သူ့စကားကြောင့် အောင့်သက်သက်ဖြင့် ပင် ဆိုဖာခုံပေါ်မှာ ထိုင်စောင့်နေရရှာသည်။

မိုးဖျားကတော့ ဟာသကားတစ်ကားကို စိတ်လွတ်ကိုယ်လွတ် ထိုင်ကြည့်နေရင်း တဟားဟားဖြင့် အော်ရယ်နေ၏။

ကြာတော့ ဒီဇိုင်နာ သိပ်စိတ်မရှည်ချင်တော့၊ သူ ဒီဇိုင်နာသက်တမ်းတစ်လျှောက်မှာ တစ်ခါမှ ခုလို အိမ်တိုင်ရာရောက် အဝတ်အစားချုပ်ဖို့ Body Scale လိုက်မယူဖူး၊ ခုဟာက သူဌေးကြီး ဦးထက်အာကာရဲ့သား ဖြစ်တာကတစ်ကြောင်း၊ သူမျှားထက်လည်း ဒီဇိုင်နာခ ငါးဆ ပိုပေးမယ်လို့ ပြောထားတဲ့ ဈေးစကားကြောင့်မို့လို့သာ ပညာမာနကို ချိုးနှိမ်ပြီး လိုက်လာရတာ၊ ခုပဲကြည့်၊ ရောက်တာ တစ်နာရီပင် ပြည့်တော့မယ်၊ လူက သိပ်ပြီးစိတ်မရှည်ချင်တော့။





တကယ့် ဒိတ်ဒိတ်ကြဲ သူဌေးတွေမို့သာ အောင့်အည်းသည်းခံနေရတာ။

"ဒီမယ် မိုးဖျားထက်ဘုံ၊ မင်းရဲ့ဂျယ်နီလေးက မနိုးသေးဘူးလားကွယ်၊ မမက အချိန်နဲ့ အလုပ်လုပ်ရတာကွယ့်၊ နေ့လည်နှစ်နာရီမှာ မော်ဒယ် ကာစတန်မာတစ်ယောက်နဲ့ ချိန်းထားတယ်၊ ပြီးတော့ အကယ်ဒမီပေးပွဲမှာ ဇန်းကိုင်မယ့် အလှမယ်တွေအတွက်လည်း အဝတ်အစားဒီဇိုင်း ထုတ်ပေးရအုံးမယ်၊ ပြီးတော့ ဝဲယ်လ်ဒင်အတွက်"

ဒီဇိုင်နာမမ စကားမဆုံးလိုက်ခင် မိုးဖျားက TV ကြည့်နေရင်းမှ လက်ကာပြလိုက်၏။

ကျန်လက်တစ်ဖက်ဖြင့် Remote ဖြင့် TV ကို လှမ်းပိတ်လိုက်သည်။ ပြီးမှ အိမ်အတွင်းခန်းထဲမှ ဂျယ်နီရဲ့အထိန်းတော် ဒေါ်သုန်ကို လှမ်းခေါ်လိုက်သည်။

"ဒေါ်သုန်ရေ"

မိုးဖျားရဲ့ခေါ်သံကြောင့် ဒေါ်သုန် ဧည့်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်လာ၏။

"ဂျယ်နီ နိုးပြီလား၊ နိုးရင် ခေါ်လာခဲ့ပါအုံး၊ ဖြည်းဖြည်းချော့ခေါ်ခဲ့နော်၊ တော်ကြာ စိတ်ကောက်ပြီး အကျီအတိုင်းမခံရင် ခက်နေမယ်"

"ဟုတ်ကဲ့ သခင်လေး" ဟု ပြောပြီး အခန်းထဲ သုတ်ခနဲ ပြန်ပြေးဝင်သွားသည်။

သိပ်မကြာလိုက်။ ဒေါ်သုန်က ဂျယ်နီကို တယုတယဖြင့် ပွေ့ချီလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဒေါ်သုန့်ကို မကြည့်ပဲ ဒေါ်သုန့်နောက်မှ ကပ်ပါလာမည့် ဂျယ်နီဆိုသော ကောင်မလေးရဲ့အရိပ်ကိုသာ အသည်းအသန် ပြူးကြည့်နေရှာ၏။

သူ ထင်သလို ဘယ်သူမှ လိုက်မလာပါ။

"ကဲ. . . ဒေါ်သုန်၊ ဂျယ်နီ့ကို ခုံပေါ် တင်ပေးလိုက်"

ထက်ဘုံစကားကြားမှ ဒီဇိုင်နာ အံ့ဩမှုနှင့်အတူ ထိတ်လန့်ကာ ရင်ဘတ်ကို လက်ဖြင့် အသာဖိလိုက်သည်။

"ဟင်. . . ဂျယ်နီ. . . ဂျယ်နီဆိုတာ ဒီခွေးကို ပြောတာလား"

မိုးဖျားက နဖူးပေါ် ဝဲကျလာသော သူ့ရဲ့ဆံပင်တွေကို သပ်တင်လိုက်ပြီး. . .

"ဟုတ်တယ်လေ. . . သူ့ကို နောက်ဆုံးပေါ် ဒီဇိုင်းလှလှလေး ချုပ်ပေးပါ၊ ရှေ့လကျရင် သူက ကနေဒါကို သွားရမှာ ခွေးအလှပြိုင်ပွဲမှာ ဝင်ပြိုင်ခိုင်းမလို့လေ၊ အဲဒီအတွက် အဝတ်အစားကိုလည်း ထပ်အပ်အုံးမှာ၊ ခုတော့ ပါတီပွဲ တက်ဖို့အတွက်ပဲ အရင်ဆုံး ချုပ်ပေးပါ၊ အရင်ဒီဇိုင်နာတွေက သိပ်ပြီး feeling မကျဘူးဗျ၊ အဲဒါကြောင့် မမဆီမှာ ပြောင်းအပ်တာပေါ့"

မိုးဖျားကသာ သူ့ Feeling နဲ့သူ ပြောနေတာ။ ဒီဇိုင်နာမမခမျာမှာတော့ မိုးဖျားကို ကြည့်တဲ့အကြည့်တွေက မီးရှူးတိုင်တွေလို စူးရဲဖြာထွက်လို့နေ၏။

ဒေါသတွေရဲ့တွန်းအားကြောင့် လူက နတ်ဝင်သည်လို တဆတ်ဆတ် တုန်ယင်လို့နေ၏။

"မင်း. . မင်း. . ငါ့ကို အိမ်ခေါ်ပြီး အရှက်ခွဲတာလား





မိုးဖျားထက်ဘုံ"

မီးဝင်းဝင်းတောက်နေသော အကြည့်တွေဖြင့် ပြောလာသော ဒီဇိုင်နာမမရဲ့စကားတွေကြောင့် မိုးဖျားကိုယ်လေး တွန့်သွားပြီး ခပ်ပာဟာလေး ရယ်လိုက်ပြီး. . .

"ဟာ. . . ကျွတ်စင်ပဲကွာ၊ မမက ဒီဇိုင်နာ မဟုတ်လား၊ ဘာကြောင့် ကျွန်တော် ဝတ်စုံအပ်တယ်လေ၊ ဘာကြောင့် ဒေါသတွေနဲ့ လာပြီး လောင်မြိုက်နေတာလဲ မမရာ"

"မင်း စော်ကားလှချည်လားကွ၊ ငါက နိုင်ငံကျော် ဒီဇိုင်နာတစ်ယောက်လေ၊ မင်းမွေးထားတဲ့ခွေးကို အင်္ကျီချုပ်ပေးတဲ့ ဒီဇိုင်နာ မဟုတ်ဘူး"

"ဟာ. . . မမ တလွဲငွေးပြန်ပြီ၊ လောကကြီးကို အမှန်အတိုင်း မြင်စမ်းပါ မမရာ၊ ကျွန်တော်တို့ မမတို့ ဂျယ်နီတို့ဆိုတာ ဘုံတစ်ခုထဲမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေပဲ မဟုတ်လား"

တရားသဘောတွေကို တရားပြ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ဟန်အတိုင်း ပြောနေသော မိုးဖျားရဲ့ ဂိုက်ပေးနေသောဟန်ကို ကြည့်ပြီး ဒီဇိုင်နာမမမှာ ငိုရတော့မလို ရယ်ရတော့မလိုနဲ့ မထွေးနိုင်မအန်နိုင် ဖြစ်နေရှာ၏။

"မင်း. . . မင်းကွာ၊ ငါ မင်းအလုပ်ကို လက်မခံနိုင်ဘူး၊ နိုင်ငံကျော် ဒီဇိုင်နာတစ်ခုက ဘာမဟုတ်တဲ့ ခွေးလေးတစ်ကောင်ကို ကိုယ်ထည်အတိုင်း လာယူတယ်ဆိုတာသာ အင်တာနက်တွေပေါ် ရောက်သွားရင် ငါ့ရဲ့သိက္ခာတွေ ငါ့ရဲ့အဆင့်အတန်းတွေ၊ အို. . . တော်ပြီ၊ ငါ မင်းရဲ့ဂျယ်နီဆိုတဲ့ခွေးကို အင်္ကျီမချုပပေးနိုင်ဘူး၊ ငါပါ ခွေးလုံးလုံး ဖြစ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဖျားက မထိတဲ့ပုံစံလေးဖြင့် ဒီဇိုင်နာမမရှေ့ရှိ ဆက်တီကျွန်းစားပွဲကြီးပေါ်မှာ ခြေထောက်တွေကို လျှာဖြင့် တပြက်ပြက်လျက်နေသော ဂျယ်နီဆိုသော စုတ်ဖွားခွေးမလေးကို တယုတယကောက်ချီပွေ့နမ်းလိုက်ပြီး. . .

"မမ လက်မခံလည်း ရတယ်လေ၊ ကျွန်တော်တို့အိမ်ရဲ့အခန်းတိုင်းမှာ အိမ်ဖော်တွေရဲ့အခန်းပါမကျန် အကုန်လုံးမှာ CCTV တပ်ထားပြီးသား၊ အဲ. . . ဖေဖေနဲ့ မေမေရဲ့ အိပ်ခန်းကလွဲရင်ပေါ့။ အခု မမက ဂျယ်နီကို အကျိုတိုင်းဖို့ အိမ်တိုင်ရာရောက်လိုက်လာတာတောင် ကျွန်တော်တို့ CCTV က တာဝန်ကျေစွာထမ်းဆောင်ပြီးပြီ၊ ဒီအတိုင်း လှည့်ပြန်သွားမယ်ဆိုရင်တော့ နက်ခ်ပေါ်ကို ရောက်ဖို့ မရောက်ဖို့ ကျွန်တော်တို့ တာဝန်မယူဘူး"

"အဲ. . . ဂျယ်နီကိုယ်တိုင်းယူပြီး ဒီဇိုင်းလှလှလေးတွေ ချုပ်ပေးမယ်ဆိုရင်တော့ နက်ခ်ပေါ် မရောက်စေရဘူး၊ ကျွန်တော်တို့ရဲ့စည်းစိမ်နဲ့ ရင်းပြီး အာမခံနိုင်တယ်. . . ဘယ်လိုလဲ"

မိုးဖျားရဲ့ချည်ပြီးတုတ်ပြီး ပြောလိုက်တဲ့စကားကြောင့် ဒီဇိုင်နာ မမခမျာ ထွက်ပေါက်ပိတ်စွာဖြင့် မိန်းလေးသဘာဝအတိုင်း မျက်ရည်တွေကိုပါ သူ့ပြဿနာထဲ ဆွဲသွင်းပြီး ချုံးပွဲချ ငိုလေတော့၏။

နောက်ဆုံးတော့လည်း မိုးဖျားရဲ့ဆန္ဒ ပြည့်ဝသွားပါ၏။

ဒီဇိုင်နာ မမပဲ့ာ ဂျယ်နီအတွက် အဝတ်အစား ဒီဇိုင်းဆန်းဆန်းလေးတွေကို ချုပ်ပေးဖို့ ကိုယ်တိုင်းယူသွားရတော့တာပါပဲ။

ထိုအဖြစ်အပျက်ကလေးကို ကမ္ဘာ အပြင်က ပြန်လာတော့ မိုးဖျားက အသေးစိတ် ပြောပြသဖြင့် ကမ္ဘာမှာ သဘောကျစွာဖြင့်






ရယ်လိုက်ရသေး၏။

အကြောင်းအရာက ဟာသ သိပ်မဆန်ပေမယ့် မိုးဖျားရဲ့အမူအယာနဲ့ အိုက်တင်က ရယ်စရာ ကောင်းလွန်းနေ၍ ဖြစ်သည်။


မိုးဖျားသည် အဲဒီလောက်အထိ အနုစိတ်ဆန်သော ယောက်ျားပျိုတစ်ယောက် ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အပိုင်းခွဲ(၁)

လေယာဉ်လှေကားထစ်တွေပေါ်က ဆင်းလိုက်သည်နှင့် လာရောက်တို့ခတ်လာသော လေနုအေး၏အထိအတွေ့ကြောင့် ရင်မှာ ငြိမ်းအေးသွားရခြင်းနှင့်အတူ ဒါဟာ ငါတို့ မြန်မာပြည်ကလေနုအေးလေးပါလားဆိုသောအသိကြောင့် ရင်မှာ လွမ်းမောတမ်းတရသော အမောတွေ ချက်ချင်းပြေလို့သွား၏။

ဘန်ကောက်ကို သွားတဲ့ တစ်လဆိုတဲ့အချိန်ဟာ မိုးဖျားအတွက် ခဏလေး ဆိုပေမယ့် . . .





ကမ္ဘာ့အတွက်က သက်တမ်းကြာမြင့်လွန်းလှသည်ဟု ထင်ရ၏။

ကမ္ဘာ့အတွက်တော့ ထိုနိုင်ငံသို့ အလည်သွားရခြင်းသည် ကိုယ့်မြေကိုယ့်ရေလောက် လွတ်လပ်ပျော်ရွှင်စရာ ကောင်းတယ်လို့ မထင်မိပါ။

ကိုယ်မစားဖူးတဲ့ အစားအစာ၊ ကိုယ်မသုံးဖူးတဲ့ အသုံးအဆောင်၊ ကိုယ် အိပ်မက်တောင် မမက်ဖူးတဲ့ နေရာစိမ်းတွေဟာ ကမ္ဘာ့ရဲ့လွဲချော်မှုတွေကို မကြာခဏ လှောင်ပြောင်ရယ်မောကြတယ်လို့ ထင်မိ၏။

တော်သေးတာပေါ့၊ ဘေးမှာ မိုးဖျားက အမြဲလို ပါနေပြီး ကိုယ့်ဘေးကနေ လိုက်ပြီး ထိန်းပေးနေလို့သာ တော်တော့၏။

"ကမ္ဘာ. . . ဟိုမှာ အန်ကယ်မိုးတို့"

မိုးဖျား လက်ညှိုးထိုးရာသို့ လှမ်းကြည့်တော့ အန်ကယ်မိုးနှင့် အန်ကယ်နောင်တို့က လက်လှမ်းပြ၏။

ဧည့်ကြိုတာဝါထဲ ဝင်လိုက်သည်နှင့် လူငွေ့ကြောင့် ချက်ချင်းအိုက်စပ်သွား၏။

မိုးဖျားက ချွေးစို့နေသော သူ့နဖူးပြင်ကို အပေါ်နှုတ်ခမ်းကို သိမ်းစုကာ အောက်နှုတ်ခမ်းဖြင့် လေပူတစ်ချက်ကို ဟူးကနဲ မှုတ်လိုက်၏။

နဖူးပြင်ပေါ် ဝဲကျနေသော ရွှေအိုရောင် ဆံစပျော့ပျော့လေးတွေက ဝဲကနဲ လူပ်ခါသွား၏။

နှစ်ယောက်စလုံး အန်ကယ်မိုးတို့နားသို့ စတိုင်လ်ကျကျဖြင့် ခပ်သွက်သွက် လျှောက်သွား၏။

www.burmeseclassic.com



"အန်ကယ်လ်မိုး . . . ဖေဖေတို့ လာမကြဘူးလား"

"သခင်ကြီးက မိုးကုတ်ဘက်မှာ ဟိုတယ်ထပ်ဆောက်ဖို့ အတွက် မြေဝယ်စာချုပ် ချုပ်ဖို့ သွားပါတယ်၊ မမလေးက တရား စခန်းဝင်နေပါတယ်"

"ဒါဆို အိမ်မှာ ဖေဖေရော မေမေရော မရှိကြဘူးပေါ့"

"မရှိကြဘူး. . . ဒီမှာ ကားသော့၊ ကားပါကင်မှာ လူလေး တို့ ကားတွေ အဆင်သင့် ထားထားတယ်၊ ခရီးပန်းလာလို့ ကိုယ်တိုင်မမောင်းချင်ရင်လည်း အန်ကယ်မိုးတို့ မောင်းပေးမယ် လေ"

"ရတယ်. . . ကျွန်တော်တို့ဘာသာပဲ မောင်းတော့မယ်၊ အန်ကယ်မိုးတို့ကရော ကျွန်တော်တို့နဲ့ ပြန်မှာလား"

"မပြန်ဘူး. . . ကုမ္ပဏီကို သွားဖို့ ရှိသေးတယ်၊ လူလေးတို့ ပြန်နှင့်လိုက်တော့"

"OK. . . ကောင်းပြီ၊ ဒါဆို ကျွန်တော်တို့ လစ်ပြီနော် အန်ကယ်မိုး"

အန်ကယ်မိုးကို နှုတ်ဆက်ပြီး တာဝါထဲက ထွက်ကာ ကိုယ့် ကားရှိရာသို့ ကားသော့ကိုယ်စီ ကိုင်ပြီး လျှောက်လာကြ၏။

ကားတံခါးဖွင့်ကာ ကားထဲ ဝင်ခိုင်းလိုက်ပြီး ကားစက်နှိုး နေသော မိုးဖျားကို ကမ္ဘာက သူ့ကားလေးပေါ်ကနေပြီး. . .

"မိုးဖျား မင်း ဘယ်ကို ဝင်အုံးမလဲ"

"မဝင်တော့ဘူး. . . အိမ်ကိုပဲ တန်းမောင်းတော့မယ်လေ မင်း ဘယ်ဝင်ချင်သေးလို့လဲ"

"မဝင်တော့ဘူးလေ. . . တို့နှစ်ယောက် အိမ်ကို ဘယ်သူ





အရင်ရောက်အောင် မောင်းနိုင်မလဲလို့ စံချိန်သစ်တင်ပွဲ လုပ်မလို့"

မိုးဖျားက ကမ္ဘာရဲ့ကားမောင်းပြိုင်ချင်သောဆန္ဒကို ခေါင်း တခါခါဖြင့် ကန့်ကွက်၏။

"ဟင့်အင်း. . . မမောင်းချင်ဘူး၊ အန္တရာယ် ရှိတယ်ကွ၊ အသက်ငယ်ငယ်လေးတွေပဲ ရှိသေးတယ်၊ တက္ကသိုလ်တောင် မတက်ရသေးဘူး၊ မမိုက်ချင်စမ်းပါနဲ့ ကမ္ဘာရာ"

မိုးဖျားရဲ့ စိုးရိမ်စိတ်ကြောင့် ပြောသောစကားကြောင့် ကမ္ဘာ ခပ်ဆတ်ဆတ်လေး ရယ်လိုက်သည်။

"အဟက်. . ဟား. . ဟား. . သွေးကြောင်တယ်ဆိုလည်း ပြီးတာပါပဲကွာ၊ ကဲ. . . လစ်မယ်"

ပြောပြောဆိုဆိုဖြင့် ကားကို လေဆိပ်ဝန်းထဲမှ မောင်း ထွက်ခဲ့သည်။

ရှစ်မိုင်မီးပွိုင့်အရောက်တွင် မိုးဖျားကားလေးက မီးပွိုင့်မှ လွတ်သွားပြီး ကမ္ဘာ့ကားလေးက မီးပွိုင့်မိပြီး ပြတ်ကျန်ခဲ့၏။

ကမ္ဘာက မီးပွိုင့်တွင် အေးဆေးရပ်နေလိုက်ပြီး ဒက်ရှ် ဘုတ်ပေါ်က MP4 လေးကို လှမ်းယူလိုက်ပြီး သီချင်းနားထောင်ဖို့ ပါဝါခလုတ်ကလေးကို နှိပ်လိုက်သည်။

ထိုစဉ် ကောင်မလေးတစ်ယောက် ကျောပိုးအိတ်ကလေး လွယ်ပြီး လက်ထဲမှာလည်း သူမ စီးသည့် လေဒီရှူး ဖိနပ်ကလေးကို ကိုင်ပြီး မီးပွိုင့်မိနေသော ကားများကြားထဲမှ ဖြတ်ပြေးလာ၏။

ကမ္ဘာသည် ထိုကောင်မလေးရဲ့ပုံစံကို ကြည့်ပြီး အံ့သြ မှင်တက်မိနေ၏။ လက်ထဲမှ နားကြပ်ကလေးကိုပင် နားထဲ မထည့် ဖြစ်ဘဲ လက်မှ ကိုင်ပြီး ကိုယ့်မြင်ကွင်းထဲ ဝင်လာသည့်ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ငေးကြည့်နေမိ၏။

စတိုင်လ်လေးကတော့ အလန်းကလေးပဲ၊ ဘာဖြစ်လို့ ဒေ
ကြီးသုတ်ပြာနဲ့ ပြေးလာရတာလဲ။

သူ့နောက်က တစ်ယောက်ယောက် လိုက်လာ၍ သေပြေး
ရှင်ပြေး ပြေးနေရတဲ့အတိုင်း။

တဖြည်းဖြည်းနဲ့ ကောင်မလေး ကမ္ဘာ့ရဲ့ကားနား ရောက်
လာပြီ။

ထိုကောင်မလေးရဲ့မျက်ဝန်းတွေက ကမ္ဘာ့ရဲ့ကားနီနီလေး
ဆီကို အကြည့်ရောက်သွား၏။

ထိုအကြည့်တွေနဲ့အတူ ကမ္ဘာ့ရဲ့အမိုးမပါသော ကား
နောက်ခန်းလေးထဲကို ဇွေ့ခနဲ ခုန်ဝင်လိုက်သည်။

"ဟာ. . . ဟေ့. . . ဟေ့. . . ဘာလုပ်တာလဲ"

ကမ္ဘာ တအံ့တသြဖြင့် ကောင်မလေးဆီသို့ အစီအစဉ်
မကျသော စကားလုံးတွေ ပစ်လွှတ်လိုက်သည်။

"ဟေ့. . . ဆင်း၊ မင်း ရူးနေလားကွ၊ သူများကားပေါ်ကို
ပိုင်စိုးပိုင်နင်း"

ထိုကောင်မလေးက ကမ္ဘာကို မချိုပြုံးလေး ပြုံးပြပြီး ကား
ပေါ်မှ သူမရဲ့ခန္ဓာကိုယ်ကို တစ်စုံတစ်ဦး မမြင်စေရန် ပုန်းနေ၏

"ဟေ့. . . ဘာလုပ်နေတာလဲ၊ မီးပွိုင့်စိမ်းနေပြီလေ"

နောက်ကားက လူတွေက အော်ဟစ်ကုန်ကြပြီ။

ကမ္ဘာက မီးစိမ်းနေတာတောင်မှ မထွက်သေးဘဲ ထို
ကောင်မလေးဆီ အာရုံရောက်နေ၍ ဖြစ်သည်။

"ဟေ့ကောင်. . . အကြည့်ဆိုက်မနေနဲ့ကွ"





နောက်မှ တစ်ယောက်တစ်ပေါက် အော်ဟစ်ကုန်ပြန်လေ
သည်။

(ဟွန်းသံကင်းမဲ့ဇုန်ဖြစ်၍ ဟွန်းမတီးကြ)

ဒီတော့မှ ကမ္ဘာသည် ကားလေးကို အမြန်မောင်းထွက်ခဲ့
ရင်း. . .

"မင်း ဘာအထာလဲကွ၊ သူများကားပေါ်ကို ဘာလို့ တက်
ထိုင်ရတာလဲ"

ကားနောက်ခန်းဘက်မှာ ကုန်းကုန်းကွကွဖြင့် ပုန်းနေ
သော ထိုကောင်မလေးက မီးပွိုင့်နှင့် အတော်ဝေးဝေး ရောက်မှ
ခေါင်းထောင်လာသည်။

သူမရဲ့ပုံစံက ရဲတင်းလွန်းတာတော့ အမှန်ပါပဲ။

သူ့လက်ထဲက ကိုင်ထားသော လေဒီရှူးကို သူ့ခြေ
ထောက်မှာ စွပ်နေပြီး ဖရိုဖရဲ ဖြစ်နေသော သူမရဲ့ဆံပင်ခွေခွေလေး
တွေကို ပုံစံကျအောင် သပ်တင်ပြီး. . .

"ဝူး. . . တော်ပါသေးရဲ့"

ဘေးဘီဝဲယာကို ကြည့်ပြီး သူ့ဟာသူ တစ်ယောက်တည်း
ညည်းတွားနေသည်။

ပြီးမှ ကမ္ဘာမြေကို သတိထားမိသွားပုံမျိုးနှင့်. . .

"ဟေး. . . သိုင်ခ်ယူပဲနော်၊ တို့ကို ဟိုရှေ့နားလေးမှာ ရပ်
ပေးရင် ရပြီ"

အမယ်. . . သူကပဲ လူကို အမိန့်ပေးသလို ဘာလိုနဲ့။
သူ့မျက်စိထဲမှာ ကိုယ်က အငှားကား မောင်းတဲ့သူများ ဖြစ်နေပြီ
လား၊ ကမ္ဘာ အမြင်ကတ်စွာဖြင့်ပင် သူမ ညွှန်ပြရာနေရာမှာ မရပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို အရှိန်မြှင့်၍ ဆက်မောင်းလာလိုက်သည်။

"ဟေး. . . ရပြီ. . . ရပ်တော့"

ကောင်မလေး သူ့ပခုံးကို လှမ်းပုတ်ပြီး ကားကို အတင်းရပ်ခိုင်းသည်။

သူ လှည့်ကို မကြည့်။ လေလေး ချွန်၍ သီချင်းပင် ညည်းနေလိုက်သေး၏။

ကားက တဖြည်းဖြည်းနှင့် လှည်းတန်းမီးပွိုင့်နားပင် ရောက်လာသည်။

"ဟော့လူ. . . ရှင် နားပင်းနေသလား၊ ကားကို ရပ်လို့ ပြောနေတာ ရပ်မပေးဘူးလား"

ကမ္ဘာမြေ ထိုကောင်မလေးကို လှည့်ကြည့်ပြီး ခပ်ထေ့ထေ့ပြုံးလိုက်သည်။

ဘယ်လိုကောင်မလေးလဲ မသိဘူး၊ ကိုယ်ကပဲ သူ့ကို ကားတင်ပြေးလာလို့ အော်ဟစ်နေတဲ့ပုံစံမျိုး ကိုယ့်ကို ရန်ပြန်ထောင်နေသေးတယ်။

"ဘာလို့ ရပ်ရမှာလဲကွ၊ မင်း ဒီကားထဲ ဝင်လာတုန်းကလဲ ခုန်ပြီး ဝင်လာတာ၊ အခု ပြန်ဆင်းချင်ရင်လဲ မင်းဟာမင်း ခုန်ပြီး ပြန်ဆင်းပေါ့၊ ငါက အချိန်ကုန်ခံပြီး ရပ်မပေးနိုင်ဘူး"

ကောင်မလေးမျက်နှာ ဒေါသကြောင့်လား ရှက်စိတ်ကြောင့်လားမသိ၊ သွေးကြောစိမ်းလေးတွေ ပေါ်ကာ ရဲခနဲ ဖြစ်သွားသည်။

"အို. . . ရှင့်ကားထဲကို မယ် ဝင်ထိုင်ချင်လွန်းလို့ ထိုင်တာ မဟုတ်ဘူးရှင့်၊ အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခု ရှိလို့ ပြေးပေါက်မရှိ





တော့တာနဲ့ ဝင်လိုက်လာမိတာ၊ ရှင့်အနေနဲ့ နည်းနည်းတော့ သဘောထားကြီးစမ်းပါ"

"အဲဒါဆို မင်း စကားကို ပျော့ပျော့ပျောင်းပျောင်း ပြောပါလား၊ ဘာလို့ မိုးပေါ်က တက်ပြောလဲ"

"ရှင် တော်တော် အမြင်စောင်းတဲ့လူပဲ၊ မယ် ရှင့်ကားပေါ်ကနေ ထိုင်ပြောတာလေ၊ ဘယ်မှာ မိုးပေါ် တက်ပြောလို့လဲ၊ မိုးပေါ်တက်ပြောနိုင်တဲ့အစွမ်း ရှိရအောင် မယ်က Spider Man လဲ မဟုတ်ဘူး၊ Superman လဲ မဟုတ်၊ အဟိ. . ခစ်. . ခစ်. . မိုးပေါ်က နတ်မိမယ်လည်း မဟုတ်ဘူးကွဲ့"

မိန်းမတို့သဘာဝအတိုင်း လေကို ဖြန်းတီးကာ စကားလက်တံရှည်တော့မယ်။

အရေးထဲ မီးပွိုင့်က မိပြီ။ အနည်းလေး ဆယ်မိနစ်လောက်တော့ စောင့်ရပြီ၊ နီမို့ဆို အိမ်နားအထိ ခေါ်သွားပြီး မိုးဖျား မြင်အောင် ပြကာ ဒါ ငါ့ကောင်မလေးကွလို့ ကြွားပြီး မိုးဖျားကို ကလိလို့ရသေး၏။

ကောင်မလေးက တော်တော့်ကို လှသည်။ မိုးဖျား ယုံမှာကျိန်းသေ၏။

ခုတော့ မီးပွိုင့်က မိပြီ၊ ကိုယ့်ကားကို အလိုလို ရပ်ရတော့မယ်၊ သူမလေးကလဲ အခွင့်အရေးကို လက်လွှတ်မခံဘဲ ကားပေါ်မှ ဆင်းမှာ ကျိန်းသေ၏။

ကားရပ်လိုက်သည်နှင့် ကောင်မလေးက ကားပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်ပြီး ကမ္ဘာ့ပခုံးကို လာပုတ်ကာ. . .

"ဒီမှာ. . . မယ့်ကို ကူညီလက်စနဲ့ ကားခကလေး ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com


'မစ' လို့ ရမလား၊ အလကား မပေးချင်လဲ ရပါတယ်၊ ခဏချေးပေါ့၊ နောင်တစ်ချိန် လမ်းမှာ တွေ့ရင်ဖြစ်ဖြစ် ဒါမှမဟုတ် ရှင့်လိပ်စာ ပေးခဲ့ရင်ဖြစ်ဖြစ် မယ် ပြန်လာပေးပါ့မယ်"

ထိုကောင်မလေးရဲ့စကားကြောင့် ကမ္ဘာမြေ အကြီးအကျယ် အော်ရယ်လိုက်သည်။

"ဟား. . . ဟား. . . ဟား"

"မင်း ဘယ်လိုကောင်မလေးလဲ၊ ဓာတ်လမ်းတွေ လာဆင်နေတာလား၊ ငါ စိတ်မဝင်စားဘူးနော်"

မယ်ဆိုသော ကောင်မလေးက ကမ္ဘာ့စကားကြောင့် အံ့ကလေး ကြိတ်ကာ မျက်စောင်းလှမ်းထိုးလိုက်ရင်း. . .

"ဒီမှာ. . . ရှင့်ကို ဓာတ်လမ်းဆင်ရအောင်လဲ ရှင့်ရုပ်က ဘာပုံမှ မလာပါဘူး၊ မယ် တကယ်အခက်အခဲ ရှိလို့၊ အိမ်က ထွက်လာကတည်းက ပိုက်ဆံအိတ် လုံးဝကို ပါမလာပဲ ထွက်လာမိတာ၊ ဒီကြားထဲ အမူးသမားနှစ်ယောက်က မယ့်အနောက်ကို အတင်းလိုက်လာလို့ ရှင့်ကားပေါ်ကို တက်ပြီး ပုန်းမိတာ၊ ဘာမှ ဓာတ်လမ်းဆင်စရာ အကြောင်းမရှိဘူး၊ စောစောက ကားရပ်ပေးပါလို့ ပြောသားပဲ၊ ရှင် မရပ်ပေးတော့ မယ် အဲ့ဒီနေရာကို ဘယ်လိုပြန်သွားရမလဲ၊ ကားငှားပြီး ပြန်ရတော့မှာပေါ့"

ကောင်မလေးက ပြောပြောဆိုဆိုဖြင့် သူမခြေထောက်မှာ ဝတ်ထားသော ပလက်တီနမ် Foot chain လေးကို ဖြုတ်လိုက်ပြီး

"ရော့. . . မယုံရင် ဒါလေး ယူထားလိုက်၊ လုပ်ပါ. . . ဟိုမှာ မီးပွိုင့်က စိမ်းတော့မယ်"

ကောင်မလေးက အလောတကြီးဖြင့်' ပြောနေသဖြင့် ကမ္ဘာရဲ့လက်တွေ အယောင်ယောင်အမှားမှားဖြင့် ကုတ်အင်္ကျီထဲမှ ပိုက်ဆံအိတ်ကလေးကို ထုတ်ပြီး ငါးထောင်တန်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

ထိုကောင်မလေးသည် ကမ္ဘာ့လက်ထဲမှ ပိုက်ဆံလေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး. . .

"ကျေးဇူးပဲ. . . မယ့် Foot chain လေးက ရှင်ပေးတဲ့ ငါးထောင်ထက် အဆပေါင်းများစွာ တန်တယ် သိလား"

ပြောပြောဆိုဆိုဖြင့် မယ်သည် ကားပေါ်မှ ဆင်းကာ တစ်ဘက်ကားလမ်းဆီသို့ ခပ်သွက်သွက် လျှောက်သွား၏။

ဩော်. . . တဒင်္ဂအတွင်း လိပ်ပြာမယ်လေးတစ်ကောင် ဝဲပျံသွားသလိုပါပဲ။

မီးပွိုင့်ကလဲ စိမ်းနေပြီမို့ ကမ္ဘာမြေ ကားကို အင်းလျားလမ်းဘက်ကို ချိုးကွေ့မောင်းလိုက်သည်။

ကိုယ့်ပေါင်ပေါ်မှ မယ်ဆိုသော ကောင်မလေးရဲ့ Foot chain လေးက မျက်နှာငယ်စွာဖြင့် ရှိနေ၏။

ထို Foot chain လေးကို ယူပြီး ကုတ်အင်္ကျီထဲ ထည့်လိုက်သည်။

ကမ္ဘာ ပြုံးလိုက်ပါသည်။

ထိုအပြုံးသည် အဘယ်သို့သော အဓိပ္ပါယ် သက်ရောက်သည်ဆိုတာတော့ ကမ္ဘာ မည်သို့မျှ မဝေခွဲတတ်သေး။

မယ်ဆိုသော ကောင်မလေးနှင့် တွေ့ဆုံမှုဟာ ကမ္ဘာအတွက် ထူးခြားသော အဖြစ်ဆန်းလေးဖြစ်သည်။

ထို့နောက်မှာတော့ ထိုအဖြစ်ဆန်းလေးနှင့်အတူ လိပ်ပြာ


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com


www.burmeseclassic.com

မယ်လေးရဲ့ပုံရိပ်သည် ရင်ထဲမှာ စွဲထင်ပြီး ကျန်ရစ်ခဲ့လေ၏။
ကမ္ဘာလည်း ရင်ခုန်တတ်တဲ့အရွယ် ရောက်နေပြီလေ။









## အပိုင်း(၂)

ဒီနေ့ မိုးဖွားရော ကမ္ဘာရော ကွန်ပျူတာတက္ကသိုလ်ဝင်းထဲသို့ စတင်ခြေချသောနေ့။

ကျောင်းစ,စတက်ရက်မို့ ကျောင်းဝင်းကြီးတစ်ခုလုံး ကိုယ်တွေနှင့် အစိမ်းသက်သက်လို ဖြစ်နေသည်။

အမှန်တော့ ကိုယ်က ကွန်ပျူတာတက္ကသိုလ် တက်ချင်တာမဟုတ်ဘူး။

ကိုယ်တွေရဲ့အမှတ်က ဆေးကျောင်းတက်ဖို့ မီလွန်းလို့


www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကမ်းတောင် လွန်နေသေးတာ၊

ဒါကို မိုးဖျားက ဆေးကျောင်းမတက်ချင်ဘူး၊ ဆေးကျောင်းတက်ရင် Dead Body တွေကို ခွဲစိပ်ရတာ ရွံလဲရွံ၊ ကြောက်လဲကြောက်တယ်၊ ကွန်ပျူတာတက္ကသိုလ်ပဲ တက်မယ်လို့ ဆုံးဖြတ်ခဲ့သဖြင့် ကမ္ဘာပါ သူယူတဲ့မေဂျာကို လိုက်ယူရခြင်း ဖြစ်သည်။

ကမ္ဘာ့အတွက်ကတော့ ဘယ်လိုကျောင်းပဲတက်တက် ဘယ်လိုဘွဲ့မျိုးပဲ ယူယူ ဒါဟာ သူ့အတွက် အလကားပဲနင်း ရထားတဲ့ လောကရဲ့အခွင့်အရေးတွေ ဖြစ်နေတာမို့ ကြုံကြိုက်လာတဲ့ ဘယ်လိုအခွင့်အရေးကိုမဆို ကြည်ဖြူကျေနပ်စွာ လက်ခံရမည်သာ။

ကျောင်းသားကျောင်းသူတွေရဲ့အကြည့်တွေက ပြိုင်ကား လှလှလေးတွေနဲ့ ကျောင်းလာတက်သော မိုးဖျားနှင့် ကမ္ဘာထံသို့ အကြည့်တွေ စုပြုံရောက်လာကြသည်။

မိုးဖျားရဲ့စတိုင်လ်က တကယ့်ကို မင်းသားတစ်ယောက်လို ကြွကြွရွရွလေး၊ စပို့ရှပ် မိုးပြာနုနုလေးကို အောက်က စတိုင် ဘောင်းဘီဖြူဖြူလေးနှင့် ရှူးဖိနပ် အနက်ရောင်က ပြောင်လဲ့နေ၏။ သူ့ရဲ့မျက်နှာကြည်ကြည်သန့်သန့်လေးနှင့် ဖက်ရှင်ကျကျ လိုက်ဖက်လွန်းပါ၏။ တကယ့်ကို Gentle Man ပုံစံလေး။

ကမ္ဘာမြေကျတော့ ဝတ်ပုံစားပုံက မိုးဖျားလောက် ဖွေးနု ကြည်သန့်မနေပေမယ့် ယောကျ်ားပီသသော မျက်နှာချောချောနှင့် တောင့်တင်းသော ခန္ဓာကိုယ် အချိုးအစားနှင့် လိုက်ဖက်စွာ အဖြူခံပေါ်မှ အပွင့်နီနီရဲရဲတွေဖြင့် ဒီဇိုင်းဖောက်ထားသော အော်တာရှပ်ကို ကော်လံထောင်ဝတ်ထားပြီး သက္ကလတ် ဘောင်းဘီအပျော့ကို





သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး ပေါ့ပေါ့ပါးပါးနှင့် တကယ့်ကို Free Style လေး။

အနားမှ ဖြတ်သွားသော ကျောင်းသူအုပ်စုတွေက သူတို့နှစ်ယောက်ရဲ့စတိုင်လ်ကို တမေ့တမော ငေးယူကာ အချင်းချင်း တီးတိုးပြောဆိုကာ တခစ်ခစ်ဖြင့် ရယ်သွားကြသေး၏။

မိုးဖျားရော ကမ္ဘာရော ထိုနေ့တစ်နေ့ရဲ့ စာသင်ချိန်ကို ဆရာဆရာမများနှင့် ပထမနှစ် ကျောင်းသားများ စတင်မိတ်ဆက် ရုံလောက်နဲ့တင် စာသင်ချိန် သိပ်မရှိလိုက်ဘဲ တစ်နေ့တာ ကုန်ဆုံးခဲ့၏။

အိမ်ပြန်ရောက်တော့ မိုးဖျားက ကားသော့ကို သူ့ကုတင်နားက မှန်တင်ခုံပေါ် ပစ်တင်လိုက်သည်။

"တက္ကသိုလ်ဆိုတာကြီးကလည်း ပျင်းစရာကြီးကွာ၊ ဘာမှလည်း ပျော်စရာ မကောင်းဘူး"

ညည်းတွားရင်း ကုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ကမ္ဘာက မိုးဖျားရဲ့ဘေးနား ဝင်ထိုင်လိုက်ပြီး. . .

"ဒီနေ့မှ အစပဲ ရှိသေးတာလေကွာ၊ နောက်ရက်တွေကျတော့ သူငယ်ချင်းအသစ်တွေနဲ့ တွေ့ပြီး ပျော်စရာလေးတွေ ရှာတွေ့မှာပါ. . . အဟား. . . ကွန်ပျူတာ တက္ကသိုလ်က ကောင်မလေးတွေလဲ လှပါတယ်ကွ"

ကမ္ဘာ့ရဲ့ရှတ်နောက်နောက် ပြောလိုက်သောစကားကြောင့် မိုးဖျား မျက်ခုံးနှစ်ဖက်ကို တွန့်ကွေးသွားအောင် မျက်မှောင်ကြုတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာနော်. . . တက္ကသိုလ်တက်မယ် ကြံကာရှိသေးတယ်၊ ကောင်မလေးတွေအကြောင်းက စကားထဲမှာ ပါလာပြီ"

"ငါက အမှန်မြင်ခဲ့တာကို ပြောတာ၊ မင်းလည်း မတွေ့ခဲ့ဘူးလား"

"တွေ့သားပဲ. . . မင်းပြောသလောက် စိတ်ဝင်စားစရာ မကောင်းပါဘူး၊ ဒါပဲနော်. . . မင်း ခြေရှုပ်မယ်ဆိုရင်တော့ ငါက လုံးဝ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး. . . အတည်ပြောတာ"

"ပြီးတော့ ကျောင်းမှာ မင်းနဲ့ငါအပြင် ဘယ်လိုအပေါင်းအသင်းမျိုးကိုမှ ငါ လက်မခံဘူး၊ မိုးဖျားထက်ဘုံဘဝမှာ ကမ္ဘာရှိရင် ပြည့်စုံသလို ကမ္ဘာမြေရဲ့ဘဝမှာလည်း မိုးဖျားထက်ဘုံ ရှိရင် အရာအားလုံး ပြည့်စုံရမယ်၊ ဘယ်လိုသူငယ်ချင်း အပေါင်းအသင်းမှ ငါတို့နှစ်ယောက် ဘဝထဲကို အဝင်မခံနိုင်ဘူး"

ကမ္ဘာက မိုးဖျားရဲ့ဘဝကို အလိုမကျဟန်ဖြင့် ခပ်တိုးတိုး ကြိတ်ကာဖြင့်. . .

"အေးပါ. . . မင်းရင်ဘတ်ထဲကို မိန်းမတစ်ယောက်ရဲ့ အလှတရားနဲ့ ညို့ငင်အားတွေ သူ့အလိုလို ဝင်လာတော့မှ အဲဒီစကားတွေက မီးခိုးငွေ့တွေလို လေထဲမှာ ပျောက်ကွယ်သွားလိမ့်မယ်၊ ခုတော့ အပြောကြီးထားဦးပေါ့ကွာ၊ ငါကတော့ သူငယ်ချင်း အပေါင်းအသင်းဆိုတာကို သိပ်ခုံမင်တတ်တဲ့သူ မဟုတ်တော့ အပေါင်းအသင်း ချစ်သူမထားလဲ ရသေးတယ်၊ သိပ်ပြီး ရှော့ခ်မရှိဘူး"

ဟု ပြောပြီး မိုးဖျားကို လက်မောင်းမှ ဆွဲထူလိုက်ပြီး. . .

"ကဲ. . ထ. . ရေချိုးကြမယ်၊ အောက်မှာ ကားသံကြား





တယ်၊ ဖေဖေတို့ မေမေတို့ ပြန်ရောက်ပြီ ထင်တယ်"

မိုးဖျားက ကမ္ဘာ့ကို အားပြုကာ ထလိုက်ပြီး ကမ္ဘာ့ရှေ့မှာ မျက်နှာချင်းဆိုင် ရပ်ကာ လက်နှစ်ဖက်ကို အပေါ်သို့ ဆန့်လိုက်သည်။

ကမ္ဘာက မိုးဖျားရဲ့အင်္ကျီကို ခေါင်းမှ ဆွဲလှန်ချွတ်ယူလိုက်သည်။

ဒီအလုပ်က မိုးဖျားရေချိုးတိုင်း ကမ္ဘာ လုပ်ပေးနေကျ လုပ်ရိုးလုပ်စဉ်လေးတစ်ခုဖြစ်သည်။

မိုးဖျားက မျက်နှာလေး မော့ကာ ခပ်ပြုံးပြုံးလေးဖြင့် မျက်လုံးလေး စုံမှိတ်ထား၏။ မိုးဖျားရဲ့အမူအကျင့်တွေက ငယ်ငယ်တုန်းကအတိုင်း ဘာမှ မပြောင်းလဲသေး၊ ကမ္ဘာ့အပေါ်မှာ ထားရှိသော မိုးဖျားရဲ့စိတ်ထားတွေက ကမ္ဘာ့ကို နိုင်ထက်စီးနင်းဆန်သော အပြုအမူမျိုးဟု ပြော၍မရသလို. . .

လူတစ်ဖက်သားရဲ့ အထူးသဖြင့် ကမ္ဘာ့ရဲ့အပြုစု အယုယကို ခံချင်သော ဆန္ဒတွေကလည်း ဘယ်သောအခါမှ မိုးဖျားရဲ့ရင်ထဲမှာ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်။

ဒါဟာ ကမ္ဘာနဲ့ပတ်သက်ရင် အတောမသတ်နိုင်တဲ့ မိုးဖျားရဲ့လောဘတွေပဲလေ။

ရေချိုးခန်း ဝင်တော့ ရေချိုးကန်ကြီးထဲမှာ နှစ်ယောက်စလုံး ဝင်စိမ်နေကြပြီး သီချင်းခပ်တိုးတိုး ဖွင့်ထားကာ ဖိမ်ယူနေ၏။

"ကမ္ဘာ. ."

"အင်း. ."

"ငါနဲ့ နေရတာ မင်းပျော်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ရဲ့အကြည့်တွေက မျက်နှာချင်းဆိုင်မှာ ထိုင်ကာ ရေစိမ်နေသော မိုးဖျားဆီ ရောက်သွားပြီး ပြုံးလိုက်သည်။

ထိုအပြုံးသည် မျက်လုံးအရိပ်မှာပါ လာရောက်ထင်ဟပ်နေသည်ဟု မိုးဖျားစိတ်က ထင်မိ၏။

ပြီးတော့ ကမ္ဘာက ခပ်တိုးတိုးလေး ရယ်လိုက်ပြီး. . .

"ငါ့ဘဝမှာ မင်းနဲ့ အတူနေခဲ့တဲ့ ကာလတစ်လျှောက်လုံး စိတ်ညစ်ခဲ့တယ်ဆိုတာ ရှိမှ မရှိခဲ့ဘဲ၊ ဒီမိသားစုရဲ့ဘဝထဲကို မဝင်ခင် ငါ့ရဲ့ဘဝခါးခါးတွေထဲက တိမ်မြုပ်ပျောက်ကွယ်သွားတဲ့ ငါ့အဖိုးကို တစ်ခါတစ်ရံ သတိရ လွမ်းဆွတ်မိတာက လွဲလို့ ကျန်တာတွေ အားလုံး OK ပဲလေ"

"ငါလည်း မင်းလိုပဲ ကမ္ဘာ၊ မင်း ငါ့ဘဝထဲကို ဝင်မလာခင်က ငါ ဘယ်လောက် အထီးကျန်ခဲ့သလဲ၊ ထည်ဝါမှုတွေကြားထဲမှာ ငါ့ရဲ့စိတ်တွေကို မွန်းကြပ်ပိတ်လှောင်ထားခြင်း ခံခဲ့ရတယ်၊ မင်း ငါ့ဘဝထဲကို ဝင်လာမှ ငါ့ရဲ့ပျော်ရွှင်မှုတွေ နိုးကြားတက်ကြွလာတာကွ၊ အဲဒီအတွက် မင်းကို ငါ ကျေးဇူးတင်တယ်"

"တကယ်တော့ ငါက ငါ့မှာ ရှိတဲ့ စည်းစိမ်တွေထဲက နည်းနည်းလေးပဲ မင်းကို ပေးလိုက်ရတာပါ၊ မင်းကသာ ငါ့အတွက် တစ်ဘဝလုံးစာ ပေးဆပ်လိုက်ရတယ်လို့ ငါ သဘောထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ခန္ဓာနဲ့ ငါ့ရဲ့စိတ်အတိုင်း ငါ့ဘေးမှာ နေပေးလို့ပေါ့"

မိုးဖျားသည် ကမ္ဘာကို စူးစိုက်ကြည့်လိုက်ပြီး. . .

"ဘယ်လိုလဲ ကမ္ဘာ၊ မင်း ငါ့ဘဝထဲမှာ ငါနဲ့အတူ ငါသေတဲ့အထိ နေသွားနိုင်မလား"





ကမ္ဘာက ရေချိုးကန်ထဲမှ ထကာ ရေပန်းခလုတ်ကို ဖွင့်ပြီး ရေကို တဝကြီး ချိုးလိုက်သည်။ ပြီးမှ မိုးဖျားအမေးကို ဖြေဖို့ အားယူလိုက်သည်။

"မင်းပြောသလိုပဲ ငါ့ခန္ဓာကြီးကို ငါပိုင်တယ်ဆိုပေမယ့် ငါ့ရဲ့အတွေးစိတ်ကူးတွေက မင်းရဲ့စေစားရာအတိုင်း လိုက်ရတဲ့ ကကြိုးရုပ်တစ်ခုပဲ၊ မင်း ခွင့်ပြုသလောက် မင်းရဲ့ဘဝထဲမှာ နေမှာပါ"

ကမ္ဘာ့စကားကြောင့် မျက်လုံးလေးများ မှေးစင်းသွားသည်အထိ သဘောတကျ ရယ်လိုက်ပါသည်။

မိုးဖျားရဲ့ရယ်သံတွေထဲမှာ ကြည်နူးခြင်း ကျေနပ်ခြင်းတွေက တိုးသဲ့သဲ့ စီးဆင်းနေ၏။

"ကဲ. . . တော်တော့လေ"

ရေကို ဇိမ်ခံပြီး စိမ်နေသော မိုးဖျားကို ကမ္ဘာက တော်ခိုင်းလိုက်သည်။ ကမ္ဘာက တော်တော့လေဟု မပြောမချင်း မိုးဖျားက ရေချိုးကန်ထဲက ထွက်ခွာမှာမဟုတ်။

"ပြီးပါပြီကွာ"

မိုးဖျား ရေပန်းအောက်ထဲ ဝင်လိုက်ပြီး ရေချိုးလိုက်သည်။ ပြီးသည်နှင့်. . .

ကမ္ဘာ လှမ်းပေးသော မွေးပွသဘက်ကြီးကို ခါးမှ ပတ်လိုက်သည်။

နှစ်ယောက်သား ရေချိုးခန်းထဲမှ အတူ ထွက်လာကြသည်။

အဝတ်အစား ဝတ်ပြီးတာနှင့် အောက်ထပ်ကို ဆင်းလာခဲ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်မိုး. . . ဒီည ဘာအစီအစဉ်ရှိလဲ"

"ဘာမှတော့ အစီအစဉ် မရှိဘူး ထင်တယ် လူလေးရဲ့၊ ဒီည ဒင်နာကို အိမ်မှာပဲ စားဖြစ်ကြမယ်ထင်တယ်"

မိုးဖျား ခေါင်းခါပြလိုက်သည်။

ဖေဖေ အခန်းထဲမှ ထွက်လာ၏။

"သား မိုးဖျားနဲ့ကမ္ဘာ ဒီည နှစ်ယောက်စလုံး ဘယ်မှ မထွက်ကြနဲ့နော်၊ ဖေဖေ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်း မိသားစုကို ဒင်နာဖိတ်ထားတယ်"

"ဘယ်သူတွေလဲ ဖေဖေ"

ထက်ဘုံ အထွန့်တက်ပြီး မေးလိုက်သည်။

"ဖေဖေနဲ့ မေမေရဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပေါ့၊ သားတို့တော့ သိမှာမဟုတ်ဘူး၊ သူတို့က မိုးကုတ်က ပြောင်းလာတာ သုံးလေးလလောက်ပဲ ရှိသေးတယ်၊ ဟိုဘက်ခြံကို ပြောင်းလာတဲ့ လူသစ်တွေဆိုတာ ဖေဖေ့ရဲ့ သူငယ်ချင်းတွေပေါ့"

ဖေဖေက ရှည်ရှည်ဝေးဝေး ရှင်းပြနေ၏။

မိုးဖျားက သူသီချင်တာတွေကို ထပ်ပြီးစပ်စုနေပြန်၏။

"ဟင်. . . ဖေဖေပြောတော့ ပြောင်းလာတာ သုံးလေးလ ရှိပြီဆိုပြီး ဟိုဘက်ခြံကို ပြောင်းလာတဲ့ မိသားစုက မနေ့တစ်နေ့ကမှ ပြောင်းလာကြပြီးတော့ဗျာ"

မေမေပါ ဧည့်ခန်းထဲ ဝင်လာသည်။

မေမေ့ပုံစံက ရေချိုးပြီးစ ထင်သည်။ ပါးပေါ်မှာ တင်ထားသော သနပ်ခါးပင် သိပ်ပြီးမခြောက်ချင်သေးဘဲ စိုဖန့်ဖန့်လေးနှင့် ရှင်းသန့်ကြည်လင်လို့နေ၏။





မိုးဖျားအမေးကို မေမေက ဆက်ရှင်းပြ၏။

"ဟုတ်တယ် သားရဲ့၊ ဟိုဘက်အိမ်ကြီးကို မပြောင်းလာခင် တုန်းက သူတို့စိတ်ကြိုက် အိမ်ဝယ်ဖို့ မတွေ့သေးတာနဲ့ (၁၀)မိုင်ကုန်းက ခြံမှာ နေကြတာလေ"

"ခုတော့ အိမ်က ရောင်းမယ်ဆိုတာနဲ့ ဈေးဆိုင်ပြီး ဝယ် လိုက်ကြတာလေ၊ အေမီတို့က အဲဒီအိမ်ကြီးကို ဝယ်ပြီး သဘောကျ နေတာ သားရဲ့၊ မေမေတို့နဲ့လဲ နီးသွားတော့ သူတို့ ပိုပြီးအားရှိသွား တယ်နဲ့ တူပါရဲ့"

အန်ကယ်နောင် အိမ်ကြီးထဲ ဝင်လာပြီး ဖေဖေနဲ့ မေမေထံ သို့ ဧည့်သည်တွေ လာနေကြောင်း သတင်းပို့၏။

"သခင်ကြီး. . . ဧည့်သည်တွေ ခြံဝရောက်နေပါပြီ"

ဧည့်သည်တွေ ရောက်နေပြီဆို၍ ဖေဖေရော မေမေရော အိမ်ဝမှာ ထွက်၍ကြိုနေကြ၏။ ထက်ဘုံနဲ့ ကမ္ဘာမှာသာ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်လိုဧည့်သည်တွေများ ဖြစ်မလဲဆိုသည့် အထာများဖြင့် ပြုံးကာ ပခုံးတွန့်လိုက်ကြသည်။

"လာကြ. . လာကြ. . ခုပဲ မင်းတို့အကြောင်း ပြောနေကြ တာကွ"

ဖေဖေနှင့် ရွယ်တူအန်ကယ်ကြီးကို ဖေဖေက ရင်းနှီး ဖော်ရွေလှုန်းစွာဖြင့် ပခုံးလှမ်းဖက်လိုက်သည်။

အန်ကယ်ကြီးရဲ့နောက်မှာတော့ မေမေနှင့်ရွယ်တူ အမျိုး သမီးကြီးတစ်ယောက်။ ပြီးတော့ မိုးဖျားတို့အရွယ် ကောင်မလေး တစ်ယောက်။

မေမေက ထိုအန်တီကြီးကို တရင်းတနှီးဖြင့် စကားတွေ


www.burmeseclassic.com

www.burmeseclassic.com



ဖောင်ဖွဲ့အောင် ပြောနေ၏။

"အေမီရယ်. . . ဒီခြံကြီးကို မင်းတို့မိသားစု ဝယ်လိုက်တယ်ဆိုတော့လေ ကိုယ် ဘယ်လို ဝမ်းသာမှန်းကို မသိဘူး၊ တို့တတွေ ရှေးရေစက်တွေ မကုန်ကြသေးဘူးကွ သိလား၊ အဟင်း. . . ဟင်း. . ဟင်း. . ဟင်း"

"လာ. . . သမီးလေး၊ ကြည့်စမ်းပါအုံး. . . သမီးလေးကလည်း လှလိုက်တာကွယ်၊ ကြွေရုပ်ကလေး ကျနေတာပဲ"

ဟု ချီးမွမ်းပြီး မိုးဖျားနှင့် ကမ္ဘာဖက်ကို လှည့်ပြီး. . .

"ဒါ ကိုယ့်သားတွေလေ အေမီရဲ့. . . ကြည့်ပါအုံး၊ မချောဘူးလားဟင်"

ဒေါ်အေမီက ရယ်ခြင်းကို အစွမ်းကုန် လုပ်လိုက်ပြီး မိုးဖျားတို့ဘက်ကို ဝေ့ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် မေမေကျေနပ်အောင် ပြောပေးရှာ၏။

"ချောတာပေါ့ နန်းရယ်၊ နန်းရော ကိုအာကာရောက ချောပြီးသားတွေဆိုတော့ ဒီသားတွေကရော မချောဘဲ နေပါတော့မလား"

ထိုအန်တီကြီးရဲ့စကားကြောင့် မေမေ့မှာ အတော်ကိုသဘောတွေ့နေရှာသည်။

မေမေ့အနားတွင် ရပ်နေသော ကောင်မလေးမှာ ဖြောင့်စင်း အိတွဲကျနေသော ဆံပင်တွေကို ကျောလယ်မှာ ဝဲခါနေအောင် မျက်နှာလေးကိုပင် မော့လိုက်ပြီး မိုးဖျားနဲ့ ကမ္ဘာ ရှိရာဘက်သို့ ဝေ့ကြည့်၏။

ပြီးတော့ မထီသလိုပုံစံ မျက်နှာပေးလေးဖြင့် ဆတ်ခနဲ





ပြန်လှည့်သွားသည်။

မိုးဖျားက ထိုကောင်မလေးကို မျက်လုံးဖြင့်ပင် ဝေ့ကြည့်ပုံမပေါ်။

ကမ္ဘာ့မှာသာ ထိုကောင်မလေးကို ကြည့်ပြီး တစ်နေရာမှာ မြင်ဖူးနေသလို စိတ်က ထင်နေမိ၏။

ကမ္ဘာ အတွေးဖြင့် မဆုံးသေး။ ဖေဖေနှင့်မေမေက ဧည့်သည်တွေကို ဧည့်ခန်းထဲ ခေါ်သွားကြသည်။

ဧည့်ခန်းထဲမှာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၏။

ကမ္ဘာနှင့် မိုးဖျားကတော့ ဧည့်ခန်းထဲထိ လိုက်မဝင်ဘဲ ခြံထဲမှာပင် ဂျယ်နီကလေးနှင့် ဆော့ကျန်ခဲ့၏။

ဂျယ်နီကလေးသည် ဒီဇိုင်နာမမ ချုပ်ပေးသော အကျီလှလှလေးဖြင့် ချစ်ဖို့ အလွန်ကောင်းနေ၏။

ဂျယ်နီက မိုးဖျားကိုယ်ပေါ်သို့ အတင်းကုတ်ဖွဲ့ပြီး တက်နေ၏။

"ဟာ. . . ဟော့. . . မိဂျယ် ငြိမ်ငြိမ်နေတော့ကွာ၊ ငါမောလာပြီဟ"

မိုးဖျား ဘယ်လိုတားတား ဂျယ်နီကတော့ လျှာလေး ထုတ်ကာ တဟဲဟဲဖြင့် မိုးဖျားပေါ်ကိုသာ ကုတ်တွယ်ပြီး တက်ဖို့ ကြိုးစားနေ၏။

ဂျယ်နီနဲ့ မိုးဖျားတို့ လုံးထွေးနေပုံကို ကြည့်ပြီး ကမ္ဘာက မိုးဖျားကို စကားပုံတစ်ခု ရွတ်ပြလိုက်၏။

"မိုးဖျား. . . မင်း ကြားဖူးလား၊ ခွေးလေးအရောဝင် ပါးလျက်နားလျက်ဆိုတာ၊ အဟား. . မင်းရဲ့ဂျယ်နီက အဲဒီစကားပုံ



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေပြီကွ"

မိုးဖျားက ဂျယ်နီကို ကောက်ယူပွေ့ချီလိုက်ပြီး. . .

"ငါက သူ့ကို ချစ်တာကိုးကွ၊ တကယ့် ငါ့ညီမလေးအတိုင်းပဲ"

"အဟင်း. . . ခစ်. . ခစ်. . ခစ်"

ရယ်သံကြောင့် ကမ္ဘာ့ရော မိုးဖျားပါ နောက်လှည့်ကြည့်လိုက်တော့ စောစောက ဧည့်သည်ကောင်မလေး။

မိုးဖျား ထိုကောင်မလေးကို လှည့်ကြည့်ရင်း မျက်နှာ ခပ်တည်တည်ဖြင့်. . .

"ဟေ့. . . ဘာရယ်တာလဲ၊ တို့တွေ ပြောနေတဲ့စကားထဲမှာ ရယ်စရာ တစ်ခွန်းမှ မပါဘူး"

ဟု ဘုတောလိုက်သည်။

ကောင်မလေး သူတို့အနားကို လျှောက်လာ၏။ မျက်နှာလေးက ဖြူဖြူနုနုလေးနှင့် ပုလဲနှစ်ရောင် သန်းနေ၏။

"ဟေ့. . . ယူ့ရဲ့ညီမလေးနာမည် ဘယ်လိုခေါ်သလဲ"

မိုးဖျားက မနှစ်မြို့သောအသံ အနည်းငယ် စွက်၍. . .

"ဂျယ်နီ"

ဟု ပြောလိုက်သည်။

ကောင်မလေးက လက်ဝါးလေးနှစ်ဖက်ကို ထွေးဆုပ်လိုက်ပြီး ခေါင်းလေးကို ငုံ့ကာ မခို့တရို့ပုံစံလေးဖြင့် ခပ်တိုးတိုး ထပ်ရယ်ပြန်သည်။

"တို့တစ်သက်မှာ လူနဲ့ခွေး သွေးသားတော်တာ တစ်ခါမှ မမြင်ဖူးဘူး၊ ကြားလဲ မကြားဖူးဘူး၊ ရှင့်နာမည်က ဂျယ်ဖြူလား"





ကောင်မလေး သူ့ကို နှိပ်ကွပ်နေပြီဆိုတာ မိုးဖျား သိလိုက်သည်။

ကမ္ဘာက မိုးဖျားကို ကောင်မလေး မထိခလုတ် ထိခလုတ် လုပ်နေသော အမူအယာနှင့် မိုးဖျားရဲ့ဒေါသတွေဖြင့် အရောင်ဆိုးထားသော ရဲရဲနီနေသော မျက်နှာကို ကြည့်ပြီး စိတ်က လွှတ်ပြီး ရယ်ချင်နေသည်။

မိုးဖျားက ကောင်မလေးကို ခပ်တည်တည် ပြန်ကြည့်ပြီး. .

"လူနဲ့ခွေး သွေးသားတော်စပ်တယ်ဆိုတာ ဖြစ်ရိုးဖြစ်စဉ်မှ မဟုတ်တာ၊ ဒါကြီးကို အမှန်တရားတစ်ခုအဖြစ် ယုံလွယ်နေတယ်ဆိုရင်တော့ အဲဒီလူက လုံးဝ သုံးစားလို့မရအောင် စိတ်ပိုင်းဆိုင်ရာမှာ ကျပ်မပြည့်တဲ့သူ၊ အတွေးအခေါ် အရမ်းနိမ့်ပါးတဲ့လူပဲ ဖြစ်ရမယ်"

ကောင်မလေးက မိုးဖျားရဲ့စကားကြောင့် မျက်နှာပျက်ယွင်းခြင်း တစိုးတစိမျှ မရှိဘဲ ဘာမှမဖြစ်သော အမူအယာဖြင့်. .

"ဟုတ်လား. . . သိပါဘူး၊ စောစောက ကြားလိုက်တာ ငါ့ညီမလေးဆိုလား ဘာလားပဲ၊ အဟင်း. . ဟင်း. . ဟင်း. . ဆောရီးနော်"

ဟု ပြောပြီး ကောင်မလေး လှည့်ထွက်မည်အပြု တစ်စုံတစ်ခုကို သတိရသွားပြီး သူတို့ဘက် ပြန်လှည့်ကာ. . .

"ယူတို့ခွေးကို ကာကွယ်ဆေး ထိုးထားရဲ့လား၊ နို့မို့ဆို သူနဲ့အတူ ယူတို့လည်း ခွေးရူးပြန်ရောဂါတွေ ဖြစ်နေအုံးမယ်၊ အဟင်း. . . ခစ်. . ခစ်. . ခစ်"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဖျားဒေါ်သတွေ အထွတ်အထိပ် ရောက်တော့မယ်၊ နည်းနည်းပဲ လိုပါတော့သည်။ ဒီမိန်းကလေး ဘယ်လိုပါလိမ့်၊ လူကို ဘလိုင်းကြီး လာထည့်နေပါလား။

သူ့ကို ပြန်ချေပရန် စကားလုံး အစရှာတုန်း ရှိသေး၏။ အန်ကယ်နောင် သူတို့အနား ရောက်လာသည်။

“ကလေးတို့. . . ညစာ စားကြရအောင်၊ သခင်ကြီးက ခေါ်ခိုင်းလိုက်ပါတယ်”

အန်ကယ်နောင့်စကားကြောင့် မိုးဖျားက ဂျယ်နီ့ကို အိမ်ရှေ့မြက်ခင်းပြင်ပေါ် ချပေးပြီး အိမ်ကြီးထဲကို ကမ္ဘာနှင့် ထိုကောင်မလေးထက် အရင်းဦးဆုံး ဝင်လာလိုက်၏။

ထမင်းစားခန်းထဲ ရောက်နေသော လူကြီးတွေအားလုံးက သူတို့သုံးယောက်ကို ပြုံးပြုံးရွှင်ရွှင်နှင့် ကြိုနေကြ၏။

“ကဲ. . . လာကြ သားတို့ သမီးတို့”

မေမေက ထိုကောင်မလေးကို နွေးထွေးနှစ်လိုသောအပြုံးဖြင့်. . .

“ဘယ်လိုလဲ သမီး၊ ခြံထဲမှာ ပန်းပင်တွေ အတော် စုံစုံလင်လင် တွေ့ခဲ့တယ် မဟုတ်လား”

“ဟုတ်ကဲ့ အန်တီနန်း”

ဖေဖေက သူ့သူငယ်ချင်းနှင့် စတင်မိတ်ဆက်ပေး၏။

“သားတို့ရေ. . . ဒါ ဖေဖေ့သူငယ်ချင်း ဒေါက်တာမင်းနောင်တဲ့၊ ဒီက အန်တီကတော့ ဒေါ်အေမိ၊ ဒီသမီးလေးကတော့. .”

“မယ်မဒီလင်းပါ”

ဖေဖေ့စကား မဆုံးသေးပဲ ထိုကောင်မလေးက သူ့ကိုယ်





သူ စတင်မိတ်ဆက်၏။

“အေး. . . ဟုတ်တယ်ကွဲ့၊ အခု သမီးလေးက ဆေးကျောင်း ဒုတိယနှစ် တက်နေတယ်၊ ခြံချင်းကလည်း ကပ်နေပြီဆိုတော့ မင်းတို့ လူငယ်အချင်းချင်း အဖော်ရတာပေါ့ကွယ်၊ ဖေဖေတို့ လူကြီးတွေကလည်း ကိုယ့်အလုပ် ကိုယ့်တာဝန်တွေနဲ့ဆိုတော့ သားသမီးတွေကို သိပ်ပြီးဂရုမစိုက်နိုင်ကြဘူး”

“ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ကူညီဖေးမပြီး ရင်းရင်းနှီးနှီး နေကြပေါ့ကွာ”

ဖေဖေ့စကားဆုံးတော့ ကမ္ဘာနှင့် မိုးဖျားက ထိုကောင်မလေးကို လှမ်းကြည့်လိုက်သည်။

မယ်မဒီလင်းကတော့ သူတို့ကို မကြည့်ဘဲ. . .

“ဟုတ်ကဲ့. . . စိတ်ချ အန်ကယ်၊ မယ်ကလေး . ညီအစ်ကိုမောင်နှမ မွေးချင်းမရှိတော့ အဖော်သိပ်မင်တာ၊ သူတို့ကို မယ်က ကိုယ့်မောင်လေးတွေလို သဘောထားပါ့မယ်၊ အဟင်း. . . ဟင်း”

သူမစကားကြောင့် မိုးဖျားရော ကမ္ဘာရော အောင့်သက်သက် ဖြစ်သွားသည်။

သူက အစ်မကြီး လုပ်ချင်နေသေးတယ်။

အမှန်ဆို မိုးဖျားတို့လည်း သူနဲ့ အတန်းတူ ရောက်ပါတယ်၊ ကမ္ဘာ့ကို အိမ်စခေါ် လာတဲ့နှစ်က တမင်တကာ စာမေးပွဲကို အကျခံပြီး ဖြေလိုက်လို့ ကမ္ဘာရော မိုးဖျားရော အတူတူပင် တစ်နှစ်အောက်သွားတာ၊ နို့မို့ဆို မိုးဖျားတို့လည်း ဟွန်ပျူတာတက္ကသိုလ်မှာ Second Year လောက်တော့ ရောက်နေပါပြီ၊ ဒါကိုများ သူ့ထက်တစ်နှစ်ငယ်ကြတယ်ဆိုပြီး အစ်မကြီး လုပ်ချင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com

အန်ကယ် ဦးမင်းနောင်က မိုးဖျားတို့ကို ခပ်ပြုံးပြုံး ကြည့်လိုက်ပြီး. . .

"အာကာ့သားတွေက အချောတွေပဲကွ၊ မင်း ငယ်ငယ်တုန်းကထက်တောင် ပိုပြီးချောသေးတယ်၊ ဟုတ်တယ်နော် အေမီ"

သူ့ဇနီးဘက်ကို လှည့်ပြီး အတိုင်အဖောက် ညှိသေး၏။

"ဟုတ်တယ် ကိုနောင်ရဲ့၊ နန်းတို့ကို ကြည့်ပြီး အေမီ အရမ်းအားကျတာပဲ၊ သားလေးက နှစ်ယောက်တောင်၊ အေမီက သားလေး သိပ်လိုချင်တာ နန်းရဲ့၊ အဟင်း. . . ဟင်း. . . ဟင်း"

"ဒါဆိုလည်း ကိုယ့်သားတွေကို မင်းရဲ့သားတွေလို သဘောထားလိုက်ပေါ့ကွာ. . . မဟုတ်ဘူးလား"

မေမေ့စကားကြောင့် ဒေါ်အေမီ ဝမ်းသာသွားသော မျက်နှာဖြင့်. . .

"တကယ်နော်"

ဟု ပြောသည်။

"တကယ်. . . တကယ်. . . ကိုယ်ကလည်း အေမီ့သမီးလေးကို ကိုယ့်သမီးလေးလို သဘောထားလိုက်မယ်လေ၊ OK တယ်မို့လား"

"အို. . . ဘာလို့ မအိုကေရမှာလဲ နန်းရယ်"

ဦးထက်အာကာက ထမင်းစားဖို့ စတင်ဆော်ဩလိုက်သည်။

"ထမင်းစားကြရအောင်. . . နောက်မှပဲ သားရေးသမီးရေး အပေးအယူ လုပ်ကြရအောင်ကွ၊ ဟင်းတွေ အေးကုန်လိမ့်မယ်"

ဦးထက်အာကာ ပြောမှ အားလုံး ထမင်းဝိုင်းသို့ အာရုံ





ရောက်သွားကြသည်။

ထိုညနေခင်းလေးတွင် မိုးဖျားသည် သူ အမြင်ကတ်သော ကောင်မလေးတစ်ယောက်နှင့် ထမင်းအတူစားလိုက်ရ၍ ထိုထမင်းဝိုင်းလေးသည် သူ့အတွက် အမိပ္ပါယ်မဲ့လွန်းသည်ဟု တွေးလိုက်မိပါသည်။

ထိုကောင်မလေးက ထမင်းစားနေရင်းမှ မိုးဖျားနှင့် ကမ္ဘာထံသို့ မကြာမကြာ မျက်လုံးဝေ့ကြည့်တတ်သည်။

ဖေဖေနှင့် မေမေကလည်း ထိုကောင်မလေးကို အလွန်အရေးပေးလွန်းအားကြီး၏။

မိုးဖျားပင် မျက်စိစပါးမွေး စူးလွန်းလာ၏။

စကားကလည်း ပြောလိုက်တာ သူမအသံချည်းပဲ၊ သာလိကာနှင့် စပ်ပြီး မွေးထားသလားဟုပင် ထင်ရ၏။

ထမင်းစားနေရင်းမှ ကမ္ဘာခြေထောက်ကို မိုးဖျားက သူ့ခြေထောက်နှင့် လှမ်းတို့လိုက်၏။

ကမ္ဘာက မိုးဖျားကို ထမင်းငုံ့စားနေရင်းမှ ဘာလဲဟူသော အမေးဖြင့် ကြည့်လိုက်သည်။

မိုးဖျားက မြန်မြန်စားဟု မျက်စပစ်ပြလိုက်သည်။

စားပြီးတာနှင့် မိုးဖျားက ကမ္ဘာလက်ကို ဆွဲပြီး ထမင်းစားခန်းထဲမှ ထွက်ခဲ့လိုက်သည်။

ကမ္ဘာ့မှာ မိုးဖျားဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့် လိုက်ပါလာရသည်။

အားနာသောအကြည့်ဖြင့် ထိုကောင်မလေးကို ကြည့်ခဲ့သေးသည်ကိုတော့ မိုးဖျား လုံးဝ မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးဖျားကတော့ ထိုညနေခင်းလေးသည် ထိုကောင်မလေးရဲ့ ရဲတင်းမှုတွေကြောင့် အကျည်းတန်လွန်းသွားတယ်ဟု ကမ္ဘာကို ပြောပါသည်။

မိုးဖျားထက်ဘုံဆိုတာ မိန်းကလေးတွေနှင့် အကျွမ်းတဝင်မရင်းနှီးချင်သော ကောင်လေးတစ်ယောက်ပင် ဖြစ်ပါသည်။









# အပိုင်းခွဲ(၃)

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ပခုံးထက်မှာ တင်ထားသောတယောကို ခုံတန်းပေါ် တင်ပြီး လက်ခုပ်တီးသံကြောင့် ကမ္ဘာ အနောက်ကို လှည့်ကြည့်လိုက်သည်။

"ဟင်. . . မယ်မဒီ"

"အရမ်းကို နားထောင်လို့ကောင်းတယ် ကမ္ဘာ၊ အရမ်းလဲ ကြည်နူးစရာကောင်းတယ်၊ မယ်လေ. . . ရှင့်တယောသံကို အမြဲက



www.burmeseclassic.com

www.burmeseclassic.com



နေ အမြဲနားထောင်နေကျ၊ ဒီနေ့ ရှင့်အနားမှာ မိုးဖျားထက်ဘုံ ရှိမနေတာကို တွေ့လိုက်လို့ ဆင်းလာတာ၊ သူ ဘယ်သွားလဲ"

ကိုယ့်အနားမှာ ဝင်ထိုင်လိုက်သဖြင့် ကိုယ်လေးကို တစ်ဖက်သို့ အလိုက်သင့် တိုးထိုင်ပေးလိုက်ရင်း. . .

"မေမေနဲ့ ပါတီပွဲတစ်ခုကို လိုက်သွားတယ်"

"ရှင်ကရော. . . ဘာလို့ လိုက်မသွားတာလဲ"

"ကိုယ်က လူများတဲ့နေရာတွေကို သွားတဲ့အကျင့် သိပ်မရှိဘူး၊ ခုတောင် မနည်း တောင်းတောင်းပန်ပန် ပြောပြီး နေခဲ့ရတာ"

သူမက ခုံတန်းလေးမှာ ထိုင်နေရင်း ခြေထောက်ကလေးနှစ်ချောင်းကို ထပ်ပြီးထိုင်လိုက်သည်။

"ရှင်က သူ့ကို သိပ်ပြီးအလိုလိုက်တာပဲနော်၊ ရှင့်အပေါ်သူက သိပ်ပြီးလွှမ်းမိုးနိုင်လွန်းတယ်လို့ မယ်တော့ ထင်တယ်"

ကမ္ဘာက မယ့်စကားကြောင့် ခေါင်းငုံ့ကာ မယ် မမြင်အောင် ပြုံးလိုက်သည်။ သို့သော် သူ့အပြုံးကို မယ် မြင်ဖြစ်အောင် မြင်လိုက်ပါသည်။

"ဒါဟာ ကိုယ်တို့နှစ်ယောက်ကြားထဲက ညီမျှခြင်း ချထားတဲ့အပေးအယူတစ်ခုပဲ၊ အဲဒီအတွက် ကိုယ်က ကျေနပ်နေရမှာပဲလေ၊ အင်း. . . နေအုံး၊ မင်းကို ကိုယ် ပြောစရာတစ်ခု ရှိတယ်"

မယ်မဒီက ကော့နက်သောမျက်တောင်ရှည်များကို ဖျတ်ခနဲ ပင့်တက်ကာ. . .

"ပြောလေ. . . ဘာပြောမလို့လဲ"

"မင်းနဲ့ကိုယ် အရင်က တစ်နေရာမှာ ဆုံဖူးကြတယ်နော်၊ မင်းမှတ်မိလား"





သူမ နှုတ်ခမ်းလုံးလုံးလေးက ပြုံးယောင်သမ်းသွားပြီး. . .

"ဒီမေးခွန်းကို ခုမှ မေးရသလား ကမ္ဘာရယ်၊ မယ်ကလေ ရှင့်ကို စတွေ့တဲ့နေ့ကတည်းက မယ့်ရဲ့ Foot Chain လေးကို ပြန်တောင်းချင်နေတာ၊ ဘယ်နှယ့်လဲ. . . ရှိရောရှိသေးရဲ့လား"

"ရှိပါတယ်"

"ဒါဆို ရှင့်ဆီက ငါးထောင်နဲ့ ပြန်ရွေးမယ်လေ"

"မလိုပါဘူး မယ်ရယ်၊ ငွေငါးထောင် မပေးလဲ ကိုယ်က မယ့်ကို ပြန်ပေးမှာပါ၊ ကိုယ်တို့ တွေ့ကြတုန်းက မယ့်ရဲ့ဆံပင်တွေက တွန့်လိမ်ကောက်ကွေးနေတာပဲနော်"

မယ်က သူ့အပြောကြောင့် ခပ်လွင်လွင်လေး ရယ်ပြီး. . .

"ရှင် တော်တော်တုံးသေးတာပဲ၊ ရန်ကုန်မြို့ပေါ်မှာ ဆံပင်ပုံစံဆိုတာ တစ်ရေးနိုးတာတောင် ကိုယ်လိုချင်တဲ့ပုံစံ ချက်ချင်း ထပြောင်းလို့ရတယ်လေ"

"အင်း. . . ဒါလဲ ဟုတ်တာပဲ"

ဟု ပြောပြီး မယ်မဒီကို မရဲတရဲလေး စိုက်ကြည့်လိုက်၏။

မယ်ကလဲ ကမ္ဘာ့ကို ပြန်ကြည့်ကာ နှစ်ယောက်သား ပြိုင်တူ ရယ်လိုက်ကြသည်။

"လူလေးရေ. . . မိုးဖျားဆီက ဖုန်းလာနေတယ်"

"ဟုတ်ကဲ့ အန်ကယ်လ်မိုး"

အန်ကယ်လ်မိုး လှမ်းပေးသော ကမ္ဘာ့ရဲ့ဟမ်းဖုန်းလေးကို လှမ်းယူလိုက်ပြီး. . .

"ဟဲ့လို"

"ကမ္ဘာ. . . တော်တော်သာယာနေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

မိုးဖျားရဲ့စကားက ဘာကိုဆိုလိုမှန်း သူ မစဉ်းစားမိသေး။

"မင်းဘေးမှာ မယ်မဒီ ရှိနေလို့လေ"

ကမ္ဘာ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ဘာမှမဆိုင်ဘူး. . . ဟော့ကောင်. . . မင်း ၂ ဝင်မနေနဲ့"

"အေးပါ. . . ထားလိုက်ပါတော့၊ ငါ အခုပြန်လာပြီ. . . လမ်းမှာ၊ မင်းအိပ်နေပြီဆိုပြီး ဖုန်းခေါ်လိုက်တာ၊ ဒါပဲ. . . ဒါပဲ"

တစ်ဖက်မှ ဖုန်းပိတ်သွားသဖြင့် ကမ္ဘာလဲ ဖုန်းကို ပိတ်လိုက်ပြီး သက်ပြင်းငွေ့ငွေ့လေး ချလိုက်သည်။

ပြီးနောက် မယ်မဒီဘက်ကို လှည့်ပြီးရယ်လိုက်သည်။

"အဟဲ. . . မိုးဖျား ပြန်လာပြီတဲ့၊ မင်းရော. . . သူနဲ့ တွေ့အုံးမလား"

ဒါဟာ မယ်မဒီကို လိမ္မာပါးနပ်စွာ နှင်လိုက်ခြင်းဖြစ်သည်။

မယ်မဒီက မျက်ဝန်းကလေး ဒေါင့်ကပ်ကာ မဲ့ပြပြီး ပခုံးလေးကို ဟန်ပါပါ တွန့်လိုက်သည်။

"နိုး. . . မတွေ့တော့ဘူး၊ သူနဲ့ ရန်ဖြစ်ရတာ ပျင်းစရာကြီး၊ ပျော်စရာ လုံးဝမကောင်းဘူး၊ ကဲ. . . မယ် လစ်ပြီ. . . ဂွတ်နိုက်"

မယ်မဒီ. . . ကမ္ဘာနားမှ လိပ်ပြာလေးတစ်ကောင်နှယ် ပေါ့ပါးသွက်လက်စွာ ထွက်သွားသည်။

သူမပုံစံလေးက ကမ္ဘာ့မျက်ဝန်းရိပ်တွင် စွဲထင်ပြီး ကျန်ရစ်ခဲ့သည်။

မယ်မဒီ ထွက်သွားပြီး သိပ်မကြာလိုက်။ မိုးဖျားတို့ကား ခြံထဲ ဝင်လာသည်။





တော်ပါသေးရဲ့. . . မယ်မဒီနဲ့ လွဲသွားလို့။

နှိမ့်ဆို ကမ္ဘာ့ကို မထိတထိနဲ့ စကားနာ ထိုးနေချေအုံးမည်။

မိုးဖျားသည် ကားပေါ်က ဆင်းတာနဲ့ ကမ္ဘာရှိရာသို့ လျှောက်လာ၏။

ဒီည မိုးဖျား အရမ်းကို သားနားနေသည်။ အနောက်တိုင်း ဝတ်စုံအဖြူစွတ်စွတ်လေးကို နက်ကတိုင် အနီရဲရဲလေးနှင့် သူ့ဟန်က အရမ်းကို တည်ကြည်ခန့်ညားလွန်းနေ၏။

"ဟိုဆရာမကြီး ပြန်သွားပြီလား"

"အင်း. . . ပြန်သွားပြီ"

မိုးဖျားရဲ့အမေးကို ဝတ္တရားဆန်ဆန် ဖြေလိုက်သည်။ မိုးဖျားမျက်နှာက ရှုတည်တည်နှင့် မယ်မဒီ လာတာကို သိပ်ပြီး သဘောမကျသောပုံ ဖြစ်သည်။

"ဘာလာလုပ်တာလဲ"

"တယောသံက နားထောင်လို့ ကောင်းတယ်ဆိုတဲ့ အကြောင်း လာပြောတာတဲ့"

မိုးဖျားမျက်နှာကို မဲ့လိုက်သည်။

"ဟင်. . . ပိုကိုပိုတယ်၊ ငါကတော့ သူ့ကို လုံးဝကို ကြည့်မရဘူး၊ မင်းလဲ သိပ်ပြီးအရောမဝင်နဲ့နော်၊ ဆေးကျောင်းသူဆိုပြီး နေရာတကာ ဆရာကြီး လုပ်ချင်တယ်"

မယ်မဒီနှင့် ပတ်သက်လျှင် နည်းနည်းလေးမှ အမြင်မကြည်လင်တတ်သော မိုးဖျားကို ကမ္ဘာက စကားစကို ဖြတ်လိုက်သည်။

"ကဲပါ. . . လာပါ. . . မင်း အဝတ်အစား လဲမယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ လာ. . . ငါတို့ အထဲဝင်ကြရအောင်”

မိုးဖျားရဲ့လက်မောင်းကို ဆွဲပြီး အိမ်ထဲကို ဝင်ခဲ့ကြ၏။ အခန်းထဲ ရောက်တော့ မိုးဖျားအတွက် အသင့်ထုတ်ပေးထားသော ညဝတ်အင်္ကျီကို ကမ္ဘာကိုယ်တိုင် လဲဝတ်ပေးလိုက်သည်။

“မင်း ကော်ဖီသောက်အုံးမလား”

မိုးဖျားက ခေါင်းခါငြင်းလိုက်ပြီး ကွန်ဖျူတာရှေ့မှာ ဝင်ထိုင်လိုက်သည်။

“ဒါဆိုလည်း အိပ်တော့လေကွာ”

“မင်းရော”

“ငါက မအိပ်ချင်သေးဘူး”

“ဒါဆို ငါလည်း မင်းအိပ်မှပဲ အိပ်တော့မယ်”

ကမ္ဘာသည် မိုးဖျားအနားမှ လျှောက်လာကာ သူတို့ရဲ့ ကုတင်ခြေရင်းရှိ မှန်တွေနဲ့ ကာရံထားသော အခန်းနံရံကြီးဆီသို့ လျှောက်လာကာ ညကောင်းကင်မှ ကြယ်တွေကို အမိပ္ပါယ်မဲ့ ငေးမောနေမိသည်။

ကမ္ဘာ့ရဲ့အတိတ်တွေနဲ့ ပစ္စုပ္ပန်တွေက ခံစားချက်တွေနဲ့ လုံးထွေးရစ်ပတ်နေကြ၏။

အတိတ်က ကျန်ခဲ့တဲ့ ခါးသီးလွန်းတဲ့မြင်ကွင်းတွေက အာရုံမှ ထပ်ခါတလဲလဲ လာရောက်ထိုးနှက်နေတုန်း. . .

နှင်းထုသော မနက်ခင်းလေးတစ်ခုမှာ အဘိုး သူ့ကို ထားခဲ့သည်။ သူကလည်း အဘိုးရဲ့ဝိညာဉ်မဲ့ခန္ဓာကိုယ်ကို ဥပေက္ခာပြုထားခဲ့ရသည်။

ပြီးတော့ မိုးဖျားရဲ့ကမ္ဘာလေးထဲကို ကြေကွဲခြင်းတွေ





ဝမ်းနည်းအားငယ်ခြင်းတွေကို ပိုက်ထွေးပြီး မျက်စိသူငယ်နားသူငယ် ကောင်လေးတစ်ယောက်အဖြစ်နဲ့ မိုးဖျားရဲ့ဘဝလေးထဲကို အပြီးတိုင် ပြောင်းရွှေ့ခဲ့ရသည်။

အဲဒီကမ္ဘာလေးထဲမှာ ကိုယ့်ရဲ့အထီးကျန်ခြင်းတွေကို လျှို့ဝှက်စွာ ထုပ်သိမ်းထားပြီး မိုးဖျားရဲ့အလိုကျ ဖြည့်ဆည်းပေးခဲ့သော အဖြည့်ခံ လူသားတစ်ယောက်လို မိုးဖျားရဲ့အနားမှာ ဘဝကိုဒီနေ့အထိ ရှင်သန်ခဲ့ရသည်။

ခုချိန်ထိတော့ ကံကြမ္မာက သူ့ရဲ့အနာဂတ်ဖြစ်စဉ်တွေကို တစ်စချင်း ဖွံ့ခြွေပြီး ကကြိုးရုပ်တစ်ခုလို ကပြအသုံးတော်ခံခိုင်းနေ၏။

ကမ္ဘာကို မိုးဖျားနဲ့အတူ တစ်သားတည်းဖြစ်အောင် ရှင်သန်နေစေ၏။

ခုချိန်ထိ ဘဝဆိုတဲ့အရာကို ဘယ်လိုအဓိပ္ပါယ်တွေနဲ့ ပုံဖော်ခံစားရမယ်ဆိုတာ ရေရေရာရာ မသိခဲ့သေး။

တစ်ချိန်မှာ ပိုင်ဆိုင်ရမယ့် ကိုယ့်ရဲ့အနာဂတ်ကို ဘယ်လို TYPE မျိုးလဲဆိုတာကို ပြဌာန်းထားမယ့် စာအုပ်တစ်အုပ်သာ ရှိခဲ့မယ်ဆိုရင် ကမ္ဘာ့ရဲ့အနာဂတ်ရဲ့စာမျက်နှာတွေကို အလိုကြီးစွာနဲ့ လှန်လှောဖတ်ကြည့်နေမိမှာပါ။

လောဘကြီးတာတော့ မဟုတ်။ ဒီအိမ်ကြီးထဲကို စရောက်တဲ့နေ့ကတည်းက ကမ္ဘာအနားမှာ မိုးဖျားရှိနေသလို မိုးဖျားအနားမှာလည်း ကမ္ဘာဟာ သူ့ရဲ့လိုအပ်တဲ့ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနေရတဲ့ လူတစ်ယောက်အဖြစ်ကလွဲ၍ ကျန်တာအားလုံးဟာ ရေရာ မသေချာသော အခြေအနေတစ်ခုအဖြစ် သူ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မားမားကြီး တည်ရှိနေဆဲ။ ဒါတွေကို ကလေးဘဝတုန်းကတော့ ပျော်စရာတစ်ခုအဖြစ် အခိုင်အမာ ယုံကြည်သက်ဝင်ခဲ့ဖူးပါသည်…

ခုတော့ အဲ့ဒီပျော်စရာတွေဟာ ကမ္ဘာ့အတွက် ရိုးအို… ဟောင်းနွမ်းလို့ လာတယ်။ ကိုယ်ပိုင်ဆိုင်နေတဲ့ ပစ္စုပ္ပန်တွေကို လင်းလက်တဲ့ အဓိပ္ပါယ်တွေနဲ့ သက်ဝင်ယုံကြည်ဖွယ်ကောင်းတဲ့ ပစ္စုပ္ပန်လို့ မထင်တော့ဘူး။ တဖြည်းဖြည်းနဲ့ ကိုယ့်ရဲ့အတွေးစိတ်ကူး… တွေနဲ့ ဆန္ဒတွေဟာ ပစ္စုပ္ပန်တွေ အနာဂတ်တွေကို ကျောခိုင်းပြီး အရာအားလုံးနဲ့ ဝေးရာကို တစ်နာရီ တစ်မိနစ် တစ်စက္ကန့်အဖြစ်… ရှောင်လွှဲထွက်သွားချင်နေမိ၏။

ဘာဖြစ်လို့လဲဆိုတော့ မိုးဖျား သူ့အပေါ် ထားတဲ့ သံယော… ဇဉ်တွေဟာ ပုံမှန်ထက် လွန်ကဲနေပြီလို့ ကိုယ့်ရဲ့စိတ်မှာ မဝံ့မ… တွေးမိလာခြင်းဖြစ်သည်။

ထိုအတွေးတွေနဲ့အတူ ရှောင်ပြေးလွတ်မြောက်ချင်သော… ဆန္ဒတွေကလည်း ရင်မှာ အုံလိုက်သင်းလိုက် ဖွံ့တည်လာတော့၏…

နောက်ကျောမှ သိုင်းဖက်လိုက်သော အထိအတွေ့နွေးထွေး… ကြောင့် ကမ္ဘာ့အတွေးတွေဟာ ညရဲ့လေပြည်တွေနဲ့အတူ လွင့်… ပျောက်ကွယ်သွားရပြန်၏။

ထွေးဖက်လာသော လက်တွေကို အလိုက်သင့် ပြန်ဆုပ်… ကိုင်လိုက်ပြီး. . .

"မင်းအိပ်ချင်ပြီလား မိုးဖျား"

မိုးဖျားက သူ့ပခုံးထက်ပေါ်သို့ နောက်ကျောဘက်မှနေ… မေးတင်ကာ. . .

"နာရီကိုလည်း ကြည့်ဦးလေ၊ မနက်လဲ ကျောင်းတက်ရ…





မှာ မဟုတ်လား"

ကမ္ဘာသည် မိုးဖျားရဲ့သိုင်းဖက်လာသော လက်တွေကို ဖယ်ရှားလိုက်ပြီး. . .

"ကဲ. . . လာ. . ဒါဆိုလဲ အိပ်ကြရအောင်"

အိပ်ကြရအောင်ဟု ပြောမှပင် မိုးဖျားသည် ကုတင်ရှိရာသို့ လျှောက်သွားပြီး ကုတင်ပေါ်သို့ တုန့်ခနဲ ခုန်တက်ကာ လှဲအိပ်လိုက်သည်။

ကမ္ဘာက မိုးဖျားခြေရင်းနားက သိုးမွှေးစောင်ကို ဆွဲယူပြီး မိုးဖျားကိုယ်ပေါ်ကို လွှမ်းခြုံပေးကာ အခန်းမီးကို ပိတ်လိုက်သည်။

အခန်းထဲတွင် အပြာရောင် ညအိပ်မီးကလေးသာ လဲ့လဲ့လေး လင်းနေသည်။

ကမ္ဘာသည် မိုးဖျား အိပ်ပျော်လောက်သည်အထိ မိုးဖျားရဲ့ဘေးမှာ ရုပ်နှင့်နာမ် တစ်ထပ်တည်း မကျသူတစ်ယောက်လို လဲလျောင်းနေလိုက်သည်။

သိပ်မကြာလိုက်. . . မိုးဖျားရဲ့အိပ်မောကျသွားသော အသက်ရှုသံပြင်းပြင်းကို ကြားလိုက်ရသည်။

ဒါဆို မိုးဖျား အိပ်ပျော်တာ ကျိန်းသေပြီ။

ကမ္ဘာသည် အိပ်ပျော်သွားသော မိုးဖျားအနားမှ အသာထပြီး အခန်းမီးကို ပြန်ဖွင့်လိုက်သည်။

မယ်မဒီရဲ့ Foot Chain လေးကို တိတ်တဆိတ် ရှာဖွေလိုက်သည်။

ဒီပစ္စည်းလေးကို မိုးဖျား မြင်မှာစိုး၍ သိမ်းထားမိရာမှ အသိမ်းလွန်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

သိပ်ပြီးမရှာလိုက်ရ. . . မယ်မဒီရဲ့ Foot Chain လေးကို ပြန်တွေ့သည်။

ကမ္ဘာ ထို Foot Chain လေးကို အသေအချာ ကြည့်ပြီး ပြုံးလိုက်သည်။

အဲ့ရုံမှာ မယ်မဒီရဲ့အလှတွေနဲ့ ရှင်မြူးနေတဲ့ပုံရိပ်လေးက ဖျတ်ခနဲ ပေါ်လာသည်။

သူမလေးရဲ့အကြည့် တဒင်္ဂမှာ သူ့ရင်တွေ လိုက်ဖိုသွားခဲ့ဘာတော့ အမှန်တကယ်ပါပဲ။





## အပိုင်းခွဲ(၄)

"ဟယ်. . . ဟေ့. . . ဟော့ခွေး ဟာ. . . မေမေရေ မယ့်ဖိနပ်ကို ဟိုဘက်အိမ်က ခွေးစုတ်လေး ချီသွားပြီ"

ဂျယ်နီလေးက မယ်မဒီရဲ့ဖိနပ်လေးကို ကိုက်ချီပြီး သူ့ရဲ့ခြံဘက်သို့ သုတ်ခြေတင် ပြေးလေ၏။

မယ်ရဲ့အသံစာစာကြောင့် မေမေ အိမ်ထဲမှ ပြေးထွက်လာသည်။

"ဘာဖြစ်တာလဲ သမီး. . . ဘာချီသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က မိုးဖျားရဲ့ခွေးမလေးပေါ့၊ မယ့်ဖိနပ်ကို ချီသွားပြီ"

"ဩော်. . . သမီးရယ်၊ ဘာများလဲလို့ လန့်သွားတာပဲ၊ သွားလိုက်ယူလိုက်ပေါ့ကွယ်"

"ကျွတ်. . . ခက်တော့တာပဲ မေမေရာ၊ အဲ့ဒါ မေမေ ခေါ်လာလို့ ဖေဖေနဲ့မယ်က ခွေးကို ရွံသလောက် မေမေက ခွေးတွေကို ချစ်တတ်လွန်းအားကြီးတယ် သိလား၊ နောက်ဆို အဲဒီခွေးကို အိမ်ကို ခေါ်မလာပါနဲ့ မေမေရယ်. . . နော်"

"အေးပါ သမီးရယ်၊ ခုလောလောဆယ်တော့ တခြားဖိနပ်ပဲ စီးသွားလိုက်ပါကွယ်၊ သမီးမှာ ဖိနပ်တွေအများကြီး ရှိတဲ့ဟာကို"

"မဟုတ်ဘူး မေမေရဲ့. . . မယ်က ကိုယ်ဝတ်မယ့်ဝတ်စုံနဲ့ လိုက်တဲ့ဖိနပ်ကို ရွေးထားတာ၊ ဒီအရောင်က မယ့်မှာ အဲဒီတစ်ရန်ပဲ ရှိတာ၊ ပြီးတော့ ဖိနပ်က အသစ်ကြီးကို ခုမှ စီးရမှာ"

မယ်မဒီ ပြောပြောဆိုဆိုဖြင့် မိုးဖျားတို့ခြံသို့ ကူးရန် ဖောက်ထားသော တံခါးပေါက်လေးဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာလိုက်သည်။

မိုးဖျားတို့ခြံထဲ ရောက်တော့ ကမ္ဘာ့ကို တွေ့လိုတွေ့ငြား ရှာမိသေး၏။ တွေ့မှာတော့ မဟုတ်ပါဘူး။ ဒီလိုနေ့မျိုးဆိုရင် အန်ကယ်ဦးထက်အာကာက ဂေါက်ရိုက်သွားတတ်သည်။ ဂေါက်သွားရိုက်တိုင်း ကမ္ဘာ အမြဲလိုက်သွားရသည်။

မယ်. . . မျက်လုံးလေး ဝေ့ပြီး ခွေးမလေးဂျယ်နီကို ရှာလိုက်သည်။

တွေ့ပါပြီ။ ရေကူးကန်ဘေးမှာ သူမဖိနပ်ကို ကောင်း



ကောင်း ကိုက်နေတာ။

မယ် ရင်ဘတ်ကလေး ဖိပြီး ဘုရားတလိုက်သည်။

ဘုရားရေ. . . ငါ့ဖိနပ်တော့ သွားပါပြီ။ ပြီးခဲ့တဲ့အပတ်က မှ မယ့်ရဲ့အချစ်ဆုံးသူငယ်ချင်းက ပြင်သစ်ကနေ ပို့လိုက်တာ။

မယ့်ခမျာ နှမြောတသစွာဖြင့် ခွေးလေးဂျယ်နီနားသို့ အပြေးတပိုင်းဖြင့် လှမ်းသွားလိုက်သည်။

အနားရောက်တာနှင့် ဖိနပ်ကို ဆွဲယူလိုက်သည်။

ဂျယ်နီကလည်း ခဲထားသည်။ လုံးဝကို အလွတ်မပေး။

"ဟေ့. . . ခွေး. . . အဲဒါ ငါ့ဖိနပ်၊ ဒီခွေးစုတ်ခွေးပဲ့တော့ ရေကူးကန်ထဲ တွန်းချလိုက်မှာ. . . ဘာမှတ်လဲ"

ခွေးတစ်ကောင်ကို လူတစ်ယောက်လို စကားပြောနေသလို ပြောနေသော မယ့်အဖြစ်က ဘေးလူကြားရင် တကယ့်ကို ရယ်စရာပါပဲ။

"နင့်သခင်က နင့်ကို ဘာမှမကျွေးဘဲ ထားလို့ ငါ့ဖိနပ်ကို ကိုက်ရတာလား၊ အဲ့ဒီဖိနပ်ရဲ့တန်ကြေးက နင့်ထက်တောင် များတယ်ဟဲ့ ခွေးစုတ်မလေးရဲ့"

ဂျယ်နီက သူမ ပြောတာကို အရေးမလုပ်ဘဲ ဖိနပ်ကြိုးသိုင်းကိုသာ ကြက်ပေါင်ကိုက်သလို အားရပါးရ ကိုက်ဖဲ့နေ၏။

သဲကြိုးက သူ့ရဲ့သွားရာတွေကြောင့် ပြတ်ထွက်လုနီးကို ဖြစ်သွား၏။

မယ့်ဖိနပ်ရဲ့အဖြစ်ဆိုးကို ကြည့်ပြီး တော်တော်လေးလဲ ဒေါသဖြစ်သွားရ၏။

"ဟယ်. . . သွားပါပြီ. . . ငါ့ဖိနပ်ပြတ်ပြီ၊ ကဲဟာ. . .ကဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပွမ်း"

"ကိန်. . . အုႉ . . ဝုႉ . . ဝု"

မယ် စိတ်ဆိုးစွာဖြင့် ကန်လိုက်၍ ဂျယ်နီမှာ ရေကူးကန်ထဲသို့ ပြုတ်ကျကာ တပွမ်းပွမ်းဖြင့် ခေါင်းကလေး မော့ကာ ယက်ကန်ယက်ကန် ဖြစ်နေရှာ၏

"ဟော့ . . . ဟော့ . . . မယ်မဒီ၊ နင် ဒါဘာလုပ်တာလဲ"

ခွေးကလေးကို ကြည့်ကာ ကြောင်စီစီလေး ရပ်နေရှာသော မယ်မှာ မိုးဖျားအသံကို နောက်ကျောဘက်မှ ရုတ်တရက် ကြားလိုက်ရ၍ ပခုံးလေး ကျုံ့ကာ လန့်သွားရ၏။

ဒေါသတကြီးဖြင့် အနားကို လျှောက်လာသော မိုးဖျားကို မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ကြည့်နေလိုက်သည်။

ကိုယ်က သူ့ရဲ့အသည်းကျော်လေးကို ကိုယ်ထိလက်ရောက် ကျူးလွန်မိသည်ကိုး။

မိုးဖျားရဲ့ခြေလှမ်းတွေက ဒေါသအင်အားတွေ ပါနေသည်။

အနားရောက်တာနှင့် မယ့်ရဲ့လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်ပြီး ဒေါသတကြီးဖြင့် အော်ဟစ်တော့၏။

"ဂျယ်နီကို နင်ဘယ်လိုလုပ်လိုက်တာလဲ၊ နင် လူမှ ဟုတ်ရဲ့လားဟမ်၊ ငါ့ခွေးက နင့်ခေါင်းပေါ် အီးတက်ပါလို့ ရေကူးကန်ထဲကန်ချရတာလားကွ"

"ပွမ်း . . . ပွမ်း . . . ပွမ် . . . အုႉ . . . အုႉ . . . ဝု"

အီး . . . အီး"

ဂျယ်နီမှာ ခေါင်းလေး မော့ကာ ရေထဲမှာ ယက်ကန်ယက်





ကန်ဖြင့် ကူးခတ်နေရာမှ မိုးဖျားကိုလည်း မြင်ရော ပို၍ပင် အော်ပါတော့၏။ စိတ်ကူးတောင်းသည့်သဘောပေါ့။ ထိုအချိန်တွင် အန်ကယ်မိုး အနားသို့ အပြေးရောက်လာပြီး ဂျယ်နီကို ရေကူးကန်ထဲမှ ဆင်းခေါ်လိုက်သည်။

"အန်ကယ်မိုး . . . သူ့ကို အမွေးတွေ သေချာခြောက်အောင် ရေသုတ်ပေးလိုက်ပါ၊ သူ လုံးဝအအေးပတ်လို့ မဖြစ်ဘူး၊ လိုအပ်မယ်ဆိုရင် ဆေးပါ ကြိုတိုက်ထားလိုက်၊ တော်ကြာ ဖျားလာအုံးမယ်"

"ကောင်းပြီ လူလေး၊ အန်ကယ်မိုး သေချာဂရုစိုက်လိုက်ပါမယ်"

အန်ကယ်မိုး ဂျယ်နီကို ပိုက်ပြီး အိမ်ကြီးဆီကို ထွက်သွားတဲ့အချိန်အထိ မိုးဖျားရဲ့ဒေါသတွေက မယ်မဒီလက်ကို ဆုပ်ကိုင်ထားသော လက်မှာ စုစည်းနေသည် ထင်၏။

မယ်မဒီ မျက်နှာလေး နာလွန်းလို့ ရှုံ့မဲ့နေ၏။

"အား . . . ကျွတ် . . . ကျွတ်၊ ဒီမှာ . . . ငါ့လက်ကို လွှတ်ပေးလေ မိုးဖျားရဲ့၊ ငါနာလှပြီ"

မိုးဖျားကလည်း မလွှတ်။

"နာရင် လဲသေလိုက်၊ နင့်ကြောင့် ငါ့ခွေး တစ်ခုခုဖြစ်ရင် နင်မလွယ်ဘူး"

"အောင်မယ် . . . နင့်ခွေးက ငါ့ကို အရှင်ဆုံး ပြဿနာရှာတာလေ၊ ဘာဖြစ်လို့ ငါဖိနပ်ကို ကိုက်ချီသွားလဲ၊ ဟင်း . . . ခွေးလေခွေးလွင့် ကျနေတာပဲ"

မယ်ကလည်း မခံ။ ပြန်၍ရန်တွေ့လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီလူ နည်းနည်းလေးမှ စဉ်းစားဆင်ခြင်ဉာဏ် မရှိတဲ့သူ။ လူတစ်ဖက်သားကို အမြဲတမ်း အပြစ်ရှာဖို့ပဲ တတ်တယ်။

"နင် စကားကို ဆင်ခြင်ပြော၊ ငါ့ခွေးက ခွေးလေခွေးလွင့် မဟုတ်ဘူး၊ ရွှေပေါ်မြတင် ထားတာ နားလည်လား"

"အေး. . . နင်ကရော နင့်ခွေးကိုက်လိုက်တဲ့ဖိနပ်က တန်ကြေး ဘယ်လောက်ရှိသလဲဆိုတာ သိလား၊ ခု. . သွားပြီ၊ စီးလို့ မရတော့ဘူး"

"နင့်ဖိနပ် ဘယ်လောက်တန်တန် ငါဂရုမစိုက်ဘူး၊ နင်သိထားဖို့က ဂျယ်နီလေးသာ နာကျင်ခံစားရရင် နင့်ကို အလွတ်မပေးဘူး. . . နားလည်လား"

မိုးဖျားမှာ ပါးစပ်မှာသာ တတွတ်တွတ် ပြောနေတာ။ မယ်မဒီလက်ကို လွှတ်ဖို့ သတိမရသေး။

နာကျင်သောဝေဒနာက မယ့်ဒေါသကို ဆွနေချေပြီ။ ဒီလောက်တောင် သူများကို အသားယူပြီး မိန်းမတစ်ယောက်လို ရန်တွေ့ချင်နေတဲ့ မိုးဖျား. . . တွေ့ကြသေးတာပေါ့။

မယ်. . . အိမ်ကြီးဘက်ကို လှည့်ပြီး အသံကုန် ဟစ်လိုက်သည်။

"အန်တီနန်းရေ. . . မယ့်ကို ကယ်ပါအုံး၊ ဒီမှာ မိုးဖျား မယ့်လက်ကို ကိုင်ပြီး ရည်းစားစကား ပြောနေပါတယ်"

မယ့်ရဲ့အသံစူးစူးကြောင့် မိုးဖျား ရုတ်တရက် လန့်သွား၏။ ဒါဟာ မထင်မှတ်တဲ့ တိုက်ကွက်တစ်ခုပဲ။

ဒီမိန်းမ ပေါက်ကရတွေ အော်နေပြန်ပြီ။

"ဟာ. . . ဘာတွေ လျှောက်အော်နေတာလဲ၊ ငါ နင့်ကို





ဘယ်မှာ ရည်းစားစကား ပြောလို့လဲ"

ဟု ဆိုပြီး မယ့်လက်ကို အားကုန်ညှစ်ပြီး ကိုင်ထားရာမှ ဆတ်ခနဲ ဆောင့်တွန်းပစ်လိုက်၏။

"အား. . . ကျ. . . ကျပြီ"

"ဗွမ်း"

မယ် အရှိန်လွန်ပြီး ရေကူးကန်ထဲကို ဗွမ်းခနဲ ပြုတ်ကျသွား၏။

အန်ကယ်နောင်နဲ့ဒေါ်နန်းထိုက်စံတို့ အိမ်ကြီးထဲမှ မပြေးရုံတမယ်ဖြင့် ရေကူးကန်နားသို့ ရောက်လာကြ၏။

"ဟယ်. . . သား မိုးဖျား ဘာဖြစ်တာလဲကွယ်၊ အို. . . မယ်. . . သမီး. . . ဟော့တော်"

ဒေါ်နန်းထိုက်စံ ရေကူးကန်ထဲတွင် တစ်ကိုယ်လုံး စိုရွှဲပြီး ဖရိုဖရဲ ဖြစ်နေသော မယ့်အဖြစ်ကို ကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ပြူးပြာသွားသည်။

"ဟဲ့. . . ကိုနောင်. . . လုပ်ပါဦး၊ မယ်လေးကို ရေထဲ ဆင်းဆယ်စမ်းပါ၊ သမီးလေး ရေကူးတတ်ပုံ မပေါ်ဘူး"

ဒေါ်နန်းထိုက်စံ စကားဆုံးသည်နှင့် အန်ကယ်နောင် ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းလိုက်ပြီး မယ့်ကို တွဲခေါ်ကာ ကန်ဘောင်ပေါ်ကို တွဲတင်ပေးလိုက်သည်။

မယ့်တကိုယ်လုံး ရေတွေ ရွှဲရွှဲစိုကာ တကယ့်ကြွက်စုတ်မလေးလို ဖြစ်နေသည်။

မိုးဖျားက သူနှင့် မဆိုင်သလိုပင် မယ့်ကို အေးအေးဆေးဆေးပင် ခုံမှာ ထိုင်၍ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှလည်း ခပ်တိုးတိုး ကြိမ်းဝါးနေသေးသည်။ မှတ်ထား. . . ငါ့ဂျယ်နီကလေးကို ရေထဲ တွန်းချလို့ လောလောလတ်လတ် ဝင့်လည်တာပဲ။

မယ်. . . ကန်ဘောင်ပေါ် ရောက်တော့ မိုးဖျားကို မကျေမချမ်းဖြင့် ခပ်စူးစူး စိုက်ကြည့်လိုက်သည်။

အန့်တီနန်းကတော့ မယ့်ကို စိုးရိမ်တကြီးဖြင့်. . .

"သမီး. . . လာ. . . အိမ်ထဲ သွားကြရအောင်၊ တော်ကြာ အအေးပတ်သွားလိမ့်မယ်ကွယ်၊ အန့်တီနန်း တောင်းပန်ပါတယ် သမီးရယ်"

အန့်တီနန်းကို ဘာမှပြန်မပြောတော့ပါ။ မိုးဖျားအပေါ် ဒေါသဖြစ်လွန်း၍ တဟီးဟီးနဲ့ ငိုချလိုက်ကာ ငိုသံရောသော အသံဖြင့်. . .

"အဟင့်. . . အဟီး. . . မယ့်ကို သူတွန်းချတာ အန့်တီနန်းရဲ့ ပြီးတော့ မယ့်လက်ကိုလည်း လာဆိုင်တယ်၊ မယ်က လွှတ်ဖို့ ပြောတာကို မကျေနပ်ဖြစ်ပြီး ပေါက်ကရတွေ ပြောပြီး ရေကန်ထဲကို တွန်းချလိုက်တာ၊ မယ် ရှက်တယ် အန့်တီနန်းရယ်၊ အဟင့်. . . ဟီး. . . ဟီး"

မယ် တမင်တကာ ပိုပိုသာသာလေး ပြောလိုက်ပါ၏။ ဒါမှ နောက်ဆို ဒင်းလေး ရန်မထောင်ရဲတော့မှာ။

"အောင်မယ်. . . နင် ပေါက်ကရတွေ မပြောနဲ့နော် မယ်မဒီ"

မိုးဖျားထံမှ ဘာစကားမှ ထပ်ဆက်မလာစေရန် ဒေါ်နန်းထိုက်စံ ဟန့်တားလိုက်သည်။





"သားရယ်. . . ဘာလို့ စကားကို ရင့်ရင့်သီးသီးတွေ ပြောနေရတာလဲကွယ်၊ ဒီမှာ သားကြောင့် သူ့ခမျာ ရေထဲ ပြုတ်ကျရရှာတာ"

"သား တမင်လုပ်တာမှ မဟုတ်တာ၊ သူ့ဟာသူ အရှိန်လွန်ပြီး ပြုတ်ကျသွားတာ"

မယ်သည် မိန်းကလေးတစ်ယောက်အပေါ် နည်းနည်းလေးမှ အလျှော့ပေးလိုစိတ် မရှိသော မိုးဖျားကို အထင်သေး ရှုံ့ချသောအကြည့်ဖြင့် ကြည့်ပြီး သူမအိမ်ဘက်သို့ စိတ်ဆိုးမာန်ဆိုးဖြင့် ဘောက်ဆတ်ဘောက်ဆတ် လျှောက်သွားလေသည်။

ဒေါ်နန်းထိုက်စံက မယ့်နောက်မှ ခပ်သွက်သွက် လိုက်လာ၏။

ဒေါသတွေက မယ့်ခန္ဓာကိုယ်တစ်ခုလုံးထဲသို့ မွစာကြဲစွာဖြင့် ဝင်ရောက်ထိုးနှက်နေကြလေပြီ။

မယ် သူ့ကို လုံးဝမကျေနပ်သလို အရမ်းလဲ မုန်းသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်းခွဲ(၅)

“ကိုကို့အစီအစဉ်ကို သားက လက်ခံပါ့မလားကွယ်”

“မိဘက ကောင်းမယ်ထင်လို့ စီစဉ်တာပဲ၊ သားသမီး တစ်ယောက်အနေနဲ့ လက်ခံရမှာပေါ့ နန်းရယ်”

“ပြီးတော့ မယ်မဒီဆိုတဲ့ကလေးမလေးကလည်း တခြားသူမှ မဟုတ်တာ၊ မင်းနောင်တို့ရဲ့သမီး၊ အတွင်းသိအစင်းသိ ဂုဏ်ရည်တူတွေချည်းပဲလေ”

ဒေါ်နန်းထိုက်စံက လက်ထဲမှ ထိုးလက်စ သိုးမွေးဆွယ်တာ





လေးကို ဘေးတွင် ရှိသော ကြိမ်ဇကာအစိုင်းလေးထဲသို့ ထည့်လိုက်ပြီး. . .

“ကိုကို့သားကဖြင့် ခုချိန်ထိ တက္ကသိုလ်ကျောင်းသားကြီးသာ ဖြစ်နေတယ်၊ တစ်ခါမှ ကောင်မလေးတွေအကြောင်း မပြောဖူးပါဘူး၊ မယ်မဒီနဲ့ဆိုရင် ပိုတောင် ဆိုးသေးတယ်၊ လုံးဝကို တည့်ကြတာ မဟုတ်ဘူး”

ဦးထက်အာကာက ဆိုဖာနောက်ကျောကို မှီထိုင်ကာ ရွှေကိုင်းတပ်မျက်မှန်ကြီးကို ပင့်တင်လိုက်ပြီး. . .

“နန်းရယ်. . . အဲဒါ သူတို့လူငယ်တွေကိစ္စပါ၊ အချိန်တန် သူတို့ဟာသူတို့ အဆင်ပြေသွားလိမ့်မယ်၊ မင်းနောင်ကလည်း တို့သားနှစ်ယောက်ထဲက ဘယ်သူနဲ့ဖြစ်ဖြစ် သဘောတူတယ်လို့ ပြောပြီးသား”

လှေကားထစ်တွေပေါ်မှ ဆင်းလာသော ကမ္ဘာရဲ့ခြေလှမ်းတွေက ဖေဖေနှင့်မေမေတို့ ပြောနေသော အကြောင်းအရာတွေကြောင့် အံ့ဩမှုတွေနဲ့အတူ ရှေ့ဆက်ဆင်း၍မရအောင် ရပ်တန့်၍သွား၏။

မူပျက်သွားသော ကိုယ့်နှလုံးခုန်သံကို ကိုယ်တိုင်ပြန်ပြီး သတိထားလိုက်မိသည်။

သူ့နှလုံးသားရဲ့မသိစိတ်တစ်နေရာမှ မယ် ရှိနေခဲ့တာ အသေအချာပါလားဆိုတာ သိလိုက်ရတော့ ရင်တစ်ခုလုံး နုံးခွေသွားသည်။

မိုးဖွားသာ ဖေဖေတို့ အစီအစဉ်ကို သိခဲ့ပါလျှင် မည်သို့ခံစားရမည်လဲ။ နဂိုကတည်းကမှ မယ့်အပေါ်မှာ အမြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မကြည်မလင်နေတာ ကိုယ်သာ အသိဆုံး။

ခြေလှမ်းတွေကို ပြန်ရုပ်လိုက်ပြီး မိုးဖျားရှိရာအခန်းထဲသို့ ပြန်တက်လာခဲ့၏။

လှိုင်းထန်နေသော ရင်ဘတ်တပြင်နှင့် စူးရှနာကျင်စရာ ကောင်းတဲ့ခံစားချက်တို့ ပေါင်းစုမိသွားပြီး အတွေးအာရုံတို့က မောရှလာသည်။

ကံတရားဆိုတာ အလွယ်တကူ ခန့်မှန်းလို့မရတဲ့အရာ တစ်ခုပဲလေ။

အခန်းထဲ ရောက်တော့ မိုးဖျားမှာ ကွန်ပျူတာရှေ့ ထိုင်ပြီး အလုပ်တွေ ရှုပ်နေ၏။

"မိုးဖျား. . ."

"ဟင်. . ."

ကွန်ပျူတာစကရင်ပေါ်မှ အကြည့်ကို မခွာဘဲ ပြန်ထူးလိုက်သော မိုးဖျားကို ကြည့်ပြီး သူ့အတွက် နားမယဉ်သော အကြောင်းအရာအချို့ကို ပြောဖို့ တွန့်ဆုတ်နေ၏။

သို့သော်. . . မပြောလို့မှမဖြစ်။

"မင်းအတွက် သတင်းထူးပါတယ်"

"ဘာသတင်းထူးလဲ. . . စိတ်ညစ်စရာ သတင်းထူး ဆိုရင်တော့ မပြောနဲ့၊ ငါ့အသက်က ပန်းရောင်သန်းတယ်"

အရေးထဲ သူက ပြန်ပြီး ရွှတ်နောက်နောက် လုပ်နေသေးသည်။

"အဟက်. . . အဲဒီသတင်းကို ကြားရင် ပျော်လိုက်လို့လည်း ရတယ်၊ စိတ်ညစ်ပစ်လိုက်လို့လည်း ရတယ်၊ အဓိက,က





မင်းရဲ့စိတ်ခံစားမှုပဲ"

"ကဲ. . . ပြောပါ၊ ငါသိချင်သွားပြီ"

"မင်းကို မိန်းမပေးစားမယ့် သတင်းထူး"

"ဘာ. . ."

မိုးဖျား အံ့ဩလွန်း၍မှင်တက်မိနေသည်။

"မင်း မနောက်နဲ့နော်၊ ဒါ နောက်စရာ မဟုတ်ဘူး"

မိုးဖျားရဲ့အကြည့်တွေက အေးစက်မနေတော့ဘဲ စူးရဲတောက်ပလွန်းနေ၏။

သူ့ရဲ့နှုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်ယင်နေ၏။ ဒေါသအရှိန်ကြောင့် နှာသီးဖျားတွေက ချက်ချင်းရဲတက်လာသည်။

ဒါဟာ သူ့နှလုံးသားက မယ်ကို လက်မခံဘူးဆိုတဲ့ ပြယုဂ် တစ်ခုများ ဖြစ်နေမလားဟု လိုရာဆွဲတွေးမိပြန်သေး၏။

"ငါနောက်နေတာ မဟုတ်ဘူး၊ မင်းကို မယ်မဒီနဲ့ လက်ထပ်ပေးဖို့ ဖေဖေနဲ့မေမေ တိုင်ပင်နေကြတယ်၊ ခုပဲ ငါကြားခဲ့တာ"

မယ်မဒီနှင့် ဆိုရာ မိုးဖျားခမျာ ပို၍ပင် သွေးပျက်သွား၏။

"ဘာရယ်. . . မယ်မဒီနဲ့၊ ဟာ. . . မဖြစ်နိုင်ဘူး၊ မယ်မဒီကို လက်ထပ်ဖို့ မပြောနဲ့၊ သူငယ်ချင်းအဖြစ်တောင် ဆက်ဆံဖို့ စိတ်မဝင်စားတာ မင်းလဲ သိသားနဲ့"

"အဲဒါ ငါပဲ သိတာလေ၊ မိဘတွေက သိတာမှ မဟုတ်တာ"

မိုးဖျား ကွန်ပျူတာရှေ့မှ ဝုန်းခနဲ ထရပ်လိုက်ပြီး အခန်းအပြင်သို့ ဝရုန်းသုန်းကား ပြေးထွက်၏။

သူ ပြေးဆင်းသွားသော တဒုန်းဒုန်းအားက ကမ္ဘာ ကျန်ခဲ့သောအခန်းတွင်းကပင် အတိုင်းသား ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. . . မေမေ"

ရေးကြီးသုတ်ပြာဟန်ဖြင့် ခေါ်လိုက်သော မိုးဖျားရဲ့အသံကြောင့် ဧည့်ခန်းထဲတွင် ထိုင်နေသော ဦးထက်အာကာနှင့် ဒေါ်နန်းထိုက်စံမှာ အလန့်တကြားဖြစ်သွား၏။

"သား. . . မိုးဖျား ဘာဖြစ်လာတာလဲ၊ ဖြည်းဖြည်းသက်သာ ဆင်းပါကွယ်၊ မကြီးမငယ်နဲ့ လှေကားပေါ်က ပြုတ်ကျကုန်ပါ့မယ်ကွယ်"

"မေမေတို့ သားကို မိန်းမပေးစားမလို့ဆို"

မိုးဖျားရဲ့အလောတကြီးနိုင်လွန်းသော အမေးကြောင့် ဒေါ်နန်းထိုက်စံ သားဖြစ်သူကို ပြုံးပြီးကြည့်လိုက်သည်။

"ဟုတ်တယ် သားရဲ့၊ သားလေး ကျောင်းပြီးတာနဲ့ သားကို မယ်မဒီလေးနဲ့ လက်ထပ်ပေးမလို့၊ ကျောင်းမပြီးခင် ကြားကာလလေးမှာတော့ စေ့စပ်ပွဲလေး လုပ်ပြီး လူငယ်ချင်း တစ်ယောက်ကို တစ်ယောက် ယုံကြည်မှုတွေ ခိုင်မာအောင် လုပ်ပြီး မေတ္တာရှိလာဖို့ ကြိုးစားယူကြပေါ့"

မိုးဖျား ခေါင်းကို တွင်တွင်ခါသည်။

"မဖြစ်နိုင်ဘူး မေမေ၊ သား မယ်မဒီကို လုံးဝလက်မထပ်နိုင်ဘူး"

ဖေဖေက မိုးဖျားကို အဓိပ္ပါယ်တစ်မျိုး သက်ရောက်သော အကြည့်ဖြင့် ရွှေကိုင်းမျက်မှန်ထူကြီးအောက်မှ ခပ်ဝင့်ဝင့် ကြည့်ကာ

"သားမှာ ချစ်သူရှိနေလို့လား"

မိုးဖျား အလန့်တကြားဖြင့် လက်ကာပြလိုက်သည်။

"ဟာ. . . ဘယ်ကလာ၊ သားမှာ ဘာချစ်သူမှ မရှိဘူး။





ချစ်သူထားဖို့လည်း ဘယ်တော့မှ စိတ်ကူးမရှိဘူး၊ ချစ်သူရှိဖို့ နေနေသာသာ ကျောင်းမှာ ကမ္ဘာကလွဲပြီး ဘယ်လိုသူငယ်ချင်းမျိုးကိုမှ လက်မခံခဲ့တာ မေမေတို့အသိပဲ"

"သားလဲ အပေါင်းအသင်း မထားသလို ကမ္ဘာကိုလည်း ထားခွင့်မပေးထားဘူး၊ သားဘဝမှာ ကမ္ဘာရှိနေတာပဲ၊ ချစ်သူလဲ မလိုဘူး၊ သူငယ်ချင်းအပေါင်းအသင်းလဲ မလိုဘူး"

ဒေါ်နန်းထိုက်စံမှာ သားဖြစ်သူရဲ့ တစ်ဖက်စွန်း ရောက်လွန်းသော စိတ်ကလေးကို မြင်မိပြီး ရင်မောသွားရသည်။

"ဒီလိုလဲ ဘယ်ဟုတ်မလဲ သားရယ်၊ သားဘဝကို ကမ္ဘာရှိရုံနဲ့ ဘယ်လိုပြီးမှာလဲ၊ ဖေဖေတို့ မေမေတို့ရဲ့ မျိုးရိုးစဉ်ဆက် ဂုဏ်အရှိန်အဝါကို သိမ်းဖို့အတွက် မျိုးဆက်သစ်တွေ မဖြစ်မနေ လိုအပ်တယ် သား၊ သားဘဝထဲမှာ မိဘတွေဆိုတာ အမြဲတမ်း ရှိနေနိုင်မှာ မဟုတ်သလို ကမ္ဘာကလည်း သားအနားမှာ ဘယ်အမြဲနေနိုင်မလဲကွယ်"

ဖေဖေကပါ ကြားဖြတ်ဝင်၍ထောက်ခံ၏။

"ဟုတ်တယ် သား၊ လူဆိုတာ တစ်နေ့မှာ ကိုယ့်ဦးတည်ချက်လမ်းကို မဖြစ်မနေ လျှောက်ကြရမှာပဲလေ၊ သားကလည်း သားဘဝနဲ့သား၊ ကမ္ဘာကလည်း ကမ္ဘာဘဝနဲ့ ကမ္ဘာ၊ လွတ်လပ်စွာ ရှင်သန်ပါစေ သားရယ်"

ဖေဖေ့စကားကြောင့် မိုးဖျားရဲ့မျက်ဝန်းတွင် ထိတ်လန့်ခြင်း၊ စိုးရွံ့ခြင်းတွေဖြင့် မျက်ဝန်းတစ်ခုလုံး မှိန်ဖျော့မှေးကျဉ်းလျက်။

"သား အဲဒါတွေ ဘာမှမသိဘူး ဖေဖေ၊ သား သိတာ ကမ္ဘာနဲ့သား အပြန်အလှန် ချစ်ကြဖို့၊ ဂရုတစိုက် ရှိကြဖို့၊ သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝလုံးစာအတွက် ကမ္ဘာ အနားမှာ ရှိမှ ဖြစ်မှာ၊ သား ကမ္ဘာ့ကို အရမ်းချစ်တယ်၊ ဒါဟာ ကမ္ဘာနဲ့သားရဲ့ကြားမှာ ရှိတဲ့ လျှို့ဝှက်ချက်တစ်ခုပဲ၊ အဲဒီလျှို့ဝှက်ချက်ကို တစ်နေ့နေ့မှာ ကမ္ဘာ သိလာစေရမယ်"

မိုးဖျား ကမ္ဘာအပေါ်မှာ ထားသော သဘောထားတွေက သဘာဝထက် လွန်ကဲနေပြီလားဟု ဦးထက်အာကာရော ဒေါ်နန်းထိုက်စံပါ စိုးထိတ်ပူပန်သွားမိ၏။

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့သားရဲ့စိတ်သန္တာန်မှာ ဘယ်လိုအရိပ်မျိုးတွေက စိုးမိုးနေရာယူထားကြပြီလဲ။

ဘုရားရေ့ . . သူတို့ ထင်သလိုမျိုး သားရဲ့စိတ်တွင်းမှာ ခိုအောင်းမနေပါစေနဲ့။

ဒါဟာ သားဘဝ. . . သူတို့မိသားစုဘဝအတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ခုကို ကံကြမ္မာက မမြင်နိုင်တဲ့နေရာကနေ အရှိန်ဖြင့် တွန်းပို့လိုက်သလိုပါပဲ။

ဒေါ်နန်းထိုက်စံ ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေနဲ့ လှိုက်မောလာသည်။

ခံစားမှုတွေက အာရုံစေတသိက်ထဲမှာ တစ်ရစ်ပြီးတစ်ရစ်တက်လာသလို ရင်ဘတ်တစ်ခုလုံး တင်းကြပ်ဆို့ခဲနေ၏။

ကိုယ့်ရဲ့အမူအယာ ပျက်ယွင်းမှုကို သားမမြင်အောင် မရိပ်မိအောင် ဟန်ဆောင်ထိန်းချုပ်ရင်း ဒီကလေးနှစ်ယောက်ရဲ့ အနာဂတ်အတွက် သူတို့ရဲ့ ပုံမှန်မဟုတ်သော မေတ္တာကွန်ယက်ကို





နည်းအမျိုးမျိုး သုံးပြီး ချုပ်ကိုင်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့. . .

သားဆီမှာ ပေါ်လွင်နေတဲ့ စိတ်ခံစားမှု လက္ခဏာတွေဟာ သူတို့ တစ်မျိုးလုံး တစ်ဆွေလုံး ထိတ်လန့်ချောက်ချားစွာ ရင်မဆိုင်ရဲတဲ့ အခြေအနေဆိုးတစ်ခုပါ။

ဒီအခြေအနေဆိုး ကံကြမ္မာဆိုးကြီးက သူတို့ရဲ့ဘဝမှာ ဘယ်အချိန် ဘယ်ကာလအထိ နှောင့်ယှက်အမိန့်ပေး စေခိုင်းနေအုံးမှာလဲ။ သူတို့ သေဆုံးသွားသည်အထိလား။

ဒါမှမဟုတ် သေဆုံးခြင်း မရောက်မီစပ်ကြားမှာ ကံကြမ္မာက သူတို့ဘဝထဲကို ဒီအခြေအနေဆိုးကြီးကို တစ်ဖွဲ့ချင်း ချွေကာ ဘယ်အချိန်အထိ ကျိန်စာတစ်ခုလို ခံစားဖက်တွယ်ခိုင်းနေအုံးမှာလဲ။

အတွေးများ ချာချာလည်ကာ သွေးပျက်ချောက်ချားလွန်းစွာဖြင့် ဆိုဖာနောက်ကျောကို ကျောမှီထိုင်လိုက်ကာ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်ပြီး. . .

"ကိုကိုရေ. . . နန်းတော့ သွေးတိုးပြီ ထင်တယ်"

ဇနီးဖြစ်သူကို ကြည့်ပြီး ဦးထက်အာကာ စိုးရိမ်သွားမိပါသည်။ သားဖြစ်သူကို ဝေ့ကြည့်လိုက်တော့ စိုးရိမ်သောမျက်နှာနှင့် တုတ်တုတ်မလှုပ်။

"ကိုမိုးရေ. . . မင်းနောင်ကို ဖုန်းဆက်ကြည့်စမ်း၊ အိမ်မှာ ရှိနေသလားလို့၊ မရှိဘူးဆိုရင် ဒေါက်တာနည်ဝင်းဆီကိုပဲ ဖုန်းဆက်ခေါ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ သခင်ကြီး"

ကိုမိုး. . . မယ်မဒီရဲ့အဖေ ဦးမင်းနောင်ကို ဖုန်းဆက်ကြည့်လိုက်သည်။

မရှိ။

"သခင်ကြီး. . . ဦးမင်းနောင်က အရေးကြီးတဲ့ အော်ပရေးရှင်းတစ်ခုအတွက် night ဝင်နေရလို့ တအောင့်နေရင် ဒေါ်အေမီတို့ သားအမိ လာလိမ့်မယ်၊ ဒေါက်တာနည်ဝင်းကတော့ အခုထွက်လာပါပြီ"

ဦးထက်အာကာသည် ဒေါ်နန်းထိုက်စံကို တယုတယဖြင့် ဖေးကူလိုက်ပြီး. . .

"ကဲ. ... အိပ်ယာထဲ ခဏလှဲလိုက်အုံးနော် နန်း"

မိုးဖျားက မိခင်အဖြစ်ကို ကြည့်ပြီး သူ့ပယောဂကြောင့်လားဟု စိုးရိမ်သွားသည်။

"မေမေ. . . သားကြောင့် သွေးတိုးသွားတာလားဟင်"

မိုးဖျားရဲ့အမေးကို နွမ်းလျစွာ ပြုံးပြီး ဖြေလိုက်သည်။

"မဟုတ်ပါဘူး သားရယ်၊ မေမေ ဒီနေ့ သွေးတက်စာတွေ စားလိုက်မိလို့ပါ၊ ကဲ. . . သားလဲ သွားနားတော့လေ၊ ဒေါက်တာနည်ဝင်း ရောက်လာရင် မေမေ သက်သာသွားမှာပါ"

မိုးဖျား မိခင်အတွက် စိုးရိမ်မိ၏။ သူ့ကြောင့် မေမေ ချက်ချင်းသွေးတိုးသွားတယ်ဆိုတာ မိုးဖျားသိပေမယ့်လည်း မယ်မဒီကိစ္စကိုတော့ ရှေ့ဆက်ပြီး ငြင်းနေရအုံးမှာပဲ။

မယ်မဒီဟာ သူ့ရဲ့နှလုံးသားအစုံကို လှုပ်ခတ်အောင် မည်သို့မျှ စွမ်းဆောင်နိုင်မည် မဟုတ်ဘူးဆိုတာကို ကိုယ်ကိုယ်တိုင်သာ



လျှင် အသိဆုံး။

မယ်မဒီ မလှဘူးလားဆိုလျှင်. . .

လှပါသည်. . . မယ်မဒီရဲ့အလှဟာ စွဲမက်မှု အပြည့်ရှိသောအလှမျိုး။

မယ်မဒီ မည်မျှပင် လှပနေစေကာမူ မိုးဖျားရင်ထဲမှာ မိန်းကလေးတွေနှင့် ပတ်သက်တဲ့ ခံစားမှုတွေက တကယ်ကို ဗလာနတ္ထိ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အပိုဒ်ခွဲ(၁)

"ဟင်. . . ညကိုးနာရီလောက် ခြံထဲ ဆင်းခဲ့ရမယ် ဟုတ်လား"

"အင်း. . . ကောင်းပြီလေ၊ မယ် ဆင်းခဲ့မယ်"

မယ်မဒီ ဖုန်းကို ပိတ်လိုက်ပြီး ရင်ထဲမှာ ငေါင်းစင်းစင်းလေး ဖြစ်ကျန်ခဲ့သည်။

စားပွဲပေါ်မှ နာရီလေးကို ကြည့်တော့ ညခုနစ်နာရီကျော်ပဲ ရှိသေးသည်။





ကမ္ဘာ သူ့ကို ဘာကြောင့် ညကိုးနာရီ ခြံထဲကို ဆင်းခိုင်းရတာလဲ။

ကမ္ဘာ့ရင်ထဲမှာ မယ့်ကို ပြောဖို့အတွက် ဘယ်လို အကြောင်းအရာမျိုးတွေများ ရှိနေလို့လဲ။

ရင်ထဲမှာ မေးခွန်းပေါင်းများစွာက အဖြေတစ်ခုကို သိချင်သောဆန္ဒတွေအဖြစ် ရုန်းကြွနေကြ၏။

မယ်သည် ကမ္ဘာ ချိန်းသော ညကိုးနာရီဆိုသောအချိန်ကို အမြန်ရောက်ဖို့အတွက် အချိန်တွေကို ခဏမေ့ကာ ဒီနေ့ သင်ခဲ့ရသော Lesser Sac လက်ချာထဲကိုသာ အာရုံကို ပို့ထားလိုက်ပါသည်။

သို့သော် ဘယ်လိုမှ စိတ်ကို စာထဲ နှစ်၍မရ။

မျက်လုံးထဲမှာ ကမ္ဘာရဲ့ပုံရိပ်တွေကသာ တရေးရေးနဲ့ ပေါ်လာတတ်ပြန်၏။

မယ့်၏နှလုံးသားသည် ယခုအခါ အနည်းငယ်မျှ မြန်ဆန်လှုပ်ရှားလျက်ရှိနေခြင်းသည် အံ့ဩစရာပင် ကောင်းလွန်းတော့၏။

အတွေးတွေဖြင့် ယောက်ယက်ခတ်နေရင်းမှ. . .

ကိုးနာရီ ထိုးဖို့ မိနစ်အနည်းငယ်အလိုလောက်မှာ မယ်သည် ခြံထဲကို ဆင်းခဲ့ပါသည်။

ဒီအချိန်ဆို မေမေလည်း ဘုရားခန်းထဲမှာ ရှိနေလောက်ပြီ။ ဖေဖေကတော့ ဆေးရုံမှာ ဒီည အော်ပရေးရှင်းတစ်ခုအတွက် night ဂျူတီဝင်နေရ၍ အိမ်မှာ မရှိ။

မယ်မဒီ ရင်တွေ ခုန်နေသည်။

ကမ္ဘာများ သူ့ထက်အရင် ကြိုရောက်နေပြီလားဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အသိက မယ့်ရင်ကို မျှော်လင့်ချက်ဖြင့် ပို၍လှုပ်ရှားသက်ဝင်လာစေသည်။

ခြံထဲ ရောက်တော့ ကမ္ဘာတို့အိမ်ကြီးဘက်သို့ ကူးရန် သူ တစ်ကိုယ်စာ ဝင်ပေါက်လေး လုပ်ထားသော သံပန်းတံခါးကို ဆွဲဖွင့်ပြီး ကမ္ဘာတို့ခြံဘက်ကို ကူးလာခဲ့လိုက်သည်။

ခြံတစ်ခုလုံး မီးရောင်တွေဖြင့် လင်းထိန်နေ၏။ အိမ်ကြီးကတော့ ညရဲ့မီးရောင်အောက်မှာ စိတ်အေးလက်အေး အိပ်မောကျနေ၏။

မယ်ရဲ့ခြေလှမ်းတွေက ကမ္ဘာ တယောထိုင်တီးနေကျ ခုံတန်းလေးဆီကို လျှောက်လာလိုက်ပါသည်။ ကမ္ဘာတော့ ရောက်မလာသေး။

မယ် နင်းလျှောက်လာသော မြက်ခင်းစိမ်းစိမ်းလေးတွေမှာ နှင်းတွေ တွဲခိုနေကြသဖြင့် မယ့်ရဲ့ခြေချောင်းထိပ်ကလေးတွေမှာ စိုစွတ်တဲ့ အထိအတွေ့လေးတွေကို ခံစားလိုက်ရသည်။

လေအဝေ့ကြောင့် စိမ့်ခနဲ အေးသွားသဖြင့် အပေါ်ဖုံး အနွေးထည်ကလေးကို ရင်ဘတ်လုံအောင် ဆွဲစေ့လိုက်ပြီး ခုံတန်းကလေးမှာ ထိုင်ကာ ကမ္ဘာ ဆင်းအလာကို စောင့်နေလိုက်သည်။

မီးရောင်ဖြင့် လက်မှ နာရီကို ငုံ့ကြည့်တော့ ကိုးနာရီနှင့် ငါးမိနစ်ပင် ရှိနေပြီ။

မယ်မဒီ ကမ္ဘာတို့အခန်းဆီသို့ လှမ်းကြည့်လိုက်တော့ မီးရောင်က မှိန်မှိန်ဖျော့ဖျော့လေးသာ လင်း၏။

မယ်မဒီ ဘာလုပ်ရမည်။ ထပဲ ပြန်ရတော့မလား။ ဆက်ပြီးတော့ပဲ ထိုင်နေရမည်လား။





ကမ္ဘာ သူ့ကို အသေအချာ လာခဲ့ဖို့ မှာထားတာပဲ။ မေ့ပြီး အိပ်ပျော်မယ်တော့ မထင်ဘူး။

မယ် အိန္ဒြေသိက္ခာမဲ့သောအလုပ်ကို လုပ်မိနေပြီလားဟု ကိုယ့်ကိုယ်ကို ပြန်တွေးကာ ရှက်နေမိသည်။ အမှန်တကယ်ဆို မယ် ဒီကိုမလာသင့်ဘူး။

"မယ် ရောက်နေတာ ကြာပြီလား"

အနောက်ဖက်မှ မြက်ခင်းနုနုတွေကို ဖြတ်နင်းသံနှင့်အတူ ကမ္ဘာ့ရဲ့အသံ ခပ်တိုးတိုးလေး ကြားလိုက်ရ၍ မယ့်ရင်ထဲ အနည်းငယ် အားတက်ကာ လှည့်ကြည့်လိုက်သည်။

ရင်ဘတ်မှာ အနီစင်း ပါသော ဆွယ်တာအဖြူ လည်ထောင်လေးနှင့် ဘောင်းဘီအဖြူလေးကို တွဲဝတ်ထားသော ကမ္ဘာ့ရဲ့ ရှင်သန်နေသော ယောကျ်ားပီသသည့်ဟန်က မယ့်မျက်လုံးထဲတွင် ကြည့်ကောင်း၍နေပါသည်။

"သိပ်မကြာသေးပါဘူး"

ကမ္ဘာ မယ့်အနားမှာ ဝင်ထိုင်လိုက်သည်။ ဒီနေ့တော့ ထူးခြားစွာဖြင့် ကမ္ဘာဆီမှာ သူ့ရဲ့အဖော် တယောလေး ပါမလာတာကို မယ် သတိထား ကြည့်မိလိုက်သည်။

ညလေပြည်ကြောင့် မယ့်ရဲ့ဆံစလေးတွေ ပါးပြင်တွေမှာ ထိကပ်ကာ ဝဲယှက်နေ၏။

ဆံစများကို သိမ်းဖယ်ရင်း. . .

"ကမ္ဘာ. . . မယ့်ကို ဘာပြောစရာရှိလို့ ခေါ်လိုက်တာပဲ"

ကမ္ဘာက မယ့်ကို အပြုံးကြည်ကြည်လေးဖြင့် ကြည့်ပြီး. . .

"ပေးစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ပေးစရာရှိလို့. . . ဘာလဲဟင်"

ကမ္ဘာက သူ့ဘောင်းဘီအိတ်ကလေးထဲမှ တစ်စုံတစ်ခုကို လက်တစ်ဖက်ဖြင့် နှိုက်ယူလိုက်သည်။

ကမ္ဘာလက်ထဲမှာ ပါလာသောအရာလေးသည် မယ့်ရဲ့ Foot Chain လေးဖြစ်သည်။

"ရော့. . . မယ့်ကို ဒါလေး ပြန်ပေးချင်လို့ ကိုယ်ချိန်းလိုက်တာ"

မယ့်ရင်ထဲ အနည်းငယ် မောသွားရ၏။

"ကမ္ဘာရယ်. . . ဒါလေး ပေးတာများ တကူးတက ချိန်းရတယ်လို့ ကြုံတဲ့အချိန် ပေးလဲ ရတဲ့ဟာကို"

ကမ္ဘာက မယ့်ရဲ့အပြစ်တင်ခြင်း မမည်သော စကားကြောင့် ဆံပင်တွေထဲကို လက်ချောင်းများ ထိုးဖွရင်း. . .

"ဆောရီးပဲ မယ်၊ ကိုယ့်ကြောင့် မင်း စာကျက်ပျက်သွားပြီထင်တယ်၊ မယ်ပြောသလို ဒီပစ္စည်းလေး ပြန်ပေးဖို့ ခုလို တကူးတက ချိန်းစရာ မလိုဘူးလို့လည်း ကိုယ်ထင်ပါတယ်၊ ဒါပေမယ့် မယ့်ရဲ့ Foot Chain လေးကို ပြန်ပေးဖို့အတွက် လုံလောက်တဲ့ အချိန်တိုလေးတစ်ခုတောင် ကိုယ့်မှာ မပိုင်ပါဘူး"

ကမ္ဘာ့စကားကြောင့် မယ်မဒီ မျက်ဝန်းလေးတွေ အံ့ဩစိတ်ကြောင့် ဝိုင်းစက်သွားကာ. . .

"ဟယ်. . . တကယ်၊ အဲဒါဆို ရှင့်ရဲ့အချိန်တွေကို ဘယ်သူက အပိုင်ယူထားလို့လဲ. . . ရှင့်ကောင်မလေးလား"

မယ်ရဲ့ထင်ကြေးကြောင့် ခပ်သောသောလေး ရယ်လိုက်သည်။ ပြီးမှ ရယ်သံနှောသောအသံဖြင့်. . .





"အဟား. . . မယ်က ကိုယ့်ကို အတော်အထင်ကြီးနေတယ်၊ ကိုယ့်မှာ. . . အဲ ကိုယ့်ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ဖို့ နေနေသာသာ ယောကျ်ားလေးသူငယ်ချင်းတောင်မှ ပေါင်းသင်းခွင့် မရတဲ့ အခြေအနေမျိုးကြီးထဲမှာ ကိုယ့်ကောင်မလေးဆိုတာ ဘယ်နေရာကနေ ဝင်လာလို့ရမှာလဲ"

"အဲ. . . ချွင်းချက်အနေနဲ့ အခု ကိုယ့်အနားမှာ ထိုင်နေတဲ့ မယ်ကလွဲရင်ပေါ့"

သူ့စကားကြောင့် မယ့်မျက်နှာလေး ညမီးရောင်အောက်မှာ ရှက်အမ်းအမ်းလေးဖြစ်သွားသည်။

"ရှင်"

"ကိုယ်ပြောတာ. . . ကိုယ့်ဘဝမှာ ပထမဦးဆုံး သူငယ်ချင်းဆိုလို့ မယ်တစ်ယောက်ထဲ ရှိသေးတာလို့ ပြောတာပါ"

"အဟင်း. . . တကယ်ပြောတာ မယ်ရဲ့၊ ကိုယ့်ဘဝက ထွက်ပေါက်တွေ လုံးဝမရှိအောင် အလုံပိတ်ခံထားရတဲ့ အကျဉ်းသားတစ်ဦးလိုပါပဲ၊ ဒါကြောင့်လဲ မယ်ကို ဒီလိုအချိန်ကြီး တွေ့ဖို့တောင်းဆိုရတာပေါ့၊ ဒီအချိန်ကိုတောင် သူ့ဆီက တိတ်တိတ်လေး ခိုးယူထားရတဲ့ ကိုယ့်ရဲ့မဖြစ်စလောက် ကိုယ်ပိုင်အချိန်လေးပဲ၊ ဒါကြောင့် Foot Chain လေး ပြန်ပေးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုယ့်အနားကို မယ် ရောက်လာအောင် ဖြားယောင်းလိုက်တာပေါ့"

သူ့စကားတွေက မယ့်ရဲ့စိတ်အာရုံတွေကို ဖမ်းစားနိုင်လောက်အောင် စိတ်ဝင်စားစရာ ကောင်းလွန်းနေပါသည်။

သူ့အနားကို မယ် ရောက်အောင် ဖြားယောင်းတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မယ်ဟာ သူ့အတွက် လိုအပ်ချက်တွေနဲ့ အရေးပါတဲ့ မိန်းမ တစ်ယောက်ပေါ့။

"သူဆိုတာ ဘယ်သူလဲ ကမ္ဘာ၊ ရှင့်ရဲ့လွှတ်လပ်တဲ့အချိန်တွေကို သူ့ဆီက ဘာကြောင့် ပြန်ပြီးခိုးရတာလဲ၊ ရှင့်ဆီက စကားတွေ ဆန်းကြယ်လိုက်တာ ကမ္ဘာရယ်"

ကမ္ဘာရဲ့မျက်ဝန်းတွေက ရီဝေမှုန်မှိုင်းကာ မျက်ရည်ကြည်လေးတွေ လဲ့နေသလို ထင်မိ၏။

သက်ပြင်းခပ်မျှင်မျှင်လေးကို ချလိုက်ပြီး မယ်ဘက်သို့ ခပ်ဖြည်းဖြည်း မျက်နှာမူလိုက်ပြီး. . .

"သူဆိုတာ မိုးဖျားကို ပြောတာပေါ့၊ ကိုယ့်ဘဝမှာ (၁၃)နှစ်သားအရွယ်မတိုင်ခင်အထိ ကိုယ့်ရဲ့အချိန်တွေကို ကိုယ် ပိုင်ခဲ့တယ် မယ်၊ (၁၃)နှစ်အရွယ်ရဲ့နောက်ပိုင်း မိုးဖျားနဲ့ ဆုံခဲ့ပြီး ဒီအိမ်ကြီးကို ရောက်တဲ့နောက်ပိုင်းကစလို့ ကိုယ့်ဘဝထဲက လွှတ်လပ်မှုတွေကို မိုးဖျားက အပိုင်သိမ်းလိုက်တယ်၊ ကိုယ် ငြင်းဆန်ခွင့်မရှိဘဲ ကြည်ကြည်ဖြူဖြူပဲ ပေးလိုက်ပါတယ်၊ အဲဒီနောက်ပိုင်းကစပြီး ကိုယ်က မိုးဖျားအတွက် အပြည့်ခံ အရုပ်တစ်ရုပ်အဖြစ်ကို ရောက်မှန်းမသိ ရောက်ခဲ့ရတယ်၊

အရင်တုန်းကတော့ လွှတ်လပ်မှု မရှိတာကလွဲလို့ ကိုယ့်ဘဝဟာ အရာအားလုံး ပြည့်စုံလွှမ်းနေတော့ စိတ်ကျေနပ်မှု ရှိခဲ့တယ်၊ နောက်ပိုင်းမှာတော့ အဲဒီပြည့်စုံခြင်းတွေဟာ ကိုယ့်ဘဝကို မွန်းကြပ်မှုတွေနဲ့ ပိတ်လှောင်ထားပါလားလို့ တွေးမိလာတော့ အဲ့ဒီ စည်းစိမ်ချမ်းသာခြင်းတွေနဲ့အတူ ကိုယ့်ဘဝကိုတောင် ကိုယ် ငြီးငွေ့ရွံမုန်းလာသလို ခံစားရတယ်. . .





ကိုယ့်ကိုယ်ကို ငါ ဘယ်ဘဝ ရောက်နေပြီလဲလို့ အထပ်ထပ် အခါခါ ပြန်ပြီးသုံးသပ်နေမိတယ်၊ ဒါပေမယ့် ဘာအဖြေမှ ထွက်မလာဘူး"

ကမ္ဘာသည် သူ့ရင်ထဲက ခံစားနေရသောအရာမှန်သမျှကို မယ်မဒီအား ဖွင့်အန်နေမိသည်။

မယ်မဒီသည်လည်း ကမ္ဘာရဲ့ခံစားချက် အတိမ်အနက်ကို သိရှိလာတော့ သူ့အား စိတ်ထွက်ပေါက်လေးတစ်ခုခုတော့ ရှာဖွေပေးချင်သည်။

အနည်းဆုံးတော့ ကမ္ဘာ စိတ်ချမ်းသာအောင်တော့ ဖြေသိမ့်ပေးချင်ပါသည်။

"ကမ္ဘာရယ်. . . မယ် ရှင့်အတွက် စိတ်မကောင်းပါဘူး၊ တကယ်ပဲ ရှင်နဲ့ ထပ်တူထပ်မျှ ရှင့်အပေါ် နားလည်မိပါတယ်၊ ရှင်နဲ့မိုးဖျားကြားမှာ ရှိနေတဲ့ အခု ရှင်ခံစားနေရတဲ့ အဖြစ်အပျက်လေးက အပေါ်ယံကြောလေး ရှင်ကြည့်မယ်ဆိုရင် ဘာမှမဟုတ်သလိုပဲ ထင်ရမှာပဲ၊ တကယ်တမ်း ကာယကံရှင်တစ်ယောက်အနေနဲ့တော့ အဲဒီအသေးအမွှားလေးတွေက ကြာလာတော့ ရင်ထဲမှာ ဝေဒနာတွေအဖြစ် အတွင်းလှိုက်စားလာပြီး လိုဏ်ခေါင်းတစ်ခု ဖြစ်သွားရလောက်အောင်ကို နက်နဲကျယ်ပြန့်လာလိမ့်မယ်"

"အဲဒီအတွက် ခုချိန်မှာ ရှင့်ကိုယ်ရှင် အားပေးဖြေသိမ့်နိုင်တဲ့စိတ်မျိုးကို အရင်ဆုံး မွေးမြူလိုက်ဖို့ပဲ၊ လူတစ်ယောက် စိတ်ချမ်းသာဖို့အတွက် ရှင့်ရဲ့ဘဝတစ်ခုနဲ့ ရင်းပြီး ပေးဆပ်နေရတာဟာ ကောင်းသောအလုပ်တစ်ခုလို့ မှတ်ယူပြီး ကံကြမ္မာက ပေးလာတဲ့ ပစ္စုပ္ပန်အခြေအနေတွေကို အလျဉ်းသင့်သလို နေထိုင်ကျင့်ကြံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ကမ္ဘာရယ်"

"ကြာလာတော့ ရှင့်ရဲ့အဖြည့်ခံစိတ်ကလေးကို ကံကြမ္မာက ကံရေစက်ကာသက်ပြီး ကောင်းသောအနာဂတ်တွေကို ရှင့်ဆီ အရောက်ပို့လွှတ်တော့မှာပါ။ မယ်တို့ဘာသာတရားရဲ့ အယူဝါဒထဲက ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မယ်ဆိုတာလေးကို နှလုံးသွင်းထားလိုက်ပါ"

"တစ်ချိန်မှာ ရှင်သိပ်တောင့်တတဲ့ လွတ်လပ်မှုတွေက ရှင့်ဆီကို အလိုလို ရောက်လာလိမ့်မယ်၊ ကျွန်မ လောင်းကြေးထပ်ပြီး ပြောရဲတယ် ကမ္ဘာ"

မယ့်ရဲ့ရှည်လျားသော နှစ်သိမ့်အားပေးခြင်းတွေအဆုံးမှာတော့ ကမ္ဘာဟာ မယ့်ကို အားကိုးတကြီး စိုက်ကြည့်လာပြီး ပြုံးပါသည်။ ထိုအပြုံးကိုတော့ မယ် သရုပ်မခွဲတတ်ပါ။

"ကျေးဇူးတင်တယ် မယ်၊ ကိုယ့်ရဲ့မှိုင်းညို့နေတဲ့ စိတ်တွေကို မယ့်ရဲ့အားပေးစကားတွေက အလင်းရောင်တစ်ခု ပေးလိုက်သလိုပဲ၊ ကိုယ့်ခံစားချက်တွေကို မယ့်ကို ဒီည ခုလောက် ရှည်ရှည်ဝေးဝေး ပြောမိလိမ့်မယ်လို့ ကြိုတင်မကြံစည်ထားမိဘူး"

မယ်သည် သူမရဲ့နှစ်သိမ့်လိုက်သောစကားလုံးတွေက ကမ္ဘာ့အတွက် ဖြေသိမ့်နိုင်သော စကားလုံးတွေအဖြစ် အရာရောက်သွားသဖြင့် အလွန်အမင်း ကျေနပ်သွားလေသည်။

"မယ့်ကို ကိုယ် အကူအညီတစ်ခု တောင်းချင်တယ်"

မယ်က မျက်ဝန်းကလေး ထောင့်ကပ်ပြီး မေးလေး ဆတ်ပြကာ. . .

"အင်း. . . ပြောလေ၊ မယ် ကူညီနိုင်တဲ့ကိစ္စဆိုရင် ကူညီ





မှာပေါ့၊ ရှင်နဲ့မယ်က သူငယ်ချင်းတွေ ဖြစ်သွားကြပြီပဲ. . . OK"

ခေါင်းလေး ငုံ့ကာ လက်ညှိုးထိပ်နဲ့ လက်မထိပ်လေးကို ထိစိုင်းပြကာ OK ဆိုသော အမှတ်သင်္ကေတလေး လုပ်ပြသော မယ့်ရဲ့ချစ်စဖွယ်ကောင်းသောဟန်လေးကြောင့် ကမ္ဘာသည် မယ့်အလှတွင် ခဏတော့ မိန်းမူးသွားရ၏။

မယ်မဒီဆိုသော ကောင်မလေးဟာ တော်တော့ကို လှပါလားဟု စိတ်ထဲမှာပင် ကြိတ်၍မှတ်ချက်ချလိုက်မိရင်း သူ့ရဲ့ဆန္ဒကို မရဲတရဲ ခွင့်တောင်းမိ၏။

"ကိုယ်တို့ ည(၉)နာရီ ရောက်တိုင်း အခုလိုပဲ တွေ့ပြီး စကားတွေ ပြောကြရအောင်၊ အဲဒါ ကိုယ့်ရင်ထဲက တကယ့်ဆန္ဒပါ၊ မယ်နဲ့ စကားပြောရတာ ကိုယ်ပျော်တယ်. . . စိတ်ချမ်းသာတယ်၊ ဒါကြောင့် ကိုယ့်ခံစားချက် အနုအရင့်တွေကို မယ်စိတ်ဝင်စားအုံး မယ်ဆိုရင် ကိုယ် ညတိုင်း ရင်ဖွင့်ပြချင်တယ်"

"မိုးဖျား သိသွားရင်ရော ဒီကိစ္စကို လက်ခံပါ့မလား"

မိုးဖျားက ဟိုးငယ်ငယ်ကလေးထဲက ည(၈)နာရီကျော် လောက်ဆို သူက အိပ်ပြီ၊ ကြီးတဲ့အထိ အဲဒီအကျင့်က မပျောက်ဘူး၊ ဒါကြောင့် မိုးဖျား အိပ်ပျော်နေတုန်း သူ ထုပ်ပိုးသိမ်းဝှက်ထားတဲ့ အထဲက ကိုယ့်ရဲ့လွတ်လပ်မှုကို တစ်ဖဲ့ချင်း ခိုးယူနေရတာပေါ့၊ ခိုးယူရတဲ့ လွတ်လပ်မှုမို့လား မသိဘူး၊ ကိုယ်အရမ်းပျော်တယ်"

ကလေးတစ်ယောက်လို တိုင်တည်ပြောဆိုနေသော သူ့ရဲ့ ဆန္ဒတွေကို မယ် အမှန်တကယ် ဖြည့်ဆည်းပေးချင်ပါသည်။

ဒါပေမယ့် ညတိုင်း တွေ့ဖို့ဆိုတာတော့ မယ့်ဘက်က မလွယ်ဘူးလေ။ ဒီညတောင် ဖေဖေက ဆေးရုံမှာ night ဆင်းရလို့



www.burmeseclassic.com

www.burmeseclassic.com



မယ့်အတွက် ဒီလိုအခွင့်အရေးမျိုး ရတာ။ ဖေဖေသာ ရှိရင် ဖေဖေက အစောကြီး အိပ်တတ်တဲ့အကျင့် မရှိဘူး။ ညဆို ဆေးကျမ်းစာအုပ်တွေ ဖတ်တယ်။ ပြီးရင် မယ့်ကို ဖေဖေက ကျောင်းမှာ သင်ခဲ့တဲ့ သင်ခန်းစာတွေကို ဂိုက်ပြန်လုပ်ပေးတတ်တယ်။

"ဘယ်လိုလဲ မယ်၊ ကိုယ့်တောင်းဆိုမှုအတွက် မယ် စိတ်အနှောင့်အယှက် ဖြစ်သွားပြီလား၊ အင်းလေ. . . မယ့်လို အမျိုးကောင်းသမီးတစ်ယောက်ကို ညဘက်မှာ တွေ့ကြဖို့ တောင်းဆိုတာ ဂုဏ်သိက္ခာရှိတဲ့ အလုပ်တစ်ခုမှ မဟုတ်တာပဲ"

ကမ္ဘာ့အသံက မျှော်လင့်ချက် မဲ့သလို အားငယ်ဖျော့တော့သွားရ၏။

"မဟုတ်ဘူး. . . အဲဒီလို မထင်မိပါဘူး ကမ္ဘာရယ်၊ ညဘက်ဆိုရင်လေ ဖေဖေက ဆေးကျောင်းမှာ သင်တဲ့လက်ချာတွေကို မယ့်ကို ပြန်ရှင်းပြတတ်တယ်၊ ပြီးရင် ဆေးကျမ်းတွေ ဖတ်ပြီး အပြန်အလှန် ဆွေးနွေးကြတယ်၊ ဒါကြောင့် ကမ္ဘာ့ဆီကို နေ့စဉ်လာနိုင်မှာ မဟုတ်လို့ စိတ်မကောင်းဖြစ်နေတာ၊ မယ် လာဖြစ်မယ့်နေ့ဆိုရင် ကမ္ဘာ့ကို ကြိုပြီးဖုန်းဆက်မယ်လေ. . . ဘယ်လိုလဲ"

ကမ္ဘာက ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်သည်။

"ဖုန်းဆက်မယ်ဆိုရင်လည်း မိုးဖျားက ကိုယ့်အနားမှာ တစ်ချိန်လုံး ရှိနေတာ၊ ဘယ်ကဖုန်းလဲ ဘာညာနဲ့ အစစ်အဆေး အမေးအမြန်းက ထူနေအုံးမှာ မယ်ရဲ့"

ကမ္ဘာပြောတာလဲ ဟုတ်တာပဲလေ။ မယ် ဘယ်လို ဆက်သွယ်ရမလဲဟု စဉ်းစားတာ အကြပ်ရိုက်နေ၏။

"ဟယ်. . . အကြံရပြီ ကမ္ဘာ၊ မယ့်ရဲ့အခန်းကို ကမ္ဘာတို့





ထမင်းစားခန်းကနေ လှမ်းကြည့်ရင် မြင်နေရတာပဲ၊ တကယ်လို့ မယ်တို့နှစ်ယောက် တွေ့ဖြစ်မယ့်ညဆိုရင် မယ့်ရဲ့အခန်းပြတင်းတံခါးရဲ့သံတိုင်မှာ လည်စည်းပုဝါအနီလေး ချည်ထားမယ်လေ၊ အဲဒီလို ချည်ထားတာ တွေ့ရင် မယ်တို့နှစ်ယောက် ဒီခုံတန်းလေးမှာ တွေ့ကြမယ်၊ ဘယ်လိုလဲ. . . ဒီအစီအစဉ်လေး ကောင်းတယ် မဟုတ်လား"

ကမ္ဘာ့မျက်နှာ အခုမှပဲ မျှော်လင့်ချက်ဖြင့် အရောင်ပြန်တက်သွား၏။

"အင်း. . . မယ့်အကြံ မဆိုးဘူးပဲ၊ OK. . . ကိုယ်တို့ အဲဒီလိုပဲ စီစဉ်ကြတာပေါ့၊ ကဲ. . . မယ်လဲ အိပ်ချင်ရောပေါ့. . . ဂွတ်နိုက်"

နှစ်ယောက်သား နှုတ်ဆက်ပြီး ထိုညတစ်ညတာအတွက် လမ်းခွဲခဲ့ကြ၏။

နှစ်ယောက်စလုံးရဲ့ရင်ထဲမှာတော့ တိမ်အစိုင်အခဲတွေလို ပေါ့ပါးသွက်လက်၍နေကြ၏။

သို့သော် ကမ္ဘာ့ရင်ထဲက နှလုံးသားနေရာကတော့ ကျောက်ဆောင်ကြီးတစ်ခုလို လေးလံတင်းကျနေသလို မယ်ရဲ့ရုပ်ပုံလွှာသည်လည်း အာရုံမှာ ဖျောက်ဖျက်၍မရအောင် ဝေ့ဝဲနေဆဲပင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





## အပိုင်း(၂)

"ကမ္ဘာ. . . ထတော့လေ၊ ငါတို့ စက်ဘီးလျှောက်စီးကြရအောင်၊ အပြင်မှာ နှင်းတွေ တအားထူနေတယ်ကွ"

ကမ္ဘာ့မြေရဲ့နဖူးကို တို့ထိနမ်းရှုံက်ပြီး နှိုးလိုက်တဲ့ အထိအတွေ့ကြောင့် ကမ္ဘာသည် မျက်လုံးတွေကို မနည်းအားယူဖွင့်လိုက်၏။

ညက မယ်နဲ့ စကားတွေ ပြောကြပြီး အတော်လေး ညဥ့်နက်မှ အိမ်ပေါ် ပြန်တက်ကာ အိပ်ဖြစ်သဖြင့် အိပ်ရေးက သိပ်ပြီး





မဝချင်။

ညက မယ်နဲ့ မကြာမကြာ တွေ့ဖြစ်နေကြသည်။

မယ်သည် သူ့ဘဝမှာ ပထမဦးဆုံး မိန်းကလေး သူငယ်ချင်းတစ်ယောက်ဖြစ်သလို ကမ္ဘာ့ရဲ့စိတ်တွေကို လှုပ်ခတ်လာအောင်လဲ ဆွဲဆောင်မှုအားကောင်းသော မိန်းကလေးတစ်ယောက်လည်းဖြစ်သည်။

မယ်နဲ့ တွေ့ဖြစ်ကြတဲ့အချိန်ဟာ ကမ္ဘာ့ဘဝမှာ ပျော်စရာအကောင်းဆုံးအချိန်တစ်ခုလည်းဖြစ်သည်။

"ကမ္ဘာ. . . ထကွာ. . . နှပ်မနေနဲ့တော့၊ နှင်းမကွဲခင် စက်ဘီးလျှောက်စီးကြရအောင်"

နှင်းကြားထဲမှာ လျှောက်သွားရတဲ့အချိန်လောက် ကမ္ဘာ စိတ်ပျက်တာ မရှိ။

နှင်းမှုန်တွေကို ကမ္ဘာ မုန်းသည်။

ကမ္ဘာ သိပ်ချစ်သောအဘိုးနှင့် ခွဲခဲ့ရတာ အဲဒီနှင်းတွေ ပိန်းပိတ်အောင် ထူထပ်နေသော မနက်ခင်းတစ်ခုမှာ ဖြစ်သည်။

ဒီတော့ နှင်းတွေကို မြင်ရင် ကမ္ဘာ့ရင်ထဲမှာ အဘိုးကို အရမ်းသတိရမိ၏။

မိုးဖျားကကျတော့ ကမ္ဘာ့လို မဟုတ်။ နှင်းတွေကို ချစ်တဲ့သူဖြစ်သည်။

နှင်းတွေ ဝေနေအောင် ကျသော မနက်ခင်းတစ်ခုမှာ ကမ္ဘာနဲ့ စတင်တွေ့ခဲ့ရလို့ဆိုပြီး သူက နှင်းတွေကို ပိုပြီးချစ်တတ်လာသည်။

သို့သော် နှင်းကို မုန်း၍ စက်ဘီးလိုက်မစီးချင်ပါဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့မှာ ငြင်းဆန်ပိုင်ခွင့် မရှိ။ အရာရာဟာ မိုးဖျားရဲ့ဆန္ဒအတိုင်းပဲ လှုပ်ရှားသက်ဝင်ရတာ ကမ္ဘာ့အတွက် သိပ်ပြီးမဆန်းကြယ်တော့သော ကကြိုးတစ်ကွက်ပါ။

ဒီတော့ ကမ္ဘာဟာ လေးပင်စွာဖြင့် အိပ်ယာထက်မှ ထလိုက်ကာ ရေချိုးခန်း ဝင်ပြီး. . .

မိုးဖျားအတွက် မျက်နှာသစ် သွားတိုက်ဖို့ကအစ အကုန်လုံး စီစဉ်ပေးပြီး. . .

မိုးဖျားအတွက် နှင်းတွေနဲ့ ဖက်ရှင်ဖြစ်မယ့်ဝတ်စုံတစ်စုံကို ထုတ်ထားလိုက်သည်။

ပြီးတော့မှ သူ ရေချိုးခန်း ဝင်ကာ သွားတိုက် မျက်နှာသစ်ပြီး ရေကို တဝုန်းဝုန်း လောင်းချိုးလိုက်သည်။

ဒါတောင် မိုးဖျားက ရေချိုးခန်းထဲ ဝင်လာပြီး ကြာလို့ဆိုပြီး ပြောနေသေးတယ်။

"ကမ္ဘာ. . . အမြန်လုပ်. . . နှင်းကွဲသွားအုံးမယ်"

"ပြီးပါပြီ. . . ငါက ခဏပဲ၊ မင်းလို ဇီဇာမကြောင်ဘူး"

ဟု ပြောပြီး ရေချိုးခြင်း အဆုံးသတ်လိုက်ပြီး နွေးနွေးထွေးထွေးဖြစ်မယ့် ဆွယ်တာတစ်စုံကို ထုတ်ဝတ်လိုက်ပြီး နှစ်ယောက်စလုံး မနက်စာပင် မစားဖြစ်ကြတော့ဘဲ စက်ဘီးတစ်စီးနှင့် အင်းယားဘက်ကို နင်းလာကြသည်။

မိုးဖျားသည် စက်ဘီးနင်းနေရင်းမှ မိုးမှုန်လေးတွေလို ပြာကျနေသော နှင်းငွေ့တွေကို လက်နှင့် ဆော့သွားသေး၏။

နှုတ်မှလည်း သူဆိုချင်သောသီချင်းတွေကို ခပ်တိုးတိုး ညည်းနေလိုက်သေး၏။





မြကျွန်းသာရှေ့နား ရောက်တော့ မိုးဖျားတို့နောက်မှ စက်ဘီးဘဲလ်သံတစ်ခုကို ကြားလိုက်၍ နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။ မိုးဖျားက မျက်နှာ ချက်ချင်းတည်သွား၏။

ကမ္ဘာ့ရင်ထဲမှာတော့ နှင်းတောထဲမှ နတ်သမီးလေး တစ်ပါးကို တွေ့လိုက်ရသလို ပြုံးရွှင်သွား၏။

"မယ်မဒီ. . . စက်ဘီးစီး ထွက်လာတာလား"

မယ်မဒီက စက်ဘီးလေးကို သူတို့နှင့် ဘေးချင်းယှဉ်ပြီး နင်းနိုင်အောင် အရှိန်ကို မြှင့်လိုက်ပြီး. . .

"ဟုတ်တယ် ကမ္ဘာရဲ့၊ မနက်စောစောစီးစီး ကျန်းမာရေးအတွက်လေ"

မယ်မဒီက ပြောပြီး မိုးဖျားဘက်ကို လှမ်းကြည့်တော့ မိုးဖျားက အရေးပင် မလုပ်၊ မယ်မဒီကလည်း မမှုတဲ့ပုံစံမျိုး။

သူ့ဘာသာသူ သီချင်းခပ်တိုးတိုး ညည်းနေ၏။

သူ့စိတ်ထဲမှာ မယ်မဒီရဲ့အလှကို ခံစားဖို့ ဝေးစွ၊ မယ်သူတို့အနား ရောက်လာတာကိုတောင် ဈာန်ပျက်ချင်ချင် ဖြစ်နေပြီ။

ကမ္ဘာကလည်း မိုးဖျားရှေ့မှာမို့ မယ့်ကို ညဘက်တွေ ခြံထဲမှာ တွေ့သလို ရင်းရင်းနှီးနှီး သိပ်ပြီး မပြောဆိုရဲ၊ ခေါ်တာတောင် မယ်မဒီဟုသာ ခပ်စိမ်းစိမ်း ခေါ်ရဲ၏။

တော်ကြာ မယ်လို့ ခေါ်လိုက်လို့ သူ့နားထဲ ကန့်လန့်ဖြစ်သွားရင် ဘာကြောင့် ဒီလောက် ရင်းနှီးနေရသလဲဆိုပြီး အစစ်ဆေး အမေးမြန်းထူနေအုံးမယ်။

မြကျွန်းသာနား ရောက်တော့ နှင်းက ကွဲလုနေပြီ။

မိုးဖျားနှင့်ကမ္ဘာတို့နောက်ကို မယ်လည်း လျှောက်လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ကမ္ဘာ. . . မင်းနဲ့ငါနဲ့ တစ်ခုခု စားကြရအောင်. . . ဗိုက်ဆာနေပြီ"

မိုးဖျားက မင်းနဲ့ငါဟု သုံးနှုန်းလိုက်သည်။ မယ်ကို သူတို့နဲ့ ဆက်မလိုက်ချင်သည့်ပုံစံမျိုးဖြင့် ပြောနေမှန်း မယ်ကလည်း ကောင်းကောင်းသိသည်။

ဒါပေမယ့် မယ်က ဂရုမစိုက်၊ သူမကြိုက်လေ မယ်က ပိုပြီးတွယ်ကပ်ကာ လိုက်လေပဲ၊ မယ်တို့က အဲဒီလောက်ထိ အရွဲ့တိုက်ပြီးသား။

"ဟုတ်တယ် ကမ္ဘာ၊ မယ် ဗိုက်ဆာနေပြီ၊ ဒီမနက် မောနင်းစာကို မယ် ဒကာခံမယ်နော်၊ ကြိုက်သလောက် စားကြ"

မယ့်စကားကြောင့် မိုးဖျား မျက်နှာတစ်ဖက်သို့ လှည့်ကာ မဲ့လိုက်၏။

သူမက ဘာလို့ ပက်ကျိလို လိုက်ပြီးတွယ်ကပ်နေတာလဲ မသိ။

မိုးဖျားအတွက်တော့ အမှန်တကယ် စိတ်ရှုပ်ဖို့ ကောင်းနေတော့၏။

"ရှေ့နားက ဆိုင်လေးက မဆိုးဘူး မိုးဖျား၊ အဲဒီမှာ မင်းကြိုက်တဲ့ ရွှေတောင်ခေါက်ဆွဲ ရတယ်"

မိုးဖျားက ကမ္ဘာ့ကို လှမ်းကြည့်ကာ မယ်မဒီဘက်ကို မေးဆတ်ပြ၏။

ပြီးတော့ ခေါင်းကို မသိမသာ ခါလိုက်သည်။

"ငါ မစားချင်တော့ဘူး ကမ္ဘာ၊ အိမ်ကိုပဲ ပါဆယ် ဝယ်သွား





တော့မယ်၊ မင်းလည်း အိမ်ရောက်မှ စားတော့"

မိုးဖျားက တမင်တကာ သူမနှင့် မပတ်သက်ချင်၍ ငြင်းလိုက်ခြင်းဖြစ်သည်ဆိုတာကို ကမ္ဘာရော မယ်မဒီပါ ကောင်းကောင်း ရိပ်မိပါသည်။

မယ်မဒီက ဘာမှ မဖြစ်သလို မမှုသလို ပုံစံနှင့်. . .

"ကောင်းသားပဲ. . . အိမ်ဝယ်သွားတော့လည်း ဖေဖေတို့ မေမေတို့ပါ စားရတာပေါ့"

ဟု ပြောပြီး စက်ဘီးပေါ်မှဆင်းကာ စက်ဘီးကို အပင်ခြေရင်းတစ်ခုတွင် ဒေါက်ထောက်ကာ ထားခဲ့လိုက်ပြီး ဆိုင်ကလေးထဲကို သူမကပင် ဦးဆောင်၍ ဝင်သွားလိုက်သည်။

ကမ္ဘာက နောက်မှ လိုက်ဝင်လိုက်ပြီး မိုးဖျား မကြားနိုင်လောက်သော လေသံမျှင်းမျှင်းလေးဖြင့်. . .

"ဆောရီးပဲနော် မယ်၊ မိုးဖျားအစား ကိုယ်တောင်းပန်တယ်"

မယ်က ချစ်စဖွယ် ဟန်လေးနှင့်. . .

"No Problem"

ဟု ပြော၏။

မယ်သည် စားပွဲထိုးလေးကို ရွှေတောင်ခေါက်ဆွဲရှစ်ပွဲ မှာလိုက်၏။

တအောင့်ကြာတော့ ဖော့ဘူးလေးတွေနှင့် ထုတ်ထားသော ရွှေတောင်ခေါက်ဆွဲကို စာပွဲထိုးလေး ယူလာသည်။

မယ်က စားပွဲထိုးလေးထံမှ ဘူးတွေ ထည့်ထားသော အိတ်တွေကို လှမ်းယူလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . ကမ္ဘာ၊ ငါးပွဲဆိုရင် လောက်မလား၊ မလောက်လဲ ထပ်မှာလို့ ရတယ်နော်၊ မယ်တို့အိမ်အတွက်ကတော့ သုံးပွဲဆိုရတယ်"

"မမှာတော့ဘူး မယ်ရဲ့. . . လောက်ပါတယ်"

နှစ်ယောက်စလုံး အထုပ်ကိုယ်စီ ဆွဲကာ ဆိုင်ထဲမှ ထွက်လာ၏။

ဒါဆို မိုးဖျားက မနှစ်မြို့သလို ကြည့်ကာ. . .

"ကမ္ဘာ ပိုက်ဆံရှင်းခဲ့ပြီလား၊ ငါက သူများဝယ်ကျွေးတာကို မစားတတ်ဘူးနော်"

မိုးဖျားစကားကြောင့် ကမ္ဘာသည် မယ့်ဘက်ကို ကြည့်ပြီး အားနာပြုံးလေးဖြင့် ပြုံးပြလိုက်သည်။

"မယ်မဒီက ပိုက်ဆံအတင်းလုရှင်းနေလို့ ငါလည်း အားနာနာနဲ့ ငြိမ်နေလိုက်တာ၊ ဒီတစ်ခါတော့ စားလိုက်ပါကွာ၊ နောက်တစ်ခါကျတော့ မင်း ပြန်ဝယ်ကျွေးလိုက်ပေါ့"

ဟု မယ်မကြားအောင် မိုးဖျားအနားကို ကပ်ပြီး ခပ်တိုးတိုး ပြောလိုက်သည်။

မယ်က သူမရဲ့ရွှေတောင်ခေါက်ဆွဲဘူးတွေ ထည့်ထားသောအိတ်ကို စက်ဘီးရှေ့ခြင်းထဲ ထည့်ပြီးသည်နှင့်. . .

"ကဲ. . . ကမ္ဘာရေ မယ်တော့ ရှင်တို့ကို မစောင့်တော့ဘူး၊ လစ်ပြီနော်"

ဟု ပြောပြီး သူတို့နှစ်ဦးရှေ့မှ စက်ဘီးလေး နင်းပြီး ထွက်ခဲ့လိုက်၏။

မယ် အိမ်ရောက်တော့ ဖေဖေ ဆေးရုံမှ ဂျူတီပြန်ထွက်





လာပြီး မေမေက မနက်စာ စားရန်ပင် ပြင်ဆင်၍နေပြီ။

"ဟော. . . သမီး စက်ဘီးထွက်စီးတာလား"

"ဟုတ် မေမေ၊ ဒီမှာ မြကျွန်းသာထဲက ရွှေတောင်ခေါက်ဆွဲ ဝယ်လာတယ်"

ဖေဖေက ရွှေတောင်ခေါက်ဆွဲ အလွန်ကြိုက်သူ ဖြစ်သဖြင့် သဘောကျသွားကာ. . .

"ငါ့သမီးလေးတောင် တဖြည်းဖြည်းနဲ့ တော်လာပြီပဲ၊ ဖေဖေ့အကြိုက်ကို သိလာပြီ"

"အဟင်း. . . ဖေဖေ့သမီးပဲ. . . တော်ရမှာပေါ့၊ ဒီနံနက်မိသားစု မနက်စာ စားဝိုင်းလေးမှာ လူစုံမယ်ဆိုတာ သိနေတယ်လေ၊ ဒါကြောင့် ဝယ်လာတာပေါ့"

မယ်က စားပွဲမှာ ဝင်ထိုင်လိုက်ရင်း. . .

"ဒီညရော ဖေဖေ နိုက်ဂျူတီပဲလား"

"ဟုတ်တယ် သမီးရေ၊ တာဝန်ဆိုတော့လည်း Day တွေ Night တွေ ခွဲခြားလို့ ဘယ်ရမလဲ သမီးရယ်"

ဖေဖေကတော့ မယ်က ဖေဖေ နိုက်ဆင်းရတာကို သဘောမကျဘူး ထင်၍ ဖြေသိမ့်ပြီး ပြောပေးနေရှာ၏။

မယ်က ဖေဖေထင်သလို မဟုတ်။

ဒီည ကမ္ဘာနဲ့ တွေ့ရမယ်ဆိုပြီး စိတ်ထဲမှာ ကြိတ်ပြီးတော့တောင် ပျော်နေသေး၏။

မေမေ ပြင်ပေးသော ရွှေတောင်ခေါက်ဆွဲကို ဖေဖေက တစ်ဇွန်းနှစ်ဇွန်း ဆက်တိုက် ခပ်စားလိုက်ပြီး မယ်ကို လှမ်းကြည့်ကာ

"သမီး ဟိုဘက်ခြံရော သွားဖြစ်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



ပြန်းစားကြီး မေးလိုက်သော ဖေဖေ့အမေးကြောင့် မယ့် ပါးစပ်ထဲ ထည့်ခါနီးဆဲဆဲဖြစ်သော ရွှေတောင်ခေါက်ဆွဲတွေပင် ပါးစပ်ထဲ မထည့်ဖြစ်ဘဲ တွန့်သွားရ၏။

ညဘက်တွေမှာ ကမ္ဘာနဲ့ သွားသွားတွေ့နေတာကို မေမေများ သိလို့ ဖေဖေ့ကို တိုင်လိုက်ပြီလားဆိုပြီး မလုံမလဲ ဖြစ်သွားရ၏။

"ဟင့်အင်း. . . မရောက်ဖြစ်ဘူး ဖေဖေရဲ့၊ သမီးလည်း ကျောင်းသွားလိုက်၊ ပြန်လာတော့လည်း ကျောင်းစာတွေနဲ့ပဲ နပန်းလုံးနေရတော့လေ"

ဖေဖေက မေမေ့ဘက်ကို လှည့်ပြီး. . .

"အမေကြီး. . . သမီးကို ဟိုကိစ္စ ပြောပြီးပြီလား"

မေမေက ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး မယ့်ကို တစ်ချက်အကဲခတ်ကာ. . .

"ဟင့်အင်း. . . မပြောရသေးဘူး အစ်ကို၊ မိက မိသားစုစုံမှ ပြောရင် ပိုကောင်းမယ်ထင်လို့"

ဖေဖေနဲ့ မေမေ ဘာတွေပြောမည်လဲဆိုတာကို ယ်ာ် သိချင်သွားပြီ။

"ဘာတွေ ပြောမလို့လဲ မေမေ"

ဖေဖေက အဆီကွက်နေသော နတ်ခမ်းကို တစ်သျှူးဘူးထဲမှ တစ်သျှူးတစ်ရွက်ကို ထုတ်ယူကာ သုတ်လိုက်ပြီး. . .

"ဒီလို သမီးရဲ့. . . "

ဟု အစချီလိုက်သည်။

"သမီးကို ဖေဖေတို့က မိုးဖျားထက်ဘုံနဲ့ လက်ထပ်ပေးဖို့





လူကြီးချင်း စကားပြောဆိုထားကြပြီးပြီလေ၊ အဲဒါကြောင့် သမီးကို မိုးဖျားနဲ့ ရင်းရင်းနှီးနှီး နေစေချင်တယ်"

"ဒါမှလည်း သမီးတို့ လူငယ်ချင်း တစ်ယောက်စိတ်ကို တစ်ယောက် အနီးကပ် လေ့လာလို့ ရမှာပေါ့"

မယ် ဘယ်လိုမှ ထင်မထားတဲ့ အကြောင်းအရာတစ်ခုက အစီအစဉ်တကျ ရှိနေတဲ့ မယ့်ရင်ခုန်သံတွေကို လာရောက်တပ်လှန့်သွားသလို ရင်တစ်ခုလုံး ပူလောင်ခြင်းတွေနဲ့ လောင်မြိုက်သွားရ၏။

ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စကြီးတစ်ခု။

ဒီတစ်ခါတော့ ကိုယ့်ရဲ့ပျက်ယွင်းသွားသော မျက်နှာကို မိဘရှေ့မှာ ဟန်ဆောင်ချိန်ညှိဖို့ လိုမယ်မထင်ဘူးဟု မယ် တွေးလိုက်မိပြီး. . .

"သမီး လုံးဝ သဘောမတူဘူး ဖေဖေ၊ သူ့လို သွေးနားထင်ရောက်နေတဲ့လူကိုလဲ ဘဝလက်တွဲဖော်အဖြစ် ဘယ်လိုစိတ်မျိုးနဲ့ ရွေးချယ်လို့ရမှာလဲ"

ဖေဖေက မိုးဖျားဘက်က ကာ၍ ပြောပေးပြန်သည်။

"မိုးဖျားက ဒီလိုပဲ နေတတ်တာပါ သမီးရယ်၊ ကောင်လေးက စိတ်ရင်းကောင်းပါတယ်"

"အင်း. . . သမီးတော့ သူ့ကို ကြည့်မရဘူး၊ ပုံစံကိုက ပျော့တိပျော့ဖတ်နဲ့၊ မိန်းမဆန်လွန်းအားကြီးတယ်. . . ဟင်း၊ ပြီးတော့ သူက မယ်နဲ့ တွေ့ရင် မတူသလို ပုံစံနဲ့ ဆက်ဆံသေးတယ်၊ သမီးကတော့ လုံးဝပဲနော်၊ ဒီကိစ္စကို အပြတ်ငြင်းတယ်"

ဒါဟာ မယ့်ရဲ့ယတိပြတ် ငြင်းဆိုမှုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မယ့်ရဲ့အကြောက်အကန် ငြင်းဆန်နေမှုကြောင့် အကဲခတ်သလို အကြည့်ဖြင့် ကြည့်ပြီး. . .

"သမီးမှာ ချစ်သူရှိနေပြီလား မယ်"

ဖေဖေရဲ့အမေးက မယ့်ကို အကြပ်အတည်းမှ လွတ်မြောက်ခွင့် ပေးလိုက်သလို ဖြစ်သွားကာ. . .

"တကယ်လို့ မယ့်မှာ ချစ်သူရှိတယ်ဆိုရင်ရော ဖေဖေတို့ အစီအစဉ်ကို ဖျက်သိမ်းပေးမှာလား"

မယ့်ရဲ့ အလောတကြီးနိုင်သော မေးခွန်းကြောင့် ဖေဖေက မယ့်အား လေးနက်သော အကြည့်တစ်ချက်ဖြင့်. . .

"အဲဒီလောက် လောမကြီးနဲ့ သမီး၊ ဖေဖေတို့က သမီးမှာ ချစ်သူရှိတယ် ဆိုရုံလောက်နဲ့တော့ အစီအစဉ်ကို အလွယ်တကူ ရုပ်သိမ်းပေးမှာ မဟုတ်ဘူး၊ အရင်ဆုံး သမီး လုပ်ရမှာက သမီးရဲ့ ကောင်လေးဟာ ဘယ်မှာနေလဲ၊ ဘာလုပ်လဲ၊ ဘယ်လိုအကျင့် စာရိတ္တကို ပိုင်ဆိုင်ထားသလဲ၊ ဘယ်လို အရည်အချင်းတွေ ရှိထားလဲ၊ ဒါတွေကို ဖေဖေတို့ကို တင်ပြဖို့ပါ"

"အေး. . . သမီးရဲ့ချစ်သူဟာ ဖေဖေတို့ လက်ခံနိုင်တဲ့သူ တစ်ယောက်ဆိုရင်တော့ ဖေဖေတို့ လူကြီးချင်း စီစဉ်ထားတဲ့ အစီ အစဉ်ကို ပြန်ရုပ်သိမ်းပေးမယ်"

မယ် ဝမ်းသာသွားကာ မျက်နှာလေး ချက်ချင်း ဝင်းပ ကြည်လင်သွား၏။

"တကယ်နော်"

ဖေဖေက အလေးအနက် ခေါင်းညိတ်ကာ. . .

"Promise"





ဟု ပြော၏။

ဖေဖေ့ရဲ့ အလေးအနက် ပြောလာသော စကားကြောင့် မယ့်မှာ တစ်ဖန် အကျပ်ရိုက်ရပြန်သည်။

ခက်တော့ နေချေပြီ။

မယ့်မှာ ရည်းစားမှ မရှိတာ၊ မယ့်အနေနဲ့ သမီးချစ်သူက ဘယ်သူပါ၊ ဘယ်မှာ နေပါတယ်၊ ဘယ်လို အကျင့်စာရိတ္တ ကောင်း ပါတယ်လို့ဆိုပြီး မရှိတဲ့ချစ်သူအကြောင်းကို ဘယ်လိုအမွှမ်းတင်ရပါ့ မလဲ။

မယ်က အကျပ်အတည်းတစ်ခုက လွတ်မြောက်ပြီး နောက်ထပ် အကျပ်အတည်းထဲကို မရှုနိုင် မကယ်နိုင် ပြန်လည် ရောက်ရှိသွားပြန်သည်။

စဉ်းစားစမ်း။ မယ် ဖေဖေတို့ကို ဘယ်လိုပြောရမလဲ၊ ဒီအချိန်မှာ ဖေဖေ မေမေကို ယုံအောင် မပြောနိုင်ရင် နင့်ဘဝ တော့ မိုးဖျားဆိုတဲ့ လူအန္တလက်ထဲကို အလိုလို ကျဆင်းပြီးသား ဖြစ်သွားလိမ့်မယ်၊ အဲဒီလိုမျိုး ကြုံလာရင် အဲ့ဒီအဖြစ်လောက် ဆိုးဝါး လွန်းတဲ့အဖြစ် နင့်ဘဝမှာ ရှိနိုင်ပါဦးမလား။

အတွေးဆုံးသည်နှင့် မယ်သည် ကမ္ဘာရဲ့ကြည်လင်တဲ့ မျက်နှာချောချောကို မျက်ဝန်းထဲမှာ ဖျတ်ခနဲ ပေါ်လာလေသည်။

မယ့်အာရုံစေတသိက်ထဲကို အကြံတစ်ခုက လှစ်ခနဲ ပြေး ဝင်လာသည်။

မယ် ဆုံးဖြတ်လိုက်သည်။

မယ့်ကို ကူညီပါ ကမ္ဘာ၊ မယ့်ရဲ့ အခက်အခဲကို ကူညီနိုင်တဲ့ သူဟာ ကမ္ဘာ့အပြင် ဘယ်သူမှ ရှိနိုင်မှာ မဟုတ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ သမီး၊ သမီးချစ်သူက ဘယ်သူမို့လို့ ဒီလောက်တောင် မျက်စိမျက်နှာပျက်ပြီး တွေဝေသွားရတာလဲ"

ဖေဖေ့အသံကြားမှ အတွေးတွေ ရပ်တန့်သွားကာ. . .

"မယ်. . မယ့်ချစ်သူက ဟိုဘက်ခြံကပါ"

ဖေဖေရော မေမေရော မယ့်ရဲ့ခပ်ရှုံ့ရှုံ့ စကားကြောင့် အံ့ဩတကြီးဖြင့်. . .

"ဘယ်လို. . . ဟိုဘက်ခြံက"

"ဟုတ်တယ် မေမေ"

ဟိုဘက်ခြံမှာ ယောကျ်ားဖျိုဆိုလို့ မိုးဖျားထက်ဘုံနဲ့ ကမ္ဘာမြေ နှစ်ယောက်တည်း ရှိတာ။

သမီးက မိုးဖျားကို ငြင်းတယ်ဆိုတော့ သမီးရဲ့ချစ်သူက ကမ္ဘာမြေပေါ့။

"ဒါဆို သမီးရဲ့ချစ်သူက ကမ္ဘာမြေပေါ့"

မယ် မဝံ့မရဲလေး ခေါင်းညိတ်ပြလိုက်သည်။

စိတ်ထဲမှာလည်း ကမ္ဘာ့ကို အကြိမ်ကြိမ် အခါခါ တောင်းပန်နေမိ၏။

ခွင့်လွှတ်ပါ ကမ္ဘာရယ်၊ မယ့်အခက်အခဲကို ဖြေရှင်းဖို့ ဒီတစ်နည်းပဲ ရှိလို့ပါ။

မယ် ဖေဖေတို့ မေမေတို့ မျက်နှာကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

မလိုလား မနှစ်မြို့သော အရိပ်အယောင်တွေ လုံးဝရှိမနေကြ။

မယ်သည် ခုမှ စိတ်အေးကာ တစ်ကိုယ်သာ ကြားသာ





သော သက်ပြင်းလေးကို ခပ်ဖျော့ဖျော့လေး မှုတ်ထုတ်လိုက်ပြီး စားလက်စ ရွှေတောင်ခေါက်ဆွဲကို စိတ်သက်သက်သာသာနဲ့ပဲ ဆက်၍စားလိုက်သည်။

ကမ္ဘာရေ. . . ဒီညတော့ ကမ္ဘာ့ကို မယ် တောင်းပန်စရာတွေ ပြောစရာတွေ တပုံကြီးပဲဟယ်။

ကမ္ဘာ့ကို အလွဲသုံးစား လုပ်ထားတဲ့အတွက် မယ့်ကို အထင်တော့ သေးမသွားပါနဲ့။


လောကကြီးမှာ ကမ္ဘာအထင်သေးမှာကို အကြောက်ဆုံး မိန်းမက မယ်ပဲ ဖြစ်လိမ့်မယ်ထင်တယ်။





www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ်ခွဲ(၃)

"ဟင်. . . မယ်ပြောနေတာ တကယ်လား၊ ဒါမှမဟုတ် ကိုယ့်ကို နောက်နေတာလား"

"တကယ်ပြောနေတာပါ ကမ္ဘာရယ်၊ ဒီကိစ္စကို မယ်က ဂုဏ်သိက္ခာ အကျခံပြီး ကမ္ဘာကို ဇာတ်လမ်းဆင်ပြီး ပြောပါ့မလား"

"ရှင် မယ့်ကို စိတ်မဆိုးဘူး မဟုတ်လား၊ ရှင် စိတ်ဆိုးတယ် ဆိုရင်လည်း မယ် တောင်းပန်တယ်နော်"

မယ့်ရဲ့တောင်းပန်ခယသော အသံတိုးမျှင်းမျှင်းလေးက





သူမနှုတ်ဖျားမှ တစ်လုံးချင်း စီတန်း၍ ထွက်ကျလာသော အသံလှိုင်းများကို ကမ္ဘာက အပြုံးသန့်သန့်ဖြင့် ဆီးကြိုထွေးပွေ့လိုက်၏။

"ဒါ စိတ်ဆိုးစရာကိစ္စမှ မဟုတ်တာ မယ်ရယ်၊ ကိုယ့်အတွက် ရင်ခုန်စရာတောင် ကောင်းနေသေးတယ်"

ပြုံးစစလေးနှင့် ပြောလိုက်သော ကမ္ဘာ့ရဲ့စကားကြောင့် မယ့်မျက်လုံးလေး ဝိုင်းစက်သွားလောက်အောင် အံ့အားသင့်သွားရ၏။

"ရင်ခုန်တယ် ဟုတ်လား ကမ္ဘာ"

ကမ္ဘာက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ် မယ်"

"မယ် အခက်အခဲ ဖြစ်နေတဲ့အချိန်မှာ အရင်းနှီးဆုံး သတိရလိုက်တဲ့သူက ကိုယ်ဖြစ်နေတာရယ်၊ မယ့်ရဲ့လေပြည်လေနု အငွေ့အသက်ရည်းစား ခဏလောက် လုပ်လိုက်ရတာရယ်ဟာ ကိုယ့်အတွက် ဘယ်လောက် ရင်ခုန်စရာ ကောင်းလိုက်သလဲ"

"အို. . ."

မယ့်မျက်နှာလေး ဆေးနီပက်ဖြန်းလိုက်သလို ရဲခနဲ ဖြစ်သွားသည်။ ရင်ခုန်သံနှင့် ရှက်ရွံ့ခြင်းတွေက မယ့်ရဲ့မျက်နှာပေါ်ကို အလုအယက် ဆန်တက်လာကြ၏။

"ကိုယ့်ကို ချောလဲရောထိုင်တယ်လို့တော့ သဘောမထားပါနဲ့ မယ်"

"ကိုယ့်ရင်ထဲက မယ်နဲ့ ပတ်သက်တဲ့ ခံစားချက်တွေကို အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကိုယ်ဟာ မယ့်ကို တိတ်တဆိတ် စွဲလန်းနေတဲ့ သူတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com


စိတ်လှုပ်ရှားလွန်းစွာဖြင့် လက်ဝါးပြင်နှစ်ဖက်ကို အဓိပ္ပါယ်မဲ့ ပွတ်သပ်နေသော မယ့်အဖြစ်ကို ကြည့်ပြီး ကမ္ဘာသည် ဂဏှာမငြိမ်သော မယ့်ရဲ့လက်တွေကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

မယ် ရုတ်တရက် အငိုက်မိသွား၏။

"အို. . . လွှတ်ပါ ကမ္ဘာရယ်၊ မယ် ရှက်တယ်၊ မယ်. . . မယ်က. . ."

ရှက်စိတ်နှင့် ရင်ခုန်သံတို့က အချိုးညီစွာ ရောထွေးနေကြသဖြင့် စကားလုံးက လည်ချောင်းထဲ နင်နေတော့၏။

"မယ်က ဘာဖြစ်လဲ. . . ပြောလေ"

"မယ်ပြောလိုက်တဲ့ အကြောင်းအရာက ရိုးသားပါတယ် ကမ္ဘာ၊ ဒါပေမယ့် ကမ္ဘာ့ဆီက အချစ်တွေ ပွင့်အန်လာဖို့အတွက် ဖြားယောင်းလိုက်သလို ဖြစ်သွားတယ် ထင်တယ်၊ မယ် လုံးဝ တွေးမထားမိဘူး"

"ဒါဆို ကိုယ့်ကို စိတ်ဆိုးသွားတာပေါ့"

မယ် ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"ဟင့်အင်း. . . စိတ်မဆိုးပါဘူး၊ ဒါဟာ ကမ္ဘာ့ရဲ့အခွင့်အရေးပဲလေ၊ ကမ္ဘာ့ကို လက်ခံနိုင်တာ လက်မခံနိုင်တာကတော့ မယ် ဆုံးဖြတ်ရမယ့်ကိစ္စပါ"

တိုးသဲ့သဲ့ ပြောလိုက်သော မယ့်ရဲ့မျက်နှာရှက်ရဲရဲလေးဟာ ညရဲ့လရောင်အောက်မှာ ဝင်းပကြည်လဲ့လို့နေ၏။

ကိုယ့်ရင်ထဲမှာ အာစေးထည့်ထားသည့်ပမာ တွန့်ဆုတ်လေးလံနေသော အချစ်ရေး မျှသိပ်မှုတွေကို မယ်က ရဲဝံ့စွာ တူးဖော်ယူငင်လိုက်သည်။



ကမ္ဘာ မယ့်ကို တကယ်ချစ်သွားမိတာပါ။

မယ်နဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ သံယောဇဉ်တွေဟာ တိတ်တိတ်ကလေး ဒီရေတက်ခဲ့တာ ကြာပါပြီ။ ကိုယ်ကမှ အခွင့်အရေးကို အသုံးမချတတ်ခဲ့တာပဲ၊ ခုတော့ တိတ်ဆိတ်ခြင်းတွေ လွှမ်းမိုးနေတဲ့ တောညပန်းပွင့်လေးတွေဟာ နှစ်ကိုယ်ကြားက လေပြည်တွေကြောင့် အချစ်တို့ဖြင့် ထုံဖွဲ့ကြကုန်၏။

စကားပြောသော မျက်ဝန်းများ ခံစားမှုတွေ ပွင့်အန်ကာ ကဗျာတွေ သီကြလေပြီ။

"ကိုယ့်ကို ပြန်ချစ်ပါလား မယ်"

ကိုယ့်ရဲ့ဆန္ဒတွေကို အလိုက်မသိစွာ တောင်းဆိုမိလေပြီ။

"မယ် စဉ်းစားပါရစေဦး"

ကမ္ဘာသည် မယ့်အား အားမလို အားမရ ကြည့်ကာ. . .

"မယ် စဉ်းစားမယ်ဆိုရင်တော့ လူကြီးတွေရဲ့အာရုံက မိုးဖျားဆီကို ပြန်လှည့်သွားကြလိမ့်မယ်နော်၊ ကိုယ် မယ့်ကို အဆုံးရှုံးမခံနိုင်ဘူး၊ မယ့်ကို ကိုယ်အရမ်းချစ်တယ်၊ ဒီညပဲ ကိုယ့်ကို တိကျတဲ့အဖြေပေးပါတော့"

"အို. . . ဇွတ်ပဲ"

"ချစ်တာကိုး မယ်ရဲ့၊ ဖြေလေ ပါးစပ်က မဖြေချင်ရင် ခေါင်းလေးပဲ ညိတ်ပြကွာ၊ နောက်မှ မယ့်ရင်ထဲက ဆန္ဒရှိလာမှ ကိုယ့်ကို ပါးစပ်နဲ့ ချစ်တယ်လို့ပြော"

"အို. . . လူကို ဘာဖြစ်လို့ ပုတ်သင်ညို လုပ်ခိုင်းနေတာလဲ"

"ပုတ်သင်ညိုလေးလို ခေါင်းမညိတ်ချင်ရင်လည်း ချစ်


www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ ပြောလိုက်ပေါ့ မယ်ရယ်"

သူမထံမှ ရှက်မျက်စောင်းလေးက သူ့ထံသို့ လွင့်ခနဲ မျောလာသည်။ ပြီးတော့ သိပ်ကို သာယာနာပျော်ဖွယ်ကောင်းသော သူမရဲ့အသံခပ်တိုးတိုးလေးကို ကြားလိုက်ရသည်။

"ကမ္ဘာ့ကို ချစ်တယ်"

ကဲ. . . ကမ္ဘာ့ဘဝမှာ ဒီနေ့ညချမ်းလေးဟာ အပျော်ဆုံးနဲ့ အဓိပ္ပါယ်အရှိဆုံး ညချမ်းလေးတစ်ညဟု မှတ်ချက်ချလိုက်ခြင်းနဲ့ အတူ မယ့်ကို သူ့ရင်ခွင်ထဲ ဆွဲပွေ့ သိမ်းဖက်ဖို့ သူ့ရဲ့လက်တွေကို မယ့်ရဲ့ခန္ဓာကိုယ်ပေါ် အလှမ်း. . .

"ဟင်. . ."

ရုတ်တရက် မယ့်ရဲ့နှုတ်ဖျားမှ အလန့်တကြား အသံတစ်သံက နူညက်မနေဘဲ ထိတ်လန့်စွာဖြင့် နှုတ်ဖျားမှ ခုန်ထွက်လာ၏။

မယ့်ရဲ့အကြည့်တွေက ကမ္ဘာ့ရဲ့အိပ်ခန်း ရှိရာဘက်သို့ ရောက်နေ၏။

ကမ္ဘာပါ မယ်ကြည့်နေရာဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်. . ."

အိပ်ခန်းမီးက ပွင့်နေပြီး မှန်တံခါးချပ်ဆီမှ လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

"မိုး. . . မိုးဖျား နိုးနေပြီ ထင်တယ် မယ်"

မယ့်မျက်နှာလေးမှာ ထိတ်လန့်မှုတွေဖြင့် မှိန်ဖျော့သွားကာ. . .

"မယ်. . . မယ်တို့ ဘယ်လိုလုပ်မလဲ"





"ကိုယ် အိမ်ပေါ် ပြန်တက်မှ ဖြစ်မယ်ထင်တယ်၊ ပြတင်းတံခါးဖွင့်လိုက်ရင် မယ်နဲ့ကိုယ်နဲ့ကို တွေ့သွားနိုင်တယ်"

"ဒါဆို မယ်လည်း အိမ်ပေါ် ပြန်တက်တော့မယ် ကမ္ဘာ"

"အင်း. . . ကိုယ်တို့ မနက်ဖြန်မှ ဆုံကြတာပေါ့"

မယ် အနားမှ လှစ်ခနဲ ပြေးတက်သွားသည်။

မယ် အနားမှာ မရှိတော့ ကမ္ဘာ့ရင်ထဲ ဟာဆင်းသွား၏။

မယ့်ရဲ့ပုံရိပ်လေး သူ့မြင်ကွင်းရှေ့မှ ပျောက်သွားမှ တယောလေးကို ကိုင်ပြီး အိမ်ပေါ် ပြန်တက်ခဲ့၏။

ငြိမ်သက်ခြင်း မရှိသော စိတ်တို့ကို အာရုံမှာ စုစည်းလိုက်ရင်း အိပ်ခန်းတံခါးကို ခပ်ဖြည်းဖြည်းလေး တွန်းဖွင့်ဝင်လိုက်သည်။

အရင်ဆုံး မိုးဖျားရဲ့အေးစက်စက် အကြည့်တွေကို ရင်ဆိုင်လိုက်ရသည်။

ပြီးတော့ ကိုယ် အမှားတစ်ခုမှ လုပ်မထားသောဟန်ဖြင့်

"ဟင်. . . မိုးဖျား၊ မင်း တရေးနိုးလာတာလား"

"ဟုတ်တယ်. . . မင်း ဘယ်သွားနေတာလဲ"

မိုးဖျားရဲ့အသံက အေးစက်ပြတ်သားနေ၏။

ကမ္ဘာက လက်ထဲမှ တယောလေးကို ကိုင်မြှောက်ပြရင်း

"ငါ အိပ်လို့မရတာနဲ့ ခြံထဲ ဆင်းပြီး တယောထိုးနေတာ၊ ငါ့တယောသံကြောင့် မင်းနိုးသွားတာလား"

မိုးဖျားဘက်က ဘာမှမပြောဘဲ ကမ္ဘာကိုသာ အကဲခတ်တဲ့ မျက်ဝန်းတွေဖြင့် ကြည့်နေရင်း. . .

"မင်း ညတိုင်း ဒီလိုပဲ ခြံထဲ ဆင်းနေကျလား ကမ္ဘာ"

ကမ္ဘာဟာ သူ့မျက်ဝန်းမှ မလုံမလဲ အရိပ်တွေကို ကြီးစား



www.burmeseclassic.com

www.burmeseclassic.com



ဖုံးဖိရင်း. . .

"ဟင်. . . မဆင်းပါဘူး ဒီတစ်ညထဲ ဆင်းတာပါ"

ဟု ပြောပြီး မိုးဖျားဘေးနားမှာ ဝင်လှဲလိုက်သည်။

အိပ်မပျော်သော မျက်ဝန်းတွေကို အတင်းဖိပိတ်ရင်း အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

တအောင့်ကြာတော့ မိုးဖျား အခန်းမီး ပိတ်လိုက်သည် ထင်၏။

မှိတ်ထားသော မျက်ဝန်းတွေ မှောင်မိုက်သွား၏။ ကိုယ့်ဘေးတွင် ဝင်အိပ်လိုက်သော မိုးဖျားရဲ့ကိုယ်ငွေ့နွေးနွေးလေးက အဖျားခတ် လာရောက်တို့ထိလိုက်ပြီး ကိုယ့်ရင်ဘတ်နားထိ တိုးဝင်ဖက်တွယ်လာသည်။

ရုတ်တရက် ရင်ဆိုင်လိုက်ရသော မိုးဖျားရဲ့သမရိုးကျမဆန်သော အထိအတွေ့တွေကြောင့် အာရုံတွေ ထိတ်လန့်ပြီး ကစဉ့်ကလျားဖြစ်ကာ တဒင်္ဂအတွင်း ကြောက်စိတ်တွေနဲ့အတူ သွေးပျက်ချောက်ချားကုန်၏။

သောကနှလုံးခုန်သံတွေက ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားအောင် ကြောက်ခမန်းလိလိ တုန်ခါသွားသည်။

ညရဲ့တိတ်ဆိတ်ခြင်းတွေထဲမှ အသက်ခပ်ပြင်းပြင်းရှူသံတွေနဲ့အတူ မိုးဖျားရဲ့ အသံခပ်တိုးတိုးက သူ့ရဲ့အိပ်မပျော်သေးတဲ့ နားစည်တွေထဲကို တိုးဝင်လာသည်။

"မင်းရဲ့လက်မောင်းတွေပေါ်မှာ ငါ အိပ်စက်ချင်တယ် ကမ္ဘာ၊ မင်း ဆန္ဒရှိမယ်ဆိုရင် ငါ့လက်မောင်းပေါ်မှာလည်း မင်း အိပ်စက်ခွင့် ရှိတယ်"





ကမ္ဘာဟာ မိုးဖျားရဲ့စကားတွေကို ကြားပေမယ့် မျက်လုံးတွေ၊ ပါးစပ်တွေ၊ အို. . . ခန္ဓာကိုယ်တစ်ခုလုံး တုပ်တုပ်တောင် မလှုပ်ရဲမိအောင် သတိထား ထိန်းချုပ်ရင်း အိပ်ပျော်သွားအောင် မနည်းကြိုးစားနေရ၏။ မိုးရယ်. . . အမြန်လင်းပါတော့။

ရင်ထဲမှာ ခံစားတွေ့ကြုံနေရသည့် အထိတ်တလန့် ခံစားမှုကြီးက ကြက်သီးတဖြန်းဖြန်း ထလောက်အောင်ကို ခြောက်လှန့်နေ၏။

ကိုယ် ခံစားနေရသော ဆိုးဝါးလှသော ခံစားမှုမျိုးကို ဘယ်လို စာဖွဲ့ပြရမှန်းတောင် မသိ။ စာနှင့် ရေးပြ၍လည်း မရ။

သူ့လိုအဖြစ်မျိုးနှင့် ကြုံဖူးသူများသာ သိနိုင်ပါသည်။

မိုးဖျားသည် သူ့ရင်ထဲက လျှို့ဝှက်ထားခဲ့သည့်အရာတွေကို ကမ္ဘာ သိအောင် တဖြည်းဖြည်း လှစ်ဟပြနေလေပြီ။

မိုးဖျားနဲ့ ပတ်သက်တဲ့ ကမ္ဘာ့ရင်ထဲက သံသယတွေဟာ ခုတော့ သူ့ရဲ့ အပြုအမူတွေကြောင့် တဖြည်းဖြည်း ခိုင်မာလာပြီ။

မိုးဖျားရဲ့သမရိုးကျမဆန်သော သံယောဇဉ် ကွန်ယက်ထဲက ကမ္ဘာ ဘယ်လို ရုန်းထွက်ရပါ့မလဲ၊ ဆိုးဝါးလွန်းပေစွ။

မကြာသော နာရီပိုင်းလေးတုန်းက မယ်နှင့် ကြည်နူးခဲ့ရသော ခံစားမှု နုနုလေးတွေပင် ကိုယ်နှင့် အဝေးဆုံးကို ခုန်ပေါက်ထွက်ပြေးကုန်ကြ၏။

ကြမ္မာဆိုးက သူ့ကို ခြိုခြံ၍ စတင်တိုက်ခိုက်နေပေပြီ။






www.burmeseclassic.com

www.burmeseclassic.com





## အပိုဒ်ခွဲ(၄)

မယ့်ရဲ့ နှုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်ယင်နေ၏။

သူ့ဘဝမှာ ယောက်ျားတစ်ယောက်ရဲ့ နင့်နင့်သီးသီး အပြောခံရတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။

"နင်. . . နင်. . . သိပ်ပြီးတရားလွန်လာပြီ မိုးဖျားထက်ဘုံ နင့်ကိုယ်နင် ဘာများထင်နေသလဲဟင်"

မိုးဖျား မျက်နှာခပ်ထန်ထန်ဖြင့် မယ့်ကို စွေကြည့်လိုက်ပြီး "ငါက မိန်းမတွေကို လုံးဝစိတ်မဝင်စားတဲ့ ယောက်ျားတစ်





ယောက်ပဲ မယ်မဒီ၊ ဒါကြောင့် နင့်ကို ငါ လုံးဝစိတ်မဝင်စားဘူး ဆိုတာကို နင်သိရအောင် လာပြောတာ၊ ငါနဲ့နင့်ကို ပေးစားဖို့ လူကြီးတွေ စီစဉ်နေကြတယ်၊ ဒါကို နင်သိရဲ့လား၊ ဒါမှမဟုတ် သိရဲ့သားနဲ့ မှိန်းပြီး နေနေတာလား"

မယ်မဒီသည် မခံနိုင်လွန်းသော မျက်နှာရှက်ရဲရဲနှင့် မိုးဖျားကို အားကုန်အော်လိုက်သည်။

"သေလိုက်. . . အဲဒီမှာ ဘုန်းခနဲ နေအောင် လဲသေလိုက် စမ်း မိုးဖျားထက်ဘုံ၊ ကိုယ်လိုရာ ဆွဲတွေးတတ်တဲ့ နင့်ရဲ့အကျင့် သိက္ခာတွေက မိန်းမတစ်ယောက်လောက်တောင် တန်ဖိုးမရှိတော့ပါ လား၊ နင် မှတ်ထားဖို့က ငါဟာ မိဘတွေရဲ့ဆန္ဒကို ခေါင်းညိတ်ပြီး ဘယ်တော့မှ နင့်ကို လက်မထပ်ဘူးဟဲ့၊ သိလား အတ္တကောင်ရဲ့"

မယ်မဒီရဲ့ စကားလုံးရင့်ရင့်တွေကြောင့် မိုးဖျားစိတ်ထဲ ထောင်းခနဲ ဖြစ်သွား၏။

သူ့ကို ဘယ်သူမှ ဒီလို ရင့်ရင့်သီးသီး ရိုင်းပျစွာ မပြောဖူး။

သူ့ရှေ့မှာ ရပ်ပြီး သူ့ကို စူးစူးရဲရဲ ကြည့်ပြီး ဝါးစားတော့ မတတ် ပြောနေသော မယ်မဒီရဲ့မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်ချင် သည်။

ထိုစူးရဲသောမျက်လုံးများက သူ့ကို လှောင်ပြောင်သရော် လျက် ရှုတ်ချစွာ စွပ်စွဲလျက် မထီလေးစား အပြစ်တင်နေ၏။

"မယ်မဒီ. . . နင် ငါ့ကို အဲဒီလိုအကြည့်မျိုးနဲ့ ဘယ်တော့မှ မကြည့်နဲ့၊ အဲဒီအကြည့်တွေကို ငါရွံတယ်"

သူ ခပ်ကြိပ်ကြိပ်ပြောလိုက်သော စကားအဆုံးမှာ မယ်မဒီ သူမ၏လှပသော မျက်နှာကို ခပ်မဲ့မဲ့လေး လုပ်လိုက်ပြီး ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် ထပ်မံ၍ ပြောပြန်သည်။

“ရွံရင် လဲသေလိုက်၊ ငါကလည်း နင့်ကို ရွံတယ်၊ ရွံရုံတင် မဟုတ်ဘူး၊ အော်ဂလီပါ ဆန်နေတာဟဲ့ နင်သိထားဖို့ကို ငါထပ်ပြော လိုက်မယ်၊ ငါ့မှာ ချစ်သူရှိတယ်၊ ငါ့ချစ်သူကလွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ ငါ့ချစ်သူနဲ့လွဲပြီး နင့်ကိုသာ ငါယူရမယ်ဆိုရင်လေ ငါ့ဘဝ ကို တစ်ခါတည်း အဆုံးစီရင်လိုက်မယ် သိလား မိုးဖျားထက်ဘို”

မဖြစ်နိုင်ဘူး. . . လုံးဝ မဖြစ်နိုင်ဘူး၊ ငါ လက်မခံဘူး၊ ကမ္ဘာ့ကို ငါကလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်ရဘူး။

မိုးဖျားသည် ဆေးကြောင်နေသော လူတစ်ယောက်လို အသိစိတ်ကင်းမဲ့ပြီး မယ့်ကို ဆောင့်တွန်းပစ်ခဲ့ပြီး. . .

မယ့်အနားမှာ ဝရုန်းသုန်းကားနိုင်စွာနှင့် ပြေးထွက်ခဲ့လေ သည်။

အိမ်ကို ရောက်တော့ လူက မောဟိုက်တုန်ယင်နေ၏။

မိုးဖျားရဲ့သွေးပျက်နေသော အမူအယာကို အန်ကယ်လ် မိုး မြင်တော့ စိုးရိမ်တကြီးဖြင့် ပြေးလာသည်။

“လူလေး. . . လူလေး. . . ဘာဖြစ်လာတာလဲ”

အသက်ကို ခပ်မှန်မှန် ပြန်ရှူသွင်းလိုက်ပြီး အန်ကယ်လ်မိုး ကို ခေါင်းခါပြလိုက်သည်။

“ဘာမှ မဖြစ်ဘူး အန်ကယ်လ်မိုး၊ ကမ္ဘာ ဘယ်မှာလဲ”

“အပေါ်မှာလေ”

အပေါ်ထပ်သို့ ပြေးတက်သွားလိုက်၏။

လှေကားပေါ်သို့ ပြေးတက်သွားသောအသံက တဝုန်းဝုန်း ဖြင့် တစ်အိမ်လုံး ဆူညံသွား၏။





“ကမ္ဘာ. . . ကမ္ဘာ”

ဒေါသတွေ လျှံနေသဖြင့် အသံက လိုအပ်သည်ထက် ပို၍ ကျယ်လောင်နေသည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး သူ ဝင်လာရာသို့ ကြောင်ငေးရပ်ကြည့်နေသော ကမ္ဘာ့ရဲ့မျက်နှာကို ဒေါသတွေဖြင့် ဆွဲထိုးလိုက်သည်။

“ခွပ်. . .”

“အ. . . မင်း. . မင်း. . . ဘာဖြစ်လာတာလဲ မိုးဖျား”

ကမ္ဘာ့အမေးကို မဖြေပဲ နှုတ်ဖျားမှ အရူးတစ်ယောက်လို အဓိပ္ပါယ်မဲ့ အော်ဟစ်နေ၏။

ပါးပြင်မှ မျက်ရည်တွေက တလိမ့်လိမ့် ကျလာသည်။

ရင်ထဲမှာ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ ဆုံးရှုံးလိုက်ရခြင်း တွေက သူ့အလိုလို ပေါင်းစုသွားပြီး မျက်စိရှေ့ မြင်မြင်သမျှ အရာ အားလုံးနဲ့ ပူးပေါင်းလိုက်ပြီး သူ့ကို လှောင်ရယ်နေသလို ခံစားနေရ ၏။

ခန္ဓာကိုယ်က ကြမ်းပြင်မှာ အင်အားမဲ့စွာ ယိုင်လဲကျသွား သည်။

ကမ္ဘာက ဘာမှ နားမလည်သောအကြည့်ဖြင့် မိုးဖျားကို ငုံ့မိုးကြည့်ရင်း. . .

“မိုးဖျား. . . မင်း ဘာတွေဖြစ်လာတာလဲ၊ ငါ့ကို ပြော စမ်း”

မိုးဖျားက ကမ္ဘာကို ခပ်စူးစူး စိုက်ကြည့်ပြီး. . .

“မင်း ရက်စက်တယ်၊ မင်းနဲ့ မယ်မဒီနဲ့ ချစ်သူတွေ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတာ ငါ ဘာလို့ မသိရတာလဲ၊ အဲဒါ အမှန်ပဲလား"

ကမ္ဘာ ဘာပြန်ပြောရမှန်း မသိအောင် အံ့သြမှင်သက်သွားရ၏။

ဒါဟာ အမှန်ပဲလေ၊ ကိုယ့်ရဲ့အမှန်တရားတစ်ခုကို မိုးဖျား အနေနဲ့ ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူးဆိုတာ ကမ္ဘာ သိနေသည်။

ဒီအတွက် မိုးဖျား ကျေနပ်နိုင်မယ့်အဖြေမျိုး သူ့မှာ မရှိ။

နောက်ဆုံးတော့ အားနာနာနဲ့ပဲ ခေါင်းကို ခပ်လေးလေး ညိတ်ချလိုက်သည်။

"ဟုတ်တယ် မိုးဖျား၊ ငါနဲ့မယ် ချစ်သူတွေ ဖြစ်သွားကြပြီ ငါ မယ့်ကို ချစ်သလို မယ်ကလည်း ငါ့ကို ချစ်တယ်"

ကမ္ဘာ့ကို ကျယ်လောင်သောအသံဖြင့် တားမြစ်လိုက်၏။

"တော်. . . ဆက်မပြောနဲ့"

တစ်ခန်းလုံး ဟိန်းသွား၏။

"မင်း ငါကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ချစ်ခွင့်လည်း မပေးနိုင်ဘူး"

ကမ္ဘာသည် မိုးဖျားရဲ့သွေးပျက်နေသောပုံကို ကြည့်ပြီး စိတ်ပျက်စွာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

ပြီးမှ လေပြည်လေးနဲ့ နှစ်သိမ့်ရန် စကားစ ရှာလိုက်သည်။

"မဟုတ်သေးဘူး မိုးဖျားရာ၊ မယ့်ကို ငါချစ်တဲ့အချစ်က မင်းနဲ့ငါကြားမှာ ရှိတဲ့အချစ်မျိုးနဲ့ မတူဘူးလေ၊ သူနဲ့ငါကြားမှာ ရှိတာက တစ်ထောင့်ငါးရာ အချစ်မျိုး၊ အဲ့ဒီအချစ်က မယ်နဲ့ငါကြားမှာ ပူလောင်ကောင်း ပူလောင်နေလိမ့်မယ်၊ အေး. . . မင်းနဲ့ငါကြားမှာ ရှိတဲ့ သံယောဇဉ် အတိမ်အနက်က ပေါက်ဖွားလာတဲ့အချစ်မျိုး





ကျတော့ ငါးရာနှစ်ဆယ့်ရှစ် မေတ္တာမျိုး၊ ဘယ်လောက် အေးငြိမ်းသန့်စင်လိုက်သလဲ"

"ပြီးတော့ မယ်နဲ့ငါ ချစ်သူတွေဖြစ်ပြီး နှစ်ယောက်တစ်ဘဝ ပေါင်းစည်းသွားတော့ရော မင်းအပေါ်မှာ ထားတဲ့ ငါတို့ရဲ့ ညီအစ်ကိုအချစ်က လျော့သွားမှာမှ မဟုတ်သလို မင်းဘဝထဲက နေပြီး ငါ အပြီးထွက်သွားမှာလည်း မဟုတ်ဘူး၊ ဒါကြောင့် လက်ရှိ အခြေအနေလေးကို ကြည်ကြည်ဖြူဖြူ လက်ခံပေးပါ မိုးဖျားရယ်"

မိုးဖျားဟာ ကမ္ဘာရဲ့နှစ်သိမ့်မှုတွေကို ဘယ်လိုမှ နားမဝင်နိုင်သော အမူအယာဖြင့် ခေါင်းကို အကြိမ်ပေါင်းများစွာ ခါယမ်းလိုက်သည်။

ပြီးတော့ ကမ္ဘာ့အနားသို့ တိုးကပ်သွားပြီး. . .

"မင်း ငါ့အပေါ် ထားတဲ့ မေတ္တာမျိုးနဲ့ ငါ မင်းအပေါ် ထားတဲ့မေတ္တာမျိုးက ကွဲလွဲနေတယ်၊ အံဝင်ခွင်ကျ ဖြစ်မနေဘူးကွ၊ ဒါကို မင်း နည်းနည်းမှ မရိပ်မိဘူးလား ကမ္ဘာ"

"ငါ မင်းကို ချစ်တာ မြတ်နိုးတာ မေတ္တာနက်နက်တွေ ပေးခဲ့တာဟာ ညီအစ်ကိုလို စိတ်မျိုးနဲ့ မဟုတ်ဘူး၊ မင်းဟာ ငါ့ရဲ့နှလုံးသားကို လွှမ်းမိုးထားနိုင်သူတစ်ယောက်အနေနဲ့ ငါ ချစ်ခဲ့တာ၊ မင်း ဘဝထဲကို ငါ့ဘဝ ငါ့နှလုံးသား၊ ငါ့ရဲ့စိတ်ဝိညာဉ်တွေကို အပ်နှင်းခဲ့တာ ကြာပြီလေ၊ အဲဒါကိုရော မင်း နည်းနည်းမှ သတိမထားကြည့်ခဲ့မိဘူးလား"

မိုးဖျားရဲ့အသံတွေဟာ လှိုက်မောတုန်ခါနေသည်။

မိုးဖျားနှင့် အနီးဆုံးမှာ ရှိနေသော ကမ္ဘာ့ရဲ့ခန္ဓာကိုယ်ဟာ အနောက်ဘက်ကို ယိုင်နဲ့သော ခြေလှမ်းတွေနဲ့ ဆုတ်လိုက်ပြီး မိုးဖျား


www.burmeseclassic.com

www.burmeseclassic.com



ကို နားမလည်နိုင်လွန်းသော အံ့ဩလွန်းသောအကြည့်တွေဖြင့် ကြည့်လိုက်ပြီး. . .

"မသိဘူး. . . မင်းရဲ့ မရိုးသား မသန့်စင်တဲ့ ခံစားချက်တွေကို ငါ နည်းနည်းမှ မရိပ်မိဘူး၊ ဒါဟာ လုံးဝ မဖြစ်နိုင်တဲ့ သဘာဝလွန် စိတ်ခံစားမှုတစ်ခုပဲ၊ မင်း စိတ်ကူးတွေ လွဲမှားနေပြီ မိုးဖျား၊ မင်းနဲ့ငါက ယောက်ျားတွေလေ၊ ယောက်ျားအချင်းချင်း ဒီလို နှလုံးသားချင်း စပ်ယှက်တဲ့ ခံစားမှုမျိုး လုံးဝမရှိသင့်ဘူး၊ မင်းအရူးထသလို ငါ လိုက်မရူးနိုင်ဘူး မိုးဖျား"

ကမ္ဘာ့ရင်ထဲမှာ ရှက်ခြင်းနှင့် ဒေါသဖြစ်ခြင်းတွေက အချိုးတူ ညီမျှလျက်ရှိပြီး အသံတွေက အခန်းတစ်ခုအတွင်းမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကမ္ဘာ့မှာ ဒီလို ဒေါသတွေနဲ့ ညီမျှခြင်း ချထားတဲ့မျက်နှာမျိုး တစ်ခါမှ မမြင်ဖူးခဲ့၊ အရာရာကို သူ့အတွက် သူ့စိတ်တိုင်းကျ နေပေးခဲ့၊ ပြုစုခဲ့တဲ့ကမ္ဘာ့မှာ ဒီလိုဒေါသမျိုး ဒီလိုအာခံခြင်းမျိုးတွေ ဘယ်အချိန်ထဲက ကိန်းအောင်းဝင်ရောက်နေခဲ့တာလဲ၊ ဒါဟာ ဟိုမိန်းမကြောင့်ပဲ၊ သူတို့နှစ်ယောက်ကြားထဲကို မယ်မဒီဆိုတဲ့မိန်းမသာ ဝင်မလာခဲ့ဘူးဆိုရင်. . .

ကမ္ဘာနဲ့သူ့ကြားမှာ ဒီလိုခံစားချက်တွေ ဖွင့်ဟဝန်ခံတဲ့ ပွဲမျိုးတွေ ရှိလာမှာ မဟုတ်ဘူး။

သူလဲ သူ့ရင်ထဲက မှုမမှန်တဲ့ခံစားမှုကြီးကို ကမ္ဘာ သိအောင် ထုတ်ဖော်ပြောစရာ မလိုပဲ ကမ္ဘာ့ရဲ့အပြုအစုတွေအောက်မှာ မိုးဖျားဟာ အလိုက်သင့်လေး ကြည်နူးကျေနပ်လိုက်ရုံပါပဲ၊ ဒါဆို ကမ္ဘာလဲ သူ့ရဲ့အံ့ပုန်းစိတ် မှုမမှန်တဲ့ စိတ်ခံစားမှုကြီးကို မရိပ်မိ





သူလည်း ကမ္ဘာ့ကို လွတ်လွတ်လပ်လပ် ချစ်ခွင့်ရသွားပြီ။

မိုးဖျားက သူ့ရဲ့စိတ်ခံစားမှုတွေကို ကမ္ဘာ့ရဲ့ဘဝထဲမှာ ဒီလိုပုံစံမျိုးလေးနဲ့ တိတ်တိတ်လေး ပျော်ဝင်ချင်နေတာ၊ အဲဒီအတွက် ကမ္ဘာ သူ့အနားမှာ တစ်သက်လုံး ရှိနေဖို့ လိုအပ်သည်။

ခုတော့ မိုးဖျားရဲ့ စိတ်ကူးအိပ်မက်တွေကို အဲဒီ မယ်မဒီဆိုတဲ့မိန်းမက သူ့ရဲ့မာယာတွေနဲ့ တစ်စစီ ရိုက်ချိုးပစ်လိုက်ပြီ။

ဒီတော့ သူ့စိတ်တွေ မနူးညံ့နိုင်တော့။ မလိုအပ်ပါဘဲနှင့် သူ့ရဲ့ရင်တွင်းစိတ်ကို ကမ္ဘာသိအောင် ဖွင့်လှစ်ပြသခဲ့ရသည်။ ဒါဟာ ရှက်စရာကောင်းသော ဖွင့်ဟဝန်ခံချက်လည်း ဖြစ်နိုင်ပါသည်။

ရင်မှ ခံစားချက်တွေ ဆက်ပြီး လျှံထွက်မလာခင် မိုးဖျားဟာ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် မွေးမြူလိုက်ပြီး. . .

ကမ္ဘာ့ကို ခပ်ပြုံးပြုံးလေးဖြင့် အချိုသတ်လိုက်သည်။

မျက်ဝန်းမှ ကျဆင်းလာသော မျက်ရည်တွေက ကမ္ဘာ သူ့ကို သနားအောင် ကူညီအားဖြည့်ပေးကြ၏။

ပါးပေါ်မှ လိမ့်ဆင်းကျလာသော မျက်ရည်တွေကို သုတ်ဖယ်လိုက်ပြီး. . .

"ကျေးဇူးပြုပြီး မင်း ငါ့ဘဝထဲက ထွက်မသွားပါနဲ့ကွာ၊ ငါ. . ငါလေ. . မင်းမရှိရင် ငါ့ဘဝက ဘာမှ အဓိပ္ပါယ်ရှိမှာ မဟုတ်တော့ဘူး၊ မင်း. . . မင်း ငါ့ဆီက ဘာလိုချင်လဲ၊ ငါ့ရဲ့ပိုင်ဆိုင်သမျှ စည်းစိမ်၊ ငါ့ရဲ့ လုပ်ပိုင်ခွင့်အားလုံးကို မင်းကို ငါပေးမယ်၊ ငါ့မှာ ဘာမှ မရှိတော့ရင် နေပါစေ၊ ငါ ဒါတွေကို မမက်ဘူး၊ ငါ့အနားမှာ မင်းရှိနေဖို့အတွက် မင်းအနားမှာ မင်းရဲ့အစေအပါးအဖြစ်နဲ့ပဲ နေရ



www.burmeseclassic.com

www.burmeseclassic.com



နေရ ငါကျေနပ်တယ်”

မိုးဖျားရဲ့အသံတွေသည် ဆေးစွဲနေသော လူတစ်ယောက်၏အသံမျိုးလို တုန်ခါ ကွဲအက်နေသည်။

ကမ္ဘာ့ရဲ့ရင်ထဲမှာတော့ မိုးဖျားဟာ အရင်တုန်းက သူသိပ်ပြီးသံယောဇဉ်ကြီးခဲ့ရတဲ့ မိုးဖျားမဟုတ်တော့သလို ခံစားလိုက်ရသည်။

အရင်တုန်းက ကိုယ့်ရဲ့အပြုအစုတွေကို သူဟာ ကိုယ်မသိတဲ့ စိတ်ခံစားမှုမျိုးနဲ့ တိတ်တိတ်လေး ကြည်နူးနေခဲ့တာပေါ့၊ ဒါဆို သူ့ကို မိုးဖျား နမ်းတာ အကြိမ်ပေါင်း မနည်းတော့။

ဘုရား. . . ဘုရား။ ဒါဆို မိုးဖျားက သူ့အနားမှာ သူ့ခံစားမှုတွေကို ဘာမှမသိတဲ့ ကမ္ဘာ့ရဲ့ရိုးသားမှုတွေနဲ့ အနားသတ်ပြီး ကမ္ဘာအပေါ်မှာ ယစ်မူးခဲ့တာပေါ့။

ကမ္ဘာဟာ အတိတ်မှာ ကျန်ခဲ့သောအချိန်တွေကို ပြန်ငဲ့ကြည့်ရင်း ရင်ထဲမှာ အော်ဂလီ ဆန်လာသည်။

မိုးဖျားကိုလည်း စေ့စေ့တောင် မကြည့်ချင်လောက်အောင် စိတ်ကုန်သွားသည်။

မိုးဖျားနှင့် ကမ္ဘာတို့ရဲ့အခြေအနေကို အခန်းအပြင်မှာ ရပ်ပြီး နားထောင်နေသော ဒေါ်နန်းထိုက်စံမှာလည်း. . .

သူ့ရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးခံလိုက်ရသလို အသိစိတ်တွေက ဆောက်တည်ရာ မရတော့။

သူ အစိုးရိမ်ဆုံးသော အခြေအနေတစ်ခုက သားဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကို ဝင်ရောက်နှောင့်ယှက်နေကြပါလား။

ကမ္ဘာ့ကို သားက ညီအစ်ကိုလို စိတ်မျိုးနဲ့ သံယောဇဉ်





တွယ်နေတယ်လို့ပဲ သဘောထားပြီး အမှုမဲ့ အမှတ်မဲ့ နေခဲ့မိတယ်။

ဒါဟာ သူတို့ရဲ့ညံ့ဖျင်းမှုကြောင့်လို့ပဲ အကြိမ်ကြိမ် အပြစ်တင်ရတော့မှာပဲ။

သူမ ဘာလုပ်ရမလဲ။ သားအတွက်. . .

သားရဲ့အနာဂတ်အတွက်. . .

ပြီးတော့ သူတို့ရဲ့မျိုးဆက်အတွက်. . .

အို. . , ရင်တစ်ခုလုံး ပူလောင်ပြင်းရှလွန်းနေ၏။

သားတို့ အခြေအတင် ပြောနေကြတာကို သူ ဆက်ပြီး နားမထောင်ရဲတော့။

ဒီကိစ္စကို သားရဲ့အဖေနဲ့ အသေအချာ တိုင်ပင်ရတော့မယ်။

သားဖြစ်သူကို ဒေါ်နန်းထိုက်စံရဲ့ အချစ်ဆုံးမောင်လေး ကိုကိုမြတ်လို အဖြစ်ဆိုးမျိုး ထပ်ပြီးအဖြစ်မခံနိုင်ပါ။

သူ့ဘဝမှာ ဒီသားလေးသာလျှင် သူ့ရဲ့မျှော်လင့်ချက်။

သူ့ရဲ့အနာဂတ်။

သူတို့ရဲ့မျိုးဆက်အတွက် အားထားရသူအဖြစ် အထိကရ ရပ်တည်ပေးနေသူ။

သားအတွက် ထားတဲ့ သူ့ရဲ့မျှော်လင့်ချက်တွေဟာ ရင်ထဲမှာ တသီတတန်းကြီး။

ပြောရင်တောင် ကုန်နိုင်မှာ မဟုတ်ဘူး။

သားရဲ့အနားမှာ ကမ္ဘာရှိနေသရွေ့တော့ သားရဲ့မှုမမှန်တဲ့ ခံစားမှုကြီးနဲ့. . .

ကမ္ဘာ့ကို ယောက်ျားလေးအချင်းချင်း အချစ်တော် ဖွဲ့လို



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေနဲ့အတူ. . .

ကမ္ဘာအပေါ် ယစ်မူးနေပေလိမ့်မည်။

သားအတွက် ရင်ထုမနာ ဖြစ်မိသလို. . .

မွေးစားသားဖြစ်သော ကမ္ဘာအပေါ်မှာလည်း ဒေါ်နန်း ထိုက်စံ ကရုဏာသက်မိပါသည်။

ဒီအိမ်ကြီးကို စရောက်ကတည်းက သူ့မှာ သားအတွက်နဲ့ သူ့ဘဝရဲ့ လွတ်လပ်မှုတွေကို စတေးခံလိုက်ပြီး သားရဲ့လိုအပ်ချက် မှန်သမျှကို အလိုက်သင့် ပြုစုပေးနေသူလေ။ တကယ့် အထိန်းတော် တစ်ယောက်လို သိတတ်နားလည်လွန်းပါ၏။

ရိုးသားသော ကမ္ဘာလေးကို သူ့သားရဲ့ မူမမှန်တဲ့ အတ္တ လောင်းရိပ်အောက်မှာ အနစ်မွန်းမခံနိုင်ပါ။

သူ့ရဲ့အနာဂတ် ဖြောင့်ဖြူးသာယာစေဖို့ သူတို့ မိဘတွေ အနေနဲ့ တရားမျှတစွာ စီစဉ်ပေးရတော့မှာပေါ့။

ကမ္ဘာဟာ သူတို့ရဲ့မွေးစားသားလေ။









## အပိုဒ်ခွဲ(၅)

“သား မိုးဖျား”

မေမေ့ရဲ့ ခေါ်သံကြောင့် မိုးဖျား ဂျယ်နီကို ပွေ့ချီထားပြီး အဝေးကို ငေးနေရာမှ မိခင်ကို လှည့်ကြည့်လိုက်သည်။

“ဗျာ. . . မေမေ”

“သား မအိပ်သေးဘူးလား၊ (၈)နာရီ ကျော်ပြီလေ”

“ကမ္ဘာမှ ပြန်မလာသေးတာ၊ ဖေဖေကလည်း ဒင်နာသွား တာ ဘာဖြစ်လို့ ကမ္ဘာ့ကို ခေါ်သွားရတာလဲကွာ၊ ဒီကောင်လေ လူများ



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာတွေကို သိပ်ပြီးသွားတတ်တာ မဟုတ်ဘူး၊ သူ အတော့်ကို စိတ်ကျဉ်းကျပ်နေမှာ”

ကမ္ဘာ့အား စိတ်ပူပန်ပေးနေသော သားဖြစ်သူကို ကြည့်ပြီး ဒေါ်နန်းထိုက်စံ ရင်ထဲမှ မချိတင်ကဲ ဖြစ်မိသည်။

ဖြစ်မှ ဖြစ်ရလေ သားရယ်။

“သား ကမ္ဘာ့ကို အတော်ချစ်တာပဲနော်”

မိုးဖျား ခပ်ဖျော့ဖျော့ ပြုံးသည်။

“ချစ်တာပေါ့ မေမေရဲ့၊ ငယ်ငယ်ကတည်းက အတူကြီးပြင်းလာတဲ့သူတွေပဲ”

“တစ်ချိန်မှာ ကမ္ဘာက သားကို ခွဲပြီး အိမ်ထောင်ပြုသွားရင်ရော”

ဒေါ်နန်းထိုက်စံ သွေးတိုးစမ်းပြီး မေးလိုက်ခြင်း ဖြစ်သည်။

မိုးဖျားက ဂျယ်နီလေးကို မြက်ခင်းပြင်ပေါ်ကို ချပေးလိုက်ပြီး မိခင်ဘက်ကို အပြုံးနွမ်းနွမ်းဖြင့် ကြည့်လိုက်၏။

“အဲဒီလို အခြေအနေမျိုး ဘယ်တော့မှ ဖြစ်မလာစေရဘူး မေမေ၊ အဲဒါဆို သားဘဝ အဓိပ္ပါယ်မဲ့သွားလိမ့်မယ်”

မိခင်ဖြစ်သူက သားရဲ့ဖြောင့်စင်းနေသော ဆံစလေးတွေကို သပ်တင်ပေးလိုက်ရင်း. . .

“ဘာဖြစ်လို့ အဓိပ္ပါယ်မဲ့ရမှာလဲ သားရယ်၊ လူ့ဘဝမှာ သားရယ် ကမ္ဘာရယ် ပြီးတော့ ဖေဖေတို့ မေမေတို့ရယ်ဟာ ရှေးဘဝက ရေစက်ရှိခဲ့လို့ ဒီဘဝမှာ တစ်မိုးအောက်ထဲမှာ အတူနေခွင့်ရခဲ့ကြတာ၊ ဒါပေမယ့် အဲဒီအတူနေခွင့်ရတဲ့အချိန်ကလေးဟာ တိုတောင်းချင်လည်း တိုတောင်းမယ်၊ ရှည်လျားချင်လည်း ရှည်လျား





လိမ့်မယ်၊ ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် တစ်ချိန်မှာတော့ ခွဲကြရမှာပဲ သားရယ်”

“အဲဒီအတွက် ရခဲ့လှတဲ့ ဘဝတိုတိုလေးမှာ သားအတွက် အဓိပ္ပါယ်ရှိတဲ့အလုပ်ကို လုပ်ပြီး အဓိပ္ပါယ်ရှိတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ပဲ သားရဲ့ဘဝကို လှလှပပ ခြယ်မှုန်းပါ သားရယ်”

မေမေ ဒီလိုစကားမျိုးတွေ ဘာကြောင့် သူ့ကို လာပြောနေရတာလဲ။

သူလုပ်နေတာတွေက ဘာများ အဓိပ္ပါယ်မရှိ ဖြစ်နေလို့လဲ။

ကမ္ဘာ့ကို နက်နက်နဲနဲ သံယောဇဉ်တွယ်မိတာဟာ မိုးဖျားအတွက်တော့ သိပ်ကို အဓိပ္ပါယ်ရှိတဲ့ ခိုင်မာတဲ့ မေတ္တာတရားတွေပဲ။

မိုးဖျား မေမေ့ကို ဝေ့ဝဲ အကဲခတ်လိုက်သည်။

မေမေ့မျက်နှာပြင်တွင် စိတ်မချမ်းသာခြင်းတွေ စိတ်အလိုမကျခြင်းတွေက မှိန်ဖျော့စွာ တွဲလွဲခိုနေကြသည်။

“သားရဲ့ဖေဖေနဲ့ အိမ်ထောင်မကျခင် တစ်ချိန်တုန်းက မေမေ့မှာ သိပ်ပြီးချစ်ရတဲ့ မောင်လေးတစ်ယောက် ရှိခဲ့တယ် သား၊ သားရဲ့ဦးလေးငယ်ပေါ့ကွယ်. . .

မေမေတို့ မျိုးရိုးက မိသားစုတိုင်း မိသားစုတိုင်းမှာ သားသမီး အများကြီး မထွန်းကားခဲ့ဘူးကွယ်၊ အဲဒီ သားသမီးများများ မထွန်းကားခဲ့တဲ့ကြားထဲမှာမှ မွေးလာပြန်တော့လည်း မိန်းကလေးတွေသာ အမွေးများတယ်လေ၊

သားယောကျ်ားလေး မွေးတဲ့အခါကျရင်လည်း အဲဒီသားယောကျ်ားလေးဟာ သဘာဝကို လွန်ကဲပြီး စိတ်ဓါတ်မူမမှန်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ဖြစ်သွားကြတယ်၊

စိတ်ဓါတ်မှုမမှန်ဘူးဆိုတာ. . .

ယောက်ျားလေးအချင်းချင်း အချစ်တော် ထားလိုတဲ့စိတ်ဟာ သူတို့ တစ်ဘဝလုံးကို ဝါးမျိုသွားတော့တာပဲ၊

အဲဒီအတွက် လောကအလယ်မှာ ဘယ်လောက်ပဲ ချမ်းသာခြင်းတွေ ပိုင်ဆိုင်ပါစေ၊ သူတပါး အထင်ကြီး လေးစားခြင်းကို မခံရဘဲ လှောင်ပြောင်သရော်ခြင်းတွေနဲ့ပဲ လူလုံးမလှ ဖြစ်နေရာတယ်၊

ဒီလိုအဖြစ်မျိုးကြီးဟာ မေမေတို့ မျိုးရိုးအစဉ်အလာမှာ မကြာမကြာ ပေါ်လာတတ်တယ်၊

ဒါကို မေမေ့ရဲ့ဘိုးဘေးဘီဘင်တွေက ရှေးအယူအစွဲတွေကို လက်ခံကျင့်သုံးပြီး. . .

သူတို့ဟာ ဒီလိုအဖြစ်ဆိုးမျိုးကို ကျိန်စာသင့်တယ်လို့ပဲ တစ်ထစ်ချ ယုံကြည်ခဲ့ကြတယ်၊

အဲဒီနောက်ပိုင်း မေမေတို့ တစ်မျိုးလုံးမှာ ယောက်ျားလေးမွေးတာ နည်းပါးခဲ့တယ်၊

အဲဒီလို နည်းပါးတဲ့အချိန်မှာပဲ သားရဲ့ဖွားဖွားဟာ သားရဲ့ဦးလေးငယ်ကို မွေးခဲ့တယ်လေ၊

သားရဲ့ဦးလေးငယ် မေမေ့ရဲ့မောင်ဟာ တစ်နေ့တစ်ခြား အရွယ်ရောက်လာတာနဲ့အမျှ သူ့ရဲ့ ဇီဇစိတ်ဟာလည်း တဖြည်းဖြည်း ပေါ်လွင်လာခဲ့တယ်”

မေမေက ပြောလက်စ စကားကို ရပ်လိုက်ပြီး ပင့်သက်ရှိုက်လိုက်၏။





မေမေ့မျက်ဝန်းတွင် မျက်ရည်တွေ စိုနေ၏။

မေမေ ဝမ်းနည်းနေသည်ပဲ။

မေမေ ဘာကို ဆိုလိုနေတာလဲ၊ ဘာကြောင့် ဦးလေးငယ်အကြောင်း ပြောနေတာလဲဆိုတာ မိုးဖျားသိနေ၏။

ဒါပေမယ့် ကိုယ့်ရင်ထဲက ခံစားမှုထူးတစ်ခုဟာ ဆေးစွဲနေတဲ့ လူငယ်တစ်ယောက်ဟာ ထိုမူးယစ်ဆေးကို စွဲလမ်း တပ်မက်နေတဲ့စိတ်မျိုးထက် အဆပေါင်းများစွာ သာလွန်နေ၏။

ဒီအတွက် ရင်ဘတ်တစ်နေရာမှာ ကိန်းအောင်းနေတဲ့ ဒီစိတ်ကို ဘယ်လိုမောင်းထုတ်ပစ်ရမလဲ။

အဲဒီစိတ်ကြီး ပျောက်ကွယ်နိုင်ဖို့အတွက်ဆိုရင် မိုးဖျားရဲ့ အသက်ကို အရင်ဆုံး နှုတ်ယူမှ ဖြစ်လိမ့်မည်ဟုပင် တွေးမိလိုက်ပါသည်။

အတွေးစကို ဖြတ်ပြီး မေမေ ဆက်ပြောမည့် ဦးလေးငယ်အကြောင်းကိုသာ နားစွင့်နေလိုက်သည်။

မေမေ့ထံမှ ရှိုက်သံသဲ့သဲ့ ထွက်နေဆဲ. . .

ထိုရှိုက်သံထဲတွင် အင်အားမဲ့သော ကြေကွဲခြင်းတွေက အပြည့်ပါဝင်နေသည်။ ပြီးတော့ ရှိုက်သံနှောသောအသံဖြင့် မေမေ ဆက်ပြောရှာ၏။

“တစ်နေ့မှာ ဦးလေးငယ်ဟာ သူ အိမ်ထောင်ပြုပါရစေဆိုပြီး သားရဲ့ဖွားဖွားဆီမှာ ခွင့်တောင်းတယ်။

သားရဲ့ဖွားဖွားကလည်း ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုခဲ့တာပေါ့၊ အဲဒီလိုနဲ့ တစ်နေ့မှာ သူဟာ သူ့ရဲ့အိမ်ထောင်ဖက်ကို သားရဲ့ ဖိုးဖိုးနဲ့ ဖွားဖွားရှေ့ကို ခေါ်လာခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်ထောင်ဖက်ဟာ ဘယ်သူဖြစ်မယ်လို့ ထင်လဲသား"

မေမေက မိုးဖျားကို မေးခွန်းထုတ်လိုက်သည်။

မိုးဖျားကလည်း အလိုက်သင့်ပင် ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလိုက်ပြီး. . .

"သား ဘယ်သိမလဲ မေမေရယ်"

"သားရဲ့လေးငယ် ခေါ်လာတဲ့ အိမ်ထောင်ဖက်ဟာ သူ့လိုပဲ ယောကျ်ားတစ်ယောက် ဖြစ်နေတယ် သား၊

အဲဒီမှာတင် ဖွားဖွားဟာ ရုတ်တရက် ခံစားမှုတွေ ပြင်းထန်လို့ နှလုံးလေဟပ်ပြီး အဲဒီနေရာမှာတင် ဆုံးသွားရှာတယ်"

"ဟင်. . ."

မမြင်ဖူးလိုက်သော ဖွားဖွားအတွက် ရင်ထဲမှာ မေမေနှင့်ထပ်တူ နင့်ခနဲ ခံစားလိုက်ရသည်။

"သား စဉ်းစားကြည့်စမ်း၊ မင်းဦးလေးငယ်ဟာ တည်တည်ခန့်ခန့်နဲ့ အင်မတန် ချောတဲ့ ယောကျ်ားတစ်ယောက်၊ သူ့ရဲ့ရုပ်ရည်နဲ့သူ ယူမယ့်မိန်းမဟာ သူ့ဘဝကို သာယာမှုတွေနဲ့ မျိုးရိုးဂုဏ်ကိုဆက်ထိန်းမယ့် မျိုးဆက်သစ်ကလေးတွေကို မွေးဖွားပေးနိုင်စွမ်းရှိတဲ့ အမျိုးသမီးကောင်းလေး တစ်ယောက်သာ ဖြစ်သင့်တာလေ၊ မေမေပြောတာ မှန်ရဲ့လား သား"

မေမေ့ကို ဘာမှုပြန်ပြီး မတုန့်ပြန်ပဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားလိုက်၏။

မေမေ့မေးခွန်းတွေက သူ့ကို ထွက်ပေါက်မရှိအောင် ပိတ်လှောင်ထားလိုက်သလို ခံစားရ၏။ အဲဒီအတွက် သူ့နှုတ်က ဘာမှ





မထွက်ရဲလောက်အောင် ခံစားမှုတွေနဲ့ မှန်းကျပ်တင်းခံနေ၏။

"အဲဒီလို အမျိုးကောင်းသမီးလေးကို ခေါ်လာတာ မဟုတ်ဘဲနဲ့ ယောကျ်ားတစ်ယောက်ကို သူ့ရဲ့မိန်းမနေရာမှာ ထားပြီး ခေါ်လာတယ်ဆိုတော့ ဒါဟာ သဘာဝကို ဆန့်ကျင်တဲ့ အမိုက်ပွါယ်မဲ့လူတွေရဲ့လုပ်ရပ်တစ်ခု ဖြစ်တဲ့အပြင် လောကအလယ်မှာ သိပ်ကိုနိမ့်ကျလွန်းပြီး ကိုယ့်ဘဝကိုယ် တန်ဖိုးမဲ့အောင် လုပ်တဲ့ ဉာဏ်တိမ်တဲ့လူတွေရဲ့ လုပ်ရပ်ပေါ့ကွယ်၊ သားရဲ့ဖိုးဖိုးလည်း ဖွားဖွားသေရတာ သူ့ကြောင့်လို့ စွပ်စွဲပြီး သားရဲ့ဦးလေးငယ်ကို အိမ်ပေါ်ကနှင်ချပြီး တစ်ခါတည်း သားအဖြစ်ကနေ အမွေပြတ် စွန့်လွှတ်လိုက်တယ်၊

သားရဲ့ဦးလေးငယ်ကလည်း အဲ့ဒီလူနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားလိုက်တာ. . .

မေမေတို့ကို လုံးဝ အဆက်အသွယ် မလုပ်တော့ဘူးကွယ်၊

အဲဒီလိုနဲ့ နှစ်အနည်းငယ်ကြာတော့ မေမေဟာ သားဖေဖေနဲ့ အိမ်ထောင်ကျဖို့ အကြောင်းဖန်လာတယ်၊

အဲဒီမှာပဲ သား ဦးလေးငယ်ရဲ့သတင်းကို သိုးသိုးသန့်သန့်ကြားလာရတယ်၊

သူဟာ မေမေတို့နဲ့ အလွန်ဝေးလှတဲ့ တောရွာဇနပုဒ်ကလေးမှာ အရမ်းကို ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်နေရပြီး သူနဲ့လက်ထပ်လိုက်တဲ့လူကလည်း သူ့ဆီက ချူစားစရာ ငွေတွေလည်းကုန်ရော။

သူ့ကို ထားခဲ့ပြီး ထွက်သွားတယ်ဆိုတဲ့ သတင်းပဲ ကြားရတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့လည်း သတင်းကြားကြားချင်း သားရဲ့ဦးလေးငယ် ရှိတဲ့နေရာကို လိုက်ကြတာပေါ့၊

အဟင့်. . . ဟင့်. . . ဟင့်"

ဒေါ်နန်းထိုက်စံ စကားတောင် ဆုံးအောင် မပြောနိုင်ရှာဘဲ ဝမ်းနည်းစွာ ရှိုက်ငိုလိုက်ပါသည်။

သူ မေ့ထားတဲ့အတိတ်က ကြမ္မာဆိုးတွေကို ခုတော့ သားကြောင့် ပြန်လည်တူးဖော်နေရရှာသည်။ သားလေး သတိထားဆင်ခြင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။

မိုးဖျား မေမေ့ပခုံးလေးကို ကိုင်ပြီး အတတ်နိုင်ဆုံး နှစ်သိမ့်ဖို့ ကြိုးစားကြည့်သည်။

ဒါပေမယ့် စကားလုံး အစရှာမရသူလို ယောင်နနဖြင့်သာ နှုတ်ဆိတ်နေလိုက်ရသည်။

မေမေက ပြောလက်စ စကားကို ငိုသံနှောသော အသံတိမ်တိမ်ဖြင့်. . .

"မေမေတို့ သားဦးလေးငယ်ဆီ ရောက်တော့ သိပ်ကိုဆင်းရဲနွံချာတဲ့ဘဝလေးနဲ့ မေမေတို့ အလာကိုတောင် မစောင့်နိုင်ရှာတော့ဘဲ သူ့ကို ရောဂါဆိုးမြောက်မြားစွာက တမလွန်ကို ဆွဲခေါ်သွားကြတယ်လေ၊ မေမေတို့တောင် အသက်မမီလိုက်ပါဘူးကွယ်"

မိုးဖျားရင်ထဲ နင့်သွား၏။

ဦးလေးငယ်ရဲ့ခြေရာကို နင်းမှာစိုးလို့ မေမေဟာ သူ့အတွက် စိုးရိမ်ပူပန်ခြင်းတွေနဲ့ ရတက်ပွေနေရရှာတယ်ဆိုတာကို မိုးဖျား သိပါသည်။

သူ့ကြောင့် မေမေတို့ကိုလည်း မခံစားစေချင်ပါ။





စိတ်ချပါ မေမေ။

သား ကမ္ဘာကို ချစ်တာ သားအနားမှာ တစ်သက်လုံး ရှိနေရုံလေးပါ။

ပြီးတော့ သူ့အနားမှာ သားတစ်သက်လုံး နေချင်ရုံလေးပါပဲ။

ကျန်တာတွေအားလုံးဟာ ရိုးရှင်းလွန်းပါတယ် မေမေ၊ သားရဲ့ဘဝကို ဦးလေးငယ်လိုအဖြစ်မျိုးနဲ့ ဇာတ်သိမ်းမခံပါဘူးလို့ ကတိပေးပါတယ်။

ကမ္ဘာနဲ့သားရဲ့ကြားထဲမှာ ရှိနေတဲ့ သံယောဇဉ် အစိမ်းအနက်က လေးနက်သလို ရိုးသားဖြူစင်ကြပါတယ် မေမေ။

ပူလောင်ပြင်းပြတဲ့ဆန္ဒတွေ မပါဝင်ကြပါဘူး၊ အဲဒါကိုတော့ အကြွင်းမဲ့ ယုံပေးပါ မေမေရယ်။

မိုးဖျားရင်ထဲ စကားတွေ တသီကြီး ပြောနေမိသည်။

သို့တိုင်အောင်. . .

ရင်ဘတ်ထဲ၌ ကမ္ဘာကို ချစ်သော ချစ်ခြင်းတွေက ဘာနှင့်မှ အစားထိုးမရအောင် ပြည့်နှက်နေခြင်းကြောင့် မွန်းကျပ်ဆို့နင့်လျက်ရှိလေသည်။

ကမ္ဘာဟာ သူ့ဘဝ သူ့အသက်ပါလေ။





www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၆)

အခန်းသည် ညမီးရောင် ပြာလဲ့လဲ့အောက်မှာ ငြိမ်သက်တိတ်ဆိတ်နေသည်။

ကမ္ဘာ့ရဲ့မျက်လုံးများ ဖျတ်ခနဲ ပွင့်လာသည်။

မိုးဖျားကို အိပ်ချင်ဟန်ဆောင်ပြီး ကုတင်ပေါ် လှဲအိပ်လိုက်ရာမှ အမှန်တကယ်ပင် မေ့ခနဲ အိပ်ပျော်၍သွားခဲ့သည်။

သူ့ရင်ဘတ်ပေါ် လက်တင်ပြီး အိပ်မောကျနေသော မိုးဖျားကို အကဲခတ်လိုက်သည်။





မိုးဖျား အိပ်ပျော်နေသည်။

ကမ္ဘာ အသက်ကိုပင် ခပ်ကျယ်ကျယ် မရှူရဲဘဲ မိုးဖျားအနားမှ အသာလေး ကိုယ်ကို ဖော့ပြီး ထလိုက်သည်။

သူနိုးသွားရင် မယ်နဲ့ တွေ့ဖို့ အခွင့်အရေး ဆုံးရှုံးသွားလိမ့်မည်။ ဒီည မယ့်ကို အကုန်ဖွင့်ပြောပြတော့မည်။

မယ်ကတော့ သူ ကြုံတွေ့ရင်ဆိုင်နေရသော အဖြစ်အပျက် ဆန်းဆန်းတွေကို ရင်သပ်ရှုမောစွာနဲ့ တအံ့တဩ နားထောင်နေပြီး ကမ္ဘာ့အတွက် စိတ်မကောင်းဖြစ်နေမှာ သေချာ၏။

အတွေးနှင့်အတူ ကုတင်ပေါ်မှ ဆင်းရန် ခြေအစုံကို အောက်သို့ ခပ်ဖြည်းဖြည်း ချရန်အကြွ. . .

"ဟင်. . ."

အံ့ဩခြင်းနှင့်အတူ သူ၏ခြေအစုံအား တစ်စုံတစ်ခုက လှုပ်ရှား၍ မရအောင် ချည်နှောင်ထားလေပြီ။

သွားပြီ။ ကမ္ဘာနဲ့မယ်တို့ တွေ့ဖို့ အခွင့်အရေးက လွဲပြန်ပြီ။

အရင်ညတွေတုန်းက မိုးဖျားသည် သူ့ကို စိတ်မချ၍ တစ်ညလုံး မအိပ်ညဲ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်ဟန်ပြ၏။

ကြာတော့ ကမ္ဘာကသာ အိပ်ပျော်သွားရသည်။ မိုးဖျားက လုံးဝမအိပ်ဘဲ ကမ္ဘာ ခြံထဲ ဆင်းပြီး မယ်နဲ့ မတွေ့ဖို့အရေးကိုသာ အပြင်းအထန် စောင့်ကြည့်၏။

ခုတော့ သူ ညတိုင်း အိပ်ရေးပျက်နေသဖြင့် ဒီနေ့တော့ အစောကြီး အိပ်ပျော်သွားပြီး ကိုယ့်ကို စောင့်မကြည့်နိုင်တော့ဘူး ဆိုပြီး စိတ်ထဲမှာ အနည်းငယ် လွတ်လပ်သွားရုံ ရှိသေးသည်။

သူ့ရဲ့. . . ချစ်သူနဲ့ တွေ့ရမယ့် အပျော်တွေနဲ့ ခုတော့


www.burmeseclassic.com

www.burmeseclassic.com

ဝေးရပြန်ပြီ။

ကိုယ့်ခြေထောက်နဲ့ သူ့ခြေထောက်မှာ သံကြိုးတစ်ခုက ပူးတွဲပြီး ချည်နှောင်ထားသည်။

ထိုသံကြိုးကို မိုးဖျားမကြားအောင် ဖြေဖို့ဆိုတာ ဘယ်လိုမှ မလွယ်။

သံကြိုးမှာ တပ်ဆင်ထားသော ခြူလေးတွေက ကမ္ဘာ တစ်ခုခု လှုပ်ရှားလိုက်တာနဲ့ တချွင်ချွင်နဲ့ သူတို့ရဲ့သခင် မိုးဖျားကို နှိုးတော့မှာ။

ကမ္ဘာသည် မျှော်လင့်ချက်မဲ့စွာဖြင့် ကုတင်ပေါ်သို့ ဝုန်းခနဲ ပြန်လှဲချလိုက်သည်။

ဒေါသတွေကြောင့် ကမ္ဘာ တစ်ညလုံး အိပ်၍မပျော်၊ ဟိုလိုမ့်ဒီလိုမ့်နှင့် ကိုယ်က လှိမ့်လိုက်တိုင်း ခြူသံက တချွင်ချွင်နဲ့။

ဒီကြားထဲ မိုးဖျားက အိပ်မောကျနေရင်းမှ သူ့ကို တင်းကျပ်စွာ ဖက်တွယ်ထားသေး၏။

သူ့အဖို့တော့ မိုးဖျားနှင့် အိပ်စက်ရခြင်းသည် တကယ့်ကို ငရဲခန်းတစ်ခုမှာ အိပ်နေရသလိုပါပဲ။

မနက် မိုးလင်းခါနီးတော့မှပဲ ကမ္ဘာဟာ မှေးခနဲ အိပ်ပျော်သွားတော့၏။

ကမ္ဘာနိုးလာတော့ ခြေထောက်မှာ သံကြိုးတွေ မရှိတော့။

မိုးဖျားကိုလည်း အခန်းထဲမှာ မတွေ့ရတော့။

ကမ္ဘာ ကုတင်ပေါ်မှ ကုန်းရုန်းထပြီး တံခါးနားဆီသို့ ပြေးထွက်ခဲ့သည်။

တံခါးက လုံးဝဖွင့်မရ။





"ဟာကွာ. . . တောက်"

မချုပ်တည်းနိုင်စွာဖြင့် တောက်တစ်ချက်ကို ပြင်းပြင်း ခေါက်လိုက်သည်။

မိုးဖျား သူ့ကို ထားခဲ့ပြီး ကျောင်းကို သွားလောက်ပြီ။

"အန်ကယ်မိုး. . . အန်ကယ်မိုး"

ကမ္ဘာ အခန်းထဲမှနေ၍ အပြင်ကို ကျူးပြီး အော်လိုက်သည်။

တုံ့အောင့်နေတော့ ခြေသံတစ်ခု ကြားရသည်။

ကမ္ဘာ အခန်းထဲမှ နားစွင့်နေရ၏။

"အန်ကယ်မိုးလား. . . အန်ကယ်မိုး၊ ကျွန်တော့်ကို တံခါးဖွင့်ပေးပါ၊ မိုးဖျားရော. . . မိုးဖျား ဘယ်သွားလဲ"

ဘယ်သူဘယ်ဝါမှန်း မသိဘဲ ပြောလိုက်ခြင်း ဖြစ်သည်။

"သား ကမ္ဘာ"

အပြင်မှ မေမေ့အသံကို ကြားရ၍ ကမ္ဘာ အားတက်သွား၏။

"မေမေ ကျွန်တော့်ကို တံခါးဖွင့်ပေးပါ၊ မိုးဖျား ကျွန်တော့်ကို တံခါးပိတ်သွားလို့"

"မိုးဖျားက တံခါးကို အပြင်က သော့ခတ်သွားတယ် သား၊ အိမ်သားတွေအားလုံးကိုလည်း မှာသွားတယ်၊ ဘယ်သူမှ တံခါးဖွင့် မပေးဖို့ပေါ့၊ သော့ကိုလည်း သူ ယူသွားတယ်ကွယ်"

ကမ္ဘာ မေမေ့ကိုလည်း အားကိုး၍ မရတော့၊ မိုးဖျား သူ့ကို အကျဉ်းသားတစ်ယောက်လို သဘောထားလိုက်ပြီပေါ့၊ ဒီလိုလုပ်လို့ ရမလား မိုးဖျား၊ ငါ မင်းရဲ့ လွှမ်းမိုးမှုအောက်ကနေ ရအောင်


www.burmeseclassic.com

www.burmeseclassic.com



ရှန်းထွက်ပြမယ်၊ ငါ မင်းကို အရမ်းစိတ်ကုန်သွားပြီ မိုးဖျား။

ငါ့စိတ်တွေ ယတိပြတ် ပြောင်းလဲသွားအောင် မင်းကိုယ်တိုင် လုပ်လိုက်တာပဲ။

"မေမေ ကျွန်တော့်ကို ကူညီပါ မေမေ၊ ကျွန်တော် ဒီအခန်းထဲကနေ ဖြစ်တဲ့နည်းနဲ့ ထွက်ပါရစေ"

မေမေ့ထံမှ ငိုရှိုက်နေသံ ကြားရသည်။

"ကမ္ဘာ. . . သားတို့နှစ်ယောက်ကြားမှာ ဖြစ်နေတဲ့ ပြဿနာတွေ၊ မယ်နဲ့ မင်းရဲ့ကိစ္စတွေ၊ ပြီးတော့ သားရဲ့အခက်အခဲတွေအားလုံးကို မေမေရော ဖေဖေပါ သိသွားပါပြီ သားရယ်၊ အဲဒီအတွက်လည်း မိုးဖျားအတွက် ခံစားရတဲ့ ဒုက္ခဝေဒနာတွေက မေမေ့ရင်နဲ့ မဆန့်တော့ပါဘူး"

"ကျွန်. . . ကျွန်တော် အခု ဘာလုပ်ရမလဲ မေမေ၊ ကျွန်တော် မိုးဖျားကို ချစ်တယ်၊ ဒါပေမယ့် သူ့ရဲ့မရိုးသားတဲ့ အချစ်ကြီးကိုတော့ ကျွန်တော် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး မေမေ၊ အဲဒါဟာ မိုးဖျားနဲ့ ကျွန်တော့်ရဲ့ကြားမှာ ရှိတဲ့ အမှန်တရားတစ်ခု မဟုတ်နိုင်ဘူး မေမေ"

"ခဏလေးပဲ သည်းခံပါ သားရယ်၊ သားတို့ပြဿနာတွေကို လူကြီးတွေ ဝင်ပြီးဖြေရှင်းပေးမှာပါ၊ အဲဒီအချိန်ကလေးကို ခဏလေး သည်းခံပြီး စောင့်လိုက်ပါနော်"

မေမေ့ရဲ့တောင်းပန်တိုးလျှိုးသံက ကမ္ဘာ့ရဲ့မျှော်လင့်ချက်တွေကို လုံလောက်သော အင်အားတစ်ခုအဖြစ် မပေးစွမ်းနိုင်သေးပါ။

နောက်ထပ် အခွင့်အရေးတစ်ခုကို ထပ်တိုးပြီး တောင်း





ကြည့်လိုက်သည်။ ဒါကိုတော့ မေမေ လိုက်လျောနိုင်မယ်လို့ ထင်ပါသည်။

"မေမေ ကျွန်တော့်ကို မိုးဖျားမသိအောင် ဖုန်းတစ်လုံးလောက် ပေးထားပါ၊ ကျွန်တော့်ရဲ့ဖုန်းကို သူသိမ်းသွားလို့ပါ၊ ကျွန်တော် မယ်နဲ့ လူချင်း မတွေ့ရပေမယ့် ဖုန်းလေးနဲ့တော့ဖြစ်ဖြစ် စကားပြောချင်တယ်၊ အဲဒီတစ်ခုကို လိုက်လျောရင် မေမေတို့ ပြောသလို အချိန်အတိုင်းအတာတစ်ခုအထိ မိုးဖျားကို အလိုက်အထိုက် နေပေးပါ့မယ်လို့ ကျွန်တော် ကတိပေးတယ် မေမေ"

"ကောင်းပြီ သား၊ မေမေ ပေးထားမယ်၊ မိုးဖျားကို နားလည်ပေးတဲ့ မင်းကိုလည်း မေမေ ကျေးဇူးအရမ်းတင်တယ်၊ မင်းအနာဂတ် ဖြောင့်ဖြူးအောင် မေမေတို့ အစစအရာရာ အားလုံး စီစဉ်ပေးပါ့မယ် သားရယ်"

ကမ္ဘာ့ရဲ့တောင်းဆိုမှုကြောင့် ဒေါ်နန်းထိုက်စံသည် မိုးဖျားမသိအောင် ကမ္ဘာအား ဖုန်းတစ်လုံးကို တိတ်တဆိတ် ပေးထားလေ၏။

ကမ္ဘာသည် ကိုယ့်လက်ထဲ ရောက်လာသော ဖုန်းလေးကို ဝမ်းသာအားရဖြင့် တစ်ချက်နမ်းရှိုက်လိုက်ပြီး မယ့်ဆီကို ဖုန်းခေါ်လိုက်သည်။

"ဟဲလို မယ်. . . မယ်အခု ဘယ်မှာလဲ"

"မယ် ကျောင်းသွားဖို့ လမ်းမှာ ရောက်နေပြီ ကမ္ဘာ၊ ညကရှင် ဆင်းမလာဘူးနော်"

မယ့်ရဲ့အပြစ်တင်သံ မဟုတ်သော လေသံဖျော့ဖျော့လေးကြောင့် ညက မယ်နှင့် လွဲခဲ့ရသော အချိန်ကလေးကို နမြောသွားရ



www.burmeseclassic.com

www.burmeseclassic.com

၏။

"ကိုယ်နဲ့မိုးဖျားကြားမှာ ဖြေရှင်းဖို့ ခက်တဲ့ ပြဿနာဆိုး တစ်ခုဝင်နေပြီ မယ်၊ အဲဒါကြောင့် ညက မယ့်ဆီကို ကိုယ် ဆင်းလာလို့မရတာ၊ ဆောရီးပဲ မယ်"

"အခုတောင် ကိုယ့်ကို စိတ်ဆိုးပြီး အခန်းထဲမှာ သော့ပိတ်ပြီး ထားခဲ့လို့ ကိုယ် အခန်းထဲက ဆက်နေတာ မယ်ရဲ့"

"သူနဲ့ကိုယ်ရဲ့ပြဿနာကို ဖေဖေမေမေတို့လည်း သိသွားကြပြီ ခု လောလောဆယ်တော့ သူ့စိတ်အခြေအနေကို စောင့်ကြည့်နေကြတယ်၊ ဒီပြဿနာကို အကြမ်းနည်းနဲ့ ကိုင်တွယ်လို့မရဘူး၊ ဆိုတာကို သူတို့ သဘောပေါက်ထားပုံရတယ် မယ်"

"ပြီးတော့ ကိုယ်နဲ့ မယ့်အကြောင်းကိုလည်း မေမေတို့ သိထားကြတဲ့အတွက် အကောင်းဆုံး အခြေအနေတစ်ခုကို ဖန်တီးပေးကြမှာပါ"

"တော်ပါသေးရဲ့ ကမ္ဘာရယ်၊ မယ့် ဝမ်းသာလိုက်တာ၊ ဟိုလေ. . . ကမ္ဘာ၊ မယ် တစ်ခုမေးမယ်နော်၊ မယ် ထင်နေတာကို မေးမှာပါ၊ ဟို. . . မိုးဖျားကလေ ကမ္ဘာ့ကို အံ့ပုန်းစိတ်နဲ့များ ကြိတ်ပြီး ချစ်လန်းနေတာများလားဟင်၊ ဘယ်လိုပြောမလဲ၊ မိုး. . မိုးဖျားရဲ့နေပုံထိုင်ပုံ ပြုမူလှုပ်ရှားပုံက ယောကျ်ားလေးအတိုင်း ဆိုပေမယ့် သူ့ရဲ့ အတွင်းစိတ်သန္တာန်ထဲမှာတော့ မိန်းမတစ်ယောက်ရဲ့စိတ်မျိုး ပုန်းအောင်းနေပြီး ကမ္ဘာ့ကို အချစ်တော် ဖွဲ့လိုတဲ့စိတ်မျိုးလေ"

တစ်ဖက်မှ ထင်ကြေးဖြင့် မေးလိုက်သော မယ့်ရဲ့အမေးကို ဖြေဖို့ ကမ္ဘာ့ခမျာ တွန့်ဆုတ်သွားရသည်။

သူနဲ့မိုးဖျားကြားက ဒီလို သမရိုးကျ မဆန်တဲ့ အဖြစ်





အပျက်မျိုးကို မယ့်အား အမှန်တကယ် ပေးမသိချင်ပါ။ ဘာဖြစ်လို့ လဲဆိုတော့ မိုးဖျားရဲ့ဂုဏ်သိက္ခာကြောင့်ပါ၊ ဒါဟာ ကမ္ဘာတို့ရဲ့အပြင် လူသိလို့မကောင်းတဲ့ အိမ်တွင်းရေးပြဿနာတစ်ခုပါ၊ ခုတော့ မယ် ပင် ရိပ်မိနေပြီ၊ ကမ္ဘာ စိတ်မောစွာ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် မယ်၊ မိုးဖျားရဲ့ စိတ်တွေက မယ် ထင်သလိုမျိုး တဖြည်းဖြည်း ပြောင်းလဲလာနေပြီ"

"ဟင်. . . တကယ်ပဲ အဲဒီလိုကြီးလား"

တစ်ဖက်ဖုန်းမှ မယ့်ရဲ့အထိတ်တလန့် ဖြစ်သွားသောအသံကို ရင်နာနာနဲ့ ကြားလိုက်ရပါသည်။

မိုးဖျားအတွက် စိတ်မကောင်း ဖြစ်လွန်းသဖြင့် မယ့်ကို စကားဖြတ်ကာ ဖုန်းကို ပိတ်လိုက်ပါသည်။

မိုးဖျားရယ်. . . မင်း ဒီလို လုံးဝ မဖြစ်သင့်ဘူးကွာ၊ မင်းရဲ့ အဲဒီစိတ်ကြီးက မင်းနဲ့ငါကြားကို စည်းတစ်ခု ကန့်လန့်ကာတစ်ခုလို တဖြည်းဖြည်း ခြားသွားလိမ့်မယ်။

ငယ်ငယ်ကတည်းက အတူနေခဲ့တဲ့ သံယောဇဉ်ကို ငါ ဘယ်လိုနည်းနဲ့ တိခနဲ ဖြတ်ရက်ပါ့မလဲ။

ဖြစ်နိုင်ရင် မင်းဘဝထဲက ငါ ထွက်မပြေးချင်ဘူး၊ ဒါပေမယ့် ငါ မယ့်ကို ချစ်တယ်။

မင်း ငါ့ကို ချစ်သလို အချစ်မျိုးနဲ့ မယ့်ကိုလည်း ငါ ချစ်သွားမိတယ် မိုးဖျား။





www.burmeseclassic.com

www.burmeseclassic.com





## အပိုင်းခွဲ(၇)

"သမီး ကျောင်းမပြောင်းနိုင်ဘူး ဖေဖေ၊ ကိုယ့်နိုင်ငံက ဆေးပညာကိုပဲ အဆုံးထိ သင်ယူချင်တယ်၊ ကိုယ့်မိဘနဲ့ ခွဲပြီး တခြားနိုင်ငံမှာ ကျောင်းသွားတက်ဖို့ သမီးမှာ သတ္တိမရှိဘူး၊ ဖေဖေတို့ ကမ္ဘာနဲ့ သဘောမတူလို့ မယ့်ကို ဒီနည်းနဲ့ ပထုတ်လိုက်တယ်ဆိုတာ မယ်သိတယ် ဖေဖေ၊ အဟင့်. . ဟင့်. . ဟင့်"

မယ်က ဖခင်ဖြစ်သူကို အငိုတစ်ဝက်နှင့် ပြောနေပုံ





ကြောင့် မေမေက မယ့်ပခုံးလေးကို ကိုင်ပြီး နှစ်သိမ့်၏။

"သမီး အထင်မှားနေပြီကွယ်၊ မေမေတို့က သမီးကို ကမ္ဘာနဲ့ သဘောမတူလို့ မဟုတ်ဘူး၊ ခုချိန်မှာ သမီးရဲ့ပညာရေးကလည်း မပြီးဆုံးသေးဘူး၊ မိုးဖျားရဲ့ပြဿနာကလည်း ကမ္ဘာ့ဆီမှာ ဝန်ထုပ်ဝန်ပိုးကြီးလို ပိနေရှာတယ်၊ အဲဒီအတွက် ကမ္ဘာက မြေဇာပင် ဖြစ်နေရရှာတာ၊ သမီးကျောင်းပြီးတာနဲ့ ကမ္ဘာနဲ့သမီးကို လူကြီးတွေက စီစဉ်ပေးမှာပါ၊ ဒီအတောအတွင်းမှာ ကမ္ဘာ့ကို အရင်လို အခွင့်အရေးမျိုး ပြန်ရစေချင်သေးတယ်၊ သူ့ခမျာ မိုးဖျားရဲ့ချုပ်ထိန်းမှုအောက်က ရုန်းမထွက်နိုင်ရှာဘူး"

"ဒါကြောင့် ဖေဖေက သမီးကို ဒီလို စီစဉ်လိုက်ရတာပါကွယ်၊ သမီးဟိုမှာ ကျောင်းသွားတက်မယ်ဆိုရင် မိုးဖျားက ကမ္ဘာ့ကို အရင်လို လွတ်လပ်ခွင့်တွေ ပြန်ပေးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီက ကမ္ဘာ့ကို လုယူသွားမယ့် သမီးက အဝေးကြီး ရောက်သွားမယ်ဆိုရင် ကမ္ဘာ့အပေါ်မှာ ထားတဲ့ သူ့ရဲ့သံသယတွေလည်း အလိုလို ရှင်းသွားပြီး အရင်အခြေအနေအတိုင်း ပြန်ဖြစ်သွားမှာပေါ့၊ မေမေတို့ ပြောတာကို သဘောပေါက်လွယ်စမ်းပါ သမီးရယ်"

မေမေ့ရဲ့ရှည်ရှည်ဝေးဝေး ရှင်းပြနေသော စကားသံတွေကို မယ် နားလည်ပေမယ့် ဟိုမှာတော့ ကျောင်းသွားမတက်နိုင်ပါဘူး။

တအောင့်ကြာတော့ ဖေဖေနဲ့မေမေ မိုးဖျားတို့ အိမ်ဘက်ကို ကူးသွားကြသည်။

မယ့်ကို လိုက်ခဲ့ဖို့ ခေါ်ပေမယ့် မယ်က မလိုက်။

အခန်းထဲ အောင်းပြီး ကျန်ခဲ့တာ မယ့်စိတ်တွေ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ယက်ခတ်နေ၏။

ဦးမင်းနောင်နဲ့ ဒေါ်အေမီတို့ ဦးထက်အာကာတို့အိမ် ရောက်တော့ ဧည့်ခန်းထဲတွင် ဖနီးသည်ကို ချော့မော့နှစ်သိမ့်နေသောမြင်ကွင်းကို တန်းပြီး တိုးတော့၏။

"လာ. . . ထိုင်ကြကွာ၊ ခုပဲ မင်းတို့အိမ်ဘက်ကို ကူးလာတော့မလို့ကွ"

ဦးထက်အာကာက မျက်နှာသိပ်မကောင်းစွာဖြင့် ပြော၏။ ဒေါ်အေမီက ဒေါ်နန်းထိုက်စံနား ဝင်ထိုင်လိုက်သည်။

"စိတ်မကောင်း မဖြစ်နေပါနဲ့ နန်းရယ်၊ သားတို့အတွက် အကောင်းဆုံး အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်ကြမှာပါ"

ဦးမင်းနောင်က အပေါ်ထပ်ကို ကဲကြည့်လိုက်ပြီး. . .

"မိုးဖျား ကမ္ဘာ့ကို အပြင်ထွက်ခွင့် ပေးပြီလား"

"အင်း. . . သူ ကျောင်းက ပြန်လာရင်တော့ သူ့ပါ အခန်းထဲမှာ ရှိတဲ့အတွက် ကမ္ဘာ့ကို အခန်းပိတ်မထားဘူး၊ ခက်တာက ကမ္ဘာ့ကို မျက်ခြေပြတ်မခံတာပဲ"

"ကံကြမ္မာက ဆန်းကြယ်လိုက်တာ နန်းရယ်၊ အေမီတော့ လေ. . . သား မိုးဖျားအတွက် တော်တော့ကို စိတ်မကောင်း ဖြစ်နေတာ"

"စိတ်မကောင်း မဖြစ်ပါနဲ့ အေမီရယ်၊ ကံတရားအတိုင်းပဲ ပေါ့၊ အဓိက,က မယ်နဲ့ကမ္ဘာ့ကိစ္စကို အမြန်ဆုံး စီစဉ်ပေးလိုက်ကြဖို့ပဲ"

ဦးထက်အာကာက ဒေါ်အေမီ့ကို ဖြေသိမ့်စကား ပြောရပြန်သည်။





ဒေါ်နန်းထိုက်စံက ညှိုးသောမျက်နှာဖြင့် ဒေါ်အေမီဘက်ကို လှည့်ပြီး. . .

"ဒီကိစ္စကိုတော့ သား မိုးဖျားကိုတော့ အသိပေးလို့ မဖြစ်ဘူး၊ သူ မသိအောင် တိတ်တဆိတ် စီစဉ်ကြမှဖြစ်မယ်၊ သားအနားမှာ ကမ္ဘာ မရှိရင်တော့ သူ့ရဲ့စိတ်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာနိုင်ကောင်းပါရဲ့ အေမီရယ်"

ဒေါ်နန်းထိုက်စံ ပြောရင်း မျက်ရည်ကျလာပြန်၏။

ဦးထက်အာကာ ဒေါ်နန်းထိုက်စံကို ထပ်မံ၍ သတိပေးရပြန်သည်။

"နန်းရယ်. . . ကိုယ့်စိတ်ကိုယ် နည်းနည်းလေး ထိန်းပါအုံး၊ တော်ကြာ သား ကြားသွားရင် အခြေအနေက ပိုပြီးရှုပ်ထွေးကုန်ပါအုံးမယ်"

ဦးမင်းနောင်က. . .

"ဟုတ်ပါတယ် မနန်းရယ်၊ သားမိုးဖျားရဲ့စိတ်က ဒီအတိုင်း တသမတ်ထဲ မသွားနိုင်ပါဘူး၊ သူက ငယ်စဉ်ကတည်းက ခုချိန်ထိ ကမ္ဘာ့ရဲ့အထိအတွေ့တွေ၊ ပြုစုမှုတွေအောက်မှာ အနေကြာလာခဲ့တော့. . .

ကမ္ဘာ့အပေါ်မှာ ရိုမန်တစ်ဆန်ဆန် သာယာခဲ့တာပါ။ ကမ္ဘာသာ သူ့အနားမှာ မရှိတော့ဘူးဆိုရင်တော့ သူ့ရဲ့ဗီဇစိတ်တွေ မှန်ကန်တဲ့လမ်းကြောင်းပေါ် ပြန်ပြီးရောက်လာနိုင်မှာပါ။

ကျွန်တော်တို့ ဆေးလောကမှာတော့ ဒီလိုဖြစ်စဉ်မျိုးက တကယ့် ကြုံတောင့်ကြုံခဲပါပဲ၊ မနန်းတို့ဘက်က သူ့ကို အနုနည်းနဲ့ ပြန်ကိုင်တွယ်နိုင်ဖို့အတွက် သူ့စိတ်အာရုံကို ဖမ်းစားနိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး နည်းလမ်းတစ်ခုခုကိုတော့ ရှာဖွေတွေ့ရှိကြမှာပါ"

"သခင်ကြီး. . . မိုးဖျား ဆင်းလာပြီ"

အန်ကယ်မိုးက လူကြီးတွေကို သတိပေးလိုက်သဖြင့် လူကြီးတွေရဲ့စကားဝိုင်းလေး ခဏတော့ တိတ်ဆိတ်သွားကြသည်။

သိပ်မကြာလိုက်ခင် လှေကားပေါ်မှ ဆင်းလာသော မိုးဖျားရဲ့ခြေသံတွေကို ကြားလိုက်ရသည်။

"အန်ကယ်နောင်တို့ ဘယ်တုန်းက ရောက်ကြသလဲ"

မိုးဖျားက ဘာမှ မဖြစ်သလိုပင် ဦးမင်းနောင်တို့ကို နှုတ်ဆက်၏။

ဦးမင်းနောင်တို့ကလည်း အချိုသာဆုံး ပြန်လည်နှုတ်ဆက်လိုက်၏။

"စောစောကပဲ သားရေ၊ အန်ကယ်လဲ ဆေးရုံကိစ္စတွေနဲ့ မရောက်ဖြစ်တာနဲ့ မနန်း နေမကောင်း ဖြစ်တာကို မသိလိုက်ဘူးကွယ်"

"ခုတောင် သမီးလေးကိစ္စကို လာပြီး အသိပေးတာလေ"

ဦးမင်းနောင်က မိုးဖျားကို ကြည့်ပြီး ပြောလိုက်သဖြင့် မိုးဖျားရဲ့မျက်နှာ မသိမသာ ပျက်ယွင်းသွား၏။

ပြီးမှ သတိလေး ထားပြီး ဟန်မပျက် နေကာ ပြုံးလိုက်၏။

ဦးမင်းနောင် စကားကြောင့် ဦးထက်အာကာနှင့် ဒေါ်နန်း ထိုက်စံပါ အံ့အားသင့်သွားကြ၏။

မိုးဖျားသည်လည်း ဘာမှမဖြစ်သလို ဟန်မျိုးဖြင့် ဦးမင်း နောင်ဆီမှ ထွက်ပေါ်လာမည့် အကြောင်းအရာကို နားစွင့်နေလိုက် သည်။





ဦးထက်အာကာက သိချင်စိတ်ကို မမျိုသိပ်နိုင်သဖြင့် ဦးဆုံးမေးလိုက်သည်။

"သမီးကိစ္စဆိုတာ ဘာကိုပြောတာလဲ မင်းနောင်"

"ဩော်. . . ဒီလိုပါ၊ မင်းတူမက နိုင်ငံခြားမှာ ကျောင်း ပြောင်းတက်ဖို့ ပူဆာလာလို့ ငါတို့လင်မယားလဲ သူ့ဆန္ဒကို မငြင်း ချင်တာနဲ့ ခွင့်ပြုလိုက်တာလေ၊ မင်းတို့ကို ခုမှ အသိပေးတဲ့အတွက် ဆောရီးပဲကွာ"

ဒေါ်နန်းထိုက်စံ ရင်ဘတ်ကလေး ဖိကာ ဒေါ်အေမီကို မျက်နှာငယ်လေးဖြင့် ကြည့်ပြီး. . .

"အို. . . အေမီရယ်၊ သမီးလေးကို သူတစ်ယောက်တည်း တစ်ပါးနိုင်ငံကို လွှတ်မလို့လားကွယ်၊ နန်းတော့ စိတ်မချပါဘူး"

"ဟာ. . . မေမေကလည်း၊ ဘာစိတ်မချစရာရှိလဲ၊ ဒီခေတ် ကြီးမှာ မိန်းမတွေကလည်း နိုင်ငံတကာမှာ ဝင်ဆန့်နိုင်တဲ့ အရည် အချင်းတွေ ပိုင်ဆိုင်ကုန်ကြပါပြီ၊ ဒါ့မှလည်း ကိုယ့်ရဲ့ Life Style က မြင့်မားသထက် မြင့်မားလာတော့မှာပေါ့၊ နိုင်ငံတကာမှာ အမျိုးသမီးထုကြီးကလည်း ယောက်ျားတွေကို ကမ္ဘာနဲ့ ယှဉ်ပြီး ရင်ဘောင်တန်းနိုင်ကြပါပြီ"

မိုးဖျားရဲ့ဟန်က သိသိသာသာပင် ရွှင်မြူးတက်ကြွသွား သည်ကို လူကြီးများ သတိထားမိသွားကြ၏။

မိုးဖျားရင်ထဲမှာလည်း အတိုင်းမသိ ဝမ်းသာကြည်နူးနေရ ၏။

ကိုယ်က မယ်မဒီဆိုတဲ့မိန်းမကို အလိုရှိတဲ့သူမှ မဟုတ် တာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တင် မဟုတ်ဘူး၊ ကမ္ဘာ့ရဲ့ဘဝထဲမှာပါ သူမကို ရှိမနေစေချင်တာ။

သူမပုံစံကလည်း ကမ္ဘာ့ကို အလေးအနက် ထားတဲ့ပုံ မပေါ်ပါဘူး၊ ကမ္ဘာအပေါ်မှာ သူ တကယ် နှစ်နှစ်ကာကာ မေတ္တာ ပေးနိုင်ခဲ့ရင် ကိုယ့်ချစ်သူနဲ့ ခွဲပြီး တိုင်းတစ်ပါးမှာ ကျောင်းသွား တက်မယ့် စိတ်ကူးမျိုး ရှိလာမှာ မဟုတ်ဘူး။

ကမ္ဘာသာ သိရင် အရမ်းကို ကြေကွဲအုံးမှာ။ ကိုယ့်အနေနဲ့ လည်း ကမ္ဘာ့ကို ပိတ်လှောင်ထားတဲ့အလုပ်မျိုးကို အရုပ်ဆိုး အကျည်းတန်စွာ လုပ်စရာ မလိုတော့ဘူးပေါ့။

နို့မို့ဆို ကမ္ဘာကို သူ အဲဒီလို လုပ်ရတာကိုက ရင်ထဲမှာ မချိဘူး၊ ကမ္ဘာ သူ့ကို မုန်းသွားမှာကိုလည်း သေလောက်အောင်ကို ကြောက်မိသေး၏။

"ဘယ်တော့လောက် ထွက်ဖြစ်မလဲ အန်ကယ်နောင်"

ဟန်မဆောင်နိုင်စွာဖြင့်ပင် အလောတကြီး မေးမိလိုက်သည်။

"အင်း. . . ရှေ့အပတ်ထဲ သွားဖြစ်မယ် ထင်တယ်ကွ၊ လေယာဉ်လက်မှတ် အဆင်ပြေမယ်ဆိုရင်ပေါ့"

"ကောင်းပါတယ်. . . မယ်မဒီကို ဒီလို ပညာလိုချင်စိတ် ပြင်းထန်လိမ့်မယ်လို့တောင် ထင်မထားဘူး၊ ခုလိုကျတော့လည်း သူ့စိတ်ဓါတ်ကို လေးစားမိပါတယ်"

"ပညာလိုချင်တဲ့သူတစ်ယောက်အဖို့ ဘယ်နိုင်ငံမှာပဲ သွားပြီး ပညာသင်ယူယူ အောင်မြင်ဖို့က ရာနှုန်းပြည့်ပါပဲ"

မိုးဖျား စကားတွေက ရွှန်းရွှန်းကို ဝေနေသည်။





မယ်မဒီအပေါ်မှာ တစ်ခါမှ အမြင်မကြည်လင်ခဲ့ဖူးသော သူ့ရဲ့စိတ်တွေက ခုတော့ ထူးခြားစွာဖြင့် သူမအပေါ် အမြင်ကြည် လင်လို့ နေပါ၏။

ဖြစ်နိုင်ရင် သူက ဝမ်းသာလွန်းလို့ ထတောင် ကချင်တဲ့သူ။

သူမ မြန်မြန်သွားမှ ကောင်းမှာ။ ဒါမှ သူနဲ့ကမ္ဘာကြားထဲ စိတ်အခန့်မသင့်မှုတွေ အမြန်ဆုံး ရှင်းသွားမှာ။

တစ်သက်လုံး ပြန်မလာလည်း အေးတာပဲလို့တောင် စိတ် ထဲမှာ ကြိတ်ပြီးတော့တောင် ကြိမ်းဝါးနေလိုက်ပါသေး၏။






www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၈)

တိမ်ရိပ်ကင်းလွတ်သော ညဏ်အလင်းရောင်သည် မှန်နံရံ တွေမှတဆင့် အခန်းထဲကို ဖြာကျနေသည်။

ကမ္ဘာသည် ထိန်ထိန်သာနေသော လမင်းကြီးကို ငေးမေ ရင်း အချစ်ဆိုတာ တန်ခိုးကြီးတဲ့ အင်အားတစ်ခုပါလားလို့ တွေ ကာ မယ့်ကို တမ်းတနေမိသည်။

မှန်ပြတင်းပေါက်မှတဆင့် လရောင်ကို ငေးရင်း ဆွေးနေ သော ကမ္ဘာကို ကြည့်ပြီး မိုးဖျားရင်ထဲမှာ သနားသွားမိပါ၏။





ကမ္ဘာကို သူ့စိတ်အလိုကျ Pressure တွေ ပေးတာ များ သွားတယ်လို့လည်း ကိုယ့်ကိုယ်ကို ပြန်သုံးသပ်မိသည်။

ခွင့်လွှတ်ပါ ကမ္ဘာ၊ မင်းကို ငါ အဆုံးရှုံးမခံနိုင်လို့ပါကွာ။

မိုးဖျားသည် စာကြည့်စားပွဲမှ ထိုင်ကာ ကမ္ဘာကို အကဲခတ် နေရင်းမှ ကမ္ဘာ့အနားသို့ လျှောက်သွားလိုက်သည်။

ကမ္ဘာ့အား အနောက်မှနေ၍ ခါးကို သိုင်းဖက်လိုက်သည်။

"ကမ္ဘာ မင်း မအိပ်သေးဘူးလား"

မိုးဖျားအမေးကြောင့် ကမ္ဘာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဘာလဲ. . . ငါ့ကို သံကြိုးနဲ့ ခြေကျင်းခတ်ထားဖို့ စောင့်နေ တာလား၊ ဒါဆိုရင်တော့ ခုကတည်းက တစ်ခါတည်း ခတ်လိုက် တော့ မိုးဖျား"

မိုးဖျားသည် ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး ကမ္ဘာ့ရဲ့ပခုံးပေါ် မေး တင်လိုက်ပြီး. . .

"ဟင့်အင်း. . . ငါ မခတ်တော့ဘူး ကမ္ဘာ၊ မင်းအနားမှာ မယ် မရှိတော့ဘူးဆိုရင် ငါကလည်း အဲဒီလို အပြုအမူမျိုး လုပ်စရာ မလိုတော့ဘူးလေ"

"မယ်က ငါ့အနားမှာတင် မဟုတ်ဘူး၊ ငါ့ရင်ထဲမှာပါ အမြဲ ရှိနေတော့မှာကွ၊ အဲဒီတော့ ငါ့ရင်ထဲက မယ့်ကို မင်း ဘယ်လို အင်အားမျိုးနဲ့ ရအောင် ဆွဲထုတ်မလဲ၊ မင်း စွမ်းမယ်ဆိုရင် ထုတ် ကြည့်လိုက်ပေါ့ကွာ"

မိုးဖျားသည် ကမ္ဘာနှင့် မျက်နှာချင်းဆိုင် အနေအထားသို့ ပြောင်းရပ်လိုက်ပြီး ကမ္ဘာကို အတန်ကြာ စိုက်ကြည့်လိုက်သည်။

ပြီးနောက် ကမ္ဘာရဲ့လက်တစ်ဖက်ကို အညင်သာဆုံး ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သူ့ရဲ့ရင်ဘတ်နားမှာ ကပ်လိုက်သည်။

"ငါ့ရဲ့ဒီနေရာမှာ မင်းရှိနေတယ်၊ မင်းရဲ့နှလုံးသားထဲမှာရော ငါ့ကို ရှိနေခွင့် ပေးနိုင်မလား"

မိုးဖျားရဲ့အမေးကို ကမ္ဘာက ဖြေဆိုခြင်း မရှိဘဲ ဟိုးအဝေးကိုသာ ခပ်တွေတွေ ငေးမောနေ၏။

အတန်ကြာမှ မိုးဖျားဘက်ကို ငဲ့ကြည့်လိုက်ပြီး. . .

"မင်း ကော်ဖီသောက်မလား မိုးဖျား"

"အင်း. . . ကောင်းသားပဲ၊ မင်းဖျော်တိုက်တဲ့ ကော်ဖီတောင် မသောက်တာ ကြာပြီပဲ"

"ဒါဆို ခဏစောင့်"

ကမ္ဘာ မိုးဖျားရှေ့မှ ထွက်လာကာ ကော်ဖီဖျော်ရန်အတွက် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့၏။

ထမင်းစားခန်းထဲ ရောက်တော့ မယ့်အခန်းကို လှမ်းကြည့်လိုက်သည်။

မီးလင်းနေဆဲ။

ဒါဆို မယ် မအိပ်သေးဘူးဆိုတာ သေချာသည်။

ထို့နောက် ဘောင်းဘီအိတ်ထဲမှ မိုးဖျား မသိအောင် ဖွက်ထားသော ဟမ်းဖုန်းကို ထုတ်လိုက်ပြီး မယ့်ဆီကို လှမ်းခေါ်လိုက်သည်။

"ဟဲ့လို. . . မယ်၊ ဒီည အောက်ဆင်းခဲ့ပါလား၊ ကိုယ် မယ့်ကို အရမ်းတွေ့ချင်လို့"

"မယ်လဲ ကမ္ဘာ့ကို တွေ့ချင်ပါတယ်၊ မိုးဖျားနဲ့ အဆင်ပြေသွားပြီလား"





"ပြေတယ်လည်း မဟုတ်ပါဘူး၊ ဒီနေ့တော့ အခြေအနေက ကိုယ့်ဘက် နည်းနည်းပါနေသလိုပဲ၊ မိုးဖျား အိပ်တာနဲ့ ကိုယ်ဆင်းခဲ့မယ်"

"အင်း. . . မယ်လည်း ဆင်းခဲ့မယ်"

မယ်နဲ့ ဖုန်းပြောပြီး ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ကာ ကော်ဖီကို ကမန်းကတန်း ဖျော်လိုက်သည်။

ပြီးတော့ မိုးဖျားသောက်မည့် ကော်ဖီခွက်ထဲကို ကြိုတင်စီမံထားသော အိပ်ဆေးမှုန့်ကို ထည့်ပြီး ဇွန်းဖြင့် အသာမွှေလိုက်သည်။

မိုးဖျားရေ. . . ဒီညတော့ မင်း ကောင်းကောင်း အိပ်စက်အနားယူပေတော့။ ငါကတော့ ငါ့ချစ်သူနဲ့ သွားတွေ့ရအုံးမယ်ကွာ။

အခန်းထဲ ရောက်တော့ မိုးဖျားကို အိပ်ဆေးထည့်ထားသော ကော်ဖီခွက်ကို အရင်ဆုံး လှမ်းပေးလိုက်သည်။

"ရော့. . . ငါ ခါးခါးလေး ဖျော်လာတယ်"

မိုးဖျားက Image မဂ္ဂဇင်း ဖတ်နေရင်းမှ ကမ္ဘာ ကမ်းပေးသော ကော်ဖီခွက်ကို လှမ်းယူကာ တစ်ငုံသောက်လိုက်သည်။

ပြီးတော့ စာအုပ်ကို ပြန်ပြီး ဆက်ဖတ်နေ၏။

ကမ္ဘာ့မှာသာ ကော်ဖီကို ဖိမ်ဆွဲပြီး သောက်နေသော မိုးဖျားကို ကြည့်ပြီး စိတ်တွေ လောကြီးနေ၏။

မြန်မြန်သောက်ပြီး မြန်မြန်အိပ်တာ မဟုတ်ဘူး၊ စိတ်ထဲမှာ ကြိတ်ပြီး အပြစ်တင်နေမိ၏။

"မင်း တယော နားထောင်အုံးမလား မိုးဖျား"

မိုးဖျားဟာ ကမ္ဘာ့ကို တစ်ချက် အကဲခတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မပါရင် မတီးနဲ့တော့လေ၊ ငါလဲ အိပ်တော့မှာပဲ"

"ဒါဆို ငါ အိပ်တော့မယ်"

"OK"

ကမ္ဘာ မိုးဖျားဘေးရှိ ခေါင်းအုံးနေရာတွင် ဝင်၍ လှဲအိပ်လိုက်သည်။

ဖြစ်နိုင်ရင် မိုးဖျားနဲ့ တစ်ကုတင်ထဲ မအိပ်ချင်တော့။

သူနဲ့ အိပ်ရတာ စိတ်ထဲမှာ ကျောမလုံသလိုကြီး ခံစားနေရသည်။

ဒါပေမယ့်လဲ မတတ်နိုင်ပါ၊ ဒီအချိန်မှာ မေမေပြောသလို သူ့ရဲ့အလိုကျ အလိုက်အထိုက် နေပေးရုံပေါ့။

အတွေးတွေဖြင့် မျက်လုံးကို စုံမှိတ်ကာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

တအောင့်ကြာတော့ မိုးဖျားထံမှ သက်ပြင်းငွေ့ငွေ့ချသံကို ကြားလိုက်ရပြီး အခန်းမီးကို ပိတ်ကာ ကမ္ဘာ့အနားတွင် လှဲအိပ်လိုက်သည်။

ပထမအဆင့်တော့ အောင်မြင်သွားပြီ၊ ဒုတိယအဆင့်က မိုးဖျား အိပ်ပျော်တဲ့အချိန်အထိ စိတ်ရှည်ရှည်နဲ့ ထပ်စောင့်ဖို့ပဲ။

မိနစ်နှစ်ဆယ်လောက်ကြာမှ မိုးဖျားမှာ အိပ်ဆေးတန်ခိုးကြောင့် လုံးဝကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ သွားတော့၏။

ဒီတော့မှ ကိုယ်ကို အတတ်နိုင်ဆုံး ဖော့ပြီး အခန်းထဲမှ တိတ်တဆိတ် ထွက်လာခဲ့တော့၏။

ခြံထဲ ရောက်တော့ မယ်က ကြိုပြီး ရောက်နှင့်နေပြီ၊ သူ လျှောက်လာရာကို ကျောပေးထိုင်နေသဖြင့် သူလာတာကို မမြင်





ပေ။

ချစ်သူနားကို ခြေသံမကြားအောင် ခပ်ဖြေးဖြေးလေး လျှောက်လာပြီး အနောက်ကနေ သိုင်းဖက်လိုက်သည်။

"မယ်ရယ် . . . လွမ်းလိုက်တာကွာ"

မယ့်ကိုယ်လေး ဆတ်ခနဲ တွန့်သွားပြီး . . .

"အို . . . ကမ္ဘာရယ် လန့်လိုက်တာ"

"ဆောရီးပဲ . . . ကိုယ့်ချစ်သူလေးကို ကျီစားချင်လို့ အသံမပေးမိတာ"

မယ်က ကမ္ဘာကို တရှိုက်မက်မက် ငေးကြည့်လိုက်ရင်း . .

"မယ်လဲ ကမ္ဘာကို လွမ်းတာပေါ့၊ ဒါနဲ့ မိုးဖျားရော အိပ်ပျော်သွားပြီလား"

"အင်း . . . သူအိပ်ပျော်အောင် ကိုယ် အိပ်ဆေးတွေ ထည့်တိုက်လိုက်လို့ ခုတော့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားပြီ"

မယ် သက်ပြင်းလေး ခပ်ပါးပါး ချလိုက်သည်။

မယ့်မျက်နှာမှာ ချစ်သူနဲ့ တွေ့ရလို့ ပျော်နေတဲ့မျက်နှာမျိုး မဟုတ်ဘဲ ညှိုးရိပ်သန်းနေသည်။

မယ့်ရဲ့ညှိုးနေသော မျက်နှာလေးကို နမ်းရှိုက်လိုက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ချစ်လိုက်တာ မယ်ရယ်"

ဟု ခပ်ညည်းညည်းလေး ပြောလိုက်သည်။

မယ် ကမ္ဘာ့ရင်ခွင်ထဲမှနေ၍ ချစ်သူကို ကြေကွဲစွာ ကြည့်လိုက်ပြီး . . .

"မယ့်ကို ဖေဖေတို့က အင်္ဂလန်မှာ ကျောင်းသွားတက်ဖို့



www.burmeseclassic.com

www.burmeseclassic.com


စီစဉ်နေကြပြီ"

"ဟင်. . ."

ကမ္ဘာ့ရင်ထဲကို အပူမီးတွေ ထပ်ဆင့်ကျော့လို့ လာပြန်ပါလား။

"ပြုန်းစားကြီးပါလား မယ်ရယ်၊ ကိုယ်လဲ ဘာမှ မသိရပါလား"

မယ်သည် ချစ်သူရင်ခွင်ထဲမှာ မှီနွဲ့နေရင်း သူ့ရဲ့လက်ချောင်းသွယ်သွယ်လေးတွေနဲ့ ကမ္ဘာ့ရဲ့ပါးပြင်ကို အုပ်မိုးကိုင်တွယ်လိုက်ရင်း. . .

"မယ်လေ. . . ကမ္ဘာ့ကို မခွဲနိုင်ဘူး၊ ပြီးတော့ ဟိုမှာလည်း ကျောင်းသွားမတက်ချင်ဘူး၊ ဖေဖေတို့ကတော့ မယ့်ကို ဟိုမှာ ကျောင်းသွားတက်နိုင်းဖို့ အသေအချာကို စီစဉ်နေကြပြီ"

"မယ် ဆေးပညာဘွဲ့ယူပြီး ပြန်လာမှ မယ်နဲ့ကမ္ဘာ့ကို လက်ထပ်ပေးမယ်တဲ့၊ အမှန်တော့ မိုးဖျားနဲ့ ကမ္ဘာ့ရဲ့ အရှုပ်အထွေးတွေထဲမှာ မယ့်ကို ဝင်မပါစေချင်လို့ ဟိုကို ပို့လိုက်တယ်လို့ မယ်ထင်တယ် ကမ္ဘာ၊ ပြီးတော့ မယ့်ရဲ့ပညာရေးမှာလည်း အနှောင့်အယှက် မဖြစ်စေချင်တာလည်း ပါမှာပေါ့"

"မယ်တို့ ဘာလုပ်ကြမလဲ ကမ္ဘာ၊ မိဘတွေ စီစဉ်တဲ့အတိုင်း နာခံရမှာလား၊ မယ်တို့အနာဂတ်ကို မယ်တို့ဘာသာ စိတ်ကြိုက်ရွေးချယ်ကြမလား"

ပြောနေရင်းမှ မယ့်ရဲ့မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝိုင်းပြီး နှုတ်ခမ်းထောင့်စွန်းကလေးတွေ တုန်ခါလာသည်။

ကမ္ဘာ့ရင်ထဲမှာလည်း ချစ်သူကို တွေ့လိုက်ရ၍ ကြည်နူး



တက်ကြွနေသော စိတ်တွေဟာ ကံကြမ္မာရဲ့ ထိုးနှက်ချက်ကြောင့် ရုတ်တရက် ဝုန်းခနဲ ပြိုကျပျက်စီးသွားခဲ့ပြန်သည်။

ကံကြမ္မာက သူ့အပေါ် ဘယ်အချိန်ဘယ်ကာလအထိ လှည့်ကွက်တွေနဲ့ သူ့ဘဝကို မြိန်ယှက်စွာ လှည့်ပတ်ကစားနေအုံးမှာလဲ။

မယ်သာ သူ့ကို ထားခဲ့ပြီး နိုင်ငံခြား ထွက်သွားမယ်ဆိုရင် သူ့ဘဝမှာ ဘာများ အဓိပ္ပါယ် ရှိအုံးတော့မှာလဲ။ မိုးဖျားရဲ့လောင်းရိပ်အောက်မှာ သူ့ဘဝ ပြာမှုန်ဖြစ်တဲ့အထိ လောင်မြိုက်နေရအုံးမှာလား။

ဒါမှမဟုတ် မယ့်လက်ကို ရဲရဲဆုပ်ကိုင်ပြီး မိုးဖျားနဲ့ ဝေးရာကို ထွက်သွားရမှာလား။

အို. . . အတွေးများစွာက ကမ္ဘာ့ရဲ့အာရုံထဲမှာ ရှုပ်ထွေးပွေလီနေ၏။

ဒါကို တွေဝေတယ်လို့ ခေါ်မလား၊ သတ္တိကြောင်တယ်လို့ ကိုယ့်ကိုယ်ကို စွပ်စွဲအပြစ်တင်ရမှာလား။

လောကမှာ ကမ္ဘာ အမုန်းဆုံးအလုပ်က ကျေးဇူးတရားခေါင်းပေါ် ရွက်ပြီး ကိုယ့်ရဲ့စိတ်ကို ထိန်းချုပ်ရခြင်းနဲ့ လူ့ကျင့်ဝတ်ကို လိုက်နာရခြင်းပဲ။

အဲဒါတွေကို မဖြစ်မနေ လုပ်ရတဲ့အခါမျိုးတွေ ကြုံပြီဆိုရင် ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်ချင်စိတ် ပေါက်တဲ့အထိ စိတ်ဆင်းရဲခဲ့ရပါ၏။

ထို့အပြင် လောကကြီးကိုလည်း အလွန်တရာမှ မကျေမနပ်ဖြစ်မိပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကိုယ့်ဘဝဟာ မီးစာတစ်ဖက် ရေမှုတ်တစ်ဖက်ကို ကိုင်တွယ်ထားရတဲ့ ကျိန်စာသင့် လူသားတစ်ယောက်ဟု ဆိုလျှင်တောင် မှားမည်မထင်ပါ။

"ကမ္ဘာ. . . မယ်ပြောတာကို ကြားရဲ့လားဟင်၊ မယ်တို့ ဘယ်လိုဆုံးဖြတ်ကြမလဲ"

ကမ္ဘာဟာ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်၏။ ပြီးနောက်. . .

ချစ်သူနဲ့အတူ အရာရာကို ရင်ဆိုင်ကျော်လွှားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေနဲ့အတူ မယ့်ကို ခပ်တင်းတင်း ဖက်တွယ်ထားလာပြီး. . .

မယ် ငုံ့လင့်နေသော အဖြေတစ်ခုကို ခပ်ရဲရဲ ပြောချလိုက်၏။

"ကိုယ်တို့ စွန့်စားကြရအောင်၊ မယ် သတ္တိရှိဖို့တော့ လိုမယ်နော်၊ ကိုယ် ဒီလို ဆုံးဖြတ်လိုက်လို့ ကိုယ့်နောက်ကို ဘာအဆောင်အယောင်မှ ပါမလာဘူး၊ မယ် ခံနိုင်ရည် ရှိပါ့မလား"

မယ်သည် ရွှန်းစားသော အကြည့်တွေနှင့်အတူ ခေါင်းကို အခါခါ ညိတ်ပြလိုက်သည်။

ချစ်သူနှစ်ဦး တစ်ယောက်ကိုတစ်ယောက် ခိုင်ခိုင်မာမာ ဆုပ်ကိုင်လိုက်ကြသည်။

သူတို့နှစ်ဦးရဲ့ချစ်ခြင်းမေတ္တာတွေထဲမှာ ခိုင်မာတဲ့ အင်အားတွေ ယှက်ဖြာစီးဆင်းနေကြ၏။

ကမ္ဘာရယ်. . . ရှင်သာ မယ့်အနားမှာ ရှိနေမယ်ဆိုရင် စွန့်စားခြင်းရဲ့နောက်ကွယ်မှာ ရရှိလာမယ့် ဘယ်လိုအကျိုးဆက်မျိုး





ကိုမဆို မယ် ရင်ဆိုင်ရဲတယ် ကမ္ဘာ။

အဲဒါဟာ မယ် ကမ္ဘာ့ကို သိပ်ချစ်လို့ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com





# အပိုဒ်ခွဲ(၉)

ကမ္ဘာမြေသည် သူ့ရဲ့အငှားပိုင်ဆိုင်ထားတဲ့ စည်းစိမ်ချမ်းသာတွေကို မနှစ်မြို့စွာဖြင့် ကျောခိုင်းထွက်ခွာလေပြီ။

အိပ်မောကျနေသော မိုးဖျားကို ရီဝေစွာ တစ်ချက်ငေးစိုက်ကြည့်လိုက်သည်။

ပြီးတော့ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

“ငါ့ကို ခွင့်လွှတ်ပါ မိုးဖျား၊ မင်းဘဝထဲက ငါ အပြီးထွက်သွားပါရစေတော့၊ ငါ့ဘာသာ ခွဲခြားခဲ့တဲ့ အမှန်တရားတွေထဲမှာပဲ





ငါ့ဘဝကို ထာဝရ နှစ်မြုပ်ခွင့် ပြုပါတော့၊ အတိတ်မှာ ကျန်ခဲ့တဲ့ အချိန်ကာလတစ်ခုမှာ ငါ မလျှောက်တတ်ခဲ့တဲ့လမ်းကို မင်း ကူပြီး လျှောက်ပေးခဲ့တယ်၊ အဲဒီကျေးဇူးတရားတွေဟာ ငါ့ရင်ထဲမှာ ထာဝစဉ် တည်တံ့နေမှာပါ”

ရင်ထဲမှာ ဆို့တက်လာသော ခံစားမှုနဲ့ ဝေ့ဝဲတက်လာသော မျက်ရည်တို့ကို ဥပေက္ခာပြုရင်း လက်ထဲမှ ကိုင်ထားသော ကျောပိုးအိတ်ကို ပခုံးထက်သို့ ပြောင်းလွယ်လိုက်သည်။

တစ်အိမ်လုံး အိပ်မောကျနေရင်. . .

ကိုယ့်ရဲ့အကြံအစည်ကို ဘယ်သူမှ မရိပ်မိနိုင်ကြ။

ငယ်စဉ်ကတည်းက ကျင်လည်ခဲ့ရတဲ့အိမ်ကြီးကို နှုတ်ဆက်သည့်အနေနဲ့ တစ်ချက်ဝေ့ဝဲကြည့်လိုက်သည်။

မြင်မြင်သမျှ အရာအားလုံးဟာ တိုးတိတ်ဝမ်းနည်းခြင်းတွေနဲ့ ကိုယ့်ကို တိတ်တဆိတ် နှုတ်ဆက်နေကြသည်ဟု ထင်မိ၏။

ဖေဖေနဲ့ မေမေရဲ့ အခန်းရှေ့အရောက် ကျေးဇူးတရားတွေကို ဦးထိပ်ထားပြီး ဂါရဝပြုရန် ဒူးထောက်ထိုင်ချလိုက်သည်။

ဒီအိမ်ရောက်ကတည်းက ကိုယ့်အပေါ် သားအရင်းလို မိုးဖျားနဲ့တန်းတူ အခွင့်အရေးပေးပြီး ချစ်ခဲ့သော ဖေဖေနှင့်မေမေကို နှုတ်ဆက်သည့်အနေနဲ့ ကန်တော့လိုက်သည်။

ကြမ်းပြင်နှင့် ထိတွေ့ယှက်ဖြာနေသော လက်အစုံပေါ်သို့ မျက်ရည်တစ်စက်က နွေးခနဲ လာရောက်ထိတွေ့၏။

ထို့နောက် သူ့ရှေ့တွင် လာရပ်သော အခြေအနေကို မျက်ရည်တွေ ဝေ့နေတဲ့ကြားက မှုန်ရီစွာ တွေ့လိုက်၍. . .

ဖျတ်ခနဲ ခေါင်းကို ပင့်မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ"

ကိုယ့်လိပ်ပြာ ကိုယ်မလုံသူတစ်ယောက်လို ဖေဖေ့ကို မဝံ့မရဲဖြင့် ခပ်တိုးတိုး ခေါ်လိုက်သည်။

"သား တကယ်သွားတော့မယ်ပေါ့"

ဖေဖေ့အသံက တိုးညင်းလွန်းသလို တုန်ခါအက်ကွဲနေ၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ"

ဒီအချိန်မှာ ဖေဖေ့ကို ဒီစကားတစ်ခွန်းမှလွဲ၍ တခြားဘာမှပြောစရာမရှိ။

"ဖေဖေ အားလုံးသိတယ် သား၊ မယ်မဒီကို သေချာဂရုစိုက်လိုက်ပါ၊ သားတို့ရဲ့ရှေ့ရေးအတွက် ဖေဖေ မယ်မဒီကို အားလုံးစီစဉ်ပေးထားတယ်၊ သူခေါ်တဲ့နောက်ကိုသာ စိတ်သက်သက်သာသာနဲ့ လိုက်သွားပါ၊ ဒီက ကိစ္စတွေအားလုံး ဖေဖေ တာဝန်ယူ ဖြေရှင်းပေးမယ် သား၊ ပြဿနာအားလုံး အချိန်တန်ရင် အလိုလို ပြီးသွားပါလိမ့်မယ်"

ဝမ်းသာဆို့နင့်လွန်း၍ ဖေဖေ့ဆီကို ပြေးဝင် ဖက်တွယ်လိုက်သည်။

မျက်ရည်တွေက တာကျိုးသလို ပါးပေါ်သို့ ပြိုဆင်းကျလာသည်။

ကျေးဇူးရှင် ဖေဖေနဲ့ မေမေရယ်၊ သားအရင်းဖြစ်တဲ့ မိုးဖျားရဲ့စိတ်ခံစားမှုကို မငဲ့ကွက်ပဲ ကိုယ့်ရဲ့အလိုဆန္ဒကို အစစအရာရာ လိုက်လျောပေးရှာခဲ့တယ်။

ဒီလို မိဘနှစ်ပါးကို ကမ္ဘာမြေဟာ ရင်နာစွာနဲ့ပဲ ခွဲရအုံးမယ်။

☺ အောင်မြင်စာပေ ☺



"ခွင့်လွှတ်ပါ. . . ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေရယ်"

ဖေဖေက ပခုံးကို ပုတ်ပြီး အားပေးနှုတ်သိမ့်ရှာ၏။

"သား ဘာအပြစ်မှ မလုပ်ထားတဲ့အတွက် ခွင့်လွှတ်ဖို့ မလိုဘူး သား၊ ကဲ. . . သွား. . . သွား၊ အောက်မှာ မယ်မဒီလေး စောင့်နေရှာရောပေါ့၊ တော်ကြာ သားမိုးဖျား နိုးလာရင် အစီအစဉ်တွေ ပျက်ကုန်မယ်"

ကြေကွဲဝမ်းနည်းခြင်းတွေနဲ့ ဖေဖေ့ရှေ့မှ ထွက်လာခဲ့လိုက်သည်။

ခြံအပြင်ကို ရောက်တော့ မယ်က သူ့အား ကားဖြင့် အဆင်သင့် စောင့်ကြိုနေ၏။

ကားလေးက ကိုယ့်ရဲ့ပြိုင်ကားနီနီလေး။

"မယ်. . . ဒီကားကို. . . မယ်"

အံ့သြခြင်းကြောင့် စကားလုံးတွေက မညီညာတော့။

မယ်က ခပ်သောသောလေး ရယ်ပြီး. . .

"သြော်. . . ကမ္ဘာကလည်း စိုးရိမ်နေပြန်ပြီ၊ ဒီကားကို မယ် ခိုးလာ တာ မဟုတ်ပါဘူး၊ ယောက္ခမလောင်းက ကြည်ကြည်ဖြူဖြူနဲ့ လိုရာကို သွားနိုင်အောင် ပေးလိုက်တာ၊ ဒီကားက ရှင့်ကားပဲဟာ"

"ဟို. . . ဒါပေမယ့်"

"ဟိုတွေ ဒါပေမယ့်တွေ လုပ်မနေနဲ့. . . မြန်မြန်တက်ပါ၊ တော်ကြာ မိုးဖျား နိုးလာလို့ လိုရာကို မရောက်ဘဲ အိပ်ခန်းထဲ ပြန်ရောက်သွားမယ်"

ကမ္ဘာ ကားပေါ်သို့ အမြန်တက်လိုက်သည်။

မယ်က ကားလေးကို စက်နှိုးပြီး မောင်းထွက်ခဲ့၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မယ် အခု ကိုယ်တို့ ဘယ်ကို သွားကြမလဲ"

"ရှင့်ကို မယ်က ခိုးလာတာလေ၊ ဒီတော့ ဘာမှ မမေးနဲ့၊ မယ့်ဘေးနားကနေ ငြိမ်ငြိမ်လေး လိုက်ခဲ့၊ အရာရာဟာ သူ့အလိုလို OK သွားလိမ့်မယ်"

မယ်စကားကြောင့် ကမ္ဘာ ရယ်ဟဟလေး ဖြစ်သွားကာ

"ဟာ. . . မယ်က ကိုယ့်ကို ခိုးလာတာ ဟုတ်လား၊ ကိုယ်နဲ့ အတူစွန့်စားကြတာ မဟုတ်ဘူးလား"

"ဟင့်အင်း. . . မဟုတ်ဘူး၊ အခု ကမ္ဘာက မယ် ခေါ်တဲ့ နေရာကို လိုက်ရတော့မှာလေ၊ ဒါကြောင့် မယ်က ခိုးလာတယ်လို့ပဲ သဘောထားလိုက်ပေါ့၊ အဟင်း. . ဟင်း. . .ဟင်း"

ကမ္ဘာက ခေါင်းကုတ်ကာ အူကြောင်ကြောင်ပုံစံ ဖြစ်နေ၍

"ဘာလဲ. . . မကျေနပ်ဘူးလား၊ မကျေနပ်ရင် ခုချက်ချင်း မိုးဖျားရဲ့ ရင်ခွင်ထဲ ပြန်ပို့ပေးလိုက်မှာနော်"

"ဟာ. . . မယ်ကလည်းကွာ"

မယ်က ကိုယ့်ကို ကလေးတစ်ယောက်ကို စနောက်နေသလိုမျိုး ချစ်သူအား ကျီစယ်နေ၏။

မယ့်မျက်နှာမှာ ကြည်နူးမှုတွေနဲ့ ပျော်ရွှင်လန်းဆန်းနေ၏။

ခုကျတော့လည်း. . .

ကံကြမ္မာကြီးကို ကမ္ဘာ့စိတ်ထဲက ကြိတ်ပြီးကျေးဇူးတင်နေမိပြန်သည်။

"ကမ္ဘာ ပျော်နေလားဟင်"

"အင်း. . . ပျော်တာပေါ့ မယ်ရယ်၊ ကိုယ့်ချစ်သူနဲ့ တစ်သက်လုံး အတူနေရမယ့်ကိစ္စပဲဟာ၊ မပျော်ဘဲ ရှိမလား"





မယ်က ကားမောင်းနေရင်းမှ မခို့တရို့လေး ပြုံးလိုက်ပြီး

"ဒီထက် ပျော်စရာတစ်ခု ရှိသေးတယ်. . . သိလား"

"ဘာကိုလဲ မယ်၊ ကိုယ့်ဘဝမှာ ခုအခြေအနေထက် ပိုပြီး ပျော်စရာကောင်းတဲ့ အကြောင်းအရာ ရှိနိုင်ဦးမှာမို့လား"

"အိုး. . . သိပ်ရှိတာပေါ့၊ ကမ္ဘာ့ရဲ့မွေးစားဖေဖေကလေ ကျွန်မ အင်္ဂလန်ကို ကျောင်းသွားတက်ရင် ရှင့်ကိုပါ တစ်ပါတည်း ခေါ်သွားလို့ရအောင် အားလုံးစီစဉ်ပေးလိမ့်မယ်"

"ခုတောင် ကျွန်မတို့နှစ်ယောက်ကို မိုးဖျားရဲ့စက်ကွင်းကနေ လွတ်အောင် ခပ်ဝေးဝေးတစ်နေရာကို တမင်ရှောင်ခိုင်းလိုက်တာ"

"အဲဒီအစီအစဉ်ကို ရှင့်မိဘတွေနဲ့ ကျွန်မမိဘတွေက တိတ်တိတ်ကလေး စီစဉ်ထားကြတာ၊

ရှင်နဲ့မယ် ဒီက ထွက်သွားဖို့ ကြံစည်ပြီးကြမှ ဒီကိစ္စကို မယ်လည်း သိရတာလေ၊ သိသိချင်း ပျော်လိုက်တာ မပြောပါနဲ့၊ ရှင့်ကိုလည်း ရှင့်ဖေဖေက မပြောပါနဲ့အုံးဆိုလို့ မယ်က မပြောဖြစ်တာ၊ ရှင်ဝမ်းသာသွားအောင် ပြောပြချင်လိုက်တာမှ အူကို ယားနေတာပဲ သိလား"

"ဒါဆို ကိုယ်တို့ အခု ဘယ်ကိုသွားကြမှာလဲ"

"ငွေဆောင်ကိုလေ. . . ဟိုမှာ ဆယ်ရက်လောက် နေပြီးရင် ဖေဖေတို့ ဆက်သွယ်လိမ့်မယ်၊ မယ်တို့ ဟိုမှာ ကျောင်းသွားတက်ဖို့အတွက် ရက်ကလည်း သိပ်မလိုတော့ဘူးဆိုတော့ Passport ကျတာနဲ့ ငွေဆောင်ကနေ ထွက်ပြီး ရန်ကုန်လေဆိပ်ကို ထွန်းဆင်းမယ်လေ၊ လေဆိပ်မှာ မေမေတို့က ကြိုစောင့်နေမှာ



www.burmeseclassic.com

www.burmeseclassic.com



မယ်က ကားလေးကို ညင်ညင်သာသာနဲ့ မောင်းနေရင်း ချစ်သူကို စကားလုံးလှလှလေးတွေနဲ့ ဖောင်ဖွဲ့အောင် တေးသီလို့လာ၏။

ဟိုးအဝေးကောင်းကင်က ညနက်နက်ရဲ့ကြယ်ကလေးတွေက သူတို့နှစ်ဦးကို အားကျစိတ်နဲ့ ငုံ့မိုးကြည့်နေကြ၏။

လရောင်အောက်မှာ ချစ်သူရဲ့မျက်ဝန်းလေးများမှာ သူတို့ကို ငုံ့မိုးကြည့်နေသော ကြယ်ပွင့်လေးများထက်ပင် လင်းလက် ရွှန်းစိုနေသဖြင့်. . .

ကမ္ဘာသည် အသည်းယားလွန်းစွာဖြင့် ချစ်သူမယ်လေးရဲ့ ပါးပြင်မို့မို့လေးကို ရွှတ်ခနဲနေအောင် နမ်းလိုက်လေသည်။

"ဟေး. . . ဒီလို အကြမ်းမဖက်နဲ့လေ၊ ဒီမှာ ကားမောင်းနေကယ်ကွဲ့"


မျက်စောင်းနုနုကလေးနှင့် ပြောကာ ခပ်တိုးတိုး ရယ်လိုက်သော ရယ်သံလွင်လွင်လေးနှင့် သူမရဲ့ရှက်ရွံ့မှုတွေကို ဖုံးကွယ်ဖို့ကြိုးစားနေလေ၏။

ဘယ်လိုပဲဖြစ်ဖြစ် အချောမွေ့ဆုံး ချစ်ခရီးလမ်းလေး တစ်ခုဖြစ်မှာတော့ အသေအချာပါပဲ။









## အပိုဒ်ခွဲ(၁၀)

"ချလွမ်း. . . ခွမ်း" "ဝုန်း. . ."

မိုးဖျားရဲ့ ဒေါသတကြီး ပေါက်ကွဲသောင်းကျန်းထားသော ပစ္စည်းပစ္စယများက တစ်ခန်းလုံး ကြေကွဲပျက်စီးလျက် ခြေချစရာနေရာမရှိအောင်ပင် မွစာကြဲနေ၏။

သားဖြစ်သူရဲ့သွေးရူးသွေးတန်း ဖြစ်နေပုံကို ကြည့်ပြီး ဒေါ်နန်းထိုက်စံ ရင်ထုမနာဖြင့် ငိုကြွေးနေရှာ၏။

"စိတ်ကို ထိန်းပါ သားရယ်၊ ကမ္ဘာ သားဆီကို ပြန်လာမှာပါ။ ခုဟာက သား အရမ်း Pressure တွေ ပေးလွန်းလို့ ခဏထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာနေမှာပါကွယ်၊ အဟင့်. . . ဟင့်. . . ဟင့်. . . ဟင့်"

"သား သိတယ်၊ ကမ္ဘာ သားဆီကို ပြန်လာမှာ မဟုတ်တော့ဘူး၊ သူ. . သူ မရှိရင် သားဘဝကြီးကို ဘယ်လိုဆက်ပြီး ရှင်သန်တော့မှာလဲ မေမေရာ"

မျက်ရည်ပေါက်ကြီးငယ်တွေ ကျရင်း အရူးတစ်ယောက်လို အော်ဟစ်၍နေသော မိုးဖျားရဲ့မျက်နှာတစ်ပြင်လုံး နာကျင်ကြေကွဲခြင်းတွေကြောင့် သွေးဆုတ်ဖြူရော်၍နေ၏။

"ကမ္ဘာ. . . ကမ္ဘာရေ"

"ငါ့ဆီကို ပြန်လာပါကွာ၊ ငါ့ကို အဲဒီလို ပုံစံမျိုးနဲ့ မထားခဲ့ပါနဲ့"

"မယ်မဒီ. . . နင့်ကို ငါမုန်းတယ်၊ ငါ့ဘဝကို တစ်စစီ စုတ်ပြတ်သတ်သွားအောင် နင်လုပ်လိုက်တာ၊ ငါ. . . ငါ တောင်းပန်ပါတယ် မယ်မဒီရယ်၊ နင့်ကို ငါ အရှုံးပေးပါတယ်၊ ကမ္ဘာ့ကို ငါ့ဆီ ပြန်ပို့ပေးပါ"

နှစ်အတော်ကြာ သံယောဇဉ်တွေနဲ့ ခိုင်မြဲခဲ့တဲ့ ငါတို့ရဲ့ မေတ္တာတရားတွေက နင့်ရဲ့မာယာတစ်ခုကြောင့် ခုလို လွယ်လွယ်နဲ့ ပြတ်တောက်ခဲ့ရတာ"

ဖရိုဖရဲဖြစ်နေသော ပစ္စည်းတွေကြားထဲမှာ အရူးတစ်ယောက်လို အော်မြည်ငိုကြွေးနေရင်းမှ သူ့အတွက် ကြေကွဲဝမ်းနည်းနေရှာသော ဖေဖေနဲ့မေမေထံ စစ်ကူတောင်းမိပြန်သည်။

"ဖေဖေ. . . မေမေ. . . သားဆီကို ကမ္ဘာ ပြန်ရောက်လာအောင် မလုပ်ပေးနိုင်ကြတော့ဘူးလား၊ ဟာကွာ. . ."

"ဝုန်း. . ." "ဒိုင်း. . ."





မိုးဖျားသည် အခန်းအတွင်းမှ ရှိရှိသမျှ အရာအားလုံးကို တွန်းလှဲ ကန်ကျောက်နေ၏။

သူ့မျက်နှာသည် ခံစားမှု အမျိုးမျိုးဖြင့် ရောထွေးယှက်ဖြာနေသည်။

နာကျင်ခြင်းတွေ ဆုံးရှုံးရခြင်းတွေ ကြေကွဲဆို့နင့်ရခြင်းတွေဟာ သူ့ဘဝ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ဖျော်ရည်စက်ထဲ ထည့်ပြီး မွှေသလို ရစရာ မရှိအောင် စုတ်ပြတ်သတ်ကာ နာကျင်မှုတွေက ပြင်းထန်လွန်းနေ၏။

တည်ကြည်ငြိမ်သက်သောစိတ်၊ ခိုင်မာမြင့်မြတ်သော စိတ်ထားနှင့် ဖြူစင်ငြိမ်းအေးသော နှလုံးသားရှိသည့် ကမ္ဘာမြေကို သူ တစ်သက်စာ အဆုံးရှုံးခံလိုက်ရတော့မှာလား။

ကမ္ဘာရယ်. . . ငါ့ရှေ့မှာ အမြဲတမ်း ခေါင်းငုံ့အလျှော့ပေးခဲ့တဲ့ မင်းရဲ့ တုန့်ပြန်မှုက တစ်ချက်ထဲနဲ့ ငါ့ဘဝကို တစ်စစီ ဖြစ်သွားနိုင်တာ အံ့ဩမိတယ်။

ထိချက်ပြင်းလွန်းတဲ့အပြင် ငါ့ရင်ဘတ်ထဲကပါ သွေးစိမ်းရှင်ရှင်တွေ ထွက်လာတော့မယ်။

ဒါပေမယ့် မင်းကို ငါ မျှော်လင့်နေအုံးမှာပါ။

တစ်ချိန်ချိန်မှာ မင်း ငါ့ဆီကို ပြန်လာမယ် မဟုတ်လား၊ ငါတို့ အတူနေခဲ့တဲ့ ကြာမြင့်လှတဲ့ အချိန်ကာလတစ်ခုက ဒီလိုနဲ့ပဲ ငါတို့ဘဝထဲက လွယ်လွယ်နဲ့ မင်းကို ခေါ်ထုတ်သွားသင့်သလား။

ငါ မင်းကို ပုံမှန်မဟုတ်တဲ့ ခံစားမှုမျိုးနဲ့ ချစ်ခဲ့တယ်ဆိုတာ ဝန်ခံပါတယ်၊ အဲဒီလိုပဲ ထူးဆန်းပြီး သမရိုးကျမဆန်တဲ့ ငါ့ရဲ့ခံစားမှုကြီးကိုလည်း ငါ ရွံ့မုန်းခဲ့တယ်ဆိုတာ မင်းမှ မသိခဲ့ဘဲ ကမ္ဘာရေ။



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို ချစ်တဲ့အချစ် . . .

အဲဒီအချစ်က ဖြစ်ပေါ်လာတဲ့ ခံစားမှုကြီးထဲမှာ ညစ်ညမ်းတဲ့ဆန္ဒတွေ မပါ,ပါဘူး ကမ္ဘာ။

မင်းကိုလေ . . . ငါက မှန်ဘီဒိုထဲက အရုပ်ကလေးတစ်ရုပ်လို အမြဲတမ်း အလှကြည့် ပိုင်ဆိုင်ချင်နေတဲ့ ဆန္ဒတစ်ခုကလွဲလို့ ကျန်တာအားလုံးဟာ ရိုးရှင်းတယ် ကမ္ဘာ။

အဲဒီ ရိုးရှင်းတဲ့ ဆန္ဒလေးတစ်ခုကို မင်းရဲ့သံယောဇဉ်နဲ့ ပြုစုယုယမှုတွေကို အမြဲတစေ လိုချင်နေတဲ့ ငါ့ရဲ့အတ္တတစ်စုံက တင်းကျပ်စွာ ဖက်တွယ်ထားမိရုံလေးပါ။

ဒါလေးပါပဲ ကမ္ဘာ။ ကျန်တာတွေအားလုံးက ရိုးရှင်းပါတယ်၊ တကယ့်ကို ရိုးရိုးလေးပါပဲ။

အဲဒီရိုးရှင်းတဲ့ဆန္ဒလေးတွေကို မင်းက မကြိုက်ဘူး မနှစ်သက်ဘူးဆိုရင် ငါ့ရဲ့အတ္တနဲ့ ဆန္ဒတွေကို ပြန်ရုပ်သိမ်းပေးပါ့မယ်၊ မင်းသာ ငါ့ဆီကို ပြန်လာခဲ့ပါ။

တနေ့နေ့မှာ မင်းပြန်လာမယ်ဆိုတာ ငါသိနေတယ် ကမ္ဘာ၊ မင်း ငါ့ကို ကလဲ့စားချေတဲ့အနေနဲ့ Lesson တွေ ပေးသွားတာ မဟုတ်လား၊ ငါ ကျေကျေနပ်နပ်ကြီး ခံယူပါတယ်ကွာ၊

မင်းသာ ငါ့ဆီကို သေချာပေါက် ပြန်လာခဲ့စမ်းပါ။ ဟား . . ဟား . . ဟား . . ဟား . . ဟား . . ။

နာကျင်လောင်မြိုက်ခြင်းတွေနဲ့ ရယ်မောလိုက်သော အသံလှိုင်းတို့က အခန်းတစ်ခုလုံး ဟိန်း၍ သွားပါသည်။

ကမ္ဘာမြေ ထွက်သွားပြီးတဲ့နောက်ပိုင်း မိုးဖျားထက်ဘုံသည် နှင်းတွေ ဝေနေသော မနက်ခင်းတိုင်း မနက်ခင်းတိုင်းမှာ





ကားတစ်စီးဖြင့် ကမ္ဘာမြေဆိုတဲ့ ကောင်လေးကို တွေ့လိုတွေ့ငြား လိုက်၍ရှာနေပါတော့သည်။

"တမ္ဘာရေ . . . မင်းကို ငါ နှင်းတွေ ထူပိန်းနေတဲ့ နှင်းတောထဲမှာ လိုက်ရှာနေတယ်၊ အဲဒါကို မင်းသိရဲ့လား"

တစ်ခါတစ်ရံမှာ နှင်းတွေ ဝေနေတဲ့ နေရာလေး တစ်နေရာကနေပြီး မင်းရဲ့ တယောသံလေးများ ထွက်ပေါ်လာအုံးမလားဆိုပြီး ခပ်ကြောင်ကြောင် အတွေးတွေနဲ့ နားစွင့်နေမိသေးတယ်။

မင်းသာ နှင်းတောရဲ့တစ်နေရာမှာ ရှိနေခဲ့မယ်ဆိုရင် မင်းပုန်းနေတဲ့ နေရာလေးကနေ ထွက်ခဲ့ပါတော့။

ဟိုမိန်းမကိုတော့ ခေါ်မလာနဲ့ ကမ္ဘာ။ သူ့ကို ငါ အသေမုန်းတယ်။

သူ့ကြောင့် မင်းနဲ့ငါနဲ့ကို ဝေးကွာခြင်းတွေက တံတိုင်းတစ်ခုလို ခြားသွားတာ။

ငါ သူ့ကို သိပ်မုန်းတယ်၊ မင်း သူ့ကို ချစ်လေ ငါက သူ့ကို ပိုမုန်းလေပဲ၊ သိလား ကမ္ဘာ။

မင်းကိုတော့ ငါသိပ်ချစ်တယ် ကမ္ဘာ။ အဲဒီအချစ်တွေဟာ ငါ့ရင်ဘတ်ထဲမှာ အနူးညံ့ အသိမ်မွေ့ဆုံး ရင်ခုန်သံစစ်စစ်နဲ့ လှုပ်ရှားသက်ဝင်ပြီး စီးမျောခွင့် ရနေကြအုံးမှာပါ။

ပါးလ်ခ်င်ခ်င်



BURMESE CLASSIC .com

www.burmeseclassic.com